www.burmeseclassic.com

BURMESE CLASSIC

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | - ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | - ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | - ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေးရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များအမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- ဝံ့မှုန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

BURMESE CLASSIC

လွတ်လပ်လင်းပွင့် စာရောင်စဉ်

ရာ ဇ ဝင် - ၁

# သာခု

# လိုင်

ဖြန့်ချိရေး

ရာဇဝင်စာအုပ်တိုက်

အထက်မြန်မာပြည်ဖြန့်ချိရေး

ထွန်းဦးစာပေ၊ နဂါးစာပေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၈၃၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၃၄၀၆၁၂

မျက်နှာဖုံးဒီဇိုင်း - ကိုကိုနိုင်

ပုံနှိပ်ခြင်း - ဒုတိယအကြိမ်

ဇူလိုင်လ၊ ၂၀၁၂

ကွန်ပျူတာစာစီ - ရာဇဝင်

ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန်၊ သင်း စာပေ၊

အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ လှည်းတန်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမောင်မောင်မြင့်ထွေး၊

ကျိုင်းတုံပုံနှိပ်တိုက်

အမှတ်-၃၅၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၀၀၀ကျပ်

၈၉၅.၈၃

သာမု

လိင် / သာမု။ - ရန်ကုန်။

သင်းစာပေ၊ ၂၀၁၂။

၂၀၂ စာ၊ ၁၃ စင်တီ × ၂၀ စင်တီ။

(၁) လိင်


## ၁

"အစ်ကိုကြီး ထမင်းစားတော့မလားဟင်"

အသက်အရွယ်အားဖြင့် ၂၅ နှစ်ထက် ကြီးပုံမရသေးသော ဖြူဖြူ ကျစ်ကျစ်နှင့် ချစ်စရာ မိန်းမပျိုကလေးသည် ဧည့်ခန်းရှိ စာရေးစားပွဲတွင် သတင်းစာ ထိုင်ဖတ်နေသော လူခပ်ကြီးကြီးတစ်ယောက်အား ကြည်ကြည် လင်လင်နှင့် ခပ်ရွှင်ရွှင်ကလေးပြုံး၍ မေးလိုက်သည်။

အနီရဲရဲအောက်ခံတွင် အဝါနုတစ်ပွင့် အဖြူတစ်ဖွင့်အားဖြင့် ပန်းပွင့်ကလေးများ ခပ်ကြဲကြဲရိုက်ထားသည့် တိုဘရက်ကိုး လုံချည်ကလေး သည် ထိုမိန်းမပျို၏ ဖြူနုသော အသားအရေကို ပို၍ စိုဝင်းအောင် ဖန်တီး ပေးသကဲ့သို့ ရှိနေတော့ကာ မနိမ့်လွန်း မမြင့်လွန်း ကြည့်ကောင်းရုံ မွမ်းမံ ပြုပြင်ထားသည့် အမောက်ကလေးမှာလည်း ယဉ်စစနှင့် ရိုးရိုးကလေး လှနေသည်သာမက မှုန်ဝါးဝါးသာ မြင်ရသည့် ဆံပင်နုနုကလေးများ ကြောင့် မြရောင်ဘက်ယိမ်းကာ စိမ်းဖန့်ဖန့်ဖြူနေသော မန်းမပျို၏ လည်တိုင် လည်ပင်း ဆံစနှင့်နက်မှောင်သော သူ၏နောက်တွဲ ဆံထုံးအကြီးစားထယ် ထယ်ထယ်ဝါဝါ ဝင်းနေသည့် သစ္စာပန်းကလေး သုံးပွင့်မှာလည်း မိန်းမပျို ၏ ကျက်သရေကို မက်မပြေအောင် အင်အားဖြည့်လျက်ရှိ၏။

www.burmeseclassic.com



ဖောင်းဖောင်းကလေး မို့နေသည့် ပါးအို့ကလေးနှစ်ဘက်တွင် မြစ်ထဲ၌ ဝဲကတော့ထ, သွားသည့်အလား ချိုင့်ခွက်ကလေးများ ပေါ်လာသည်အထိ နှုတ်ခမ်းပါးနှစ်ခုကို ဖိ၍ပြုံးလိုက်ပြီးမှ . . .

"အစ်ကိုကြီး ထမင်းစားတော့မလားဟင်" မျက်လုံးကောင်း နှာတံပေါ်နှင့် အတော်ကလေး ကျက်သရေရှိနေသည်တွင် ဤလိုရဲရဲနီနေသည့် နှုတ်ခမ်းပါးကလေးကို လေးကိုင်းသဏ္ဌာန် ကားသွားအောင် ပြုံးရင်း ပြောလိုက်ပြန်သည်၌ ထိုမိန်းမပျို၏ လောလောဆယ် မြင်တွေ့လိုက်ရသော ရုပ်ရည်နှင့်အမူအရာမှာ တစ်ဖက်လူ အသက်ရှူ မှားလောက်အောင်ပင် တည်တည်ငြိမ်ငြိမ်နှင့် ကြွန္နေရရ လှနေတော့၏။

မိန်းမပျိုသည် ဤလိုထိုလို မျက်နှာထားကလေးချိုချိုဖြင့် မေးနေသည်မှာ နှစ်ကြိမ်တိုင်တိုင်ရှိပြီဖြစ်သော်လည်း သတင်းစာဖတ်နေသူ သူ့အစ်ကိုကြီးကား မျက်လွှာကလေးလှန်၍မှ ပြန်ကြည့်ဖော်မရဘဲ သတင်းစာထဲတွင်သာ စိတ်ဝင်စားနေသကဲ့သို့ မတုန်မလှုပ်ရှိနေ၏။

"ထမင်းစားတော့မလား အစ်ကိုကြီး"

တတိယအကြိမ်မြောက် ဤလိုမေးလိုက်သော မိန်းမပျို၏ အသံမှာမူ စောစောကကဲ့သို့ မဟုတ်တော့ဘဲ ခပ်တိုးတိုးနှင့် ခပ်တုန်တုန်ဖြစ်နေတော့ကာ မျက်နှာထား အမူအရာမှာလည်း တမည်တမျိုးအားဖြင့် ညိုးညိုးငယ်ငယ်ဖြစ်သွား၏။

"ဘာလဲ မင်းကို ငါဘယ်နှစ်ခါပြောရမလဲ၊ မင်းတော်တော်စိတ်မှတ်နည်းတဲ့ မိန်းမပါလား"

မိန်းမပျို၏ အသံနှင့်အမူအရာ နူးညံ့ပျော့ပျောင်းသလောက် ထိုလူ ပြောလိုက်ပုံကား မျက်နှာထားရော စကားသံပါ မာကြောခက်ထန် အာဏာရှင်ဆန်လှတော့၏။

"ဩော် အစ်ကိုကြီးရယ်"

"တိတ် နောက်ထပ်မပြောနဲ့၊ ငါမှာထားတယ်မဟုတ်လား။ (ဘယ်သွားမလို့လဲ ဘယ်ကပြန်လာသလဲ ထမင်းစားတော့မလား) အဲဒါတွေ ငါ့ကိုမမေးနဲ့လို့"

လူကြီးသည် ပြောရင်းဆိုရင်းက ဇက်ခနဲ ထ,ရပ်လိုက်သဖြင့် မိန်းမပျိုသည် ခပ်ရို့ရို့ကလေးတုံ့၍ နောက်သို့ မသိမသာ ဆုတ်လိုက်မိတော့၏။

"ဖြစ်ရလေ အစ်ကိုကြီးရယ် ဒါကလေးမေးတာ ဘာများလွန်လို့လဲ"

"လွန်လွန် မလွန်လွန် မင်းဟာ ငါ့မယား ငါပြောတာကို နားထောင်ရမယ်၊ ငါထမင်းစားချင်ရင် မနုမေ ထမင်းခူးလို့ပြောမယ်။ ငါ့ကို ဘယ်တော့မှ မမေးနဲ့ ထမင်းစားတော့မလားလို့ အဲဒါမှတ်ထား"

လူကြီးသည် စကားဆုံးသည်နှင့် လက်ထဲမှ သတင်းစာကို စားပွဲပေါ်သို့ ခပ်ဆောင့်ဆောင့်ပစ်ချပြီး အခန်းထဲသို့ လှည့်ဝင်သွားသောကြောင့် မနုမေမှာ ရီဝေသော မျက်လုံးများဖြင့် လူကြီး၏ကျောပိုင်းကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

အမှန်အားဖြင့်လည်း ဤလို ထမင်းစားတော့မလား မေးမှုနှင့်ပတ်သက်၍ ကတောက်ကဆတ်ဖြစ်ခဲ့ရသည်မှာ ယခုပါနှင့်ဆိုလျှင် (၁၀)ကြိမ်မျှပင် ရှိခဲ့ပြီ။

လူကြီးကား အဘယ်လိုလူစားဟု စဉ်းစားမရနိုင်အောင် ထူးဆန်းနေသူဖြစ်၏။ လင်မယားဖြစ်သော အိမ်ထောင်သည်များနှင့် 'ထမင်းစားတော့မလား' ဟူသော မေးခွန်းမှာ အမြဲဆက်စပ်လျက်ရှိသည်သာဖြစ်၏။ ကင်းကွာ၍မရ၊ မဖြစ်နိုင်ပါဘဲလျက် လူကြီးသည် အဘယ့်ကြောင့် ထမင်းစားခေါ်သည်ကို မနှစ်မြို့နိုင်ဘဲ ရှိရပါဘိသနည်း။

အသက်အရွယ်အားဖြင့်ဆိုလျှင် လူကြီးသည် မနုမေထက် ခေါက်ချိုးမကကြီးလျက် ရုပ်ရည်ချင်းယှဉ်ပါကလည်း မင်းသမီးနှင့်လူကြမ်းကဲ့သို့ အဆင်မပြေရှိလှတော့၏။ မနုမေကဲ့သို့ ချော၍လှပြီး လှသလောက်

www.burmeseclassic.com



ကျက်သရေရှိသော မိန်းမမျိုးကို အခြားယောကျာ်းကြီးကြီး တစ်ယောက် တစ်လေကသာ ရယူပိုင်ခွင့်ရှိခဲ့လျှင် ထိုယောကျာ်းသည် အတတ်နိုင်ဆုံး အလိုလိုက် အရေးပေး၍ ကလေး ကလေးကဲ့သို့ ယုယနေမည်သာဖြစ်၏။

ယခု သူ့အစ်ကိုကြီးကား အလိုလိုက်ရန်ကို မဆိုထားဘိ၊ ဝတ္တရား အလျှောက် ထမင်းစားခေါ်သည်ကိုပင် အပြစ်တစ်ခု ကျူးလွန်မိသည့်ပမာ ထန်ထန်မာမာ ပြောဆိုကြိမ်းမောင်းသွားသေးတော့၏။

"ငါဘယ်နှစ်ခါပြောရမလဲ၊ 'ထမင်းစားတော့မလား' မမေးနဲ့လို့"

မှန်သည် ဤလိုမှာထားဘူးပါလျက် သတိလစ်၍ မေးသောကြောင့် မကြာခဏ အဆူအကြိမ်းခံခဲ့ရသည်။ သို့သော်လည်း မနုမေသည် ထမင်းစားချိန်နီးလာလျှင် ဤမေးခွန်းသာ မေးချင်လာသည်။ တခါတရံ သူ့အစ်ကိုကြီး ပြောထားသောစကားကို သတိရကာ မေးမည်ပြုပြီးမှ နောက်ဆုတ်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်၊ မမေးနဲ့ဆိုသည့်စကားကိုမှ မနုမေသည် ဘာ့ကြောင့် မေးချင်ရပါဘိသနည်း။ ဤလည်း တမျိုးတဖုံ ဆန်းကြယ်နေပြန်တော့၏။

အချိန်မှာ (၁၁)နာရီခွဲခန့်ဖြစ်၏။ နေ့စဉ်နေ့တိုင်း ဤအချိန်ကျပြီ ဆိုလျှင် လူကြီး ပြန်လာလေ့ရှိ၏။ ဤအချိန်တွင် ပြန်လာလေ့ရှိသည် မှာလည်း အခြားအကြောင်းကြောင့်မဟုတ်။ ထမင်းစားရန် ပြန်လာခြင်း သာလျှင်ဖြစ်၏။ သို့ ထမင်းစားရန် ပြန်လာသူအား ထမင်းစားတော့မလား ဟု မေးခြင်းသည် ငါးပိရေနှင့်တို့စရာကဲ့သို့ အလွန်အစပ်တဲ့သော မေးခွန်း ဖြစ်ပါလျက် လူကြီးသည် အဘယ်ကြောင့် မနုမေကို ထိုစကားအတွက် အမျက်သိုနေရလေသနည်း။

ပြောပြောဆိုဆို ဆူဆူဆောင့်ဆောင့်နှင့် ဝေါက်ငမ်းထွက်သွား သည့် အချိန်မှစ၍ မနုမေမှာလည်း ဧည့်ခန်းရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ ငိုင်ရင်းငေးရင်းဖြင့် အတွေးပေါင်းစုံနေတော့၏။



"ငါကတော့ လင်ရယ် မယားရယ်ဆိုပြီး ဝတ္တရားအတိုင်း မေးမိ တယ်၊ 'ထမင်းစားတော့မလားလို့' ဒါဟာ အပြစ်တဲ့လား ဆူပူကြိမ်းမောင်း သွားလိုက်တာ လင်ငယ်နေတာ မိသွားတဲ့အတိုင်းဘဲ တောက်"

မနုမေသည် ဤလိုစိတ်ထဲမှ ရေရွတ်ရင်း တောက်တစ်ချက်ကို ခပ်ပြင်းပြင်းကလေး ခေါက်လိုက်၏။

"သူနဲ့ငါနဲ့ညားတာ (၇)လကျော်လို့ (၈)လထဲရောက်လာပြီ၊ သူဟာ ငါ့ကို မယားတစ်ယောက်အနေနဲ့ နှစ်နှစ်ကာကာချစ်တဲ့ အမူအရာ တို မပြခဲ့သေးဘူး။ ဒါ ဘာဖြစ်လို့လဲ သူငါ့ကို မချစ်လို့လား၊ ဟုတ်မှာပါပဲ၊ သူငါ့ကို မချစ်ဘူး။ ဒါဖြင့် ဘာဖြစ်လို့ ယူသေးသတဲ့လဲ"

ဤအကြိမ်၌မူ မနုမေ၏ အသံသည် ခပ်သဲ့သဲ့ကလေး ထွက်ပေါ် လာ၏။ တဖန် အံကလေးကြိတ်၍ မျက်လုံးကို စုံမှိတ်ကာ အတိတ်က အကြောင်းကလေးများကို ပြန်ပြောင်းတွေးတောနေပြန်၏။

❖ ❖ ❖ ❖ ❖

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ၂

(၁၉၄၁) ခုနှစ်လောက်အထိ မနုမေသည် မြေပိုင်ရှင် ဝတ်လုံတော်ရ ဦးသင်းမောင်၊ ဒေါ်လှမင်းတို့၏ တစ်ဦးတည်းသော သမီးအဖြစ်နှင့် တဝင့်ဝင့် ဂုဏ်မောက်ပြီး ပတ်ဝန်းကျင်၏ မြှောက်စားခြင်းကို ခံခဲ့ရသူဖြစ်သည့်တိုင်အောင် မနုမေသည် အရမ်းမဲ့မြှောက်၍ စည်းလွတ်ကမ်းလွတ် မောက်ခဲ့သူကား လုံးလုံးမဟုတ်ခဲ့ပေ။

ပုဇွန်တောင်ဈေးရှေ့တွင် တိုက်တန်းလျားတစ်လုံး၊ လမ်း(၅၀)တွင် သုံးထပ်တိုက်တစ်လုံး၊ လွှစက်လမ်းတွင် ရှစ်ခန်းတွဲ လေးထပ်တိုက်တစ်လုံး အပြင် လယ်မြေဧက (၂၀၀)ကျော်ကိုလည်း ပိုင်ဆိုင်နေသည့် မြေပိုင်ရှင် တိုက်ပိုင်ရှင် မိဘတစ်စုံ၏ တစ်ဦးတည်းသောသမီးကလေးဖြစ်သည်နှင့် အမျှ မနုမေမှာ မိဘနှစ်ပါး၏ အရေးတယူ ချစ်ခင်ယုယ အလိုလိုက်ခြင်းကို ခံခဲ့ရသည်မှန်သော်လည်း သာမန်မိန်းကလေးကဲ့သို့ ဆောင့်ကြွားကြွား ဘောက်ဆတ်ဆတ်နှင့် မိဘကိုပင် လူမထင်သည့် အခြေသို့ရောက်အောင် ကြွေးပျက်ပြား၍ ရမ်းကားခဲ့သူကားမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်ဆို ဆိုသလောက်ပင် အစစအရာရာ မျက်နှာလွှဲ စိတ်ချရသည့် သမီးအလိမ္မာအဖြစ်ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး၏ ချစ်ခင်မြှောက်စားခြင်းကို ခံခဲ့ရသူဖြစ်၏။

"မနုမေလေးကိုကြည့်စမ်း၊ ဘယ်လောက် အနေအထိုင် ပိရိသလဲ၊ သူ့လို ဣန္ဒြေရရ နေမှပေါ့ သမီးရယ်"

စသည့်ဖြင့် အရပ်ထဲမှ အခြားသော သမီးရှင်များက ၎င်းတို့၏ သမီးပျိုများကို ဆုံးမရာ၌ပင် နမူနာအတင်ခံခဲ့ရသူကလေးဖြစ်၏။ ဤ၌ ဤမျှ လိမ္မာပိရိ ဣန္ဒြေရှိလှသော မိန်းမမွန်၊ မိန်မမြတ် မနုမေအဖို့ ဝမ်းနည်းဖွယ်ရာ ဖန်တီးလာသော အဖြစ်သည်ကားဆိုလျှင်။

အင်္ဂလိပ်အပြေး ဂျပန်အဝင်တွင် တစ်ကြိမ်၊ ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင်တွင် တစ်ကြိမ် ယဉ်ကျေးလှပါသည်ဆိုသော နိုင်ငံကြီးနှစ်နိုင်ငံ စားခွက်လုရင်း ကြဲချလိုက်သော ဗုံးဒဏ်ကြောင့် မနုမေတို့ ပိုင်ဆိုင်ခဲ့သည့် တိုက်သုံးလုံးမှာ အုပ်ပုံဘဝသို့ ရောက်ခဲ့ရ၏။

ဤတွင် အဆုတ်ရောဂါအခံရှိခဲ့သော မနုမေ၏ဖခင် ဦးသင်းမောင်မှာလည်း ချမ်းသာသမျှ တိုက်သုံးလုံး ပြုတ်ပြုတ်ပြုန်း ပျက်စီးသွားသည်၌ စိတ်၏ထိခိုက်ခြင်းကို ခပ်ပြင်းပြင်းကလေး ခံစားလိုက်ရသည်ကား နောက်ဆုံးအိပ်ရာထဲ ဘုံးဘုံးလဲသည်အထိ အကုသိုလ်သည် ဖိစီးနှိပ်စက်ခဲ့၏။

"စိတ်မလျှော့ပါနဲ့ ဖေဖေရယ်၊ လောကကြီးမှာ ရှိရှိသမျှပစ္စည်းတွေဟာ သင်္ခါရချည်းဘဲမဟုတ်လား၊ အားတင်းထားမှပေါ့၊ လူမသေငွေမရှားဘူးဆို မဟုတ်လား ဖေဖေရဲ့၊ သမီးတို့မှာ တိုက်တွေမရှိတော့ပေမဲ့ လယ်တွေရှိသေးတာပဲ။ ဘာအားငယ်စရာရှိသလဲ ဖေဖေရယ်"

"လိမ္မာလိုက်ပါဘိ သမီးရယ်၊ လိမ္မာလိုက်ပါဘိတော့။ သမီးအဲသလို လိမ္မာလေ ဖေဖေမချိလေဘဲသမီး၊ ဖေဖေမချိလေဘဲ။ ဖေဖေဟာယောက်ျားလဲဖြစ်တယ် လောကဓံတရားကိုလည်း နားလည်တယ်။ ဒါပေမဲ့ဟောဒီဖေဖေ့ သမီးလိမ္မာကလေး အချိန်တန်အရွယ်ရောက်လာမှ ခုလိုပျက်စီးရလို့ ဖေဖေမချိတင်ကဲ ဖြစ်ရတာ သမီးရဲ့"



"အောင်မယ် ဖေဖေရယ်၊ လူတစ်ကိုယ် ကုသိုလ်တစ်မျိုး မဟုတ်လား။ ဖေဖေပြောခဲ့ဖူးတဲ့ စကားတွေပြန်ပြီး စဉ်းစားစမ်းပါအုံး၊ ဖေဖေခုလို တိုက်ပိုင်၊ မြေပိုင်နဲ့ နေလာနိုင်တာဟာ ဖေဖေ့မိဘတွေ ဖိုးဖိုးတို့ဖွားဖွားတို့က ချမ်းသာခဲ့လို့ မဟုတ်ဘဲ၊ ဖေဖေ့ဟာဖေဖေ ကိုယ့်အစွမ်းအစနဲ့ရှာဖွေလာလို့ မဟုတ်လား၊ ခု ဖေဖေ့မှာ ဒီတိုက်တွေ၊ တာတွေ မရှိတော့ဘူးနော်၊ ဘာဖြစ်သလဲ။ သမီးအစွမ်းအစနဲ့ရှာမယ်၊ သမီးကလည်း ဖေဖေ့သွေးပါဖေဖေရဲ့။ ကိုယ့်ဟာကို ကြိုးစားလို့ရတဲ့ငွေကိုမှ မြိန်မြိန်ရှက်ရှက်သုံးချင်တာ။ ဒါတွေ မေ့ပစ်လိုက်ပါ ဖေဖေရယ်။ သမီးတို့ထက် အဆပေါင်းအမြောက်အမျှား တန်းဖိုးရှိတဲ့ ဘီအိုစီတို့ စတီးဘရားသားတို့ ပစ္စည်းတွေတောင် ပျက်စီးရသေးတာဘဲ ဝပ်ဆင်ကုမ္ပဏီသူဌေးတွေများဆို ပစ္စည်းတောင်မကဘူး လူပါ စက်သေနတ်မှန်ပြီး သေရသေးတယ် မဟုတ်လား"

"ဩော်. . . အင်း၊ အင်း ငါ့သမီးကလေး ဘုန်းကြီးပါစေ၊ အသက်ရာကျော်ရှည်ပြီး သေသည့်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေနော်။ ခု. . . သမီးပြောတဲ့ စကားတွေကြားရတာ ဖေဖေညစ်နေတဲ့စိတ်ဟာ တစ်ဝက်လောက် လျော့သွားတယ် သမီးရယ်၊ ဖေဖေလေ ဖေဖေစိတ်ချမ်းသာလာပြီ။ ဖေဖေတို့အဖို့ဆိုရင် အဲဒီပျက်စီးသွားတဲ့ တိုက်သုံးလုံးဟာ အများကြီးမဟုတ်လားသမီးရယ်၊ ဒါပေမဲ့လည်း ခုန သမီးပြောတဲ့ ဘီအိုစီတို့ ဘာတို့နဲ့ စာလိုက်ပြန်တော့ ဖေဖေတို့ ပစ္စည်းဟာ ဘာမှမဟုတ်ဘူး၊ မှန်တယ် သမီးပြောတာ သိပ်မှန်တဲ့ စကားပဲ"

"ပြီးတော့လဲ ဖေဖေ၊ သမီးမဂ္ဂဇင်းတစ်စောင်ထဲမှာ ဖတ်ဖူးတယ် သူတွေဟာ အရောင်းအဝယ်လုပ်လို့ ဆုံးရှုံးတဲ့အခါဖြစ်စေ၊ အလုပ်အကိုင်အပေါက်အလမ်းမတည့်လို့ နိမ့်ကျသွားတဲ့အခါဖြစ်စေ ကိုယ်နဲ့တန်းတူချမ်းသာတဲ့လူ၊ ကိုယ့်ထက်ပိုပြီး ချမ်းသာနေတဲ့ လူတွေကိုကြည့်ပြီး အလကားနေရင်း စိတ်ပျက်ဝမ်းနည်းနေကြတာဟာ အင်မတန် မှားသတဲ့၊ ကိုယ့်ထက်နိမ့်ကျပြီး ဆင်းရဲနေတဲ့လူတွေကိုသာကြည့်ပြီး သူတို့နဲ့စာရင်

www.burmeseclassic.com

www.burmeseclassic.com



ငါက တော်ပါသေးသလားလို့ ကိုယ့်စိတ်ကိုဖြေ ရှိရင်းစွဲအခြေက ပြန်ပြီး ကြိုးစားရမယ်တဲ့ ဖေဖေရဲ့။ အဲဒါ မှန်တယ်၊ မှားတယ်တော့ သမီးမသိဘူးပေါ့ ဖေဖေရယ်၊ သမီးတို့အဖြစ်က ဒီအဖြစ်မျိုးရောက်နေလို့ ပြောရတာပါ”

အိမ်ထောင် ထိန်းသိမ်းရေးတွင် စေ့စပ်သေချာ၍ ဝတ်မှု၊ စားမှုနှင့် အနေအထိုင်၊ အပြောအဆိုတွင်ပါ ဣန္ဒြေရှိရှိ ပိရိလိမ္မာရုံသာမကသေး၊ မနုမေသည် စကားကို ပရိယာယ်တွင်လည်း ဤသို့ ကြွယ်ဝသူကလေး ဖြစ်၏။ ဖခင်ဖြစ်သူအား ပြောနေရသော စကားဖြစ်သောကြောင့် မိကျောင်းမင်း ရေခင်းပြသကဲ့သို့သော သဘောမျိုးသို့ သက်ရောက်မသွားစေရန်နှင့် အသိတရားကင်းမဲ့နေသော ဖခင်ကြီး ရှက်မသွားစေရန် မနုမေသည် “အဲဒါ မှန်တယ်၊ မှားတယ်တော့ သမီးမသိဘူးပေါ့ ဖေဖေရယ်”ဟူ၍ လိမ္မာပါးနပ်စွာ သုံးလိုက်သေး၏။

သို့အားဖြင့် ဦးသင်းမောင်မှာ ပျက်စီးဆုံးရှုံးသွားရသော ပစ္စည်းများအတွက် ခံစားနေရသော စိတ်၏ထိခိုက်ခြင်းမှ သက်သာရာ ရခဲ့သည့်တိုင်အောင် နဂိုအခံရှိသော အဆုတ်ရောဂါက ဆေးကောင်းဝါးကောင်း ရှားပါးလှသည့် ဂျပန်ခေတ်တွင် တိုး၍ဆိုး၍ ဖိစီးနှိပ်စက်လာပြန်သောကြောင့် မနုမေတို့ သားအမိနှစ်ယောက်မှာ ရှိသမျှ အတွင်းပစ္စည်းကလေးများကို ရောင်းချ၍ ဦးသင်းမောင်ရောဂါကို ကုသရင်းနှင့်သာ အချိန်ကုန်ခဲ့ရ၏။

နေ့စဉ် ဈေးဖိုးကလေးသော်မှ ကာမိလို့ ကာမိငြားဟူသော သဘောဖြင့် မနုမေသည် သူ သင်ကြားတတ်မြောက်ခဲ့သော (၁၀)တန်း ပညာကလေးဖြင့် အလုပ်တစ်ခုဝင်လုပ်ရန် တိုင်ပင်ခဲ့စဉ်က ဦးသင်းမောင် သည် မျက်ရည်စို့ရွဲနှင့် ပျာပျာသလဲ တားမြစ်ခဲ့၏။ သို့ကြောင့်လည်း မနုမေတို့မှာ ဂျပန်တစ်ခေတ်လုံး ဝင်ငွေနတ္ထိဖြင့် ရှိပစ္စည်းများကိုသာ ထုခွဲ၊ စားစရိတ်ရော လူမမာအတွက်ပါ သုံးစွဲခဲ့ရသည်ဖြစ်သောကြောင့် (၂)နှစ် ခန့်ကြာသော် အတွင်းပစ္စည်းများသာမက (စစ်ကာလဖြစ်သည့်အတိုင်း



ဗုံးစက်ကွင်းအတွင်း ရောက်နေသဖြင့် တန်ဘိုးလုံးဝ ကင်းမဲ့နေသော) ပုဇွန်တောင် လမ်း(၅၀)နှင့် လွှစ္စလမ်းရှိ တိုက်မြေများကိုပါ ရသလောက်နှင့် မတန်တဆ ရောင်းချသုံးစွဲရ၏။

သို့လျှင် ငွေကို နှမြောတွန့်တိုခြင်းမရှိဘဲ ဖိ၍ကုသခဲ့ပါသော်လည်း ဦးသင်းမောင်၏ရောဂါမှာ ထူးခြားလာသည်ဟူ၍ မရှိဘဲ နောက်ဆုံး ရောင်းလိုက်သော ပုဇွန်တောင်မြေကွက်ရငွေကလေး ကုန်လုလုအချိန်တွင် ဦးသင်းမောင်သည် မနုမေ၊ ဒေါ်လှမင်းနှင့်တကွ လူ့လောကကြီးကိုပါ စွန့်လွှတ် ထွက်ခွာသွားတော့၏။

ဦးသင်းမောင် ဈာပန မြေသို့ကျပြီးနောက် (၂)လကြာသော် မနုမေတို့မှာ လယ်မြေများမှလွဲ၍ အခြားဘာပစ္စည်းမှ မရှိတော့သည်နှင့် နေ့စဉ်စားသောက်ရေးအတွက် မနုမေမှာ ဂျပန်ကုမ္ပဏီတစ်ခုတွင် လခစား အဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်နေရရှာ၏။

အကုသိုလ်တို့မည်သည် ဝင်လျှင် တစ်ကြိမ်တည်း၊ တစ်မျိုးတည်း ဝင်လေ့မရှိ၊ နည်းအမျိုးမျိုးဖြင့် ဇက်တိုက်ဝင်လေ့ရှိသည်ဖြစ်ရာ မနုမေ စာရေးမအဖြစ် အလုပ်ဝင်၍မှ (၂)လမပြည့်သေးမီ ဒေါ်လှမင်းမှာ အိပ်ရာ ထဲမှ မထနိုင်တော့သည့်အဖြစ်သို့ ရောက်ရပြန်တော့၏။

ပစ္စည်းဆုံးရှုံး၊ လင်ဆုံးနှင့် လူလုံးမလှဖြစ်ရသော ဒေါ်လှမင်းမှာ မိန်းမသားဖြစ်သည်နှင့်အမျှ ဆုံးရှုံးခဲ့ရသော လင်နှင့်ပစ္စည်းအတွက် စိတ်၏ ထိခိုက်ခြင်းကို ပြင်းထန်စွာ ခံနေရသည့်တိုင် သမီးဖြစ်သူ စိတ်အားငယ် မည်စိုး၍ အားခဲ ဖွဲ့တင်းနေခဲ့သောကြောင့်သာ ဤမျှထိအောင် ကြံ့ကြံ့ခံ နိုင်ခဲ့ခြင်းဖြစ်၏။

သို့သော် ကြောက်စရာကောင်းလှသော အကုသိုလ်သည် ကြံဖန်၍ တနည်းတဖုံ ဝင်လာသေးတော့၏။ မနုမေ အလုပ်ဝင်ပြီးနောက် (၂)လ လောက်အကြာတွင် ဒေါ်လှမင်းမှာ လူကြီးနာဖြစ်သော မီးယပ်သွေးဆုံး ကိုင်လာသဖြင့် လူခွဲမရှိသော မနုမေမှာလည်း ချက်ခြင်းပင် အလုပ်ထွက် လိုက်ရရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



မနုမေ အလုပ်ထွက်လိုက်ရသည်နှင့်တပြိုင်နက် စားစရိတ်အတွက် တစ်ဖက်က ပူလာရပြန်၏။ သူတို့တွင် နောက်ဆုံးပစ္စည်းအဖြစ်ကျန်နေသော လယ်မြေများမှာလည်း သူတို့အဖို့ လုံးဝတန်ဖိုးမရှိသလိုဖြစ်နေရပြန်တော့၏။ ဆန်စပါးလုပ်ငန်းထက် အခြားအရောင်းအဝယ်အလုပ်က ပို၍ တွက်ခြေကိုက်သော (ဂျပန်ခေတ်) ဖြစ်သည့်အတိုင်း သူတို့လယ်များမှာ တောရိုင်းသဖွယ် ဘယ်လိုမှ အားထား၍ မဖြစ်နိုင်ရုံသာမကဘဲ အချိန်တန်လျှင် လယ်ခွန်ကိစ္စကလည်း တမှောင့်အဖြစ် ဝင်၍ဝင်၍ နှောင့်နေသေးတော့၏။

အကုသိုလ်ကား မရပ်သေး၊ ဆက်ခါဆက်ခါ လာလျက်ပင်ရှိချေသေးတော့၏။

ဒေါ်လှမင်း၏ သွေးဆုံးရောဂါကို ကုနေရသည်နှင့်မှ ငွေမလောက်နိုင် ရှိနေရသည့်အထဲတွင် မျက်လုံးက ဒုက္ခပေးလာပြန်သေးသည်။ ဒေါ်လှမင်း၏မျက်လုံးထဲမှ စူးစူးအောင့်အောင့် ဖြစ်လာသည်။ ကိုက်လာသည်။ နောက် တဖြည်းဖြည်း မှုန်လာကာ မိမိလက်ကိုပင်ကြည့်၍မှ သဲသဲကွဲကွဲ မမြင်ရတော့သော အခြေသို့ ဆိုက်သွားတော့၏။

သို့ဖြင့် မနုမေမှာ မိဘလက်ငုတ်ကို မပြုတ်အောင် ကိုယ့်အစွမ်းနှင့်ကိုယ် ထိန်းမည်ဟု အားခဲထားခဲ့သော လယ်မြေများကို မျက်ရည်အဖြိုင်ဖြိုင်ကျရင်းက လက်မှတ်ထိုး ရောင်းချလိုက်ရတော့၏။ အရည်အတွက်အားဖြင့် သွားရည်ယိုစရာ ဂဏန်းကြီးလှသော (၅၀၀၀၀) ငါးသောင်းဆိုသည့် ဂျပန်ငွေမှာလည်း စားရင်း၊ သောက်ရင်း၊ ဆေးကုရင်းနှင့်ပင် ဂျပန်တော်လှန်ရေးစချိန်၌ မနုမေတို့ လက်ထဲတွင် ငွေနှစ်သောင်းလောက်သာ ကျန်ရှိတော့၏။

ထိုအချိန်၌မူ မနုမေတို့မှာ ကံဇာတာပင်ထလာ၍လော သို့တည်းမဟုတ် အကုသိုလ်သည်ပင် နောက်တချီဝင်ရန် အချိန်ယူ အားဖြည့်နေ၍လော မပြောတတ်။ ဒေါ်လှမင်းမှာ အတော်ကလေး သွားနိုင်၊ လာနိုင်နှင့်



ထူထူထောင်ထောင် ဖြစ်နေတော့၏။ သို့သော် မျက်လုံးတာ လုံးဝမကောင်းသေး၊ (၃)ပေထက်ဝေးလျှင် ပြတ်ပြတ်သားသား မမြင်ရသောကြောင့် ထိုမျက်လုံးအတွက်က တခက်ဖြစ်နေပြန်တော့၏။

သို့နှင့်ပင် မဟာမိတ်တပ်များ ဝင်လာသည်။ လက်ထဲတွင်ရှိသော ငွေ (၂၀၀၀၀)ခန့်ကို ဘာလုပ်ရမည်မသိ။ စီးပွားရေးလည်း နားမလည်၊ သူနားလည်သည်မှာ စာရေးမအလုပ်သာဖြစ်၍ ထိုအလုပ်လျှောက်ရန်တိုသာ စိတ်စောလျက်ရှိ၏။

တစ်နေ့တွင် စစ်မဖြစ်မီက ဦးသင်းမောင်တို့၏ ကျေးဇူးနှင့်မကင်းသော အင်္ဂလိပ်-ဗမာ ကပြားတစ်ယောက်သည် မနုမေတို့ နေထိုင်ရာ ငါးထပ်ကြီးဘုရားဒါယကာ ဦးဘိုးအောင် ခြံဝင်းအတွင်းရှိ တဲကလေးသို့ ရောက်လာပြီး မနုမေတို့ ဤသို့စီးပွားပျက်၊ ဒုက္ခရောက်နေရဲကြောင်း သတင်းကြား၍ လိုက်လာခြင်းဖြစ်လျက် ယခုမှု ဘာမှ အားငယ်စရာမလိုတော့ကြောင်း၊ သူလည်း အိန္ဒိယသို့ လိုက်သွားသူဖြစ်ကြောင်း ယခုတပ္ပတိန်ရာထူးဖြင့် ပြန်လာပြီဖြစ်၍ အစစအရာရာ သူတာဝန်ယူမည်ဖြစ်ကြောင်း ပြောဆိုကာ မကြာမီပင် (၄၈)လမ်းရှိ တိုက်ခန်းတွင် မနုမေတို့အား နေရာချထားပေးရုံမက *N-A-A-F-I* တွင် မနုမေ အလုပ်ရရှိရေးအတွက်ပါ အမြန်ဆုံး ကြိုးစားဆောင်ရွက်ပေးလိုက်သေး၏။

"ဒီမှာ အစ်ကိုဝေလီ နုနုတို့ဆီမှာ ဂျပန်ငွေနှစ်သောင်းလောက်ရှိတယ်။ အဲဒါ ဘာလုပ်ရရင် ကောင်းမလဲလို့ စဉ်းစားနေတယ်"

"အို ဟုတ်လား၊ ပေးပေး အစ်ကိုဝေလီကို ပေး"

မနုမေထံမှ ဂျပန်ငွေဟူသမျှ သိမ်းကြုံးယူသွားပြီး ကိုဝေလီပြန်လာသောအခါတွင်မူ မနုမေအတွက် ရွှေလက်ကောက်(၂)ရန်၊ ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း ပါလာပြီး

"အမလေး၊ နုနုပြောပေလို့ပေါ့ကွယ်၊ ဒီဂျပန်စက္ကူတွေဟာ နောက်(၄-၅)ရက်ကြာရင် စစ်အစိုးရက တန်းဖိုးမရှိလို့ ကြေငြာတော့မှာ သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



မနုမေတို့(၄၈)လမ်း ရောက်ခဲ့သည်မှစ၍ နိုင်ငံရေးအခြေအနေ ရော၊ ခေတ်အခြေအနေပါ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည့်အတိုင်း မနုမှာလည်း အလုပ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲလုပ်ကိုင်ခဲ့ရသည်ဖြစ် ရာ (၁၉၄၉)ခုနှစ်တွင်မူ မနုမေမှာ အစိုးရဌာနတွင် မဟုတ်တော့ဘဲ ပန်းဆိုးတန်း ရှိ တိုက်ခန်းတစ်ခုတွင် ဖွင့်လှစ်ထားသော **'ဘကိုးအေဂျင်စီ'** တွင် စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း မိခင်ကြီးအား ကျွေးမွေး ပြုစုနေရရှာ၏။

အဆိုပါ ဘကိုးအေဂျင်စီမှာ သိုးမွေး၊ ပိုးချည်၊ အထည်အလိပ်၊ ဇာ၊ ပေါင်ဒါ၊ ရေမွှေး၊ ထီး၊ ဖိနပ်မှစ၍ မိန်းမ အသုံးအဆောင် အများဆုံး တည်ခင်းရောင်းချသော တိုက်ဆိုင်ဖြစ်သည့်အတိုင်းအရောင်းအဝယ်ဘက် ဆိုင်ရာ စာရေးမချည်း (၆)ယောက်ရှိလျက် စာရင်းအင်းဆိုင်ရာတွင်မူ မနုမေနှင့် အခြားယောက်ျားစာရေးနှစ်ယောက်၊ ဂိုဒေါင်စာရေး၊ ပြင်ပတွင် သွားလာလုပ်ကိုင်ရသော နယ်လှည့် ကိုယ်စားလှယ်များပါနှင့်ဆိုလျှင် အလုပ်သမားပေါင်း (၁၅)ယောက်ခန့်ရှိ၏။

တစ်နေ့သောနံနက် (၁၀)နာရီသာသာခန့်အချိန်တွင် တထည်လုံး ရစရာမရှိအောင် ညစ်မဲပေရေနေသည့် စွပ်ကျယ်နှင့် ချည်လုံချည် ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသည့် အသက်(၃၀)ခန့် လူတစ်ယောက်သည် ဘကိုးအေဂျင်စီထဲသို့ ခြေလှမ်းကြဲကြဲနှင့် လှမ်းဝင်သွား၏။

မှန်ဘီရိုကြီးများနှင့် ထည်ထည်ခန့်ခန့် ပြင်ဆင်ထားသော ဆိုင်ခန်း၏အလယ်သို့ ရောက်နေပြီ ဖြစ်သည့်တိုင်အောင် အရောင်း သက်ဆိုင်ရာ စာရေးမများသည် ထိုဝင်လာသောသူအား မည်သူမျှ အရေး တယူ မေးမြန်းခြင်းမရှိဘဲ မသင်္ကာသော မျက်လုံးများဖြင့်သာ တစေ့ တစောင်း အကဲခတ်လျက်ရှိကြ၏။

အတွင်းဘက်ခပ်ကျကျ ဒေါင့်တစ်နေရာ၌ ပါလစ်သုတ် ကျွန်း စားပွဲတွင် ထိုင်နေသော အသက်(၄၀)ကျော် (၄၅)နှစ်ခန့်ရှိ လူရည် သန့်သန့်တစ်ယောက်သည်လည်း ထိုဝင်လာသောသူအားလည်းကောင်း၊ အရောင်းစာရေးများအားလည်းကောင်း တလှည့်စီကြည့်ရင်း အကဲခတ်



လျက်ရှိ၏။

အဝတ်အစား စုတ်စုတ်ချာချာနှင့် ဝင်လာသူ ထိုလူရွယ်မှာ လည်း ဆိုင်ရှိလူများက အရေးမစိုက်သလို မေးဖော်မြန်းဖော်မှ မရသည် နှင့် အူကြောင်ကြောင် ယောင်ချာချာနှင့် ကျီးကြည့်ကြောင်ကြည့် ဖြစ်နေ တော့ရာမှ သူနှင့် အနီးဆုံးနေရာတွင်ရှိသော စာရေးတစ်ယောက်အနီးသို့ ခပ်ရိုရို လျှောက်သွားပြီး တစ်စုံတစ်ရာ ပြောတော့မည်ကဲ့သို့ ဟန်ပြင် လိုက်သည်နှင့်

"ဘာလဲ၊ ဘာလဲ"

စာရေးသည် သူတောင်းစားတစ်ယောက်အား မေးနေသကဲ့သို့ သော အသံအမူအရာဖြင့် ခပ်ဆတ်ဆတ် မေးလိုက်သောကြောင့် ထိုလူမှာ ရုတ်တရက် ဘာမျှမပြောနိုင်ဘဲ ကြောင်အမ်းအမ်း ဖြစ်နေရှာ၏။

ထိုအခိုက် အတွင်းဘက်စားပွဲမှနေ၍ မှင်သေသေ အကဲခတ်နေ သော လူကြီးသည် ထိုအချင်းအရာကို မြင်လိုက်သည်နှင့် ပျာပျာသလဲ ထလာကာ အဆိုပါ ညစ်ပေပေလူအနီးတွင် ရပ်လိုက်ပြီးမှ ခပ်ပြုံးပြုံး ကြည့်၍

"ဘာ အလိုရှိပါသလဲ ခင်ဗျာ၊ တစ်ဆိတ် အမိန့်ရှိပါ"

လူကြီးသည် ချိုရွှင်သော မျက်နှာထားဖြင့် ဤသို့ ဖော်ဖော်ရွေရွေ မေးလိုက်သည်တွင် ရှိုးတိုးရှန့်တန့် ဖြစ်နေသော ထိုလူလည်း ဤတွင်မှ မျက်နှာထားတတ်သလို ပြုံးလာပြီး

"ဪ ဟုတ်ကဲ့၊ ဟိုသတင်းစာထဲ ဒီတိုက်က ကြော်ငြာတဲ့ ဘာလဲ ယဉ်ကျေးသူဆိုလား၊ အဲဒီ တိုဘရယ်လ်ကိုး လုံချည်တစ်ထည် လောက် လိုချင်လို့ပါ"

"အင်း. . . အင်း၊ ရပါတယ်။ ဒီမှာ ထွန်းခင် ယဉ်ကျေးသူလုံချည် ပြလိုက်ပါ"

ဆိုင်ရှင် ကိုဘကိုးဟု ထင်ရသော ထိုလူကြီးသည် ဝယ်သူအား ရိုရိုသေသေနှင့် ခါးကလေးညွတ်၍ ပြောနေရာမှ အနီးတွင်ရပ်နေသော

www.burmeseclassic.com

www.burmeseclassic.com



စာရေးအား တဆက်တည်းလှမ်း၍ အမိန့်ပေးလိုက်၏။

ခပ်စောစောက ဝယ်သူအား "ဘာလဲ၊ ဘာလဲ" ဟု ခပ်မာမာ မေးခဲ့သော အဆိုပါစာရေး ကိုထွန်းခင်ဆိုသူလည်း မိမိ မလေးမခန့် လုပ်မိသော ထိုစုတ်ချာချာလူအား ယခု လူကြီးမင်းကိုယ်တိုင်က ရိုရိုသေသေနှင့် အရေးတယူဆက်ဆံနေသည်ကို မြင်ရသောကြောင့် ချက်ခြင်း ဝင့်လည်သွားသည့်အလား မနေတတ် မထိုင်တတ်ဖြစ်နေသည်တွင် ခုလို လူကြီး၏ အမိန့်ပေးခံလိုက်ရသည်၌ ထိုစာရေးမှာ ပျာပျာသလဲနှင့် လုံချည် အဆင်စုံ အလိပ်များကို ဖြန့်၍ဖြန့်၍ ပြနေရ၏။

"တစ်ထည် ဘယ်လောက် ရောင်းပါသလဲ ခင်ဗျာ"

"သတင်းစာထဲ ကြော်ငြာပါတဲ့အတိုင်း တစ်ကိုက် ၆၀- ၁၂ ပဲ ဝါဘဲ"

"မလျှော့တော့ဘူးလား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ တစ်ခွန်းထဲဘဲ ပြောရောင်းပါတယ် ခင်ဗျာ၊ ပိုပြော ကြိုက်ဈေးဆစ်ဆိုတဲ့စနစ်က ဝယ်သူသာ နစ်နာတတ်တာမို့ တစ်ခွန်းထဲပဲ ဆိုပါတယ်"

ဝယ်သူသည် အထည်ဖြန့်ပြသော စာရေးအား လုံးဝစကားပြော မေးမြန်းခြင်းမရှိ၊ သို့မပြောသည်မှာလည်း အဘက်မတန်သောကြောင့် ကားမဟုတ် "ဘာလဲ. . . ဘာလဲ" ဟု မျက်နှာထားတင်းတင်း မေးခြင်းခံ ခဲ့ရသောကြောင့် လန့်နေဟန်တူ၏။ သူ့အား အရေးပေး ဆက်ဆံသူ လူကြီးအားသာလျှင် ရဲရဲတင်းတင်း မေးမြန်းပြောဆိုလျက်

"ဒီမှာဗျ၊ နောင်ကြီး၊ ကျွန်တော်က ဒီမိန်းမ အဝတ်အစားတွေ ဝယ်တတ်တာမဟုတ်ဘူး၊ အိမ်ကမိန်းမက အလုပ်သွားရင်း ဝင်ဝယ်ခဲ့ပါ ဆိုလို့သာ ဝယ်ရတာ၊ အဆင်လည်း မရွေးတတ်ဘူး၊ တစ်ဆိတ်လောက်ဗျာ"

"ဩော်. . . ဩော်. . . မိတ်ဆွေမိန်းမက ဘယ်အရွယ်လောက် ရှိပလဲ၊ အသားဖြူသလား၊ ညိုသလား၊ ပိန်သလား၊ ဝ,သလား"

ဝယ်သူသည် အတန်ကြာတွေးနေပြီးမှ. . .

"အသားဖြူဖြူနဲ့ တုတ်တုတ်ထဲကပဲ၊ သိပ်တော့ မဝ,ဘူး၊ အသက်



နှစ်ဆယ်"

"အရပ်ကကော"

လူကြီးသည် ဤသို့လျှင် စေ့စေ့စပ်စပ် မေးနေတော့၏။ ဝယ်သူ လည်း သူ့ပခုံးကိုသူငဲ့၍ ကြည့်ပြီးမှ. . .

"ကျွန်တော့်ထက် လက်နှစ်လုံးလောက်မြင့်တယ်"

"ကဲ. . . ကိုထွန်းခင်၊ ကြည်ပြာရောင်အောက်ခံအဖြူနဲ့ အဝါပွင့် တစ်ထည်စာ (၂)ကိုက် ဖြတ်ပေးလိုက်" ဟု ဆင့်ဆိုလိုက်ပြီးမှ. . .

"မိတ်ဆွေရဲ့ ဇနီးသည်က အရပ်ရှည်တယ်ဆိုတော့ ခေါင်းဆက်နဲ့မှ ဝတ်လို့ရမယ်။ ဒါကြောင့် (၂)ကိုက်ဖြတ်ပေးလိုက်တယ်နော်။ ပြီးတော့ အဆင်မကြိုက်ရင်လည်း ပြန်ပြောပေါ့ဗျာ၊ အားမနာနဲ့ ဟုတ်လား၊ နောက် လိုချင်တာရှိလည်း လာခဲ့ပါ။ ဈေးနှုန်းနဲ့ အမျိုးအစားကိုတော့ ကျွန်တော်တို့ အာမခံပါတယ်"

အရောင်းအဝယ်ကိစ္စ ပြီးပြတ်သည်နှင့် ဝယ်သူလည်း နှုတ်ဆက် ထွက်ခွာသွားသည်ကို လူကြီးသည် စကားတပြောပြောနှင့် ဆိုင်ပေါက် အရောက် လိုက်၍ပို့လိုက်သေးတော့၏။ ဝယ်သူဆိုင်ထဲမှထွက်၍ ခပ်လှမ်း လှမ်းရောက်သွားမှ လူကြီးသည် ချာကနဲလှည့်ဝင်လာပြီး မူလအထိုင်နေရာ စားပွဲဆီသို့ ရှေးရှုထွက်ခွာသွား၏။

အရောင်းစာရေးနှင့် စာရေးမများမှာလည်း လူကြီး၏ အပြုအမူ အတွက် အတော်ကလေး လှုပ်ရှားသွားကာ အချင်းချင်း တီးတိုးရေရွတ်ကာ ထင်မြင်ချက်အမျိုးမျိုး ပေးနေကြ၏။ စာရင်းအင်းဘက်ဆိုင်ရာ စာရေးမ အသစ်ကလေး မနုမေမှာလည်း ရောက်သည်မှာ တစ်လကျော်ကျော် မျှသာ ရှိသေးသည့်အတိုင်း ဤလိုထူးခြားသော လူကြီး၏အမူအရာကို ဤအကြိမ်သည် ပထမအကြိမ်အဖြစ်ဖြင့် မြင်ရခြင်းဖြစ်သောကြောင့် အားလုံးထက် ပို၍ အံ့အားသင့်နေမိ၏။

မကြာမီပင် ဝယ်သူ မိန်းမပျိုတစ်ယောက် ဝင်လာ၏။ ထိုမိန်းမပျို

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီးနောက် အသက်(၅၀)ခန့် ယောကျ်ား ခဲမီ၀၀, တစ်ယောက်နှင့်(၈)နှစ်အရွယ် မိန်းကလေးတစ်ယောက် ဝင်လာ၏။ သို့အားဖြင့် ဝယ်သူများ တစ်ယောက်ပြီးတစ်ယောက် ဝင်လိုက်ထွက်လိုက် ငွေပေး၊ ပစ္စည်း ထုတ်နှင့် တဖြည်းဖြည်း အချိန်ကုန်ခဲ့၏။ ဤအချိန်အထိ ဝယ်သူအဝင်အထွက်မှာ ဦးရေအားဖြင့် (၂၀)ထက်မနည်း ရှိမည်ဟု ခန့်မှန်းရလျက် လူကြီး၏စွက်ဖက်မှုသည် ယခုထိ တစ်ကြိမ်မျှမပါတော့ပေ။

(၁၂)နာရီထိုးသည်နှင့် မနုမေသည် အခြားအရောင်းစာရေးမကလေးတစ်ယောက်နှင့်အတူ ဝင်းဝင်းရုံရှေ့သို့ ရောက်လာပြီး လက်သုတ်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်လိုက်ကြ၏။

“ဘယ့်နဲ့လဲ ရီရီဝေ၊ မနက်က အစ်ကိုကြီး ကိုဘကိုးရဲ့ အပြုအမူဟာ မဆန်းဘူးလား”

မနုမေသည် လက်သုတ်နယ်နေရာမှ အနီးရှိ(၁၈)နှစ် အရွယ်ခန့်ရှိ အရောင်းစာရေးမကလေးအား ဤသို့ မေးလိုက်သဖြင့်. . .

“မမနုက လူသစ်မို့ ဆန်းသလို ဖြစ်နေမှာပေါ့လေ၊ ကျွန်မတို့အဖို့တော့ ရိုးနေပြီ”

“ဪ. . . ဪ၊ နို့ ဒီနောက်လာတဲ့ ဝယ်သူတွေတော့ သူဘာဖြစ်လို့ ဝင်မပြောတော့တာလဲ မမနုဖြင့် နားကိုမလည်ပါဘူးကွယ်။ ဆီချက် နံနံလောက် ဒေါ်ဒေါ်”

မနုမေသည် ရီရီဝေအား မေးရင်းကပင် လက်သုတ်သယ်အားတဆက်တည်းပြော၍ ပန်းကန်ကို ထိုးပေးလိုက်၏။

“ဒီလိုလေ မမနုရဲ့ အစ်ကိုကြီးဟာ ဝယ်သူကို အင်မတန်လေးစားတယ်၊ ကျွန်မတို့တတွေ ဝယ်သူနဲ့ ပြောတာဆိုတာ အဆင်မပြေရင် သူကိုယ်တိုင် ဝင်ပြောလေ့ရှိတယ်။ မနက်ကလည်း ကိုထွန်းခင်ကြီး ဝယ်သူနဲ့ ဆက်ဆံတာကို ဘာသဘောမကျလို့ရယ်မသိဘူး၊ ဒါကြောင့် သူဝင်ပြောတာပေါ့”



“ဪ. . . ဪ”

အတန်ကြာသည့်တိုင်အောင် မည်သူမျှ စကားဆက်မပြောကြသေးဘဲ လက်သုတ်တစ်လုပ် ကြက်သွန်ဖြူတစ်ကိုက် ဟင်းခါးတစ်ငုံစသဖြင့် အလှည့်ကျ စားသောက်နေ၏။

“တစ်ခုခုကို သဘောမကျလို့ ဝင်ပြောတယ်ဆိုတာတော့ ဟုတ်ပါပြီ၊ နို့ ဘာကိုသဘောမကျရင် မကျဘူး၊ နောက်ကို ဘယ်လိုလုပ်ဆိုတာတော့ ဖွင့်ပြောဖို့ကောင်းတယ်။ ခုတော့ သူ့ဟာက ဣန္ဒြေကြီးနဲ့ ဘာမှလဲမပြောတော့ အားလုံး အနေကျုံ့မနေဘူးလား၊ မမနု သတိထားမိတယ် ကိုထွန်းခင်ဆိုတာ မျက်နှာတောင်မထားတတ်အောင် ဖြစ်နေရှာတယ်။ ဖွင့်ပြောပြီး ဆူလိုက်တာက အခံရသက်သာဦးမယ်”

မနုမေသည်နဖူးဆံစပ်ဆီတွင် အစီအရီ စို့လာသောချွေးများကို လက်ကိုင်ပုဝါကလေးဖြင့် ဖိ၍ သွေ့လိုက်ရင်း ပြောနေသောကြောင့်

“အမလေး အစ်ကိုကြီးက အင်မတန် စနစ်ကြီးတယ် မမနုရဲ့ အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ကိစ္စကို ပြောစရာရှိရင် နေ့လည်နေ့ခင်းမှာ ဘယ်တော့မှ မပြောဘူး။ ဝယ်သူ အဝင်အထွက် ရှိနေတော့ အလုပ်ပျက်မှာစိုးလို့ အင်မတန်ကို အရေးကြီးမှ ချက်ချင်းပြောတာ မနက်ကကိစ္စနဲ့ပတ်သက်ပြီး ညနေကျရင်တော့ ပြောပါလိမ့်မယ်။ ရှင်နားထောင်ဖို့သာ ပြင်ပေတော့ အင်မတန် ရှာရှည်တဲ့လူကြီး”

မနုမေနှင့် ရီရီဝေတို့ ဆိုင်ပြန်ရောက်သည်မှာ မိနစ်(၂၀)ခန့်ရှိပြီဖြစ်သော်လည်း ဝယ်သူဆို၍ တစ်ဦးတစ်လေမျှ ပေါ်မလာသေးသောကြောင့် ဆိုင်မှာ တိတ်ဆိတ်လျက်ရှိ၏။

ခါတိုင်းဆိုလျှင် (၁၂)နာရီခွဲသည်နှင့် ထမင်းစားပြန်လေ့ရှိသော ကိုဘကိုးသည် အဘယ်ကြောင့်ဟူ၍မသိ၊ ယနေ့ အိမ်သို့မပြန်ဘဲ ရှင်ဘာအား ပြန်အယူခိုင်းပြီး ဆိုင်နောက်ဖေးခန်းတွင်ပင် မြိန်ရေယှက်ရေစားသောက်လျက်ရှိ၏။ သို့ စားနေ၍မှ တစ်ဝက်မကျသေးမီပင် စာရေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဝင်လာပြီး. . .

"ဝယ်သူ မိန်းမတစ်ယောက်က တွေ့ချင်လို့ပါတဲ့" ဟုပြောလာသောကြောင့် ကိုဘကိုးသည် ဟင်းချိုခွန်းကို ပြန်ချရင်းက. . .

"ထမင်းစားနေတယ် ပြောလိုက်ပေါ့ကွယ်"

စာရေးလည်း ချက်ချင်းပြန်ထွက်သွားပြီးမှ မကြာမီ ဝင်လာပြန်လျက်

"ဒီမှာ အစ်ကိုကြီး ဧည့်သည်ကို ကျွန်တော်ပြောပြလိုက်တယ်၊ ထမင်းစားနေတယ်လို့ အဲဒါ ခဏကလေး တွေ့ချင်လို့ပါတဲ့ ခင်ဗျာ ကျွန်တော်တို့ဆရာဟာ အင်မတန် စည်းကမ်းရှိပါတယ်လို့ပြောတာတောင် အို. . . သွားသာပြောပါ၊ ကျွန်မကဆိုရင် သူလာမှာပါဘဲတဲ့ အဲဒါ"

"တော်တော် အလိုက်ကန်းဆိုးမသိတဲ့ မိန်းမဘဲကိုး ဘယ်သူများပါလိမ့်"

ပြောပြော ထထ,ပင် လက်ဆေး၍ ထ,ထွက်လာပြီး အပြင်ခန်းသို့ ရောက်သည်နှင့် . . .

"ဟယ်လို ဘရားသား ဝှတ်အဖတာန္ဒန်း"

အရွယ်အားဖြင့် အသက်(၂၀)ပတ်လည်လောက်တွင်သာ ရှိလိမ့်မည်ထင်ရသော မိန်းမပျိုတစ်ဦးသည် ဤသို့လျှင် အသံရောဟန်ပါ ဥရောပပုံစံအတိုင်း တစ်သွေမတိမ်း တူအောင်ထု၍ ခပ်ညညကလေး နှုတ်ဆက်လိုက်၏။ ထိုမိန်းမပျို၏အသွင်ကို မြင်လိုက်ရသော အလုပ်သမားများအနက် အချို့က သဘောကျသလိုပြုံး၍ အချို့ကမူ ရွံရှာစက်ဆုပ်သလို နှာခေါင်းရှုံ့သွားကြ၏။

မနုမေကား ထိုမိန်းမပျိုအား ဆက်လက်ကြည့်ရှုနေရမည်ပင် ရှက်သကဲ့သို့ ခပ်မဲ့မဲ့ကလေး ခေါင်းငုံ့ချလိုက်ကာ. . .

"အစ်ကိုကြီး ထမင်းစား မပြန်တာ ဒီမိန်းမနဲ့ ချိန်းထားလို့ ထင်ပါရဲ့" ဟူ၍ပင် မဆီမဆိုင် တွေးနေမိ၏။



ကိုဘကိုးမှာကား မိန်းမပျိုနားသို့ ရောက်သည်အထိ ခန့်တည်သော ဣန္ဒြေဖြင့် မှင်သေသေ လျှောက်လာတဲ့ကာ . . .

"ထွေထွေထူးထူး ကိစ္စရှိသလား မခင်မျိုးဦး"

"အို ရက်(စ်) ဘရားသား ဒီနေ့ စစ်(စ်)သာတီးမှာ အားတယ် မဟုတ်လားဟင် အိပ်(စ်) ဆယ်စီယာမှာ ပစ်ချာကောင်းတယ်ဆိုလို့ ဒက်ဒီရော မာမီပါ ကြည့်လိမ့်မယ်။ ဘရားသားအတွက်လည်း လက်မှတ်တစ်စောင် ပို့ယူလိုက်ပြီ ကြည့်မယ် မဟုတ်လားဟင်"

မိန်းမပျို၏ ရဲရဲနီနေသော နှုတ်ခမ်းပါးလေးနှစ်ခုမှာ စုလိုက်၊ ဆန့်လိုက်၊ တွန့်လိုက်၊ လိမ်လိုက်နှင့် ပုံစံအမျိုးမျိုး ဖြစ်နေတော့၏။ မီးခြစ်ဆံထက်ပင် သေးမည်ထင်ရသော သူ့မျက်ခုံးနှစ်ခုမှာလည်း နိမ့်တုံ မြင့်တုံဖြင့် က,ကြိုးစုံနေတော့ကာ ဝိုင်းဝိုင်းစက်စက်နှင့် လက်နေသည့် မျက်လုံးများသည်လည်း တည်ငြိမ်ခြင်းမရှိ၊ ကျဉ်းတစ်ခါ ကျယ်တစ်လှည့် မှေးသွားလိုက်၊ ကျယ်လာလိုက်နှင့် "အမူအရာသစ်" ထွင်နေသကဲ့သို့ရှိ၏။

မခင်မျိုးဦးဆိုသူလည်း မျက်နှာပေးသာမဟုတ် တစ်ကိုယ်လုံးလှုပ်ရင်း ပြောနေသည်ကို ကိုဘကိုးမှာ နားပင်ထောင်နေရသော်လည်း အတော်ကလေး မနှစ်မြို့သောအသွင်ကို ဆောင်နေ၏။

"ဝမ်းနည်းပါတယ် မခင်မျိုးဦး။ ဒီနေ့ည (၇)နာရီမှာ အရောင်းအဝယ်ကိစ္စတစ်ခုရှိနေလို့ လိုက်နိုင်မယ်မထင်ဘူး"

ကိုဘကိုးသည် မပြုံးမရယ်နှင့် ထယ်ထယ်ခန့်ခန့် ပြောလိုက်သည်တွင် မခင်မျိုးဦးမှာ မမျှော်လင့်သောစကားကို ကြားလိုက်ရသကဲ့သို့ အလွန်အံ့အားသင့်သွားသည့် အမူအရာဖြင့် . . .

"အို. . . ယူ အောဝမ်းဒါဖူးလ်ဘရားသား။ တကယ်ဘဲ မလိုက်နိုင်ဘူးလားဟင်"

"ကျုပ် ဘယ်တုန်းကများ ကပြက်ကချော် ပြောခဲ့ဘူးသလဲ"

မခင်မျိုးဦးသည် ဘာမျှ ရှေ့ဆက်မပြောတော့ဘဲ မကျေနပ်သလို

www.burmeseclassic.com



မျက်နှာပေးဖြင့် ကိုဘကိုးအား ခပ်ငေးငေး ကြည့်နေပြီးမှ။

"ဒါဖြင့် နက်ဖြန်ကော"

"အမှန်မပြောနိုင်သေးဘူး။ ဒီလိုလုပ်လေ ကျုပ်အားတယ်ဆိုရင် ဖုန်းဆက်လိုက်မယ်ဟုတ်ပလား။ ကဲ. . . ကျုပ်ကို ထမင်းစားခွင့်ပေးပါဦး"

"သြော်. . . ဟုတ်ပါရဲ့ ဆောရီးဘရားသား။ ထမင်းစားနေတာကို နှောင့်ယှက်သလို ဖြစ်သွားပြီထင်ပါရဲ့ စိတ်မဆိုးပါနဲ့နော်။ ကဲ သွားမယ်၊ သြော် ဖုန်းဆက်ဖို့ မေ့မနေနဲ့ဦး ဘရားသားရဲ့"

စကားဆုံးသည်နှင့် မခင်မျိုးဦးသည် စစ်သားများ ခြေစုံရပ်၍ တပတ်လှည့်သလို လှည့်နည်းမျိုးဖြင့် ခပ်ဆတ်ဆတ်ကလေးလှည့်ကာ မျက်နှာကလေးမော့မော့ ရင်ကလေးကော့ကော့နှင့် ခပ်ကြော့ကြော့ လှမ်းထွက်သွား၏။

ကာယိန္ဒြေမဲ့လှသော ထိုမိန်းမပျို၏ အမူအရာကို ကြည့်နေရာမှ ရှက်သဖြင့် ခေါင်းကလေးငုံ့နေသူ မနုမေကား အမှန်အားဖြင့်ဆိုသော် ခေါင်းသာငုံ့နေသော်လည်း ကိုဘကိုးနှင့်မိန်းမပျို ဘယ်လို ဆက်ဆံကြသနည်းဟု သိချင်သေး၍လား မပြောတတ်၊ မကြခဏဆိုသလို မျက်လွှာကလေး လှန်၍လှန်၍ အကဲခတ် ကြည့်ရှုခဲ့သည်သာဖြစ်၏။

ခါတိုင်းဆိုလျှင် ညနေ(၅)နာရီထိုးမှ ဆိုင်ပိတ်လေ့ရှိ၏။ ယနေ့မူ (၄)နာရီနှင့် (၅)မိနစ်သာ ရှိသေးသော်လည်း အဘယ်ကြောင့်ဟူ၍မသိ ကိုဘကိုးသည် ဆိုင်ပိတ်ရန် ဒလဝမ်အား ပြောလိုက်သဖြင့်. . .

"ဘယ့်နှယ်လဲ ညီမရေ၊ ဒီနေ့ ဘာဖြစ်လို့ အစောကြီး ဆိုင်ပိတ်တာလဲကွယ့်"

မနုမေသည် ရီရီဝေအား လက်တို့၍ ဤသို့လျှင် လေသံဖြင့် ခပ်အုပ်အုပ် မေးလိုက်၏။

"နေ့လည်က ရီရီပြောပါပကော၊ ကိုထွန်းခင်ကြီးကိစ္စ ညနေပြော လိမ့်မယ်လို့"



"သြော်. . . သြော်. . . နို့ (၅)နာရီ ဆိုင်ပိတ်မှပြောတော့ ဘာဖြစ် လို့တဲ့လဲ ညီမရယ်"

"ဟော. . . ဟော၊ မမနုက ဓနရှင်စနစ်အတိုင်း တွေးလိုက်တာ ထင်ပါရဲ့။ တစ်နာရီစောပြီးပိတ်လို့ အရောင်းအဝယ် ထိခိုက်တာကို ရည်ရွယ်ပြောလိုက်တာမဟုတ်လား မမနုရာ။ ဒါပေမဲ့ ရီရီတို့အလုပ်ရှင် အစ်ကိုကြီးက သူဋ္ဌေးပေမဲ့ ဓနရှင်စနစ်ကို အင်မတန်မုန်းတဲ့လူ သိရဲ့လား။ တကယ်လို့ မမနုပြောသလို (၅)နာရီ ဆိုင်ပိတ်ပြီးမှ ဆုံးမဩဝါဒစကား ပြောမယ်ဆိုရင် အလုပ်သမားတွေ (၆)နာရီလောက်မှ ပြန်ရမယ်မဟုတ်လား။ အဲဒါ အလုပ်သမားတွေအဖို့ (၁)နာရီ နစ်နာတယ်လို့ တစ်ခါက သူပြောဖူးတယ်။ ဒါကြောင့် ပြောစရာရှိရင် ဆိုင်ကို စောစောပိတ်လေ့ ရှိတယ်"

"အင်း. . . ဒီလိုဆိုရင်ဖြင့် မောင်မင်းကြီးသား ကျန်းမာပါစေလို့ ဆုတောင်းရတာပေါ့ ညီမရယ်"

မနုမေနှင့်ရီရီဝေ ဤသို့ပြောဆိုနေကြခိုက် ကိုဘကိုး အတွင်းခန်းမှ ထွက်လာသဖြင့် သူတို့လည်း အသင့်ပြင်ဆင်ထားသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြ၏။

ဝယ်သူဧည့်သည်များ ထိုင်ရန်ဖြစ်သော နောက်ဆုံးပေါ် ရောက်စုံ သံကုလားထိုင်များကို ဧည့်ခန်း၏ အတွင်းခပ်ကျကျတွင် အစည်းအဝေး လုပ်သကဲ့သို့ 'ပ' စောက်သဏ္ဍာန် ခပ်ဝိုင်းဝိုင်းချထားပြီး ကုလားထိုင်များ တွင် အလုပ်သမားများ ထိုင်ကြလျက် အလယ်ရှိ ကုလားထိုင်တစ်လုံးတွင်မူ ကိုဘကိုးသည် အလုပ်ရှင်သူဋ္ဌေးပီပီ တည်တည်ခန့်ခန့်ကြီးမဟုတ်ဘဲ ခပ်ပြုံးပြုံးပင်ထိုင်ရင်း တစ်စုံတစ်ရာ ဘာမှမပြောသေးပဲ စဉ်းစားနေ သကဲ့သို့ သူ့လက်ချောင်းကလေးများကို ချိုးနေ၏။

မနုမေ ဤဆိုင်တွင် အလုပ်ဝင်ခဲ့သည့်နေ့မှစ၍ ယနေ့အထိ ယခုလို အလုပ်ကိစ္စများကို ကြုံရသည်မှာ ပထမအကြိမ်ဖြစ်သောကြောင့်

www.burmeseclassic.com



အတော်ကလေးပင် စိတ်ဝင်စားနေသည့် အသွင်ဆောင်လျက်ရှိကာ သူ့အဖို့ ပိုမိုထူးခြားနေသည်ကား ကိုဘကိုး၏ အမူအရာပင် ဖြစ်တော့၏။

မည်သည့်အချိန်တွင်ကြည့်ကြည့် ကိုဘကိုး၏ မျက်နှာထားမှာ ရင့်ကျက်တည်ငြိမ်၍ ကြန္ဒြေခန့်ခန့်နှင့်သာ အမြဲတွေ့ရသည်ဖြစ်ရာ ယခုကဲ့သို့ အလုပ်သမားတစ်ယောက်အပေါ်၌ မကျေနပ်နိုင်သော အချက်တစ်ခုနှင့်ပတ်သက်၍ ပြောဆိုမည်ရှိရာတွင် ခါတိုင်းထက် တင်းမာသင့်ပါလျက် ယခုမူ ထိုသို့မဟုတ်ရုံသာမက ခါတိုင်းထားနေကျ မျက်နှာထားထက်ပင် ပို၍ချိုနေပြန်သောကြောင့် မနုမေမှာ အတော်ကလေး စဉ်းစားကြပ်နေတော့၏။

"ကဲ. . . နည်းနည်း ဂရုစိုက်ပြီး နားထောင်ကြပါ ဗျာနော်"

ကိုဘကိုး၏ စကားစလိုက်သည်နှင့်တစ်ပြိုင်နက် မနုမေမှာ ဒိန်းကနဲ လန့်သွားပြီး သို့လောသို့လော တွေးနေသည့် အတွေးများသည်ပင် ဘယ်ရောက်၍ ဘယ်ပျောက်ကုန်သည်မသိဘဲ ကိုဘကိုး၏ ဆက်လတ့်သောစကားများကို နားစွင့်လျက်ရှိ၏။ အခြားသော အလုပ်သမားများအဖို့ကား ဤကိစ္စမျိုးနှင့် ကြုံဖူးနေပြီးဖြစ်သောကြောင့်လား မပြောတတ်။ ထူးထူးထွေထွေ လှုပ်ရှားမှုမရှိကြပေ။ သို့သော် ကိုဘကိုး၏ စကားကိုမူ ဂရုတစိုက် လေးစားနားထောင်မည့်အသွင်ကား ကိုယ်စီကိုယ်ငှ ရှိကြသည်သာဖြစ်၏။

"ဘယ်လိုကိစ္စကို အကြောင်းပြု၍ ပြောမည်ဆိုတာတော့ ခင်ဗျားတို့ သိပြီဖြစ်မှာပဲ၊ ဒီကိစ္စကို အမည်တပ်ရမှာကတော့ ကိုထွန်းခင်နဲ့ ဆက်ဆံတဲ့ ဝယ်သူကိစ္စပဲဆိုပါတော့"

ကိုဘကိုးသည် ဤသို့ စကားကိုဖြတ်ပြီး ကိုထွန်းခင်ဆီသို့ ခပ်ပြုံးပြုံး လှည့်ကြည့်လိုက်၏။ ထိုသို့ ကိုဘကိုး ပြုံးလိုက်သော အပြုံးမှာ ခနဲ့ပြုံး မဲ့ပြုံးမဟုတ် အလွန်လျှင် ရိုးသားသန့်ရှင်းသော ခင်မင်မှု ရာခိုင်နှုန်းအပြည့်ပါသည့် အပြုံးဖြစ်၏။ မည်သို့ဖြစ်စေ ကိုထွန်းခင်တွင်ကား စိတ်မကောင်းသလိုဖြင့် မသိမသာခေါင်းငုံ့သွား၏။



"ဒါပေမယ့် အဲဒီကိစ္စဟာ ကိုထွန်းခင် တစ်ယောက်တည်းရဲ့ အမှားမဟုတ်ဘူး။ အရောင်းဘက်ဆိုင်ရာ စာရေး၊ စာရေးမတွေရဲ့ အမှားပဲ။ ဒီလိုပြောလိုက်တဲ့အတွက် ကျုပ်အပေါ်မှာ စိတ်မကွက်ကြနဲ့နော်။ ခင်ဗျားတို့ သိချင်သိမှာပဲ ကျုပ်ဟာ ဘယ်သူ့ကိုမှ နိုင်ထက်စီးနင်း ပြောတတ်တဲ့ ဝါသနာမရှိဘူးဆိုတာ"

ဤတွင်မှာ ကိုထွန်းခင်လည်း မိမိတစ်ယောက်တည်း၏ အပြစ်မဟုတ်ကြောင်းသိ၍ ခေါင်းထောင်လာတော့၏။

"ဒါ. . . ကျုပ် အရမ်းစွပ်စွဲနေတာမဟုတ်ဘူးနော်။ ကိုင်း. . . ကျုပ်ရှင်းရှင်းပြောပြမယ် မနက်က တကိုယ်လုံး ပေရေညစ်ပတ်နေတဲ့ လူတစ်ယောက်ဝင်လာတာကို ခင်ဗျားတို့အားလုံး မြင်ကြတယ်မဟုတ်လား။ အင်း. . . ဒါပေမဲ့ ဘယ်သူမှ မေးလားမြန်းလား မလုပ်ကြဘူး။ အဖတ်မတန်သလို ဝိုင်းကြည့်နေကြတယ်။ အမှန်ကတော့ ခင်ဗျားတို့ စိတ်ထဲမှာ ဒီလူဟာ အလစ်သမားဘဲလား၊ ဝယ်နိုင်မဲ့သူမှ ဟုတ်ရဲ့လား ဆိုတဲ့ အတွေးနဲ့ အရေးမလုပ်တာဘဲ"

ကိုဘကိုးသည် စကားကို ရုတ်တရက်ရပ်၍ ခြေတစ်ခုပေါ် တစ်ခု ချိတ်ထားသည်ကို ဘယ်နှင့်ညာပြောင်းလိုက်ပြီး . . .

"ကျုပ် ပြောချင်တာချည်း ခေါင်းငုံ့ နားထောင်မနေကြနဲ့နော်။ မှားကယ်ထင်ရင် ပြောသာပြော အားမနာနဲ့။ ခုချိန်မှာ ကျုပ်ကို အလုပ်ရှင်လို သဘောထားပြီး ရိုသေနေဖို့ ကျုပ်ပြောသမျှ ခေါင်းညိမ့်နေဖို့ မဟုတ်ဘူး။ နှစ်ဦးနှစ်ဖက် အကျိုးခြင်းဆက်စပ်နေတဲ့ ပြဿနာကို ဆွေးနွေးတာလို့ သဘောထားပြီး မှားတယ်ထင်ရင် ဖွင့်ပြောကြစေချင်တယ်။ ဘယ့်နှယ်လဲ"

ကိုဘကိုးသည် မျက်နှာထား ကြည်ကြည်လင်လင်နှင့် ဤသို့လျှင် ခပ်အေးအေးမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်၊ အဲဒီလူကြည့်ရတာ ညစ်ညစ်ပေပေနဲ့မို့ ဝယ်နိုင်မယ် မထင်တာနဲ့ မေးလားမြန်းလား မလုပ်မိတာပါ"

ကိုထွန်းခင် ဤသို့ပြောလိုက်သည်နှင့် ကိုဘကိုးသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်ကာ. . .

"ဒါ ခင်ဗျားမှန်တဲ့အတိုင်း ဖွင့်ပြောလိုက်တာပဲ ကြိုက်တယ်။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကိုယ့်စိတ်ထဲ မှန်တယ်ထင်ရင် ဖွင့်ပြောလိုက်တာကို ကြိုက်တယ်။ ဝမ်းထဲမြှုထားပြီး ကွယ်ရာမှာပြောတာတော့ ကျုပ်မကျေနပ်ဘူး။ ကိုထွန်းခင်ပြောတဲ့ ဝယ်နိုင်မဲ့သူမထင်တာနဲ့ မေးလားမြန်းလား မလုပ်မိတာပါလို့ ဒါအတွက်နဲ့ ပတ်သက်ပြီး ကိုထွန်းခင်ကို အပြစ်တင်ရင် ကျုပ် ရှေ့လောကြီးရာကျမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ဗမာကုန်သည်တွေ၊ အရောင်းသမားတွေဟာ များသောအားဖြင့် ဒီလိုအမှားမျိုးကို ခုထက်ထိ မှားနေကြသေးတယ်"

ကိုဘကိုးပြောနေသော မျက်နှာထားအမူအရာနှင့် လေယူလေသိမ်းမှာ ဟန်မလုပ်ရဘဲနှင့် ဘတင့်ကြီးတို့ကဲ့သို့ မာန်ပါလှတော့၏။

"ခမ်းခမ်းနားနားဖွင့်ထားတဲ့ တိုက်ဆိုင်ကြီးတွေကအစ ဖိနပ်ဆိုင်ကလေးအထိ အရောင်းအဝယ်လုပ်နေတဲ့လူတွေဟာ ဗမာမှန်ရင် များသောအားဖြင့် ဝယ်သူတွေကို အဝတ်အစားကြည့်ပြီး ဆက်ဆံလေ့ရှိကြဟယ်။ ခန့်ခန့်ငြားငြား အဖိုးတန်ပစ္စည်း ဝတ်လာတဲ့ လူဆိုရင်ဖြင့် မ,မရုံတမယ်ပဲ။ ဘာအလိုရှိပါသလဲခင်ဗျား၊ ကြွပါ၊ ထိုင်ပါနဲ့၊ ဘာမှမဝယ်ရသေးဘူးလက်ဖက်ရည်က အရင်ရောက်နေပြီး အဝတ်အစားကလေး ခပ်နွမ်းနွမ်းနဲ့ ဝယ်သူကျတော့ ဝယ်နိုင်မဲ့လူမဟုတ်ဘူး ထင်လိုထင်။ အလစ်သမားများလားလို့ မသင်္ကာရတာနဲ့ တယ်ပြီး ဂရုမစိုက်ချင်ကြဘူး"

ကိုဘကိုးသည် စကားကို ရုတ်တရက်ဖြတ်၍ ခပ်လှမ်းလှမ်းရှိစားပွဲဆီသို့ ရောက်သွားကာ စီးကရက်ဘူးနှင့် မီးခြစ်ကို ယူခဲ့ပြီးမှ နေရာတွင် ပြန်ထိုင်လိုက်ရင်း. . .



"ကျုပ်တို့ အရောင်းအဝယ်သမားတွေဟာ ကိုယ်ရောင်းမဲ့ပစ္စည်းကို ကြိုက်ဈေးပေးရင် ဘယ်သူဝယ်ဝယ် ရောင်းမည်ဆိုပြီး ဆိုင်ဖွင့်ထားကြတာ မဟုတ်လား၊ အဲဒီတော့ ကျုပ်တို့ဟာ အဝတ်အစားကြည့်ပြီး ဆက်ဆံစရာ ဘာလိုတော့သလဲ၊ တစ်ရာတန်လုံချည်ဝတ်လာတဲ့ ဝယ်သူဖြစ်ဖြစ်၊ လုံချည်စုတ်ဝတ်ပြီး အင်္ကျီမပါတဲ့ ဝယ်သူဖြစ်ဖြစ် ကိုယ့်ကြိုက်ဈေးပေးဝယ်ရင် ရောင်းမှာဘဲ မဟုတ်လား၊ ဒီလိုဆိုရင် ဝယ်သူကို ဖော်ရွေမှုမှာ အဝတ်အစားကြည့်ပြီး ဘာဖြစ်လို့ အဆင့်အတန်းခွဲချင်ရတာတဲ့လဲဗျ"

ကိုဘကိုးအား စူးစိုက်ကြည့်ရှုရင်း နားစွင့်နေသော မနုမေလည်း ထိုအပြောကို သဘောကျသွားသည့်အလား ခေါင်းကလေး တညိတ်ညိတ်နှင့် ပြုံးနေ၏။

"ဒါဟာ ခင်ဗျားတို့ကို ဆရာလုပ်နေတာမဟုတ်ပါဘူး။ ခင်ဗျားတို့သိပြီးသားတွေကို မေ့နေလို့ သတိပြန်ပေးနေရတာပါ။ ဥပမာဆိုပါတော့ဗျာ ခုကျုပ်တို့ဆိုင်ထဲမှာ တင်ထားတဲ့ ယောကျ်ားဆောင်း ဖဲထီးတစ်လက်ကို (၁၂)ကျပ်ရမှ ရောင်းတယ်မဟုတ်လား၊ အဲဒါကို အင်္ကျီမပါတဲ့လူက (၁၀)ကျပ်ဆစ်ရင် ကျုပ်တို့မရောင်းသလို ဟပ်ဒ်ဆင်ကားကြီးနဲ့ လာတဲ့သူဌေး ဝယ်သူကလည်း (၁၂)ကျပ်တန်ကို (၂၄)ကျပ်ပေးမှာ မဟုတ်ဘူး။ ဒီတော့ ကျုပ်တို့ အရောင်းအဝယ်သမားတွေဟာ ဘယ်သူ့ကို ပိုပြီးမျက်နှာချိုသွေးစရာလိုသေးသလဲ၊ လူချင်းအတူတူ တန်ရာတန်ဖိုးပေးတာချင်းလဲ အတူတူဖြစ်ရက်သားနဲ့ မရှိဆင်းရဲတဲ့ ဝယ်သူကျတော့ မျက်နှာထားတင်းတင်းနဲ့ ဆက်ဆံပြီး မာန်လိုမာန်၊ ငေါက်လိုငေါက်နဲ့ အင်း. . . သူဌေးဝယ်သူဆိုရင်ဖြင့် ဖင်ရက်ဆားဖြူး ပလူးပလဲနဲ့ ဝါတော် (၉၀)ရ ဓမ္မကထိကကြီးကို ရိုသေပုံမျိုး ရိုသေပြီး တန်ဘိုးထက် ပိုပေးတာလဲ မဟုတ်ဘဲနဲ့ ဘိလပ်ရည် မှာတိုက်ရတာကတစ်မျိုး၊ စီးကရက် တည်ရတာကတစ်ဖုံ လက်ဝဲသမားတွေဆဲလည်း ဆဲစရာဘဲ၊ စီးပွားရေးသမားတွေလုပ်ပုံတာဟုတ်မှမဟုတ် ဘဲကိုး"

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကိုးသည် စကားကို ရှေ့မဆက်သေးဘဲ စီးကရက်တစ်လိပ် ထုတ်၍ မီးညှိနေခိုက် အလုပ်သမားများကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အဓိပ္ပာယ်တစ်မျိုးဆောင်သော အမူအရာဖြင့် ကြွနေရ နေကြတော့၏။ ထိုအမူအရာများကား ပျင်းရိငြီးငွေ့စွာဖြင့် မလွှဲသာ၍ နားထောင်နေရသော အသွင်မျိုး လုံးဝမဟုတ်။ ကိုဘကိုးပြောနေသော စကားတွင် နှစ်သိမ့်ကြည်နူးနေသော လက္ခဏာဖြင့် အသက်ပါပါ ကျေနပ် သဘောကျနေသည့် အမူအရာမျိုးဖြစ်၏။ ထိုလူစုထဲတွင် မနုမေကား သရုပ်အပါဆုံး ဖြစ်နေတော့၏။

"ကျုပ် ဆိုလိုတာက ကိုယ်ပိုင်ကားနဲ့လာတဲ့ ဝယ်သူကို မလေးစားရဘူး၊ ဧည့်မခံရဘူးလို့ မဆိုလိုဘူး၊ အတတ်နိုင်ဆုံး ဖော်ဖော်ရွေရွေ ဆက်ဆံရမယ်၊ နောက်ဆုံးသူဝယ်တဲ့ပစ္စည်းကို သူ့ကားပေါ် အရောက် လိုက်ပို့ပေးနိုင်ရင် အကောင်းဆုံးပဲ၊ ဘာကြောင့်ဆိုတာ စဉ်းစားနေစရာ မလိုတော့ဘူး၊ လူမှန်ရင် အရေးပေးတာကို ခုံမင်တတ်ကြတာပဲ၊ အဲ. . . ထိုနည်းအတူ ပစ္စည်းမဲ့ဝယ်သူကိုလည်း ဖော်ရွေရမယ်၊ ပိုပြီးလေးစားရမယ်၊ သူတို့ဝယ်တဲ့ပစ္စည်းကိုလည်း သူတို့စီးလာတဲ့ ယန်ခြားပေါ် အရောက် လိုက်ပို့ရမယ်။ ဒါမှ ကုန်သည်ကြီး ပီသ,မယ်၊ တရားနည်းလမ်းကျမယ်၊ ဒါဟာ ရှက်စရာမဟုတ်ဘူး၊ သူဌေးလဲ လူ၊ ဆင်းရဲသားလည်း လူ၊ ဝယ်သူ အနေနဲ့ဆိုလည်း အတူတူပဲ ဘယ်သူ့ဘယ်သူမှ ပိုပြီး (ခေတ်စကားနဲ့ ပြောရရင် ဖော်လန်ဖားစရာမလိုဘူး) ကိုင်း ဒီလောက်ဆိုရင် သူဌေးနဲ့ ဆင်းရဲသား ဝယ်သူပြဿနာ ရှင်းလောက်ရောပေါ့ဗျာနော်၊ "ဟော့ မောင်ချစ်အောင် တခါထဲ ဒီကိုယူခဲ့လို့ ပြောလိုက်ပါကွာ"

ကိုဘကိုးသည် ဝယ်သူပြဿနာပြောနေရာမှ ဆိုင်ရှေ့တံခါးဝသို့ လှမ်းကြည့်ရင်း ဆိုင်စောင့်လူငယ်ကလေးအား ဤသို့ တဆက်တည်း ပြော လိုက်သောကြောင့် အားလုံးပင် ကိုဘကိုးလှမ်းကြည့်ရာသို့ ခေါင်းလည် သွားကြ၏။ သို့ လှမ်းကြည့်လိုက်ကြရာ၌ အခြားသော အလုပ်သမားများ၏



အမူအရာမှာ သိပြီးဖြစ်သော ကိစ္စကို ကြည့်သကဲ့သို့ မထူးခြားလှသော်လည်း မနုမေအဖို့တွင်မူ သို့ပြာပြာသလဲ ကြည့်လိုက်သည်နှင့် မြင်တွေ့ရသော အချင်းအရာအတွက် မအံ့ဩဘဲ မနေနိုင်အောင် ဖြစ်သွားရ၏။

လက်ဖက်ရည် ပန်းကန်လုံးများ ပြွတ်သိပ်တင်ထားသော သင်ဘန်းကိုယ်စီကိုင်ကာ ခပ်ဖြည်းဖြည်း ဝင်လာသော ဗမာလူငယ် ကလေး နှစ်ယောက်အား မောင်ချစ်အောင်သည် အလုပ်သမားများဆီသို့ ရှေ့ဆောင်ခေါ်လာပြီး အနီးသို့ ရောက်သည်နှင့် ကိုဘကိုးအား လှမ်းကြည့် လိုက်၏။

"ကဲ. . . မောင်ချစ်အောင် ကော်ဖီနှင့်လက်ဘက်ရည် သူတို့ ကြိုက်ရာကို တစ်ခွက်စီ မင်းကလိုက်ပေးကွာ၊ ပြီးတော့ အစ်ကိုကြီးဖို့ ကော်ဖီတစ်ခွက် အခန်းထဲယူခဲ့၊ ကိုင်း. . . အေးအေးဆေးဆေး သောက် ကြဦးနော်"

ကိုဘကိုးသည် ပြောပြောထထ, ထ၍ အခန်းထဲ ဝင်သွားသဖြင့် မောင်ချစ်အောင်သည် အလုပ်သမားများအား လူစေ့တက်စေ့ လိုက်ပေး ပြီးမှ နောက်ဆုံးကျန်နေသော ပန်းကန်နှစ်ခုကို အခန်းထဲသို့ ယူသွင်း သွား၏။

"ဟော့. . . နှစ်ခွက်တောင် ဘာလို့ယူလာတာလဲ"

ဤသို့ ကိုဘကိုး ခပ်လောလော မေးလိုက်သည်ကို . . .

"အပြင်မှာ လူစေ့နေပြီ အစ်ကိုကြီး"

"ပေး ကော်ဖီတစ်ခွက် အဲဒီပိုနေတဲ့ လက်ဖက်ရည်ကို မင်း သောက်၊ ခုမှ အဆန်းလုပ်နေရလား၊ အားလုံးအတွက် မှာတာကို ယူသွား"

မောင်ချစ်အောင်သည် ချာကနဲ လှည့်ထွက်လာပြီး ဘီဒိုဒေါင့်တွင် ရပ်ကာ လက်ဖက်ရည်ကို ပန်းကန်ပြားထဲ ငှဲ့၍ မသောက်ဘဲ ပန်းကန်လုံးလိုက် တမြုံ့မြုံ့မော့ရင်း အရသာခံနေ၏။

ကိုဘကိုး၏ အပြုအမူမှာ အားလုံးအဖို့ ဘာမျှ မထူးခြားသလို ဖြစ်နေသော်လည်း မနုမေ အဖို့သော်ကား အတော်ကလေး ဆန်းကြယ်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။ အနီးတွင် ထိုင်နေသူ ရီရီဝေအားလည်း တစ်စုံတစ်ရာ မေးလိုသည့်ဆန္ဒဖြင့် လှည့်၍ ငဲ့၍ ကြည့်မိသည်မှာ အကြိမ်ကြိမ်၊ သို့သော် အခြားအလုပ်သမားများကရှိနေသဖြင့် မြိုသိပ်၍ တိတ်နေရတော့၏။

ကိုယ်စိကိုယ်ငှ လက်ဖက်ရည် သောက်ပြီးလောက်သည့် အချိန်တွင် ကိုဘကိုး ရောက်လာသော လက်ပတ်နာရီကို ငုံ့ကြည့်ပြီးမှ. . .

ကဲ (၅)နာရီထိုးလုနေပြီ တိုတိုပဲ ပြောတော့မယ်နော်။ နည်းနည်းသည်းခံပြီး နားထောင်လိုက်ကြပါဦးဗျာ၊ အမှန်ကတော့ ကျုပ် လျှာရှည်ချင်လို့ မဟုတ်ပါဘူး၊ ခင်ဗျားတို့အတွက် ပြောနေတာပါ။

"မနက်ကလာတဲ့ ဝယ်လူက စုတ်စုတ်ချာချာ ဝတ်လာတာမို့ အလစ်သမားထင်ပြီး ခင်ဗျားတို့ အရေးမလုပ်တာ ဖြစ်ရင်လဲ ဖြစ်နိုင်တယ်။ အဲဒါ အင်မတန်မှားတဲ့ မသက်ာမှုဘဲ ဒီလို စုတ်ပြတ်ပေရေနေတဲ့ အလစ်သမားဟာ ဘယ်တော့မှ ကျုပ်တို့လို တိုက်ဆိုင်မှုတွေမှာ လာပြီးအလစ်မဆွဲဘူး၊ ဆိုင်ထဲလည်း မဝင်ဘူးဆိုတာ ခင်ဗျားတို့ သိထားသင့်တယ်။ တကယ့်သူခိုးက သူဌေးလို ဝတ်လာတတ်တယ်"

ကိုဘကိုးသည် အခိုး တထောင်းထောင်းထအောင် စီးကရက်ဖွာထုတ်လိုက်ပြီးမှ. . .

"ထားပါတော့လေ အဲဒီလိုဟာ တကယ့်အလစ်သမားပဲဆိုတာ ခင်ဗျားတို့ အတတ်သိနေတာပဲ၊ ထားပါတော့ သူ့ကို ဘာပဲဖြစ်ဖြစ် ဝယ်သူတစ်ယောက်အနေနဲ့ပဲ ဆက်ဆံဖို့ တာဝန်ရှိတယ်။ ဖော်ဖော်ရွေရွေပဲ လေးစားမေးမြန်းရမယ်၊ သူဟာ အလစ်သမားပဲဆိုပြီး မသက်ာတဲ့မျက်လုံးနဲ့တောင် မကြည့်ရဘူး၊ သူမခိုးနိုင်အောင်သာ ကိုယ့်ပစ္စည်းကို ဂရုစိုက်ရမယ်။ အဲဒါ စီးပွားရေးသမားတွေရဲ့ ယဉ်ကျေးမှုတစ်ရပ်ပဲ။ အရောင်းသမားဟာ သူတောင်းစားဝယ်သူဖြစ်ပါစေ ချေချေငံငံ ဆက်ဆံတတ်ရမယ်၊ အဆင့်အတန်းခွဲနေရင် ဘယ်တော့မှ မကြီးပွားနိုင်ဘူး" စကားစပြတ်၍ ရပ်ဆိုင်းသွားသည့်အခိုက် ကိုဘကိုး၏ မျက်လုံးများသည် မနုမေဆီသို့



အမှတ်မထင်ရောက်သွားသည်တွင် မနုမေမှာလည်း ကိုဘကိုးအား စေ့စေ့စိုက်စိုက်ကြည့်ရင်း နားထောင်နေသည်နှင့် အကြည့်ချင်းဆုံသွားသောကြောင့် မျက်လုံးလေးကို တွန့်ကနဲငုံ့ချလိုက်သည်။

"နောက်ဆုံး ပြောချင်တာကတော့ ဝယ်နိုင်လိမ့်မယ်မထင်လို့ အလစ်သမားထင်လို့ဆိုတဲ့ အဲ့ဒီ(ထင်လို့)တွေဟာ နည်းနည်းမှ အဓိပ္ပာယ်မရှိဘူးဆိုတဲ့အကြောင်းပဲ ကိုင်း. . . မနက်က ဝယ်သူကိုသာ ခင်ဗျားတို့ထင်သလို ကျုပ်ပါရောပြီး ထင်လိုက်မိရင် လုံချည်ရောင်းရမှာ မဟုတ်ဘူး၊ ဟုတ်ကဲ့လား ဝယ်သူဆိုတာ အမျိုးမျိုးရှိတယ်၊ ဝယ်ဖို့လာတာရှိတယ်၊ သွားရင်းလာရင်း အဆင်ကလေးလှတာမြင်တာနဲ့ ဈေးသိချင်လို့ စုံစမ်းတာလဲရှိတယ်။ ဘာပဲဖြစ်ဖြစ်လေ ဘယ်လိုလူ လာမေးမေး၊ ဝယ်ဝယ်၊ မဝယ်ဝယ် မေးသမျှဖြေရမယ်။ ကြည့်ချင်တာကို စိတ်ရှည်လက်ရှည် ပြရမယ်၊ အဲဒါ ရောင်းသူတိုင်းရဲ့ ဝတ္တရားပဲရယ်လို့ ခင်ဗျားတို့ အမြဲသတိရနေစေချင်တာပဲ"

ကိုဘကိုးသည် နာရီကို ငုံ့ကြည့်လိုက်၏။

"အချိန်လည်းစေ့နေပြီ ခုလို စိတ်ရှည်လက်ရှည် နားထောင်ကြတာကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကိုင်း ပြန်နိုင်ကြပါပြီဗျာ၊ ပြန်နိုင်ကြပါပြီ"

❖ ❖ ❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

၃

ရီရီဝေနှင့်မနုမေသည် ပန်းဆိုးတန်းတစ်လျှောက် မြောက်ဘက်သို့ ဦးတည်လျှောက်လာခဲ့ရာမှ ဗိုလ်ချုပ်လမ်းသို့ ရောက်သည်နှင့် အရှေ့ဘက်သို့ ချိုးကွေ့ခဲ့ကြ၏။

"အလုပ်ရှင်သူဌေးတိုင်း အစ်ကိုကြီးကိုဘကိုးလိုစိတ်မျိုးထားရင် သိပ်ကောင်းမှာပဲနော် ရီရီဝေ"

"အလုပ်ရှင်တိုင်းဆိုတာတော့ ဝေးပါသေးတယ် မမနုရယ်၊ အစ်ကိုကြီးလို အလုပ်ရှင်မျိုး တစ်ဆယ်ရာခိုင်နှုန်း တိုးလာဖို့တောင် အနှစ်နှစ်ဆယ်လောက် စောင့်ရဦးမလားမသိဘူး။ သူလိုလူတော့ ကျွန်မ ဒီတစ်ယောက်ပဲ တွေ့ဘူးသေးတယ်"

(၃၇)လမ်းကို ဖြတ်အကူး လမ်းထိပ်ရှိ ကွမ်းယာဆိုင်တွင်ရပ်နေသော ဗမာလူငယ်တစ်ဦးက ရှေ့နောက်မကြည့်ဘဲ စည်းကမ်းမဲ့စွာဖြင့် ကွမ်းတံတွေးလှည့်ထွေးလိုက်သည်ကို မြင်သော မနုမေက ရီရီဝေအား လှမ်းဆွဲရင်း ကွေ့ရှောင်လိုက်သောကြောင့် ရုတ်တရက် စကားပြတ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရီရီဝေ နုနုတို့စားပြောနေတုန်းက လက်ဖက်ရည်အမှာ ခိုင်းတာလည်း မမြင်ရ၊ မကြားရဘဲနဲ့ ရောက်လာပုံထောက်တော့ ကြိုတင်မှာခိုင်းတာနဲ့တူတယ်နော်"

"ဒါပေမဲ့ မမနုရဲ့ ခုလို ဩဝါဒပေးဖို့ကိစ္စနဲ့ကြုံတိုင်း ဒီလိုပဲ မှာမှာတိုက်လေ့ရှိတယ်"

"အင်း. . . ရောက်လာတဲ့ ကော်ဖီနဲ့လက်ဖက်ရည်ကလည်း လူစေ့အံကိုက်မို့ ဘယ်သူ ဘာသောက်တတ်တယ်ဆိုတာပါ သူသိနေတာပဲနော်"

"အမလေး ကိုကြီးက ကျွန်မတို့အလုပ်သမားတွေကို ဘယ်လောက်ဂရုစိုက်တယ် မှတ်သလဲ၊ အဝတ်အစားတောင် ဘယ်သူဟာ ဘယ်လိုအရောင်အသွေးကြိုက်တတ်တယ်ဆိုတာ သူသိတယ်"

"ဒါဖြင့် ညီမတို့ကတော့ လူဟောင်းတွေမို့ ဘာသောက်တတ်တယ်ဆိုတာ သိနေပြီထားပါတော့ မမနုဟာ လူသစ်လည်းဖြစ်တယ် သူ့ရှေ့မှာလည်း တစ်ခါမှ မသောက်ဖူးဘူး၊ မောင်ချစ်အောင်ကိုလည်း"

"ဟုတ်တယ်လေ အမှာမခိုင်းဖူးဘူး၊ ဒါပေမဲ့ ညနေ(၃)နာရီလောက်က အစ်ကိုကြီးက ကျွန်မကို စာနဲ့ရေးပြီးမေးတာနဲ့ ကျွန်မပြန်ရေးလိုက်တယ်။ မမနု လက်ဖက်ရည်သောက်လေ့ရှိပါတယ်လို့"

အလုပ်သမားများအပေါ်တွင် ဤရွေ့ဤမျှထိအောင် စေ့စေ့စပ်စပ် ဂရုစိုက်အလေးပေးပြီး လေးလေးစားစား ပြောဆိုပြုမူတတ်သော တိုဘကိုးအား မနုမေသည် တစ်နေ့တစ်ခြား စိတ်ဝင်စားလာ၏။ သို့ တိုဘကိုး၏ အပြောအဆို၊ အပြုအမူများနှင့်ပတ်သက်၍ မနုမေတွေးလာသည်မှာ စင်စစ်သော် လင်အဖြစ်နှင့် ကြင်ချစ်လို၍ လုံးဝမဟုတ်။

သူ တွေ့ခဲ့၊ ကြုံခဲ့၊ ကြားခဲ့ရဖူးသော မနုရှင်များနှင့် မည်သို့မျှ ဆက်စပ်၍ မရနိုင်အောင် ထူးခြားစွာ တရားမျှတနေသည့်အတွက်ကြောင့်သာလျှင် နိုင်ငံ့ခေါင်းဆောင်တစ်ဦးကို ကြည်ညိုစိတ်ဝင်းစားသကဲ့သို့သာ စိတ်ဝင်စားခြင်းဖြစ်၏။



မနုမေ အလုပ်ဝင်ခဲ့သည်မှာ (၄)လနီးပါးမျှရှိပြီဖြစ်သည့်အတိုင်း တိုဘကိုးကအစ အားလုံးသော အလုပ်သမားများနှင့်ပါ အတော်ကလေး ရင်းနှီးခင်မင်လာခဲ့သည်သာမက တစ်ဦးအိမ်သို့တစ်ဦး ဝင်ထွက်သွားလာနေကြသည်အထိ အကျွမ်းဝင်ခဲ့ကြ၏။

မနုမေမှာလည်း နဂိုက ယဉ်ကျေးဖော်ရွေသူဖြစ်သည်တွင် ယခုတဲ့သို့ မျက်မမြင်မိခင်အိုကြီးအား လုပ်ကိုင်ကျွေးမွေးနေရသည့်အဖြစ်ကို သိလာကြသည်၌ မိန်းမမွန်၊ မိန်းမမြတ်ကလေးအဖြစ် သနားကြည်ညိုနဂိုထက်ပင် ပို၍ခင်မင်လာကြ၏။ သို့လျှင် မနုမေတို့အိမ်ဘက်သို့ ဝင်ထွက်သွားလာနေကြသူများအနက် အခေါက်အရေအတွက်အားဖြင့်ဆိုလျှင် တိုဘကိုးသည် အများဆုံးဟူသော စံချိန်ကို ယူထားသကဲ့သို့ ဖြစ်နေ၏။

တနင်္ဂနွေနေ့ဆိုလျှင် ကိုဘကိုးရောက်လာတတ်သည်ဖြစ်ရာ ထိုတစ်ရက်မျှသာ အားလပ်ခွင့်ရနေသော မနုမေမှာလည်း အပြင်သို့ သွားလာလည်ပတ်ရန် အချိန်မရရှာပဲ ကိုဘကိုးအလာကို စောင့်၍ ညှော်ခံနေရပြန်သောကြောင့် တစ်ခါတခါသော် "သူ့နှယ် လာနိုင်ရန်ကော" ဟူ၍ပင် ညည်းညူမိရှာတော့၏။ ယင်းသို့ ကိုဘကိုး မကြာခဏ သွားလာဝင်ထွက်နေသည်မှာ အဘယ်သို့သော ရည်ရွယ်ချက်ဟူ၍ကား အတဲဖမ်း၍မရ၊ အမူအရာမှာလည်း ရိုးရိုးခင်မင်ရုံသဘောမျိုးသာ ပေါ်လွင်နေလျက် ရောက်တိုင်း၊ လာတိုင်း ပြောဆိုသော စကားများမှာလည်း. . .

"မျက်စေ့ ဘယ်နှယ့်နေသလဲ ဒေါ်ဒေါ်၊ တစ်နေ့က ဆေးခတ်ကြည့်တာ မထူးခြားဘူးလား"

စသည်ဖြင့် ဒေါ်လှမင်း၏မျက်စိအကြောင်းလောက်သာ ဂရုစိုက်မေးမြန်းလျက် ကောင်းသည်ဆိုသော ဆေးမှန်သမျှ ဝယ်လာတတ်ပြန်သောကြောင့် ဒေါ်လှမင်း၏ သီးသန့်ဆေးဘီရိုလေးမှာ မျက်စိနှင့်ပတ်သက်သော ဆေးဆိုင်ကလေး ဖွင့်နိုင်လောက်အောင် အမျိုးအစုံ စုံနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"လူတွေဟာ တော်တော်ခက်တာပဲ၊ သူများတွေကိုတော့ ဘယ်လို အလိုက်သိတတ်ရမယ်၊ လူယဉ်ကျေးမှုဆိုတာက ဘယ်လိုနဲ့ အမြဲဆရာလုပ်ပြီး သူကိုယ်တိုင်ကတော့ နည်းနည်းမှ မသိတတ်ဘူး။ ဒီတစ်နေ့ကလေး အားလို့ သွားချင်လာချင်တာကို မသွားရဘူး။ သူ့ကိုပဲစောင့်ပြီး ဧည့်ခံနေရတာနဲ့ အချိန်ကုန်တာပဲ"

မနုမေသည် ကိုဘကိုး ဤသို့ တနင်္ဂနွေနေ့တိုင်း လာရောက်လည်ပတ်မှုကို မလိုလားနိုင်တော့သည့်အလား သို့လျှင် စိတ်ထဲမှ တဖျစ်တောက်တောက် ညည်းညူနေမိသည်။

"ဟဲ့. . . သမီးရေ. . . နုနု ဘယ်နှစ်နာရီထိုးပြီလဲ။ မောင်ဘကိုး တစ်ယောက်လည်း"

"မလာသေးဘူးမေမေ၊ မလာသေးဘူး"

မနုမေဖြေလိုက်သော နောက်ဆုံးစကားသံမှာ အနည်းငယ်ကျယ်၍ မာလည်းမာသွားသောကြောင့်. . .

"အို. . . သမီးရယ် ဘယ့်နှယ် မေမေ့ကို မာဆတ်ဆတ်ကြီး ပြောလိုက်တာတုန်း။ ဘာလဲ မောင်ဘကိုး လာသွားနေတာ သမီးမကျေနပ်ဘူးလား။ ဘယ်လိုများ ထင်နေလို့လဲ။ ပြောစမ်းပါဦး။ သူလာလာနေတာကတော့ မေမေ့မျက်စိအတွက် သက်သက် ဂရုဏာမကင်းလို့ ဖြစ်ပါလိမ့်မယ်။ သမီးအကြောင်းနဲ့ပတ်သက်လို့ သူမေမေ့ကိုဘာမှမပြောပါဘူးကွယ်"

"ဟုတ်ကဲ့၊ ဒါကို သမီးသိပါတယ်မေမေ။ သို့ပေမဲ့လည်း ဒီနေ့ တစ်နေ့လေးအားလို့ လည်ချင်ပတ်ချင်တာ သူ့ကိုစောင့်စောင့်ပြီး ဧည့်ခံနေရတာနဲ့ပဲ"

"အေး. . . ဒါလဲ ဟုတ်သပေါ့လေ။ နို့ သမီးသွားစရာရှိရင် သွားပါလားကွယ်၊ မေမေ့ဟာ မေမေပဲ ဧည့်ခံ"

"အို. . . မဖြစ်ပါဘူး မေမေရယ်၊ သူက လူတစ်မျိုး ပြောချင်ရင် ဘောက်ကြီး ပြောချလိုက်တာ။ သိပ်ခက်ပါတယ် မေမေရယ်"



မနုမေသည် စကားကို ချက်ချင်းအဆုံးသတ်လိုက်ပြီး နာရီကို ကြည့်ကာ ဘီရိုထဲမှ ဆေးပုလင်းယူ၍ ဒေါ်လှမင်း၏မျက်လုံး ဘေးဝတ်လည်ကို ဂွမ်းကလေးဖြင့် အသာအယာ တို့လိမ်းပေးနေ၏။

ခါတိုင်း (၁၀)နာရီ၊ (၁၁)နာရီတွင် ရောက်လေ့ရှိသော ကိုဘကိုးတား ယခု (၁)နာရီထိုးနေပြီဖြစ်သည့်တိုင်အောင် ရောက်မလာသေးသဖြင့် မနုမေမှာ ပို၍သာ စိတ်တိုနေမိသည်။

"ခက်တာပဲ၊ ဘယ်အချိန်လာမယ်မှန်းလည်း မသိဘူး။ စောစောကသာ ခုလိုအချိန်အထိ မလာသေးမှန်းသိရင် သိမ်ကြီးဈေး ခဏသွားလိုက်ရ အကောင်းသား"

မနုမေ ဤသို့ စိတ်ထဲတွင် ရေရွတ်မြည်တမ်းနေ၍မှ မဆုံးသေးမီ တံခါးခေါက်သံကြားသဖြင့် ထဖွင့်ပေးလိုက်သည်၌ ကိုဘကိုးသည် မနုမေအား မပြုံးမရယ်နှင့် ဣန္ဒြေရရ ကြည့်လိုက်ပြီးမှ . . .

"ဘယ်ကိုမှ မသွားဘူးလား မနုမေ၊ ကျုပ် အခုလို တနင်္ဂနွေနေ့တိုင်း လာလာနေတာ မနုမေတို့အဖို့တော့ အနှောင့်အယှက်များ ဖြစ်နေမလားလို့တော့ တွေးမိပါသေးတယ်။ ဒါပေမဲ့ ကျုပ် ဒီလိုလာ,လာနေတာကတော့၊ ကဲ. . . မနုမေ အေးအေးဆေးဆေး ဧည့်ခန်းမှာ ထိုင်ပြောချည်ရအောင်"

ကိုဘကိုးသည် ပြောပြောဆိုဆို ဧည့်ခန်းသို့ လျှောက်သွားသောကြောင့် မနုမေလည်း တံခါးကို ဂလန့်ထိုးပြီး ဧည့်ခန်းသို့လှည့်လာကာ ကိုဘကိုးနှင့် မျက်နှာချင်းဆိုင် ဒေါ်လှမင်းအနီးတွင် ဝင်ထိုင်လိုက်၏။

"မောင်ဘကိုး နေကောင်းရဲ့နော်၊ ခါတိုင်းအချိန်မှာ မရောက်လာလို့ ခုနတောင် ပြောနေမိသေးတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ ဒီနေ့ နည်းနည်းနောက်ကျသွားတယ်။ နောက်ကျရတဲ့ အကြောင်းကလည်း ဒေါ်ဒေါ့်မျက်စေ့ကိစ္စနဲ့ပတ်သက်ပြီး တိုင်ပင်နေရတာမို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



တိုဘကိုးလည်း နေရာတကျ ဖင့်ရွှေ့ထိုင်လိုက်ပြီးမှ . . .

"ဒေါ်ဒေါ့်မျက်စေ့ရောဂါအကြောင်းကို စ,ပြီး သိရကတည်းက ကျွန်တော် စိတ်မကောင်းဖြစ်ခဲ့မိတယ်။ ကိုယ်ချင်းလည်းစာမိတယ်။ ကျွန်တော် အသက်(၂၀)လောက်တုန်းက တေပေမိုက်မဲမှုကြောင့် ရောဂါ ပျိုး မျက်စေ့ကိုပါ ထိခိုက်လာဖူးတယ်။ ကုန်လိုက်တဲ့ငွေဆိုတာလည်း မနည်းဘူးခင်ဗျ ကျွန်တော့်မိခင်ကြီးဆိုတာလဲ ငါ့သားလေး လူဖြစ်ရှုံးပါပြီ ဆိုပြီး နေ့ရှိသရွေ့ ငိုနေတော့တာပဲ။ နောက်ဆုံး ကာလကတ္တားမှာ သွားပြီး ကုမှပဲ ရှင်းရှင်းပျောက်တော့တယ် ခင်ဗျ"

ကိုဘကိုးသည် စကားဖြတ်၍ အိတ်ကပ်ထဲမှ စီးကရက်ဘူး ထုတ်နေသည့်အချိန်တွင် မနုမေသည် ဒေါ်လှမင်းအား ဝမ်းနည်းစွာနှင့် လှည့်ကြည့်လိုက်၏။ ဒေါ်လှမင်းမှာလည်း မိမိ၏ မျက်မမြင်ဘဝကို ယူကြုံး မရ ဖြစ်နေသည်။ မျက်ရည်ပင် လည်နေရှာ၏။ ထိုသည့်အဖြစ်ကို ရင်နင့်အောင် မြင်လိုက်ရသော မနုမေမှာ ဘာ ဘယ်လိုဖြစ်သွားသည် မသိ ကိုဘကိုးအား တချက်မျှလှမ်းကြည့်ပြီး နောက်ဖေးဘက်သို့ ထ,သွား၏။ ကိုဘကိုးသည် ခေါင်းငုံ့၍ စီးကရက်ကို မီးညှိလိုက်ကာ အသာအယာ မော့ရင်း . . .

"ကျွန်တော့်မျက်စေ့ဟာ လုံးလုံးကွယ်သွားတယ်ရယ်တော့ မဟုတ်ဘူး ဒေါ်ဒေါ်ရဲ့၊ လက်ဝါးကိုဖြန့်ပြီး ထောင်ကြည့်လိုက်တဲ့အခါ မြင်တော့မြင်ရတယ် မပြတ်သားဘူး။ ဒါနဲ့ ကာလကတ္တားဆေးတိုက်မှာ (၆)လလောက် ကုယူရတယ်ခင်ဗျ"

ထိုအခိုက် အခန်းထဲမှ ထွက်လာသော မနုမေအား မြင်ရသည်မှာ စောစောကကဲ့သို့မဟုတ်ဘဲ သူ့မျက်နှာဖောင်းမို့မို့တွင် မှုန့်သာဖုံးလာသည်ကို တွေ့ရ၏။ သေသေချာချာ ဂရုစိုက် အကဲခတ်ခြင်းမရှိပါက သို့ ပေါင်ဒါအဖွေးသားနှင့် ကလေးကလားနိုင်စွာ ကွာခြေမဲ့ရန်ကောဟု အပြစ်ဖို့မိမည်ဖြစ်သော်လည်း . . .



"မနုမေ ခင်ဗျား အခန်းထဲသွားပြီး ငိုလာတယ်မဟုတ်လား။ ဒါကို ကျုပ်မှတ်မိမှာစိုးလို့ ပေါင်ဒါတွေ အဖွေးသား ဖို့လာပေမဲ့လည်း ခင်ဗျား မျက်လုံးနဲ့မျက်ခုံးတွေ နီနေတာကတော့ အစစ်အမှန်ကို ပြနေတာပဲ"

သို့ ကိုဘကိုးက ဆီး၍ပြောလိုက်သည်နှင့် မနုမေမှာ အံ့ဩ ဝမ်းနည်းနှင့် မျက်ရည်ပါ ရွှဲသွားတော့ကာ ဒေါ်လှမင်းတွင်လည်း မျက်ရည် တလေးစမ်းစမ်းနှင့် ဝမ်းပမ်းတစ်နည်း ငေးနေ၏။

"ဝမ်းမနည်းကြတော့နဲ့ဗျာ၊ အဲဒီကိစ္စအတွက် စုံစမ်းနေခဲ့တာ ကြာပါပြီ။ အားငယ်စရာ မရှိတော့ဘူး။ ကျုပ်ကို ကုပေးတဲ့ဆရာဝန် အခု မှ မရှိ လူနာလက်ခံ၊ မခံ၊ လက်ခံမယ်ဆိုရင် အပြီးအပြတ် ဘယ်လောက် ကျမယ်ဆိုတာကိုပါ စာရေးမေးမြန်းထားခဲ့တာ ဒီနေ့ ပြန်စာရောက်လာ ပါပြီ။ ဝမ်းသာကြပါတော့၊ ဒီနေ့ ကျုပ်အရောက်နောက်ကျတာဟာလည်း ဒီကိစ္စအတွက် စုံစမ်းမေးမြန်းနေရလို့ပဲ"

ထိုစကားကြားလိုက်သည်နှင့် ဒေါ်လှမင်းမှာ ဝမ်းနည်း၊ ဝမ်းသာ ဘာဘယ်လိုဖြစ်ရမည်မသိသကဲ့သို့ ကိုဘကိုးအားလည်းကောင်း၊ အနီးရှိ သမီးအားလည်းကောင်း မမြင်မကန်းနှင့်ပင် ကြည့်ရှုနေရှာ၏။

"အဲ၊ အဲဒါ ဘယ်လောက်ကုန်မယ်တဲ့လဲ မောင်ဘကိုးရဲ့"

စစ်ပြီးခေတ်၏ ငွေစက္ကူကို ငါးဆယ်မျှပင် လက်ပွေအောင် မကိုင်ဖူးသေးသည့် လက်ရှိအခြေအနေကို မေ့မေ့လျော့လျော့နှင့် ခပ်ကြောကြော မေးလိုက်ပြီးမှ မိမိတို့အဖြစ်ကို ချက်ချင်းသတိရလာသည့်အလား ဒေါ်လှမင်း၏မျက်နှာသည် တမဟုတ်ခြင်း ညိုးကျသွား၏။

"ရန်ကုန်ကနေပြီး ကာလကတ္တားအရောက် အသွားအပြန်စရိတ်နဲ့ ဆေးကုခချည်း (၆၀၀၀)ကျပ်လောက်ကုန်မယ်။ ဟိုမှာ ဆေးကုရင်းနေစရိတ်ကို အရပ်ထဲမှာဆိုရင် အနည်းဆုံး တစ်လ(၃၀၀)ကုန်မယ်။ အဲဒါ (၆)လနေရမလား၊ (၁)နှစ်နေရမလား မသိဘူး။ ရောဂါပျောက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



နေရမှာဘဲ"

"ဒီမှာ အစ်ကိုကြီး ခုပြောနေတဲ့ စကားတွေနဲ့ အစ်ကိုကြီးရဲ့ အမူအရာကိုကြည့်ရတာ တော်တော်စိတ်ပါလက်ပါရှိပုံပဲ။ အားရစရာလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မတို့မှာက ဒီနေ့လုပ်မှ ဒီနေ့စားရတဲ့ဘဝမျိုး"

"ဒါ ဘာဆိုင်သလဲ မနုမေ၊ ဒီလိုကုန်ကျမဲ့စရိတ်တွေကို ခင်ဗျားတို့ခံရမယ်လို့ ဘယ်သူက ပြောသလဲ။ ခင်ဗျားတို့ ဆင်းရဲတယ်ဆိုတာ ကျုပ်လဲသိသပေါ့၊ စပြီး စုံစမ်းကတည်းက ကျသလောက်ငွေကို ကျုပ်ကပဲ အကုန်အကျခံမယ်လို့ ဆုံးဖြတ်ပြီးသားပါ"

ကိုဘကိုး၏ မျက်နှာထားမှာ ပြုံးပြုံးချိုချိုနှင့် မျက်နှာလိုမျက်နှာရ အမူအရာမျိုးမဟုတ် စေတနာအရင်းခံသော အသွင်သဏ္ဌာန် နှလုံးရင်းဖြင့် ရှင်းရှင်းပြတ်ပြတ် မာဆတ်ဆတ် ပြောလိုက်ခြင်းဖြစ်၏။

မနုမေတို့ သားအမိမှာလည်း ကြားလိုက်ရသော ကိုဘကိုး စကားအတွက် သွက်လက်ချက်ချာ ပြာပြာသလဲ ကျေးဇူးတင်တော့မလောက် ဝမ်းမြောက်သွားသည်မှန်သော်လည်း ကြီးရာမှငယ်၊ မြင့်ရာမှနိမ့်၊ ချမ်းသာရာမှ မွဲခဲ့ရသော လူတန်းစားတို့ဘဝအတိုင်း တစ်ဦးတစ်ယောက်၏ အမအစကို လက်ခံရသည်ကိုပင် ယုတ်နိမ့်သွားတော့မလောက် အထင်ရောက် သွေးကြီး အချည်းအနှီး မာနတက်သော မနုမေက

"ကျွန်မတို့ထိုက်နဲ့ ကျွန်မတို့ကံပဲရှိပါစေတော့ အစ်ကိုကြီးရယ်။ ဘာပဲပြောပြော အနည်းဆုံး ငွေတစ်သောင်းလောက်မကုန်ဘဲ ပြီးမဲ့ကိစ္စမဟုတ်လေတော့"

"နေအုံး၊ ကျုပ်ပြောမယ် မနုမေ၊ ဘာလဲ ကျုပ်ကို ကျေးဇူးတင်ရမှာ ကြောက်နေသလား။ ကျုပ် ခပ်ရှင်းရှင်းပဲပြောမယ်။ ခင်ဗျားတို့အိမ်ကို ကျုပ် ဝင်ထွက်သွားလာနေတာဟာ အကြောင်းမဲ့မဟုတ်ဘူး၊ ကျုပ်မှာ ရည်ရွယ်ချက် နှစ်ခုရှိတယ်"

ကိုဘကိုး ဤသို့ပြောလိုက်သည်နှင့် မနုမေ၏မျက်လုံးများ ပိုမို



တျယ်ဝန်းလာပြီး စောစောကထက် ဂရုစိုက်နားစွင့်လာကာ ဒေါ်လှမင်းမှာမူ ဟိုလှည့်သည်ငဲ့ဖြင့်သာ မှန်းဆကြည့်နေရှာ၏။

"ပထမရည်ရွယ်ချက်ကတော့ စောစောက ပြောခဲ့သလို ကျုပ်ကိုယ်တိုင် မျက်စိဝေဒနာကို ခံစားရဖူးတော့ တကယ်ပဲ ကိုယ်ချင်းစာမိတယ်။ ဒါတောင် ကျုပ်တုန်းက လုံးလုံးကွယ်တဲ့ဆီအထိ မရောက်ခဲ့ဘူး။ ဆေးကုရင်းက နောက်ဆုံးလမှာ တနင်္ဂနွေ (၂)ပတ်တိတိ ဆေးစည်းထားတုန်း ခံစားရတဲ့အဖြစ်ဟာ ကျုပ်တစ်သက်မှာ အတုန်လှုပ်ဆုံးပဲ။ (၁၄)ရက်လုံးလုံး ဘာမှမမြင်ရဘူး။ အဲဒီတုန်းကဆိုရင် ကျုပ် တစ်ခါတည်း ဆုံးဖြတ်ထားတယ်။ တကယ်လို့ ဆေးကုမရဘဲ ဒီအတိုင်း ကန်းနေမယ်ဆိုရင် လူ့ပြည်မှာ မနေတော့ဘူးလို့ တကယ်ပဲ ဆုံးဖြတ်မိတဲ့အထိ ဒီဝေဒနာကို ကျုပ်ကြောက်ခဲ့တယ်။ ဒါကြောင့် ဒေါ်ဒေါ့်ရောဂါကို မြင်ရတော့ ကျုပ် စိတ်မချမ်းသာဖူး။ မပျောက်, ပျောက်အောင်ကုမယ်လို့ပဲ သန္နိဋ္ဌာန်ချလိုက်တယ်။ ဒါ ကျုပ်ရဲ့ ပထမရည်ရွယ်ချက်ပဲ"

ကိုဘကိုးသည် စကားကို ခေတ္တရပ်၍ စီးကရက်တစ်လိပ်ထုတ်ပြီး ဘူးပေါ်တွင် ဆောင့်နေ၏။ ဒေါ်လှမင်းနှင့်မနုမေမှာလည်း မေးရပြောရမည့် စကားအတွက် အကွက်မပေါ်သေး၍လားမသိ။ တစ်စုံတစ်ရာမျှ မပြောကြသေးဘဲ ကိုဘကိုးဆက်လာမည့် ဒုတိယရည်ရွယ်ချက်ကို သာလျှင် နားစွင့်နေကြ၏။

"ဒေါ်ဒေါ်ရှေ့မှာ ပြောရတော့မှာမို့ နားနဲ့မနာ ဖဝါးနဲ့နာပါနော်။ အမှန်ကလည်း အခုပြောရမဲ့စကားဟာ လောကမှာ အရိုးဆုံးနော်။ အဆိုးဆုံးမဟုတ်ဘူး။ အရိုးဆုံးဆိုတဲ့ အိမ်ထောင်ရေးကိစ္စပါပဲ။ အဲဒါ ကျုပ်ရဲ့ ဒုတိယရည်ရွယ်ချက်။ ဒီထက် ရှင်းရှင်းပြောရမယ်ဆိုရင်"

"ဒီလောက်ဆိုရင် နားလည်ပါပြီရှင်၊ အစ်ကိုကြီး ကျွန်မကို လိုချင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မနုမေကလည်း မျက်နှာကလေးနီသွားရာမှ မကြည်မလင်ဖြေ လိုက်သောကြောင့် . . .

"မှန်တယ် မနုမေ၊ ကျုပ်ဆီအလုပ်ဝင်ပြီး တစ်လလောက် ရကတည်းက မနုမေရဲ့ အပြောအဆို၊ အနေအထိုင်ကို သဘောကျပြီး ကျုပ်ရဲ့ အိမ်ရှင်မအဖြစ်နဲ့ စခန်းသွားဖို့ လိုလားမိတယ်။ အမှန်ကား ဒီလို လောလောဆယ်ကြီး ထုတ်ပြောဖို့ မကြံရွယ်ခဲ့ပါဘူး။ ခုတော့ ဒေါ်ဒေါ့် မျက်စိရောဂါ ကုဖို့ကိစ္စ ပေါ်လာပြီမို့ ဖွင့်ပြောရတာ။ မပြောလည်း ဒီ သဘောမျိုး အထင်ခံ၊ အစွပ်စွဲခံရမှာပဲ ကျုပ်သိတယ်"

ကိုဘကိုးသည် ရှုတ်တရက် စကားဖြတ်လိုက်ပြီး ဘူးပေါ်တွင် ဆောင့်နေသော စီးကရက်ကို မီးညှိနေ၏။ ဒေါ်လှမင်းမှာလည်း သူ့မွေး တစ်ယောက်ကို သားမက်တော်ရမည့်အရေးအတွက် ဟက်ဟက်ပက်ပက် ပြုံးလိုက်ချင်သော်လည်း သမီး၏လေသံ ချေငံမည်လော၊ သွေထန်မည် လော မသိရ၊ မကြားရသေးသည်နှင့် မမဲ့သာ၊ မပြုံးသာ ဖြစ်နေရရှာ၏။ မနုမေတွင်မူ မိမိအလုပ်ရှင်တစ်ဦးအနေဖြင့် ရှို့ကာ အချစ်ကိစ္စဖြစ်၍လည်း ရှက်နေရာမှ အံကြိတ်စိတ်တင်းပြီး . . .

"ဒီလိုဆိုတော့ မေမေ့ရောဂါကို ကုပေးမယ်ဆိုတဲ့ စေတနာဟာ"

"မသန့်ရှင်းဘူး ဆိုချင်သလား မနုမေ"

"ခုတော့ ဒီသဘောမျိုးလိုဖြစ်နေတယ် ထင်တာပဲ"

"အေး. . . မထင်နဲ့၊ ဟုတ်တယ် ဒီအတိုင်းပဲ၊ ဒါကြောင့် ခုန စကားထဲမှာ ကျုပ်ဖွင့်ပြီး ဝန်ခံခဲ့ပြီမဟုတ်လား။ ဒီမှာ မနုမေ ကျုပ်ဟာ ဘုရားအလောင်း ဝေဿန္တရာရဲ့မြေးလည်းမဟုတ်ဘူး။ အရင့်မာကြီးလည်း မဟုတ်ဘူး၊ ပုထုဇဉ်တွေထဲက သာမန်လူတစ်ယောက်ပဲ။ ဆွေမတော် မျိုးမစပ်တဲ့ သူစိမ်းတစ်ယောက်ရဲ့ရောဂါကို ငွေတစ်သောင်းနီးပါး အကုန် ခံပြီး ဆေးကုဖို့ဆိုတာ ဘယ်လောက်စေတနာကောင်းတယ်ထားဦး ကျုပ်လို တစ်သိန်းခင်းလောက်သာ ချမ်းသာတဲ့လူဟာ အတော်ကလေး အချိန်ယူပြီး စဉ်းစားမှာပဲ။ ကျုပ်တောင် ဒီဝေဒနာမျိုး ခံစားရဘူးလို့ ကိုယ်ချင်းစာမိတာတောင် ကျုပ်တော်တော်ကလေး စဉ်းစားခဲ့သေးတယ်"



"ဒီလိုဖြင့်လည်း အစ်ကိုကြီးရယ်"

"နေဦးလေ၊ ကျုပ်စကားမဆုံးသေးဘူး၊ ဒီမှာ မနုမေ တစ်သောင်း ဆိုတဲ့ငွေဟာ နည်းတာမဟုတ်ဘူးနော်။ ကျုပ်တို့ စီးပွားရေးသမားအဖို့ ဆိုရင် ငွေဟာ ပိုတယ်မရှိဘူး။ အမြဲတမ်း လိုနေတာပဲ။ ဒါပေမဲ့ ကျုပ် မှန်တာပြောမယ်။ ဒေါ်ဒေါ့်ကို မြင်မြင်ချင်း ကျုပ်အမေလို ဖြူဖြူခန့်ခန့် ကြီးမို့ ကြည်ညိုချစ်ခင်မိတာတစ်ကြောင်း၊ မျက်စိရောဂါအတွက် ကိုယ်ချင်းစာ တာတစ်ကြောင်းကြောင့် ဘာပဲဖြစ်ဖြစ် ကုသိုလ်ပြုတော့မယ်လို့ ဆုံးဖြတ် ခဲ့တယ်။ ဒါပေမဲ့ တကယ်လို့ မနုမေသာ အိမ်ထောင်နဲ့ဖြစ်နေရင် ကျုပ် ဒီလောက်မြန်မြန်ဆန်ဆန်နဲ့ သွက်သွက်လက်လက် ဆုံးဖြတ်ချင်မှ ဆုံးဖြတ် မိမှာဘဲ၊ ဒါ ကျုပ်မှန်တဲ့အတိုင်း ပြောတာပဲ။ ကိုင်း. . . ရှင်းရဲ့မဟုတ်လား မနုမေ"

ကိုဘကိုး၏စကားများမှာ တစ်ဖက်ကတင်ရမည့်အပြစ်ကို သူ ကိုယ်တိုင်က ကြိုတင်ဝန်ခံထားသည် ဖြစ်နေသောကြောင့် မနုမေမှာ မည်သို့မျှ မပြောသာဘဲ ခေါင်းကလေးငုံ့၍ မလှုပ်မယှက်နှင့် ငြိမ်ချက်သား ကောင်းနေရတော့၏။

"ဒီမှာ ဒေါ်ဒေါ် ကိုယ့်အလုပ်သမား မိန်းမပျိုတစ်ယောက်အပေါ် မှာ နိုင့်ထက်စီးနင်းပြုမူသလို ကျွန်တော်ပြောနေတာ မဟုတ်ပါဘူးဒေါ်ဒေါ် အစဉ်အလာအတိုင်းဆိုရင်တော့ ကျွန်တော့်မှာ မိဘမရှိတောင် လူကြီး တစ်ယောက်ယောက်နဲ့ ပြောဆိုစေ့စပ်ခိုင်းရမယ်ဆိုတာကို ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ တစ်ဆင့်စကားထက် ကိုယ်တိုင် ကြားရတာကို ပိုပြီးလိုလားတဲ့ လူတစ်ယောက်မို့ အခုလို ကိုယ်တိုင်ပဲ ဖွင့်ပြောတာပါခင်ဗျား။ ဒီလောက်အရေးကြီးတဲ့ကိစ္စကို လွယ်လွယ်ကလေး ပြောလိုက်တယ်လို့လဲ အထင်မသေးစေချင်ဘူး။ ဒါကို ကျွန်တော် အေးအေး နက်နက် စဉ်းစားပြီးမှ ဖွင့်ပြောတာပါ ဒေါ်ဒေါ်"

ကိုဘကိုးသည် မပြင်မကန်းနှင့် စမ်းတဝါးဝါးငေး၍ နားစွင့်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ဒေါ်လှမင်းအား ဤသို့ပြောလိုက်ပြီး သူ့စကားအဆုံးသတ်၍ ရပ်သွားသည်နှင့် . . .

"အင်း. . . မောင်ဘကိုး ပြောတဲ့စကားတွေကတော့ အမှန်ချည်းပါပဲ။ ဒီကိစ္စနဲ့ပတ်သက်လို့တော့ဖြင့် ဒေါ်ဒေါ်တို့ ငြင်းစရာမလိုပါဘူး"

"ဟုတ်ပါတယ် ငြင်းစရာဆိုလို့ ဘာမှမရှိပါဘူး အစ်ကိုကြီးရယ်"

မနုမေသည် ဒေါ်လှမင်း စကားမဆုံးမီမှာပင် ရုတ်တရက်ကြားဝင်ပြောဆိုလိုက်သဖြင့် ဒေါ်လှမင်းမှာ သူ့စကားကို ရှေ့မဆက်နိုင်ဖြစ်သွား၏။

"ဒါပေမဲ့ ဒီကိစ္စဟာ စင်စစ်တော့ အစ်ကိုကြီးနဲ့ကျွန်မနဲ့သာဆိုင်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေမို့"

"မှန်တယ်၊ ဒီအခွင့်အရေးကို ကျုပ် မချုပ်ချယ်ပါဘူး။ နောက်ဆုံးမှာ မနုမေ ကျေနပ်မှ ပြီးရမဲ့ကိစ္စလို့လည်း ကျုပ် နားလည်ထားပါတယ်"

ကိုဘကိုးသည် မနုမေအား စူးစူးစိုက်စိုက်ကြည့်၍ ပြောလိုက်သောကြောင့် မနုမေလည်း ကိုဘကိုး၏ မျက်လုံးဒဏ်ကို မခံနိုင်သည့်အလား ခေါင်းကလေးငုံ့သွားရာမှ . . .

"အစ်ကိုကြီးပြောသလိုတော့ မဖြစ်နိုင်ပါဘူး အစ်ကိုကြီးရယ်"

"အေး. . . ကြိုက်တယ်၊ ကျုပ်လည်း အဲသလို ဘွင်းဘွင်းရှင်းရှင်း ပြောမှပဲ သဘောကျတယ်။ ဒါ အင်မတန်ရှင်းတဲ့အဖြေပဲ။ ကောင်းပြီ ဒီကိစ္စဖယ်လိုက်တော့"

ကိုဘကိုးသည် ဝမ်းနည်းတုန်လှုပ်ခြင်း အရှင်းမရှိ ပကတိပင်ကိုယ်အသံအတိုင်း ပြောလိုက်ကာ စီးကရက်ကို အားပါးတရ ဖွာရှိုက်နေပြီးမှ . . .

"ခုလောလောဆယ် အရေးကြီးတာက ဒေါ်ဒေါ့်ကို ကာလကတ္တားပို့ဖို့ကိစ္စပဲ၊ အဲဒီအတွက် လိုအပ်တဲ့ အစီအစဉ်တွေတော့ အားလုံးလုပ်ပြီးကုန်ပြီ။ နောက်လာမည့် အင်္ဂါနေ့မှာ သင်္ဘောထွက်လိမ့်မယ်။ အဲဒါ ဒီကပဲ အသင့်ပြင်ဆင်ထားကြဖို့ပဲ။ ဘယ့်နှယ်လဲ ဒေါ်ဒေါ် စဉ်းစားချင်သေးသပ



ဆိုလဲ စဉ်းစားဦးပေါ့။ ဒီသင်္ဘောပတ်ကို မမီရင် နောက်သင်္ဘောသို့ အရက် (၂၀)လောက် စောင့်ရမှာပဲ"

ကိုဘကိုးသည် ရိုးရိုးနှင့်ရှင်းရှင်း သွေးရင်းသားရင်းလို ပြောဆိုနေ ပြန်သည်၌ မနုမေမှာ ကိုဘကိုး၏စေတနာအတွက် အကွက်လည်အောင် စဉ်းစားမရသလို ဖြစ်နေရှာ၏။ ဒေါ်လှမင်းတွင်လည်း သမီး၏ဆန္ဒကို မသိရသေးသည်နှင့် တိကျသောအဖြေကို မပေးနိုင်သည့်အတိုင်း . . .

"ဒီလိုပါ ငါ့တူရဲ့၊ ဒေါ်ဒေါ်တို့ဆွေမျိုးတွေထဲမှာလည်း ကြေးညှိတတ်ချမ်းသာနေတဲ့ အရင်းအချာတွေရှိကြတယ်။ ဒါပေမဲ့ ဒီလို ငွေလုံးကြေးလုံးနဲ့ အကုန်ခံကုမဲ့လူဝေးလို့ အရေးလုပ်ခေါ်ပြောမဲ့လူတောင် မရှိသလောက်ပါဘဲ။ ဒေါ်ဒေါ်တို့က မွဲပေသကိုး။ အဲ. . . ခုလိုခါမျိုးမှာ မောင်ဘကိုးတဘယ်လောက်ကုန်ကုန် ကုပေးမယ်ဆိုတော့ ဒေါ်ဒေါ်ဖြင့် မှန်တာပြောတာပါကွယ်။ တစ်သက်မှာ ဒီလောက် တစ်ခါမှ ဝမ်းမသာခဲ့ဖူးသေးဘူး ယုံဝါတော့။ ဒါပေမဲ့ ဒေါ်ဒေါ်တို့မှာက ဒီအမေ၊ ဒီသမီး နှစ်ယောက်ထဲရှိတာမို့ ဒီလောက်ဝေးဝေးလံလံ ခရီးသွားပြီး တိုင်းတစ်ပါးမှာ ရက်ရှည်လများ. . .

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဒါကိုလည်း ကျွန်တော်တို့ စဉ်းစားမိပါတယ်။ ကျွန်တော်စီစဉ်ထားတာကတော့ ဒေါ်ဒေါ်နဲ့ ဒေါ်ဒေါ့်ဝေယျာဝစ္စဆောင်ရွက်ဖို့ အဖော်တစ်ယောက်ပါမှဖြစ်မယ်။ အဲဒါ ဒေါ်ဒေါ်ခေါ်ချင်တဲ့လူကို ခေါ်ဖို့ပဲ။ ဒါမှမဟုတ်လို့ မနုမေကို ခေါ်သွားမှ ဖြစ်မယ်ဆိုရင်လည်း ခေါ်သွားပေါ့။ ကုန်ကျမဲ့စရိတ်ကိုတော့ ကျွန်တော်အားလုံး တာဝန်ယူမှာပဲ"

"အမလေးငါ့တူရယ်၊ ဒေါ်ဒေါ်ဖြင့် ဘယ်လိုစကားလုံးမျိုးနဲ့ ပြောပြီး ကျေးဇူးတင်ရမယ်တောင် မသိတော့ဘူး။ ဒီလောက်ပဲ ဝမ်းသာပါတယ်။ ဒါပေမဲ့လည်း . . .

"တိုင်ပင်ကြဦးပေါ့ ဒေါ်ဒေါ်"

ဒေါ်လှမင်းမှာ သူ့ရောဂါကို အမြန်ဆုံး ပျောက်ကင်းလိုသည့်ဆန္ဒ ပြင်းပြစေကာမူ သမီးနှင့် လွတ်လပ်စွာ မတိုင်ပင်ရသေးသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အဖြေမပေးနိုင် ဖြစ်နေသည်ကို အကဲခတ်မိ၍လားမသိ။ ကိုဘကိုးသည် ဤသို့လျှင် အလိုက်သိစွာ ပြောလိုက်ပြီး မကြာမီပင် မနုမေရော ဒေါ်လှမင်းကိုပါ နှုတ်ဆက်ပြန်သွားတော့၏။

ကိုဘကိုးအား လင်အဖြစ်နှင့် ကြင်ရ၊ ချစ်ရမည့်ကိစ္စအတွက် မနုမေသည် ခပ်ခါခါကလေး ငြင်းခဲ့၏။ အဘယ့်ကြောင့် မနုမေသည် ကိုဘကိုးလို လူချမ်းသာတစ်ယောက်အား ခေါင်းခါခဲ့ရသနည်း။

မနုမေကား ခါးခါတူးတူး မူးပြီးရောဟူ၍ အချစ်ရှူး ရူးတတ်သည့် အရွယ်မဟုတ်တော့ပေ။ ရှေးလာမည့်လတွင် အသက်(၂၄)နှစ် တင်းတင်း ပြည့်ပေတော့မည်။ အိမ်ထောင်ရေးဆိုသောအသံကို ကြားရသည်နှင့် နားကြောက စိမ့်၍ ကြောက်တတ်သည်။ လက်ရိုးဇမှာ အိမ်ထောင်ရေး အဆင်မပြေမှုများကို တွေ့မြင်ကြားသိနေရသဖြင့်လည်း သာ၍သာ၍ပင် ကြောက်နေသည်။

ချော၍ လှပြီး လှသလောက် ကျက်သရေရှိသော ယဉ်ချောကလေး မနုမေအား မင်းစိုးရာဇာ၊ သူဌေး၊ အထက်တန်းစားမှအစ ဘတ်စ်ကားစပယ်ယာအထိ ချစ်ခင်ကြသည်။ ဇနီးချောကလေးအဖြစ် ပိုင်လို၊ ဆိုင်လိုကြသည်။ ကိုယ်တိုင်အသနားခံသူလည်းမရှား။ မိသားဖသား ပီပီ စေ့စပ်သူတွေလည်း အနတက္က မရှိခဲ့ကြသည်မှန်သော်လည်း မနုမေ လက်မခံခဲ့။ ငြင်းဆန်ခဲ့သည်သာဖြစ်၏။

"ဒီမှာမေမေ၊ ဘယ်ယောကျ်ားကောင်းတယ်၊ ဘယ်ယောကျ်ားမျိုးဟာ ဆိုးတတ်တယ်ရယ်လို့ အမှတ်အသားပါရင်ဖြင့် အတွေးရလွယ်သပေါ့ မေမေရယ်၊ အခုတော့ သမီးစိတ်ထဲမှာ ဒီလူဟာဖြင့် လူကောင်းတစ်ယောက်ဖြစ်မယ်လို့ထင်ပြီး ကြည်ညိုနေလို့မှမကြာသေးဘူး ဒီလူ့သတင်း အစွန်းအစတွေက အပုပ်နံ့တထောင်းထောင်းနဲ့ ထွက်လာတတ်ပြန်တော့ ခက်တာပဲ မေမေရယ်"

သို့နှင့်ပင် မနုမေ၏အသက် ဤအသက်ဤအရွယ်သို့ ရောက်လာခဲ့သည်။ သူ့အိမ်ထောင်ဘက်ကို မစဉ်းစားဝံ့သေး။ ယခုတစ်ဖန် ကိုဘကိုးနှင့်တွေ့ပြန်၏။ ယခင့်၊ ယခင်က မနုမေတွေ့ခဲ့ဖူးသော တစ်နည်းအားဖြင့် မနုမေအားချစ်ပါရစေ အသနားခံခဲ့ဖူးသော ယောကျ်ားများမှာများသော အားဖြင့် ရွယ်တူနှင့် မတိမ်းမယိမ်း ကြီးသူများသာဖြစ်လျက် ရုပ်ရည်အားဖြင့်လည်း ကိုဘကိုးထက် သာသည်သာများခဲ့၏။

ကိုဘကိုးအဖို့ဆိုလျှင် ချမ်းသာသူတစ်ယောက်ဖြစ်သည်မှအပ ရုပ်အားဖြင့်လည်း မက်မောစရာမရှိ၊ အသက်ကလည်း ခေါက်ချိုးလောက် ကြီးနေပြန်သည်ဖြစ်ရာ မနုမေလို ငယ်ရွယ်သူ မိန်းမချောကလေး တစ်ယောက်အဖို့ အဘယ်မှာလျှင် စိတ်ဝင်စားဖွယ်ရာ ရှိနိုင်ပါတော့မည်နည်း။ မည်သို့ပင်ဖြစ်စေ မိခင်အိုကြီး၏မျက်စိဝေဒနာ ပျောက်ကင်းရေးအတွက်သာဖြစ်လျှင် ကိုဘကိုးလို လူမျိုးသာမက ကိုဘကိုးထက် အသက်ကြီး အရုပ်ဆိုးသည်ပင်ဖြစ်စေ ဌွတ်နှစ်ရန် ဝန်မလေးသော စိတ်သည်လည်း မနုမေတွင်ရှိ၏။ မိခင်ကြီးအတွက်သာဖြစ်က ကိုဘကိုးအားလည်း ကြည်ကြည်ဖြူဖြူ ယူမည်သာဖြစ်၏။ သို့သော . . .

"မဟုတ်ပါဘူးမေမေရယ်၊ တကယ်ဆိုရင် လိုချင်တာ တောင်းရမ်းယူ၊ နောက်မှ မေမေရောဂါကို သူအလိုက်သိလို့ ကုပေးချင်ပေး၊ မပေးချင်နေ၊ ဒီလိုသာ ဖြစ်ရတော့မပေါ့။ ခုတော့ သူဟာက ခင်ဗျားအမေကို ဆေးကုပေးမယ်။ ကျုပ်ကို ယူမလားဆိုတာလို စီးစီးပိုးပိုးနဲ့ သမီးက အော့နှလုံးနာတာပါပဲ"

ယင်းသည် အကြောင်းကြောင့် မနုမေ ငြင်းခဲ့၏။ သို့ငြင်းစေကာမူလည်း ဒေါ်လှမင်းအား ဆေးကုရန် ကာလကတ္တားသို့ ပို့ရေးအစီအစဉ်မှာမူ ပျက်သွားခြင်းမရှိဘဲ ကိုဘကိုးသည် နေ့ရက်ပင် ကန့်သတ်ပြောဆိုသွားရုံသာမက အဖော်အဖြစ်နှင့် မနုမေပင် လိုက်လိုက လိုက်နိုင်သည်။ ကုန်ကျစရိတ်အားလုံးအတွက် သူတာဝန်ယူကြောင်းပါ ပြောသွားသဖြင့် မနုမေမှာ စိတ်အိုက်ရှုပ်ထွေး၊ ဦးနှောက်တွေပင် အရည်ပျော်ကျမလောတ်



www.burmeseclassic.com

www.burmeseclassic.com



အစဉ်းစားရကျပ်နေရှာတော့၏။

နောက်တစ်နေ့ မနုမေ အလုပ်ဆင်းလာသောအချိန်မှ ဒီညနေ အိမ်ပြန်သည်အထိ ကိုဘကိုးသည် ထိုကိစ္စနှင့်ပတ်သက်၍ ဘာမျှ မေးမြန်းခြင်း မရှိ အမူအရာလည်းမပျက်၊ ခါတိုင်းကဲ့သို့ပင် စာရင်းအင်းနှင့်ပတ်သက်၍ မေးစရာ၊ ပြောစရာရှိသည်တို့ကိုမူ နဂိုအတိုင်းပင် ပြောဆိုမေးမြန်းခဲ့၏။

သို့ဖြင့် တစ်နေ့တာအချိန်သည် ကုန်လွန်ခဲ့၏။

အိမ်ပြန်ရောက်သည်နှင့် ဒေါ်လှမင်းသည် ကိုဘကိုး ယနေ့ ဘာတွေပြောသည်ကို အလောတကြီးမေးလာ၏။

"သူ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဘာမှမပြောပါဘူး မေမေ၊ မေးလည်းမမေးပါဘူး"

"နို့ သမီးကကော ဘယ်လိုသဘောရသလဲ၊ မေမေကတော့ကွယ် မျက်စိကိုသာ ပျောက်အောင်ကုချင်တာပဲ"

သမီးရှာကျွေးသဖြင့် အေးဆေးစားနေရသည်ဖြစ်သောကြောင့် ထိုကိစ္စအတွက် သမီးဖြစ်သူ စိတ်ကွက်သွားမည်လည်း စိုးရသေးသည့်တိုင် ဒေါ်လှမင်းသည် မရဲတရဲနှင့် အကဲစမ်းသလို ဤသို့ စကားစလိုက်၏။

မနုမေကား ထွေထွေရာရာ ဘာမျှ မပြောသေးဘဲ အတန်ကြာ စဉ်းစားသလို တွေးနေပြီးမှ . . .

"သမီးလဲ မေမေ့ရောဂါကို ပျောက်စေချင်တာပါဘဲ မေမေရယ်၊ ဒါပေမဲ့လည်း အေးလေ မေမေသွားချင်သွားပေါ့၊ အဖော်အဖြစ်နဲ့တော့ သမီးလိုက်လို့ မဖြစ်ဘူး၊ အခွင့်အရေးကို လိုတာထက် ပိုပြီးယူရာကျနေလိမ့်မယ်"

မနုမေ၏ အမူအရာမှာ စိတ်ပါလက်ပါ မရှိလှဘဲ မိဘကျေနပ်အောင်သာ ပြောလိုက်ရသကဲ့သို့သော အသွင်ကိုဆောင်နေ၏။

"အေး. . . အေး၊ ငါ့သမီးကလေး ဘုန်းကြီးလို့ အသက်ရာကျော်ရှည်ပါစေကွယ်၊ ဒီအခွင့်အရေးမျိုးကလည်း ကြုံကြိုက်ခဲသားကလား



သမီးရယ်၊ တစ်သောင်းဆိုတဲ့ငွေကို ဆွေမတော် မျိုးမစပ်ဘဲ အတုန်းခံ ကုတယ်ဆိုတာ တော်တော့်စေတနာနဲ့ မရက်ရောနိုင်ဘူး မောင်ဘကိုးလို လူတော့"

"အို. . . မေမေရယ်၊ ဒါ သန့်ရှင်းတဲ့ စေတနာ မဟုတ်ပါဘူး။ ဖွင့်ပြောသွားတယ်မဟုတ်လား၊ သမီးသာ အိမ်ထောင်နဲ့ဆိုရင် အခုလို ဆေးကုဖို့ ဆုံးဖြတ်ချင်မှ ဆုံးဖြတ်မိမယ်လို့"

"နေပါဦး သမီးရယ် သမီးကိုလိုချင်လို့ မေမေ့ကို ဆေးကုပေးတာနဲ့ သမီးကိုယူပြီးမှ ဆေးကုပေးတာ ဘယ်လိုများ ထူးခြားလို့လဲ သမီးရဲ့၊ သမီးတို့ ကာလမိန်းကလေးတွေက တယ်ပြီး အတွေးဆန်းတာကိုး၊ ရွှေတိဂုံသွားတာ ဘတ်စ်ကားစီးစီး၊ မြင်းလှည်းစီးစီး ဘုရားရောက်တာ လိုရင်း မဟုတ်လား သမီးရဲ့"

မနုမေကား တစ်စုံတစ်ရာ ဘာမျှ ထပ်မပြောတော့ဘဲ အခန်းထဲသို့ လှည့်ဝင်သွား၏။

ထိုနေ့မှစ၍ ရေတွက်ခဲ့သည်ရှိသော် (၁၄)ရက်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သော တနင်္ဂနွေနေ့တွင် မနုမေသည် (၄၈)လမ်းရှိ သူနေထိုင်ရာ တိုက်ခန်းအတွင်းဝယ် အသက်(၄၀)ကျော်ခန့် (၅၀)နီးပါးရှိ မိန်းမကြီး တစ်ယောက်နှင့် ဧည့်ခံစကားပြောလျက်ရှိ၏။

"ဝမ်းမနည်းပါနဲ့ တူမရယ် ဒေါ်ဒေါ်ရောက်လာပြီဟာဘဲ၊ ဒီလိုပေါ့ မလွဲသာတဲ့အခါ ခွဲခွာရစမြဲပေါ့၊ တကယ်ဆိုရင် ညည်းတို့ စောစောစီးစီး ကြိုတင်စာရေးဖို့ကောင်းတယ်။ ခုတော့ တိုင်းပြည်အခြေအနေက မကောင်း၊ လမ်းပန်းကလည်း မသာယာဆိုတော့ လာရတာ နောက်ကျရောပေါ့၊ မလှသွားတာ အင်္ဂါနေ့ကဆိုတော့ (၅)ရက်ရှိသွားပြီ၊ တွေ့၊ မတွေ့ လိုက်ဘိ နအေ"

အဒေါ်ကြီးသည် မျက်ရည်ကလေး ရီဝေနှင့် ခပ်တွေတွေငေး နေသော မနုမေအား စိုက်ကြည့်ရင်းပြော၏။

www.burmeseclassic.com



"ဖြုံးကနဲ မခွဲစဘူး ခွဲရတော့ နည်းနည်း စိတ်ထိခိုက်သွားတာ လောက်ပါဘဲ ဒေါ်ဒေါ်ရယ်၊ မေမေသွားချင်လွန်းလို့သာ ခွင့်ပြုလိုက်ရတာ ကျွန်မတော့ တယ်ပြီး စိတ်မချဘူး"

"နို့. . . အဖော်လဲ ပါသွားသဆို"

"ဟုတ်ကဲ့ မေမေ့ကို စရိတ်စကအကုန်ခံပြီး ဆေးကုပေးခဲ့တဲ့ ကျွန်မတို့အလုပ်ရှင်ရဲ့ တပည့်ကလေး မောင်ချစ်အောင် ပါသွားတယ်။ ဒီသူငယ်ကတော့ အင်မတန် လူမှုန်းသိတတ်ပြီး လိမ္မာရေးချားရှိတဲ့ သူငယ် ပါပဲ၊ ဒေါ်ဒေါ် ဟိုမှာ လုံချည်ဆေးရိုက်တဲ့ပညာလည်း ဆည်းပူးရင်း မေမေ့ ဆေးဝယ်ျာဝစ္စလည်း လုပ်ပေးဖို့ဆိုပြီး ကျွန်မတို့အလုပ်ရှင်က ထည့်လိုက် တယ်။

အဒေါ်ကြီးလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ

"အင်း. . . မောင်မင်းကြီးသား နာမည်က ဘယ်သူတဲ့ တူမတို့ သူဌေးက"

"ကိုဘကိုး ဒေါ်ဒေါ်"

"အဲ. . . အဲ ကောင်းသကိုး မောင်မင်းကြီးသားတော် နေ့ချင်း ညချင်း ချမ်းသာပါစေ။ တစ်သောင်းကျော်ဆိုတဲ့ငွေဟာ နည်းတာမှ မဟုတ်ဘဲကလားအေ၊ ဒါနဲ့ မမလှတို့က ဆေးရုံမှာပဲ နေရမှာလား။ ဒီတစ်နှစ်၊ ကိုးသတင်းကြာအောင်"

"မဟုတ်ဘူးဒေါ်ဒေါ် မေမေကုရမှာက မျက်စေ့အထူးကုဆေးတိုက် မှာ အစ်ကိုကြီးကတော့ ပြောပါတယ်။ အရပ်ထဲမှာပဲ တိုက်ခန်းငှားပြီး တည်းဖို့ မေမေက မနေချင်ဘူးဆိုတာနဲ့ မေမေ့အကြိုက် ဘုန်းကြီးကျောင်း မှာ တည်းရင်း ဆေးကုဖို့ စီစဉ်ပေးလိုက်တယ်"

"ဩော်. . . ဩော် ကောင်းပါလေ့အေ"

ထိုသည့်နောက် အတန်ကြာသည့်တိုင်အောင် စကားမပြောသေးဘဲ အတွေးကိုယ်စီဖြင့် ရီဝေဝေ ငေးနေကြ၏။

"ဒါနဲ့ ငါ့တူမအလုပ်ရှင် မောင်ဘကိုးဆိုတာက လူပျိုလား"



ထိုမေးခွန်းနှင့် မရှေးမနှောင်းဆိုသလိုပင် အပြင်မှတံခါးခေါက် သံ ပေါ်လာသောကြောင့် မနုမေထ၍ တံခါးဖွင့်ပေးလိုက်သည်တွင် ကိုဘကိုးသည် တည်ငြိမ်သော ကြွေဖြင့် ဧည့်ခန်းသို့ တန်းဝင်သွားရာ မနုမေလည်း ချက်ခြင်းပင် တံခါးပိတ်၍ ဧည့်ခန်းကုလားထိုင်လွတ်တစ်ခု တွင် ဝင်ထိုင်လိုက်၏။

"အရင် မနုမေပြောတဲ့ ဒေါ်ဒေါ့်ညီမ မလှသင်းဆိုတာ ထင်ပါရဲ့ ဟုတ်လားမနုမေ"

ကိုဘကိုးသည် ဖိုခနောက်ဆိုင်တွင် ထိုင်နေသောအဒေါ်ကြီးအား ကြည့်နေရာမှ မနုမေအား လှမ်း၍မေးလိုက်၏။

"ဟုတ်ကဲ့ လမ်းပန်းအဆက်အသွယ်ကမကောင်းလို့ နောက်ကျ နေရတဲ့အကြောင်း အခုပဲ ပြောနေကြသေးတယ်။

ကိုဘကိုးသည် စကား၌တွင် ရပ်ထားလိုက်ပြီး ရှပ်အင်္ကျီအိတ်ထဲ မှ စာတစ်စောင်ထုတ်ပြကာ

"ဟန်ကျတာပဲ မနုမေ၊ ကလကတ္တားမြို့ ဗမာသံရုံးကို ဒေါ်ဒေါ် တို့စွန့်ပတ်သက်ပြီး စာတစ်စောင်ရေးလိုက်လို့ မနေ့က ပြန်စာရောက်လာ တာ။ မနုမေကို ပြဦးမလို့ပါဘဲ။ အေးအေးဆေးဆေး စကားလည်းပြောချင် တာနဲ့ ဒီနေ့မှပဲ ပြတော့တယ်"

ပြောပြောဆိုဆိုပင် စာကို လှမ်းပေးလိုက်သောကြောင့် မနုမေက ဆွဲယူဖတ်ရှုလိုက်၏။

"ကျွန်မတို့ ဗမာသံရုံးအရာရှိတွေက အတော်သေချာသားပဲနော် မြေပုံတွေ ဘာတွေနဲ့ အသေးစိတ်ကို ရေးဆွဲပေးလိုက်တာပဲ"

"ဒါပေါ့ မနုမေ၊ ကျုပ်တို့ဗမာတွေဟာ အခုလွတ်လပ်နေပြီပဲ။ လွတ်လပ်တဲ့လူမျိုးပီပီ ကိုယ့်အမျိုးကို အသေးအဖွဲ့ကိစ္စကအစ ကူညီတော့ မှာပေါ့။ တိုင်းကြီး၊ နိုင်ငံကြီးတွေက ဖွင့်ထားတဲ့ နိုင်ငံခြားသံရုံး မှန်သမျှ ဟာ နိုင်ငံခြားမှာရှိကြတဲ့ ကိုယ့်အမျိုးသားတွေအတွက် မျက်နှာကြီး ငယ် မလိုက်ဘဲ အဘက်ဘက်က တောင်းသမျှ အကူအညီကို ပေးကြလေတော့

www.burmeseclassic.com



ကျုပ်တို့ ဗမာသံရုံးတွေလည်း ဒီလိုပဲ ဝတ္တရားကျေပွန်ရတာပေါ့"

ကိုဘကိုးသည် လက်ကိုင်ပုဝါထုတ်၍ မျက်နှာမှ ချွေးများတို့ သုတ်နေ၏။

"ဒီမြေပုံအရဆိုတော့ မေမေတို့တည်းတဲ့ ဘုန်းကြီးကျောင်းနဲ့ ဆေးတိုက်နဲ့ သိပ်မဝေးဘူးပေါ့နော်"

"(၂)ဖာလုံလောက်ပဲ ရှိလိမ့်မယ်။ ဗမာဘုန်းကြီးကျောင်းက (Edin Hospital Road) အီဒင် ဆေးရုံလမ်းမှာရှိနေတော့ ဗဟိုရိပ်သာလမ်း (Central Avenue) ထိပ်ကို ထွက်လိုက်ပြီး ဆေးတိုက်ရှိတဲ့ (Baw Bazaar Road) ဘိုးဘဇားလမ်းအထိမှ တစ်ဖာလုံသာသာလောက်ပဲ ဝေးတယ်။ ခရီးဆန့်လိုက်မှာ အားလုံး(၂)ဖာလုံဆိုပေါ့တော့။ ပြီး ဗမာသံရုံးကလည်း အဲဒီဘိုးဘဇားလမ်း ဒါလ်ဟိုစီစကွဲယားမှာရှိတော့ အတော်ကလေးပင် ဟန်ကျသွားတာပေါ့လေ"

သို့လျှင် ဒေါ်လှမင်းကိစ္စနှင့်ပတ်သက်၍ ထွေထွေရာရာ ဆွေးနွေးတိုင်ပင်ပြီးနောက် မကြာမီပင် ကိုဘကိုး ပြန်ဆက်သွား၏။

❖ ❖ ❖ ❖ ❖

၄

မိုးလင်းက မိုးချုပ်၊ မိုးချုပ်က မိုးလင်းနှင့် (၂)လတင်းတင်းပြည့်ခဲ့ပြီဖြစ်သော ညနေစောင်း နေဝင်လုလုအချိန်တွင် မနုမေသည် စာတစ်စောင်ကိုမြင်၍ စိတ်ဝင်စားစွာ ဖတ်နေသည်ကို တွေ့ရ၏။

မှ. . . . .

ဒေါ်လှမင်း . . . နေ့စွဲ ၃-၂-၄၉

ဗုဒ္ဓဘာသာမြန်မာ ဘုန်းတော်ကြီးကျောင်း

အီဒင်ဆေးရုံလမ်း ကာလကတ္တားမြို့

ချစ်သမီး နုနု . . . . .

သမီးရဲ့ပေးစာကို မနေ့ကရလို့ ဒီနေ့ ချက်ချင်းပဲ စာပြန်ရေးလိုက်တယ်။ ခါတိုင်း မေမေ စာရေးချင်တဲ့အခါ မောင်ချစ်အောင်ကို ပါးစပ်ကပြောပြီး ရေးခိုင်းရပေမဲ့ ခုစာရေးတော့ မေမေ့လိုဘဲ ဘုန်းကြီးကျောင်းမှာတည်းရင်း အဆုတ်ရောဂါလာကုနေတဲ့ မြစ်ကြီးနားတက်ရှင် မင်းကြီးကတော်ကို ရေးခိုင်းရတယ်။ မောင်ဘကိုးနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို မောင်ချစ်အောင် မသိစေချင်လို့ဘဲ။

www.burmeseclassic.com

www.burmeseclassic.com



သမီး ပေးစာအရ မောင်ဘကိုးက သမီးကို သူနဲ့လက်ထပ်ဖို့ အကြောင်းပြောတာ (၂)ကြိမ်ရှိပြီလို့ သိရပြီး သမီးကလည်း မဖြစ်နိုင်ဘူး လို့ချည်း ငြင်းပယ်လိုက်တယ်ဆိုတာ ဖတ်ရတော့ မေမေစိတ်မချမ်းသာဘူး။ သူမှာ သမီးမကျေနပ်နိုင်တဲ့ အချက်တွေရှိနေသလား၊ ဒါမှမဟုတ် သူ့ ဘောက်ဆတ်ဆတ်နိုင်တာကိုဘဲ သဘောမကျလို့လားဆိုတာ မေမေ သိချင်တယ်။

ဒီမှာသမီး အပြောချိုချိုနဲ့ ရေလိုက်ငါးလိုက် ပြောတတ်တဲ့ လူမျိုးမှ သဘောကျမယ်ဆိုရင် သမီးမှားမှာပဲ။ မောင်ဘကိုးဟာ လူဖြောင့်စိတ်ကိုမို့ ဒီလိုပဲပြောတတ်ပုံရတယ် သမီးရဲ့။ သူတစ်ခါက ပြောဖူးတယ်မဟုတ်လား (ကျွန်တော် စေတနာမရှိတဲ့လူဆိုရင် ထမင်းစားနေတာနဲ့ကြုံတောင်မှ ထမင်းစားပါဦးလားလို့ မခေါ်ဘူး)လို့၊ အို သမီးလည်း ငယ်တဲ့အရွယ်မှ မဟုတ်ဘဲ ဒီကိစ္စတွေမှာ မေမေတို့ထက်တောင် သမီးတို့ ခေတ်မိန်းကလေး တွေက ပိုပြီးသိမှာပဲ သမီးစဉ်းစားပေါ့။

ခုဆိုရင် သမီးဆီကရေးတဲ့စာဟာ တပတ်မှာ (၂)စောင်လောက် ရတယ်။ မောင်ဘကိုးဆီကဆို (၂)ရက်ခြားတစ်စောင်လောက် မှန်မှန် ရတယ်။ အားပေးစကားတွေဆိုလည်း စုံလို့၊ အမြဲထည့်ရေးရှာတယ်။ ကိုယ်မွေးထုတ်တဲ့သားဆိုရင်တောင် ခုလို ဂရုစိုက်ချင်မှစိုက်မယ်။ မေမေက ဒီလိုရေးတော့ သမီးက ပြောဦးမယ် သန့်ရှင်းတဲ့ စေတနာနဲ့ ရေးတာ မဟုတ်ဘူးလို့။ ဘာပဲဖြစ်ဖြစ် မောင်ဘကိုးလို ငွေကုန်ကြေးကျခံပြီး ခုလို ဂရုတစိုက် ပြုစုကူသပေးမဲ့ လူတစ်ယောက်ကို သမီးရှာပြနိုင်ဦးမယ်ဆိုရင် မေမေသမီးကို အရှုံးပေးလိုက်တော့မယ် မေမေမှားတယ်လို့။

သမီးစဉ်းစားကြည့်စမ်း သမီးပြောသလို သမီးကို ပထမလက်ထပ် ယူ၊ နောက်မှ အလိုက်သိစွာနှင့် မေမေ့ရောဂါကုပေးဆိုတော့ အလိုက်မသိ လို့ ကုမပေးရင် ဒီလိုပဲ နေရမယ်မဟုတ်လား၊ ခုဆိုရင် သမီးကိုလည်း သူမရသေးဘူး (သမီးကလည်း မဖြစ်နိုင်ဘူး) လို့ ငြင်းပယ်ထားတော့ သူမှာ



လုံးလုံးမျှော်လင့်ချက်ကင်းနေပြီ။ ဒါနဲ့တောင် ငွေတစ်သောင်းလောက် တုန်မဲ့ကိစ္စကြီးကို အနှမြော အတွန့်တို မရှိဘဲ သူကိုယ်တိုင် နိုင်ငံခြား လက်မှတ်ကအစ ဆောင်ရွက်ပေးလိုက်တယ် မဟုတ်လား။

မေမေ နောက်ဆုံးပြောချင်တာကတော့ သူ့ကို သမီးကြည်ဖြူတာ၊ မကြည်ဖြူတာ အပထားလို့ အဲဒီကျေးဇူးတွေထောက်ပြီး မောက်မောက် မာမာစကားတွေတော့ မပြောစေချင်ဘူး။ မေမေ စိတ်ချမ်းသာပါရစေ သမီးရယ်။

မေမေ့ရောဂါလည်း သိသိသာသာတော့ မထူးခြားသေးဘူး။ ဒါပေမဲ့ ဆရာဝန်က (၅)လအတွင်း မြင်ရစေမယ်။ တစ်နှစ်ဆိုရင် ရှင်းရှင်း ကောင်းမယ်လို့ အာမခံတယ်။ တစ်နေ့က ဘုန်းကြီးငါးပါး ဒ်ပေါက်ဆွမ်း ကျွေးတယ်။ သမီး အမျှသာ ယူပေတော့။

ညီမ မလှသင်းနဲ့သမီး ကျန်းမာပါစေ။
မောင်ဘကိုးအတွက် သီးခြားစာတစ်စောင် ရေးလိုက်ပြီးပြီ။
ဒေါ်လှမင်း။

စာဖတ်၍ ပြီးဆုံးသွားသည်နှင့် မနုမေသည် မျက်လုံးကို စာမှ လွှဲ၍ လက်ဝဲဘက်သို့လှည့်ကာ နံရံတွင် ချိတ်ထားသော မိဘနှစ်ပါး၏ ဓာတ်ပုံများကိုကြည့်ရင်း မျက်ရည်များ တတွေတွေယိုစီးလာ၏။ ထိုင်ရာမှ ဇတ်ကနဲ ထ,ရပ်ကာ ဖြတ်ခနဲ လှည့်ဝင်သွား၏။ မကြာမီ ပြန်ထွက်လာ သောအခါတွင်ကား မနုမေသည် အဝတ်အစား သစ်လွင်နှင့် ပြင်ပြင် ဆင်ဆင် ဝတ်စားလာသည်ကို တွေ့ရပြီး

"ဒေါ်ဒေါ် ကျွန်မ အပြင်ခဏ သွားဦးမယ်"

ပြောပြောဆိုဆို မနုမေသည် အခန်းထဲမှထွက်၍ တစ်လှမ်းချင်း ဆင်းသက်ခဲ့၏။ လမ်းမပေါ်ရောက်သည်နှင့် မြောက်ဘက်သို့လျှောက်လာ ကာ အသင့်ရောက်လာသော ဘတ်စ်ကားဖြင့် အနောက်ဘက်သို့ လိုက်ပါ လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းဆိုးတန်းထိပ်ရောက်သည်နှင့် ဘတ်စ်ကားပေါ်မှ ဆင်းခဲ့သော မနုမေသည် လမ်းထဲသို့ ခပ်စိုက်စိုက် လှမ်းဝင်လာရင်းက "ဘကိုးအေဂျင်စီ" ရှေ့သို့ ရောက်သည်တွင် မျက်နှာခြင်းဆိုင်ရှိ တိုက်တစ်ခုသို့ မော့ကြည့်လိုက်ပြီးမှ လမ်းကိုဖြတ်ကူး၍ ထိုတိုက်ပေါ်သို့ လှမ်းတက်သွား၏။

ဒုတိယထပ်သို့ရောက်သည်နှင့် မနုမေသည် လက်ျာဘက်အခန်းတံခါးကို ညင်ညင်သာသာ ခေါက်လိုက်၏။ မကြာမီ လေ့ကားခေါတ်မီးတစ်လုံးလင်းလာပြီ မရှေးမနှောင်းပင် တံခါးပွင့်လာကာ

"အလို မနုမေ၊ ကျားသားမိုးကြိုးဗျာ။ မလာစဘူး ထူးလှချည့်။ လာ လာ"

လူခပ်ကြီးကြီးတစ်ယောက်သည် တံခါးကို ပြန်ပိတ်ရင်း ပြောရာမှ ဧည့်ခန်းဆီသို့ လက်ညိုးညွှန်လိုက်၏။

"အင်း၊ ဆိုစမ်းပါဦး၊ တော်တော်အရေးကြီးတဲ့ကိစ္စဘဲထင်တယ်။ ဟုတ်လား မနုမေ"

လူကြီးသည် မနုမေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင် အလွတ်တစ်ခုတွင် ဝင်ထိုင်ရင်း အရေးတကြီးအမူအရာဖြင့် ဗျာပျာသလဲ မေးလိုက်သည်ကို

"ဒီမှာ အကိုကြီး၊ အရင် အစ်ကိုကြီး ပြည်လမ်းမှာနေတုန်းကရော၊ ခု ဒီတိုက်ကို ပြောင်းလာပြီးမှာရော ကျွန်မ တစ်ခေါက်တလေမှ မလာဖူးဘူးနော်"

"အင်း ဟုတ်သပေါ့။ ဒါကြောင့် ကျုပ်လည်းအတော်အံ့ဩသွားတယ်။ ဆိုင်နဲ့နီးအောင်ဆိုပြီး ဒီတိုက်ကိုပြောင်းလာတဲ့ အရက်(၂၀)အတွင်းမှာ ဒီအိမ်ကို လာလည်တာ ကျုပ်အလုပ်သမားထဲကဆိုရင် မနုမေပထမပဲ။ ဒါကြောင့် နည်းနည်းထူးတယ်လို့ အောက်မေ့မိတယ်"

"ခုလို ကျွန်မလာတာကို ထူးတယ်ဆိုပြီး အံ့ဩနေတယ် မဟုတ်လား။



ကျွန်မစကားကြားရရင် ဒီထက်အံ့ဩသွားလိမ့်မယ်။ ကဲ ဟောဒီစာကို အစ်ကိုကြီးအရင်ဖတ်လိုက်ဦး"

ကိုဘကိုးသည် မနုမေ လှမ်းပေးသောစာကို ဆွဲယူဖတ်ရှုနေခိုက် မနုမေသည် နဖူးရည်တွန့်သွားလိုက်၊ မျက်ခုံးချီလိုက်နှင့် အမျိုးမျိုး မူပြောင်းနေသော ကိုဘကိုး၏မျက်နှာကို စေ့စေ့စိုက်စိုက်ကြည့်နေ၏။ သို့ ကိုဘကိုးအား မမှိတ်သောမျက်လုံးဖြင့် စူးစိုက်ကြည့်နေသည့် မနုမေ မျက်နှာထားမှာ မာမာတင်းတင်းနှင့် ့တစ်စုံတစ်ရာသော အရေးအခင်းကို ရှင်းရှင်းပြတ်ပြတ် ဆုံးဖြတ်ချက်ချထားသည့်အသွင် ဆောင်နေ၏။

"အင်း. . . အဲဒါ ကျုပ်နဲ့ ဘယ်လိုသက်ဆိုင်နေသလဲ မနုမေ။ ဒေါ်ဒေါ်က ခင်ဗျားကို ပေးတဲ့စာပဲဟာ"

"ဟုတ်ကဲ့ ဆိုင်တာ၊ မဆိုင်တာတော့ မပြောတတ်ဘူး။ စာထဲပါတဲ့ သဘောအဓိပ္ပာယ်ကတော့ အစ်ကိုကြီးကို ကျွန်မယူစေချင်တဲ့ အာသီသဟာ မေမေ့မှာ တော်တော်ကလေး ပြင်းထန်နေတယ်ဆိုတာ ရှင်းနေတာပဲ"

မနုမေ စကားစပြတ်သွားသည်မှာ အတန်ကြာပြီဖြစ်သော်လည်း ကိုဘကိုးသည် ရုတ်တရက် ဘာမျှမပြောသေးဘဲ မေးစေ့ကိုပွတ်ရင်း စဉ်းစားနေရာမှ

"အဲဒါ ကျုပ် ဘာလုပ်ပေးရမလဲ မနုမေ"

ကုလားထိုင်နောက်ပိုင်းကို မှီထားရာမှ ရှေ့သို့ငိုက်လိုက်ရင်း ကိုဘကိုးက ဤသို့မေးလိုက်သည်ကို

"အစ်ကိုကြီး ဘာမှတော့ လုပ်ပေးဖို့ မလိုပါဘူး။ ဒါနဲ့ ကျွန်မတစ်ခု မေးပါရစေ။ အစ်ကိုကြီး ကျွန်မကို လက်ထပ်ချင်တဲ့ဆန္ဒဟာ ခုထက်ထိ ခမ်းခြောက်မသွားသေးဘူးလား"

မနုမေ၏ ရဲရဲနီနေသော မျက်နှာကလေးကို ကြည့်ရခြင်းအားဖြင့် သွေးပူဆူပွက်၍ ရှက်ရမည်ပင် သတိမရတော့သည်မှာ ထင်ရှားသည်။

"ယောက်ျားမှန်ရင် ကိလေသာ မကုန်ခမ်းသေးသမျှ ဒီစိတ်မျိုးဟာလည်း ဘယ်တော့မှ ပယ်ပျောက် ခြောက်ခမ်းသွားတယ်လို့ မရှိဘူး

www.burmeseclassic.com



ဒါကြောင့်လည်း ကျုပ်ကို လက်ထပ်ဖို့အကြောင်း မနုမေကို အတန်တန် ပြောခဲ့တာပေါ့"

ကိုဘကိုးသည် ခြေနှစ်ဖက်ကို ခပ်ကားကားထား၍ ထိုင်နေရာမှ လတ်ဝဲပေါင်ပေါ်သို့ ခြေတစ်ဖက်ချိတ်တင်ရင်း ပြောလိုက်သည်တွင် မနုမေလည်း မျက်နှာကိုမော့၊ ရင်ကိုကော့လျက် အားခဲဖွဲ့တင်းသလို အံကလေး ခပ်ပြင်းပြင်းကြိတ်လိုက်ပြီးမှ

"ဒီမှာ အစ်ကိုကြီး၊ အစ်ကိုကြီး မေမေ့အပေါ်မှာ စေတနာထား သလောက် မေမေကလည်း အစ်ကိုကြီးကို ဘယ်လို မေတ္တာထားတယ် ဆိုတာ ခုနစာ ဖတ်ကြည့်ရရုံနဲ့ သိလောက်ပါပြီ။ အဲဒီတော့ မေမေလဲ စိတ်ချမ်းသာအောင် အစ်ကိုကြီးလည်း အလိုဆန္ဒပြည့်အောင် ကိစ္စမရှိဘူး ကျွန်မ အစ်ကိုကြီးကို ယူတော့မယ်"

"ဘာ. . . ဘာ. . . ဘာပြောတယ် မနုမေ၊ ကျုပ်ကိုယူတော့မယ် ဟုတ်လား။ ဝမ်းသာလိုက်ပါဘိတော့ နုရယ်။ ကျုပ်လေ ကျုပ်တစ်သက်မှာ ခုလောက် တခါမှ ဝမ်းမသာဖူးဘူး။ ယုံပါတော့ နုရယ် အဟုတ်ပါပဲ"

ကိုဘကိုးသည် ပြောပြောဆိုဆို ထိုင်ရာမှဖတ်ခနဲထ၍ မနုမေ၏ လက်မောင်းအိုးကလေး(၂)ခုကို ခပ်စုစုညှစ်ကိုင်ပြီး

ထိုလိုပြော၍ ထိုကဲ့သို့များ ပြုမူလိုက်လေမည်လားဟု မနုမေ သည် ရင်တဒိတ်ဒိတ်ခုန်ကာ တုန်တုန်ရီရီနှင့် ငံ့နေရှာ၏။ သို့သော် မနုမေ ထင်သလိုကား လုံးဝမပြော။ မနုမေ တွေးသကဲ့သို့လည်း မပြုမူဘဲ ကိုဘကိုး သည် မျက်မှောင်ကိုကုပ်၍ ခပ်ငုံ့ငုံ့ စဉ်းစားနေပြီးမှ

"အင်း ကောင်းသားဘဲ"

ဆာဆာနှင့် ထမင်းအဝစားလိုက်ပြီး ရေခဲရေတစ်ခွက်ကို စိမ်ပြေ နပြေ သောက်နေသော လူတစ်ယောက်ကဲ့သို့ ကိုဘကိုးသည် ဝမ်းမြောက် ဝမ်းသာ ဘာအမူအရာမျှ မပြဘဲ ဤသို့လျှင် ခပ်အေးအေးပြောလိုက် သောကြောင့် မနုမေမှာ အားမလိုအားမရနှင့် ထ၍ပင် ထုလိုက်ချင်မတတ်



အနေရအထိုင်ရ ကြပ်သွားသည်နှင့်အမျှ ကြာကြာလည်း မနေလိုတော့ သည့်အတိုင်း

"ဒါပါပဲ အစ်ကိုကြီး၊ ကျွန်မ ပြန်မယ်"

"ဖြည်းဖြည်းပေါ့ မနုမေ၊ လက်ဖက်ရည်မှာထားတယ်"

ခပ်စောစောက ကိုဘကိုး ဝရန်တာထွက်၍ လက်ခုပ်တီးလိုက် သည်မှာ လက်ဖက်ရည်မှာခြင်းပါလားဟု ဤတွင်မှ မနုမေ သဘောပေါက် သွားတော့၏။

"ဒါနဲ့ မေးပါရစေဦး၊ ခုလို လက်ထပ်ဖို့ကိစ္စ သဘောတူလိုက်တာ ဟာ ဒေါ်ဒေါ်စိတ်ချမ်းသာအောင်၊ ကျုပ်အလိုဆန္ဒပြည့်အောင် ဒါဘဲ မဟုတ်လား။ ကျုပ်ကို ချစ်လို့ရယ်တော့ မဟုတ်ဘူးနော်"

"ဘယ်လိုပဲဖြစ်ဖြစ် အစ်ကိုကြီး ကျွန်မကိုရရင် ပြီးတာပဲမဟုတ် လား"

"အေး ဒါမှန်တယ်၊ ကျုပ်ကလည်း ချစ်ချစ်၊ မချစ်ချစ် မနုမေကို ကျုပ်ရရင် ကျေနပ်တာပဲ။ ကိုင်း ကောင်းပြီ မင်္ဂလာအခမ်းအနားအတွက် ဘယ်လိုစီမံစေချင်သလဲ အားမနာနဲ့ ကြိုက်သလိုသာပြော"

"ဒါတော့ အစ်ကိုကြီး သဘောပါပဲ ကျွန်မက (၆)ပြားမှ ထုတ် အကုန်မခံနိုင်ဘဲနဲ့ ကျွန်မမပြောချင်ဘူး အစ်ကိုကြီး"

"ဒါဖြင့် ကောင်းပြီ ကျုပ်ပြောမယ်။ ကျုပ်တို့ မင်္ဂလာဆောင်တယ် ဆိုရင် အဆင့်အတန်းလိုက်ပြီး ခမ်းခမ်းနားနားလုပ်ရတော့မယ်။ ဖိတ်စာ ရိုက်၊ လိုက်ကမ်း၊ ကျွေးမွေးဧည့်ခံ၊ မင်္ဂလာဆောင်ဖို့ နေရာငှား၊ ဟိုတီ ဒီကိစ္စတွေနဲ့ဆိုရင် ဘာပဲပြောပြော (၃၀၀၀) လောက်တော့ကုန်မယ် ဒီတော့ စိတ်ဒုက္ခ၊ လူဒုက္ခလည်း မဖြစ်ရအောင် ဂုဏ်လည်းမငယ်ရအောင် ရုံးမှာပဲ လက်ထပ်ပြီး အဲဒီကုန်ကျမဲ့ငွေ (၃၀၀၀) ကို ပေါ်ပြူလာ သည် တွေကို ဝတ်စုံတစ်စုံစီ ဝယ်လှူလိုက်ရင် မကောင်းဘူးလား မနုမေ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်နောက်ရှုပ်ထွေးနှင့် တွေဝေငိုင်နေသော မနုမေပင်လျှင် ထိုစကားကို ကြားလိုက်ရသည်နှင့် အလွန့်အလွန် သဘောကျသွားသလို ပြုံးယောင်ယောင်ဖြစ်လာပြီးမှ ချက်ချင်း ကြွေထည်တဲ့ကာ

"ဟုတ်ကဲ့ သဘောကျပါတယ်"

"နောက်မှ ဘာဘာညာညာ မပြောနဲ့နော်။ သဘောကျမှကျတယ် ပြော။ ကျုပ်ကို အားမနာနဲ့။ ပြီးတော့ မနုမေနဲ့ကျုပ် လက်ထပ်ပြီးရင် လွတ်လွတ်လပ်လပ် နှစ်ယောက်ထဲနေချင်တယ်။ သူ့ဘက်ကိုယ့်ဘက် ဘယ်သူ့ဘက်က ဆွေမျိုးနဲ့မှ အတူတူ မနေချင်ဘူး။ ဒါပေမဲ့ ကျုပ်စကား ထဲမှာ မထောက်ပံ့ဘူးဆိုတဲ့ အဓိပ္ပာယ်မပါဘူးနော်။ ဥပမာ မနုမေရဲ့ အဒေါ်ရှိရင် သူ့စားဝတ်နေရေးအတွက် ကျုပ်တာဝန်ယူတယ်။ ဒါပေမဲ့ ကျုပ်တို့နဲ့တော့ အတူတူနေခွင့် မပေးနိုင်ဘူး။ လင်မယားရယ်လို့ တစ်အိုး တစ်အိမ်ထူထောင်ပြီးတဲ့အခါမှာ ကိုယ့်ဟာကို သပ်သပ်နေတာ အကောင်း ဆုံးပဲ။ နို့မို့ရင် မလွတ်လပ်ဘူး။ စကားလည်းရှုပ်၊ နားလည်းရှုပ်တယ်"

"မေမေ ပြန်လာရင်ကော ဒီလိုပဲ တခြားစီနေရမလား၊ ဒါကိုတော့ ကျွန်မသဘောမတူနိုင်ဘူး"

မနုမေသည် ခုရှုပ်မှနောင်ရှင်းဆိုသလို ခပ်တင်းတင်းကလေး အရေးဆိုလိုက်၏။ ကိုဘကိုးတွင်လည်း မနုမေစကားကို အမေးယူ စဉ်းစား သကဲ့သို့ ခပ်တွေတွေ ငေးနေ၏။

"ဟုတ်တယ် ဒီမအေ၊ ဒီသမီး ရင်းရင်းနှီးနှီးဆိုလို့ နှစ်ယောက်ထဲ ရှိတာ ခွဲနေလို့ မဖြစ်ဘူးပေါ့၊ မှန်တယ်။ ဒါပေမဲ့ အတူတူနေရမှာလည်း ကျုပ်စိတ်ကျဉ်းကျပ်တယ်။ အဲဒီတော့ ပြည်လမ်းက တိုက်ကိုဘဲပြောင်း နေမယ်။ ဒေါ်ဒေါ်တို့က အပေါ်ထပ်မှာနေ၊ ကျုပ်တို့က အောက်ထပ်မှာ နေမယ်။ ဒီလိုဆိုရင်ကော "

"ဒါတော့ ငြင်းစရာမဟုတ်ပါဘူး"

သို့ပြောရင်းဆိုရင်း တိုင်ပင်ရင်းနှင့်ပင် အချိန်မှာ တဖြည်းဖြည်း ညဉ့်နက်လာသောကြောင့် စကားလက်စ, သတ်လိုက်ကြကာ မနုမေအား ကိုဘကိုး ကိုယ်တိုင်ပင် ဖရီဖက်ကားကလေးဖြင့် အိမ်အရောက်ပို့လိုက်၏။



မနုမေမှာလည်း ထိုညအဖို့ တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ သူတွေ့ဘူးသမျှ လူဆိုလျှင် ဘယ်သူနှင့်မှမတူသော လူ့ဂွစာ ကိုဘကိုး အကြောင်း တွေးနေမိသည်နှင့်ပင် အချိန်ကုန်နေတော့၏။

ကျုပ်ကိုယူပါ၊ လက်ထပ်ပါဆိုစဉ်ကလည်း ချိုချိုနွဲ့နွဲ့နှင့် အပေါက် အလမ်းတည့်အောင်မပြော၊ ဟောဟောဒိုင်းဒိုင်း၊ အသိုင်းအဝိုင်းမရှိ၊ နားမချိစရာ တုံးတိတိပြောစဉ်က မနုမေသည် ခပ်လောလောကလေးငြင်း ခဲ့၏။ သို့သော် သူမတုန်လှုပ်၊ ယခုတဖန် မနုမေကိုယ်တိုင်က အရှက်ကို မငဲ့ပဲ ဒွဲဒွဲဒိုးဒိုး၊ သူ့လေမျိုးသုံး၍ "အစ်ကိုကြီးကို ကျွန်မယူတော့မယ်" ဟုပြောသည်တွင်လည်း ကိုဘကိုးမတုန်လှုပ် "ပင်လယ်ထဲမှာ ရေတွေ ရှိတယ်" ဟူသော စကားမျိုးကို ကြားလိုက်ရသကဲ့သို့ အေးစက်စက်နိုင်လှ သည်မှာ မနုမေအဖို့ အခံရ အခက်ဆုံး ဖြစ်တော့၏။ အကယ်၍သာ တစ်စုံတစ်ရာ ထောက်ထားစရာမရှိပါက မနုမေသည် ဤလိုစကားကို သားလားမျှ လက်ခံလိမ့်မည် မဟုတ်ပေ။

ဤသို့တွေး၊ ဤသို့ငေးပြီး ဤသို့ဆွေးနှင့်ရင်ပင် တမိုးလင်းခဲ့ ရသော မနုမေသည် ဝတ္တရားမို့သာ အလုပ်ဆင်းခဲ့ရသည်။ ကြည်ကြည် လင်လင်မရှိလှပေ။ ထိုနေ့တစ်နေ့လုံးလည်း အလုပ်ထဲတွင် စိတ်ဝင်စား ခြင်းမရှိပဲ ဟိုငေး၊ သည်ဆွေး အတွေးပေါင်းချုပ်ဖြင့်သာ အလုပ်ရှုပ်နေ ရှာ၏။

ထိုနေ့မှစ၍ (၁၄)ရက်ကြာခဲ့ပြီဖြစ်သော နေ့တစ်နေ့တွင် မနုမေ သည် သူ့နာမည်နှင့် ရောက်လာသော ကာလကတ္တားမှ စာတစ်စောင်ကို အလောတကြီး ဖောက်ဖတ်နေသည်ကို တွေ့ရ၏။

ချစ်သမီး နုနု

သမီးပေးစာကိုရလို့ အကြောင်းစုံသိရတဲ့အတွက် မေမေ သိပ် ဝမ်းသာသွားတယ်။ စာအပြန်နောက်ကျတာကိုတော့ သမီးအပြစ်ဆိုချင် ဆိုမှာဘဲ ဒါပေမဲ့ ကိစ္စက အရေးကြီးတဲ့ကိစ္စမို့ မေမေ အတော်ကလေး စဉ်းစားနေရတာနဲ့ စာအပြန် နောက်ကျသွားတာပါသမီး။

www.burmeseclassic.com

www.burmeseclassic.com



ခုလို မောင်ဘကိုးရဲ့မေတ္တာကို သမီးလက်ခံတော့မယ်ဆိုတာ သိရတော့ သမီးဟာ မေမေထင်တာထက် ပိုပြီး လိမ္မာတယ်လို့ ဆိုရမှာပဲ။ မေမေစိတ်ချမ်းသာအောင် ယူတာဖြစ်ဖြစ်၊ သမီးက သဘောကျလို့ယူတာ ဖြစ်ဖြစ် နောက်ဆုံးတစ်နေ့ သမီးကောင်းစားဖို့ပါ သမီးရယ်။

ကဲ သမီး၊ မေမေလည်း ခုတလော ဆေးထိုးရ၊ ဆေးသောက်ရနဲ့ ခပ်ကြမ်းကြမ်းကလေး ကုစပြုနေပြီမို့ လူလည်း နုံးနေပြီ။ တိုတိုပဲရေးလိုက်တော့မယ်။ မင်္ဂလာပွဲကိစ္စနဲ့ပတ်သက်ပြီး မောင်ဘကိုး စီမံပုံကိုတော့ မေမေ သိပ်မကြိုက်ချင်ဘူး။ မေမေ့သဘောကတော့ မြို့တော်ခန်းမမှာဖြစ်ဖြစ် (ဆန်း)မှာဖြစ်ဖြစ် တစ်နေရာရာမှာ ခမ်းခမ်းနားနားကလေး အကျွေးအမွေးနဲ့ လုပ်စေချင်တာပဲ။ ဒါပေမဲ့ မောင်ဘကိုး စီမံတာကို သမီးကလည်း သဘောကျတယ်ဆိုတော့ မေမေ ဘာမှမပြောတော့ဘူး။

မင်္ဂလာကိစ္စကိုလည်း(မေမေပြန်လာမှ)ဆိုတာတော့ ရှည်ဝေးလွန်းနေမှာမို့ မောင်ဘကိုး သဘောကျတဲ့နေ့မှာပဲ စီစဉ်လိုက်ကြပေတော့နော်။ မေမေလည်း သမီးစာကို ဖတ်ရကတည်းက ရောဂါတစ်ဝက် ပျောက်သွားသလို ဖြစ်နေပါပြီ သမီးရယ်။

ညီမ၊ သမီးနဲ့ မောင်ဘကိုးတို့အားလုံး ကျန်းမာကြပါစေ။
ဒေါ်လှမင်း
ကာလကတ္တားမြို့။

မနုမေလည်း စာဖတ်၍ဆုံးသည်နှင့် ခပ်လှမ်းလှမ်းရှိ စားပွဲတွင် ထိုင်နေသော ကိုဘကိုးအား ထိုစာကို ပေးအပ်လိုက်၏။

ထိုနေ့လွန်မြောက် (၆)ရက်လောက်ကြာသောနေ့ နံနက်ထုတ် သတင်းစာတွင် မနုမေတို့၏ မင်္ဂလာသတင်းသည် ငွေပေးရသော ကြော်ငြာ အနေမျိုး စာလုံးသေးသေးကလေးများနှင့်မဟုတ်ဘဲ



"နမူနာယူထိုက်သော သူတို့မင်္ဂလာဆောင်"

"ဤလို မင်္ဂလာဆောင်မျိုး ခေတ်စားသင့်ပြီ"

"တိုင်းပြည်အတွက် အမြတ်ထွက်သွားသော မင်္ဂလာဆောင်နည်း တစ်မျိုး"

(၆)လိုင်း၊ (၁၂)လိုင်း ခေါင်းစဉ် စာလုံးမဲကြီးများဖြင့် အားပါးတရ နှိုးကျူးရေးသားထားသည်ကို တွေ့ရ၏။ အချို့သော သတင်းစာများတွင် "ဘကိုး အေဂျင်စီ" ပိုင်ရှင် သတို့သားဖြစ်သူ ကိုဘကိုးနှင့်ကျွန်ုပ်တို့ သတင်းထောက် တွေ့ဆုံမေးမြန်းချက်ဟူ၍ပင် နောက်ဆက်တွဲအနေဖြင့် သတို့သားဖြစ်သူ ကိုဘကိုးအား တွေ့ဆုံမေးမြန်းရာ၌ ပြောပြသည်မှာ "ကျွန်တော်ဟာ စီးပွားရေးသမားတစ်ယောက်ဖြစ်တဲ့အတွက် မျက်နှာကြီးတွေနဲ့သာ အများဆုံး ဆက်ဆံနေတာမို့ ကျွန်တော်ကိုယ်တိုင်ပဲ မျက်နှာကြီး တစ်ယောက်ဖြစ်နေတယ်။ တကယ်လို့ သူများနည်းတူ မင်္ဂလာဆောင်မယ် ဆိုရင် မျက်နှာကြီးတွေသာ အများဆုံးဖိတ်ရမှာမို့ အနည်းဆုံး လူတစ်ယောက် (၅)ကျပ်တန်လောက်တော့ ကျွေးမွေးဧည့်ခံရမှာပဲ။ အဲဒီ မျက်နှာကြီးတွေဟာ စင်စစ်တော့ သူတို့ဟာသူတို့ (၅၀)ဖိုးလည်း ဝယ်စားနိုင်ကြတယ်။ ကျွန်တော့်သဘောက အဲသလို ကိုယ့်ဟာကို ဝယ်စားနိုင်တဲ့ သူကို မကျွေးဘဲ၊ ဝယ်မစားနိုင်တဲ့လူကို ကျွေးတာက ပိုပြီးအကျိုးရှိလိမ့်မယ်လို့ ယူဆတယ်။ ဒါကြောင့် ကျွန်တော်ကုန်ကျဖို့ မှန်းထားတဲ့ငွေ (၃၀၀၀ိ)ကျပ်ကို ရန်ကုန်ရောက်နေကြတဲ့ ဒုက္ခသည်တွေထဲက တကယ် ဆင်းရဲစုတ်ပြတ်နေတဲ့လူတွေ စာရင်းကောက်ပြီး သူတို့ကို ဝတ်စုံတစ်စုံစီ ဝယ်လှူလိုက်ပါတယ်။ အမှန်ကတော့ ဒီအလှူဟာ ကျွန်တော့်အလှူ မဟုတ်ပါဘူး။ ကျွန်တော် မင်္ဂလာဆောင်ရင် ဖိတ်ရမဲ့ မျက်နှာကြီး လူကြီး တွေ ကျွေးရမဲ့အစား လှူလိုက်တာမို့ သူတို့အလှူလို့ပဲ ယူဆနိုင်ပါတယ် ဟု၍ စိတ်ရှည်လက်ရှည် ပြောပြလိုက်သေးကြောင်း။

အချိန်မှာ နံနက်(၈)နာရီသာသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့၊ ကမာရွတ်ရဲဌာနနှင့် မလှမ်းမကမ်း ပြည်လမ်းပေါ်ရှိ တစ်ခုသောဝန်းခြံအတွင်းဝယ် မနုမေသည် ခြင်းတောင်းကလေး လက်တွင်ကိုင်၍ ရနံ့လှိုင်စွာ ဖူးပွင့်နေကြသော ပန်းပေါင်းစုံ အငုံအညွန့်ကလေးများကို ခူးကာချွေကာဖြင့် ကြည်နူးနေ၏။

ကိုဘကိုး သူကား မနုမေထက် အသက်ခေါက်ချိုးလောက်ကြီးသည်၊ ရုပ်ရည်အားဖြင့်လည်း မင်းသမီးနှင့်လူကြမ်းပမာ ကွာလှမ်းလှသည့်အထဲတွင် စကားပြောကလည်း ကျွတ်ဆတ်ဆတ်နိုင်လှသောကြောင့် မနုမေ သဘောမကျခဲ့။ ကိုဘကိုးသည် (ချစ်ပါရစေဟု အသနားခံခဲ့သော်လည်း) ကျုပ်ကို ‌ေ...ါထပ်ယူပါဟူ၍ကား တောင်းဆိုခဲ့သည်။ မနုမေကလည်း ဘာပဲပြောပြော ရွယ်တူတန်းတူနှင့် ရုပ်ရည်သင့်တင့်သောယောကျ်ားကိုသာ တောင်းတခဲ့သည်။ သို့ မနုမေ တောင်းတခဲ့သောရွယ်တူလူချောတွေကို မနုမေသည် ‌ေ...တွေ့ခဲ့သလော။ တွေ့ပင်တွေ့သော်လည်း သူ့ကို မကြိုက်ကြ၍လောမဟုတ်။ မနုမေအား မျက်ရည်ခံထိုး၍ အမျိုးမျိုး အသနားခံခဲ့သည်။ ရွယ်တူလူချော်တွေ တနတက္ကမပေါ်ပေါက်ခဲ့သည်။ တွေ့ခဲ့ရသည်သာ ဖြစ်သော်လည်း မနုမေအလိုရှိသော ကိုယ်ကျင့်တရားမလုံလောက်မှုကြောင့်သာ ပယ်ခဲ့ရခြင်းဖြစ်၏။

ယခုကိစ္စ၌ အကယ်၍ ကိုဘကိုးကဲ့သို့ပင် အဘက်ဘက်မှ အရည်အချင်းပြည့်စုံသော ရွယ်တူတန်းတူ လူတစ်ယောက်ကိုသာ တွေ့ခဲ့သော် မနုမေသည် ကိုဘကိုးလို ဘကြီးအရွယ်၊ ဦးလေးအရွယ် လူတစ်ယောက်အား ယောင်၍မျှ စိတ်ကူးမိမည်ပင် မဟုတ်ပေ။

သို့သော် မနုမေကပင် မလွဲသာ၍ ကြည်ဖြူလိုက်ရသော လူတစ်ယောက်နှင့် လက်ထပ်ခဲ့ရသည့် မနုမေ။ ယနေ့ သူ့အားကြည့်ရသည်မှာ ခါတိုင်းနေ့များထက်ပင် ပေါ့ပါးလန်းဆန်းနေသည် ထင်ရတော့၏။ ပန်းရုံမှတစ်ရုံသို့ သန်းကာကူးကာဖြင့် ခူးနေသော မနုမေ၏ အမူအရာမှာလည်း ချိုချိုပြုံးပြုံးနှင့် ပီတိသောမနသတွေ ဖုံးနေတော့၏။ မချစ်မနှစ်သက်ဘဲနှင့် မနေ့က လက်ထပ်ခဲ့ရသော ကိုဘကိုးအား မနုမေသည် ယနေ့ ချစ်နေပြီလော၊ နှစ်သက်နေပြီလော။



နာရီဝက်ခန့်ကြာအောင် ခူးဆွတ်ပြီးသည်နှင့် မနုမေသည် ခပ်နွဲ့နွဲ့လှမ်း၍ တိုက်ထဲသို့ ဝင်သွား၏။

“ဟင်. . . အစ်ကိုကြီးနိုးနေပြီ”

ညှော်ခန်းရှိ ဆိုဖာတစ်ခုတွင်ထိုင်၍ သတင်းစာဖတ်နေသော ကိုဘကိုးအနီးသို့လျှောက်လာရင်း မနုမေသည် ဤသို့လျှင် အသစ်ဆက်ဆက်ခင်ပွန်းသည်အား နှုတ်ဆက်လိုက်၏။

“ခုပဲနိုးတယ်လေ။ ဒါနဲ့ မနုမေ နေကောင်းရဲ့နော်”

“ဟုတ်ကဲ့ ကောင်းပါတယ် အစ်ကိုကြီး။ ကော်ဖီ ဒီမှာပဲ သောက်မလား။ ကျွန်မသွားယူလိုက်မယ်လေ အစ်ကိုကြီး”

“နေ၊ နေ ကျုပ်သောက်ချင်တော့ ပြောမယ်။ ဒီပန်းတွေက ဘုရားတင်ဖို့ မဟုတ်လား။ ကဲ. . . ကဲ လုပ်စရာရှိတာ သွားလုပ်ချေတော့။ ကျုပ်ရေချိုးလိုက်ဦးမယ်”

ကိုဘကိုးသည် ပြောပြောဆိုဆိုပင် ထ၍ထွက်သွားသောကြောင့် မနုမေလည်း အပေါ်ထပ်သို့ အပြေးကလေး လှမ်းတက်ခဲ့၏။ ထိုအချိန်၌ အပေါ်ထပ် နောက်ဖေးဘက် မီးဖိုဆောင်တွင်ကား ကိုဘကိုး၏လက်စွဲတပည့်ကျော် ထမင်းချက် လူရွယ်တစ်ယောက်နှင့် ဒေါ်လှသင်းမှာ ချက်ဟယ်၊ ပြုတ်ဟယ်နှင့် လက်မလည်နိုင်အောင် ရှိနေကြ၏။

(၄၅)မိနစ်လောက် လွန်ခဲ့ပြီးသည့်နောက် မနုမေသည် ဘုရားစင်တစ်ခုလုံး ပန်းပေါင်းစုံနှင့်ဝေသွားအောင် သပ္ပာယ်စရာ ကပ်လှူခဲ့ပြီးသည်နှင့် အောက်ထပ်သို့ ဆင်းလာခဲ့ရာ ညှော်ခန်းတွင် မည်သူ့ကိုမှ မတွေ့သဖြင့် သူ၏အဖျိုဘဝကို ပြာချမြှုပ်နှံခဲ့ရသည့် အိပ်ခန်းဆီသို့ မရဲတရဲလျှောက်လာပြီး အခန်းဆီးလေးကို အသာလှပ်၍ ကြည့်လိုက်၏။ ကိုဘကိုးကို ထို၌တွင်လည်း မတွေ့ရ။ စာဖတ်ခန်းထဲမှာ ထင်ပါရဲ့ဟူသော အတွေးကလေးဖြင့် မနုမေသည် ကိုယ်ကိုလှည့်၍ ခြေလှမ်းပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ တစ်စုံတစ်ရာကို သတိရသကဲ့သို့ စာဖတ်ခန်းရှိရာ အိမ်ရှေ့ဘက် ထွက်မလာသေးဘဲ အိပ်ခန်းထဲသို့ စွပ်ဝင်သွားပြီး မှန်တင်ခုံရှေ့တွင် ပြုံးပြုံးကလေးရပ်လိုက်ကာ သူ့မျက်နှာကလေးကို သေသေချာချာ ကြည့်၏။

နံနက်(၇)နာရီခွဲလောက်က ဖီးလိမ်းပြင်ဆင်ထားသော သူ့မျက်နှာကလေးမှာ ယခုအချိန်တိုင်အောင် တစ်စုံတစ်ရာပျက်ခြင်း၊ ကွက်ခြင်းမရှိ ပကတိမူလအတိုင်းပင် ရှိသေးသည်ကို တွေ့ရ၏။ သို့သော် သူအားရသေးဟန်မတူ အံဆွဲကိုဖွင့် ပေါင်ဒါဗူးကိုထုတ်ကာ နဖူးနှင့်ပါးမို့မို့ကလေးကို ပေါင်ဒါမွေးဖြင့် ဖို့နေသေးတော့၏။ အမောက်ကလေးကိုလည်း လက်ဖျားကလေးဖြင့် ပွလိုက်၊ လက်ဝါးကလေးဖြင့် ဖိလိုက် အကြိုက်ဆုံးအနေရောက်မှ မှန်တင်ခုံက ခွာခဲ့တော့သည်။

စာဖတ်ခန်းအဝသို့ရောက်သည်နှင့် မနုမေသည် ခြေဖျားကလေးအသာဖွ၍ ခပ်ရွရွ နင်းဝင်သွားသည်တွင် မမျှော်လင့်သော အချင်းအရာကို မြင်လိုက်ရသကဲ့သို့ အံ့ဩတွေဝေနှင့် မနုမေမှာ ကြက်သေကလေးသေ၍ ငိုင်နေမိရှာ၏။

အခန်းတံခါးဘက်ကို ကျောပေး၍ရပ်နေသော ကိုဘကိုးမှာ မိုးကာအင်္ကျီသဏ္ဌာန် ပိတ်ဖြူအင်္ကျီရှည်ကြီးကိုဝတ်လျက် လက်တစ်ဖက်က ပန်းချီဆွဲသော စုတ်တံကိုင်ကာ လက်ဝဲတွင်မူ ဆီဆေးရောင်စုံအပုံကလေးများဖြင့် ပြည့်နေသည့် အသဲသဏ္ဌာန်လိုလို၊ ညောင်ရွက်ပုံယောင်ယောင် သစ်သားပြား (ပက်ဒ်)တစ်ခုကို ကိုင်တဲ့ပြီး ခေါင်းငဲ့လိုက်၊ ကိုယ်လှည့်လိုက်ဖြင့် သူ့ရှေ့တည့်တည့် ပိတ်ဖြူကားပေါ်ရှိ ရေးလက်စ မိန်းမပုံတစ်ခုကို စိတ်ဝင်စားစွာနှင့် ကြည့်ရှုနေသည်ကို တွေ့ရ၏။

“ဩော်. . . အစ်ကိုကြီး”

မနုမေသည် ကိုဘကိုးနှင့် ဘေးချင်းယှဉ်၍ရပ်လိုက်ပြီး တစ်စုံတစ်ရာပြောတော့မည်ကဲ့သို့ စကားစလိုက်သည်တွင် ကိုဘကိုးသည်



မနုမေတည်းဟူသော ဉာဏ်ခါစ ဇနီးကလေးအား အရေးတယူနှင့် ပျူငှာငှာ အမူအရာမျိုးမပြဘဲ မာတင်းသော မျက်နှာထားဖြင့် တစ်ချက်လှည့်ကြည့်ရုံကြည့်ပြီး ဆွဲလက်စမိန်းမပုံ ပန်းချီကားဆီသို့ မျက်လုံးတို အာရုံစိုက်လိုက်၏။

မျက်နှာကလေး မော်မော့၍ ကော့နေသော မျက်တောင်ကြားမှ ရွှမ်းရွှမ်းစားစား ကြည်လင်နေသည့် မျက်လုံးကလေးများဖြင့် ငေးကြည့်နေသော မနုမေတွင်လည်း ဤသို့သော ကိုဘကိုး၏ အမူအရာကို မြင်လိုက်ရသည်နှင့် ရင်ထဲတွင် နင့်ခနဲနင်သွားသည်အထိ မချိမဆန့် ဝမ်းနည်းသွားရှာ၏။

လင်မယားအဖြစ်နှင့် ချစ်ခဲ့၊ ပေါင်းခဲ့ရသည်မှာ မှတ်မှတ်ရရ တစ်ညသာရှိသေးသည် ဖြစ်သောကြောင့် ကိုဘကိုး၏ အတွင်းသဘောကို ခင်ချောအောင် မသိရသေးသည်အတိုင်း မနုမေလည်း ဘာမှမပြောသေးဘဲ

“ငါ ဒီအခန်းထဲဝင်လာတာကို သူမကြိုက်လို့များလား” ဟူသော အတွေးကလေးဖြင့် ပန်းချီကားကိုသာ ငေးကြည့်နေမိ၏။

ကိုဘကိုးတွင်ကား မတုန်မလှုပ်နှင့် သူ့အရုပ်တွင်သာ စိတ်ဝင်စားလျက် ရှိနေသေး၏။

အကြမ်းလောင်းနေရုံမျှသာ ဖြစ်သောကြောင့် သာမန်မျက်စေ့ဖြင့် အဘယ်လိုမှ ကြည့်၍မရနိုင်သော ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် ပန်းချီကားကိုလည်းကောင်း၊ တစ်ပေနီးပါးခန့်ရှိ စုတ်တံကိုကိုင်ဆရင်း ဆိုနေရာတို့တော့မလို သည်နေရာချယ်တော့မယောင်နှင့် ဟန်တပြင်ပြင် ဖြစ်နေသူ ကိုဘကိုးအားလည်းကောင်း၊ မနုမေသည် မကြည်မလင် ကြည့်နေရာ မိမိရှေ့တည့်တည့် စားပွဲခုံကလေးပေါ်တွင် ထောင်ထားသော မိန်းမဓာတ်ပုံတစ်ခုကို တွေ့ရသည်နှင့် ချက်ချင်းဆိုသလို အတွေးပြောင်းသွားပြီး ဆိုဓာတ်ပုံကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိ၏။

www.burmeseclassic.com



ဓာတ်ပုံရှင်မှာ အရေးကုန် အသက်(၂၀)ခန့်လောက်သာ ရှိလိမ့်မည်ထင်ရပြီး ဝတ်စားဆင်ယင်ထားပုံမှာ အမောက်ပေါ်ကာစ ခေတ်ဦး အမျိုးသမီးဖက်ရှင်အတိုင်းဖြစ်၏။ ရုပ်ရည်လည်း ခေသူမဟုတ်။ ချော၍လှပြီး၊ လှသလောက် ကျက်သရေရှိသော မနုမေကိုယ်တိုင်ပင် သူနှင့် ဓာတ်ပုံရှင် မည်သူကယဉ်၍ မည်သူကချောသည်ကို ဝေခွဲမရနိုင်အောင် ဖြစ်နေရသည်အထိ ကြည့်ကောင်းသည့် အင်္ဂါရုပ်ရှိသူကလေးဖြစ်၏။

သို့ ဓာတ်ပုံရှင်ကို ငေးစိုက်ကြည့်နေမိပြီး အတန်ကြာမှ သတိရသလိုဖြင့် မနုမေသည် ကိုဘကိုး မှုန်းခြယ်နေသော ပန်းချီကားကို မျက်လုံးရောက်သွားပြီးမှ တဖန် ဓာတ်ပုံဆီသို့ မျက်လုံးလည်လာပြန်၏။ ကိုဘကိုး ရေးချယ်နေသည့် ပန်းချီကားမှာ ပုံကြမ်းမျှသာ ရှိသေးသည်မှန်သော်လည်း အနေအထားအားဖြင့်ဆိုသော် ထိုဓာတ်ပုံနှင့်တစ်ထပ်တည်းတူနေသည်ကို တွေ့ရသည်တွင်မှ "ဒီဓာတ်ပုံကို ကူးဆွဲနေတာကိုး" ဟု မနုမေ သဘောပေါက်လာ၏။

မနုမေ၏ သဘောပေါက်မှုကား ထိုမျှနှင့် အရှိန်ရပ်မသွားသေးဘဲ သို့ သဘောပေါက်သွားသောအသိ၏ နောက်မှကပ်၍ပါလာသော အတွေး တစ်ခုသည်လည်း မနုမေအား တဖြည်းဖြည်း နှောင့်ယှက်လာတော့၏။ စိတ်ကိုလှုပ်ရှားလာတော့၏။

"သူ ဘယ်ကလဲ၊ ဘယ်သူလဲ အစ်ကိုကြီးနဲ့ ဘာတော်သလဲ ဘာဖြစ်လို့ ဒီပုံကို ဒီလောက် ဂရုစိုက်ရေးနေတာလဲ သူက"

ဤအတွေးကလေးများသည် မနုမေအား စိတ်ဒုက္ခပေးလျက်ရှိ၏။ အိမ်ထောင်ဦးတို့ အစဉ်အလာအတိုင်း ညားခါစ အသစ်ဆက်ဆက် ဇနီးကလေးဖြစ်သော မိမိအား အရေးတယူနှင့် ပျူပျူငှာငှာ ချစ်တင်းနှီးနှောရန်ကို သတိမရဘဲ ထိုအရုပ်ကိုမှ စိတ်ဝင်စားနေသော ကိုဘကိုးအား မကျေနပ်နိုင်သည်နှင့်အမျှ အဆိုပါ ဓာတ်ပုံရှင်အပေါ်တွင်လည်း မနာလိုဝန်တိုစိတ်တွေ ပွားလာမိ၏။



ဤစိတ်၊ ထိုစိတ် အနှီသို့သော စိတ်များသည် မနုမေ၏ ဝမ်းထဲတွင် အဘယ်ကြောင့် ဖြစ်ပေါ်လာရသနည်း။ မနေ့က တရားရုံးတော်တွင် ဆက်ထပ်၍ လက်မှတ်ထိုးခဲ့သည့် ညနေ(၃)နာရီအချိန်အထိ မနုမေသည် ကိုဘကိုးအပေါ်၌ မေတ္တာသက်ဝင်သည့် အမူအရာဟူ၍ တစွန်းတစမျှ မပြခဲ့။ မလွှဲသာ၍ အသဲလွှာပေးလိုက်ရသည့် အသွင်မျိုးသာ ရှိနေခဲ့ပါလျက် တစ်ရက်မျှသာ ကုန်လွန်ခဲ့သေးသော ယခုအချိန်တွင် တွေ့ရသည့် မနုမေ၏ မျက်နှာထားမှာ အဘယ်သို့သော အကြောင်းကြောင့် (လိုင်စိတ်ဆိုးမြွေခဲ) ဟူသည့် သရုပ်မျိုးဆောင်နေရဘိသနည်း။ ယမန်နေ့ည ထမင်းစားချိန်အထိ ကိုဘကိုးအား မေတ္တာမရှိခဲ့သေးသော မနုမေသည် ယခု ဘဲလိုက်၊ အူလိုက်၊ ကလီစာပါခိုက်အောင် ချစ်နေလေပြီလော။

"ဒါ ဘယ်သူ့ဓာတ်ပုံလည်းဟင် အစ်ကိုကြီး"

မနုမေ၏အသံကား မူထားမမှန် နဂိုသံလည်းမဟုတ်။ တုန်တုန်လှုပ်လှုပ်ရှိလှသည့်နည်းတူ ဓာတ်ပုံကိုထောင်၍ ကိုင်ပြထားသော လက်ကလေးမှာလည်း မသိမသာခုန်နေတော့၏။ ကိုဘကိုးတွင်လည်း ဓာတ်ပုံနှင့် မနုမေကို တလှည့်စီကြည့်ရင်း နှုတ်ခမ်းတရွရွနှင့် တစ်စုံတစ်ရာ ပြောတော့မည်ရှိစဉ်

"တော်တော်လှတဲ့ မိန်းကလေးပဲ ဒါ ဘယ်သူလဲဟင်"

"တိတ် မမေးနဲ့ ကျုပ်မကြိုက်ဘူး"

ကိုဘကိုးသည် ဤသို့လျှင် ခပ်ငေါက်ငေါက်နှင့် ဘောက်ဆတ်ဆတ်ပြောရင်း မနုမေလက်ထဲမှ ဓာတ်ပုံကို ဖျတ်ခနဲ ဆွဲယူကာ မူလနေရာတွင် ပြန်ထားလိုက်ပြီးမှ. . .

"ဒီမှာ မနုမေ ကျုပ်အိမ်မှာတွေ့တဲ့ မိန်းမဓာတ်ပုံမှန်ရင် ဘယ်သူ့ပုံပဲဖြစ်ဖြစ် ဒါက ဘယ်သူလဲ၊ ဘယ်ကလဲဆိုတာတွေ မမေးနဲ့။ ဘယ်တော့မှ မမေးနဲ့။ အဲဒါ မှတ်ထား ကြားရဲ့လား"

"ဟုတ်ကဲ့ အစ်ကိုကြီး"

www.burmeseclassic.com



မျက်နှာထိ မျက်နှာထားနှင့် ဝါးစားတော့မလို ပြောလိုက်သော ကိုဘကိုး၏ တင်းမာလှသည့် မျက်နှာပေးနှင့်အသံကြောင့် မနုမေမှာလည်း ထိတ်လန့်တုန်လှုပ်စွာနှင့်ပင် "ဟုတ်ကဲ့" လိုက်ရရှာ၏။

အတန်ကြာသည့်တိုင်အောင် မနုမေသည် ငိုင်နေ၏။ တွေနေ၏ ကြာသော် စိတ်ကပါထွေလာသဖြင့် အခန်းထဲမှ ထွက်သွားတော့မည်ကဲ့သို့ ကိုယ်ကလေး ဖြည်းဖြည်းချင်း လှည့်လိုက်စဉ်

"ဒါ ဘယ်သွားမလို့လဲ"

နဂိုကမှ စိတ်ငယ်နေသည့်အထဲတွင် ဤလို အသံပြတ်နှင့် အမေးခံလိုက်ရသည်၌ မနုမေ၏ ရင်ညွန့်ကလေး ဒိတ်ခနဲ လှုပ်ခုန်သွားပြီး အတန်ကြာအောင် တုန်နေတော့၏။ ဘာပြော၍ ဘာဖြေရမည်လည်း မသိတော့ပေ။

"မေးနေတာ မကြားဖူးလား"

လာချေသေးသည်။ သံပုံးထဲ ခဲထည့်လှုပ်လိုက်သကဲ့သို့သော ကိုဘကိုး၏ ထပ်ဆင့်မေးခွန်းကြောင့် မနုမေသည် ဇတ်ခနဲ မော့ကြည့် လိုက်ပြီး

"နောက်ဖေး ခဏပါ အစ်ကိုကြီး"

"ဒါဖြင့် ပြီးရော၊ နို့ ခုန ကျုပ်ပြောတာကို မင်း စိတ်ဆိုးသလား"

"မဆိုးပါဘူး"

"အေး ကျုပ် ဒီအခန်းထဲမှာနေတုန်း မင်း ဒီအခန်းထဲမှာမရှိ၏ မင်းအဖို့ရော ကျုပ်အဖို့ရော ကောင်းမှာပဲ။ ကဲ သွားတော့"

အခန်းထဲမှ ထွက်သွားတော့မည် ပြုနေသောသူကို ဤလိုပြော မှ နှင်ထုတ်ခြင်းသည် ရက်စက်စော်ကားလွန်ရာကျနေသည့်အဖြစ် ကိုဘကိုး မစဉ်းစားမိတော့ပြီလော။

မနုမေလည်း ဘာမျှမပြောနိုင်။ ပြောလျှင်လည်း ငိုမိမည်သာ ဖြစ်သောကြောင့် မျက်ရည်ကလေး တသန်းသန်းနှင့် အခန်းထဲမှ အမြန် ထွက်လာခဲ့ပြီး အိပ်ခန်းထဲဝင် ကုတင်ပေါ် ပြေးတက် လက်ဝါးနှစ်ဖက်၌ မျက်နှာအုပ်၍ ခေါင်းအုံးထဲ မြှုပ်ချကာ တရှုံ့ရှုံ့ဖြစ်နေရှာ၏။



အိမ်ထောင်ရေးဆိုလျှင် အကြောက်ကြီး ကြောက်ခဲ့သော မနုမေ၊ လူကောင်းလူဆိုး ခွဲခြားရန် ယောကျ်ားများတွင် အမှတ်အသားမပါသည် နှင့်အမျှ အရွေးရခက်ခဲသော မနုမေ၊ ယခု သူ့အခြေကား သူကြောက်ခဲ့ သည့်အတိုင်းသာမကတော့ဘဲ သူထင်ခဲ့သည်ထက် အဆပေါင်းများစွာ ပို၍ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်မျိုးနှင့် ရင်ဆိုင်တိုးနေရလေပြီ။

ကိုဘကိုးနှင့်လက်ထပ်ခဲ့သည်မှာ ယနေ့ပါထည့်တွက်မှ နှစ်ရက်ထဲ ရှိသေးသည်။ အပျိုဖော်ဝင်စ ချစ်သွေးကြွခဲ့သည့်အချိန်မှစ၍ ယနေ့အထိ မနုမေ ကြားသိ၊ မြင်တွေ့ခဲ့ရသမျှသော ညားခါစ ဇနီးမောင်နှံများ၏ အနေ အထိုင်မှာ ဤလိုမဟုတ်။ တစ်လ၊ နှစ်လ၊ သုံးလ အချို့တစ်နှစ်နီးပါး ကြာသည်အထိ တစ်ဦးနှင့်တစ်ဦး မမြင်ရမနေနိုင်၊ တစ်ညတလေသော်မှ မခွဲနိုင်၊ မခွာနိုင်အောင် ချစ်တတ်၊ ခင်တတ်၊ ယုယတတ်လျက် အချို့အချို့ သော ဇနီးမောင်နှံများမှာမူ အမြင်ကပ်လောက်အောင်ပင် တပူးပူး တကပ် ကပ် ဖြစ်နေတတ်ကြသည်ကို တွေ့ရသောကြောင့် "သောက်ရှက်နှယ် နည်းရန်ကော" ဟူ၍ မနုမေကိုယ်တိုင်က မဲ့ကာရွဲ့ကာ ရေရွတ်ခဲ့ဖူး၏။

အချို့သော ဇနီးမောင်နှံတွေမှာလည်း ညားပြီး သုံးလလောက် ရသည်နှင့် ထ သတ်ချင်သတ်ကြသည်။ ညားပြီးစ တစ်လအထိလောက် တွင်ကား . . .

"ကိုကိုဟာ သိပ်ရက်စက်တာပဲ။ မြင့် သေသေချာချာမှာလိုက် ရဲ့သားနဲ့ ခုမှပြန်လာတယ်။ တစ်နာရီလုံးလုံး နောက်ကျနေတာက ဘယ် ဝင်နေလို့ဟင် ပြောပြော၊ လူများဖြင့် မျှော်လိုက်ရတာ လည်တဆန့်ဆန့်နဲ့၊ မြင့်ဟာ ကိုကို့ကို အချိန်တန်လို့ မမြင်ရရင် မနေတတ်ဘူးဆိုတာ သိရက် သားနဲ့"

"သိပါတယ် မြင့်ရယ်၊ ကိုကိုကလည်း ဟောဒီအသဲကြော် မြင့် ဆိုတဲ့ မယားလေးအနားက တစ်ဖဝါးမှ မခွာချင်ဘူး သိရဲ့လား။ မလွှဲသာ လို့သာ သွားသွားနေရတာ၊ ဒီရုံးအလုပ်လဲ မလုပ်ချင်တော့ပါဘူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့များတော့ ကိုကိုမမေ့ဘူးသိလား။ နှစ်ချုပ်စာရင်းပိတ်ရက်မို့ အားလုံးပြီးအောင်လုပ်နေရတယ်။ မြင့်သာ မျှော်ရတာ မဟုတ်ပါဘူးကွယ်၊ ကိုတို့မှာလည်း ငါ့မယားလေးတော့ မျှော်နေတော့မယ်၊ မြင့်ကလည်း ဝမ်းနည်းတတ်ပါဘိနဲ့၊ ခုနေဆို ငိုများနေမလားဆိုပြီး ပူလိုက်ရတာ အလုပ်လုပ်ရတာကို မဖြောင့်ဘူး မြင့်ရဲ့"

ဤသို့လျှင် မယားရစ အားရပါးရကြည်နူး၍ အပလူးကြီးပလူးက အမြူးကြီးမြူးနေတတ်ကြသည်ကိုသာ များသောအားဖြင့်တွေ့ခဲ့မြင်ခဲ့ ကြားခဲ့ရဖူးသော မနုမေ ကိုယ်တိုင်လည်း ဤသို့ အနှီလိုပလူးချင်၊ မြူးချင်သောဆန္ဒသည် ပုထုဇဉ်တို့ သဘာဝအတိုင်း ပြင်းပြခဲ့သည်သာ ဖြစ်နေ သည်။ ထိုသို့သော အခွင့်အရေးကိုလည်း လိုလိုချင်ချင်တမ်းတခဲ့သည်။ ရော်ရမ်း၍လည်း မျှော်မှန်းခဲ့သည်။

ယခု သူမျှော်မှန်းတမ်းတခဲ့သောဘဝကို မနေ့ညကစ၍ ရောက်ခဲ့ပြီ။ ယနေ့ပါနှင့်ပေါင်းပါက (၂)ရက်နှင့်တစ်ညသာရှိသေးသည်။ အသစ်စက်စက်မှ တကယ်လတ်ဆတ် အသစ်စက်စက် ဇနီးမောင်နှံဘဝတွင် ရှိနေသေးသည်။ မနုမေ ကြည်နူးရပါ၏လော။ ပလူးရ မြူးရပါ၏လော . . . .

မိန်မတို့မည်သည် ချစ်ရေးကြိုက်ရေး(လိင်)နှင့်ပတ်သက်သည့် မည်သို့သော အရေးတွင်ပင်ဖြစ်စေ၊ သူတို့က စသည်ဟူ၍မရှိ၊ မိန်းမကောင်း၊ မိန်းမမြတ်တို့ကို မဆိုထားဘိ။ အရှက်မရှိသော ပြည့်တန်ဆာသည်ပင် ထိုထိုသော(လိင်)ကိစ္စမျိုး၌ သူတို့က စ၍မမြူ၊ လူချင်းပင်တူသော်လည်း ဤနေရာတွင် မိန်းမသည် ယောကျာ်းထက် အရှက်ပိုတတ်ကြသည်။

သမီးရည်းစားတွင် အချစ်ကုန်၊ လင်းမယားတွင် အရှက်ကုန်ဟူသော စကားအရ အရှက်ကုန်ဘဝဖြစ်သော ထိုကိစ္စတွင် မဆိုထားဘိ သာမန်အပေါ်ယံ အချစ်ကိစ္စကလေးများ၌ပင် မိန်းမသည် ကူနွေကြီးတတ်၏။ သို့သော် ယောကျာ်း၏ အစပြုလမ်းခင်းပေးမှုကိုကား



လိုလိုချင်ချင် တောင့်တတတ်ပြန်သေးသည့်အတိုင်း မနုမေသည် ညားခါစ ဇနီးမောင်နှံ တို့ဘဝ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပီတိတွေ ဖြာချင် လှသည်။

"အစ်ကိုကြီးကို တကယ်ချစ်ရဲ့လား မနုမေဟင်၊ ပြောစမ်းပြောပါ လို့ဆိုနေ"

သူ့ပခုံးကလေးနှစ်ဖက်ကို ရင်အုပ်ကြားထဲ ဆွဲသွင်းရင်း မရမကမေးနေသော ကိုဘကိုး၏ အသံကို နာခံချင်၏။ ဤလိုမေးရင်း ထိတွေ့ခံစားရသော အရသာတစ်မျိုးကိုလည်း မျိုးမျိုးမြက်မြက် ခံစားချင်၏။

"ပြောလေ၊ အစ်ကိုကြီးကို ချစ်ရဲ့လား"

ဤသို့ မေးလာလျှင် . . .

"ချစ်ပေါင်"

ထိုလို အဖြေကလေးကို မျက်စောင်းကလေးချီ၍ တီတီတာတာနှုတ်လုံး မဲ့ပြုံးကလေး ဖြေလိုက်ချင်၏။ သို့သော် သူတောင့်တသလို ဖြစ်မလာနိုင်သာမက သူကစ၍ ညသည်ကိုပင် ဘုကျကျ ဘောက်နှောပြီး ပက်ပက်စက်စက် ပြောလွှတ်လိုက်သည်၌ မနုမေ ခဗျာမှာ ပြင်းထန်လှစွာသော စိတ်၏ထိခိုက်ခြင်းဖြင့် ဆို့မသွားသည်ပင် တော်သေးသည်ဟု ဆိုရမလိုဖြစ်နေတော့မည်။

မနုမေသည် ခေါင်းအုံးတွင် မျက်နှာမြှုပ် တရှုံ့ရှုံ့ငိုရင်း ဤလိုခြေဦးစား၊ ဤလိုတွေး၍ မချိမဆန့် ဆွေးနေရာမှ ထောင်၍ထလိုက်၏၊

"ယောကျာ်း၊ ယောက်ျား ကမ္ဘာပေါ်မှာ မိန်းမတွေအဖို့ ကြောက်စရာအကောင်းဆုံး သတ္တဝါတွေဟာ ယောကျာ်းဘဲ"

အကျီလက်စကလေးဖြင့် မျက်ရည်ကို တို့သုတ်နေရာမှ မနုမေသည် ဤသို့လျှင် စိတ်ထမှ ရေရွတ်လိုက်။

"ကိုယ်ထိလက်ရောက် ယုယကြင်နာမှုဆိုတာဖယ်ထား အခေါ်အဝေါ် အသုံးအနှုန်းတောင်မှ မတူတော့ဘူး။ သူ ငါ့ကို မခေါ်တာ မနေ့တော့

www.burmeseclassic.com



ချစ်လို့ယူကြတဲ့ အိမ်ထောင်သည်တို့ဘဝ ညားပြီးတဲ့အခါမှာ နုလို့ မခေါ် ချင်တောင် နုနု၊ မနု ဒါမှမဟုတ် မနုမေလို့ဘဲခေါ်ဦး ငါကျေနပ်တယ်။ ခုတော့ မင်းတဲ့ ရင့်ရင့်သီးသီး"

ထိုအခိုက် မော်တော်ကား စက်နှိုးသံကြားရသဖြင့် မနုမေသည် ဟျာဟျာသလဲထ၍ ဘေးပြူတင်းတံခါးကိုဖွင့်ပြီး ငုံ့ကြည့်လိုက်၏။ မကြာမီ တိုက်နှင့်ယှဉ်၍ ဆောက်လုပ်ထားသော ကားဂိုတောင်ထဲမှ ပရိဖက်ကား ကလေးကို ကိုဘကိုးကိုယ်တိုင် အရှိန်ပြင်းစွာနှင့် မောင်းထွက်သွားသည်ကို မြင်လိုက်ရ၏။

အလုပ်သမားများအား နံနက်(၈)နာရီအရောက် အလုပ်ဆင်းရန် အချိန်သတ်မှတ်ထားခဲ့သော်လည်း ကိုဘကိုးမှာမူ (၇)နာရီထိုးသည်နှင့် ဆိုင်သို့ ရောက်နေလေ့ရှိတတ်သည်။ ယနေ့တွင်မူ ဒရိုင်ဘာအား သော့ ပေးလိုက်ရန် ညကတည်းက မှာကြားထားပြီး သူကမူ (၁၀)နာရီထိုးသည် အထိ ဆိုင်သို့မသွားသေးဘဲ ရှိနေသောကြောင့် . . . . .

"ညားခါစ မယားချောကလေးနဲ့ ချစ်တင်းနှီးနှောချင်လို့ ထင်ပါရဲ့၊ သုံ့ ဒီနေ့ ဆိုင်မသွားဘူး"

မနုမေ ဤသို့တွေးခဲ့သည်။ အမှန် စင်စစ်အားဖြင့်လည်း ဤ အတွေးသည် ကိုယ့်ဘက်ကိုယ်ယက်၍ တွေးမိခြင်းမျှသာ ဖြစ်သည်။ မည်သူမည်သို့ဆိုစေ မနုမေကိုယ်တိုင်ကလည်း ကိုဘကိုး ဆိုင်မထွက် စေလို။ ကိုဘကိုးအပေါ်တွင် မနေ့က မည်သို့သဘောထားစေကာမူ ယနေ့အဖို့၌ မျက်စေ့အောက်က အပျောက်မခံနိုင်။ လင်ဖြစ်လာပြီမို့ ကြိတ်ချစ်နေပြီ မဟုတ်ပါလေ။

"နုရေ"

ဤသို့ ချစ်စနိုး စကားလုံးကလေးဖြင့် စ,မည်ဆိုလျှင် မနုမေ ပို၍ နှစ်သက်မည်။ ယုတ်စွအဆုံး . . .

"မနုမေ အစ်ကိုကြီး ဆိုင်ခဏသွားဦးမယ်နော်"



ထိုသို့သော စကားချိုအေးဖြင့် ရေးပေးတယူ နှုတ်ခွန်းဆက် စေချင်၏။ တတ်နိုင်သေးလျှင် မွှေးမွှေးလေးပါ ကြူသွားစေချင်သည်။ သူကလည်း မော်မော်ကလေး မော့၍ ကော့ပျံသော မျက်တောင်ကလေး ခတ်ရင်း . . .

"မြန်မြန် ပြန်လာနော် အစ်ကိုကြီး"

ကိုဘကိုး၏လည်ကို ယိုးလေးခို၍ ဤလိုမှာလိုက်ချင်သေးသည်။ အကယ်၍ သူပါးစပ်သာ ထွက်ရဲ၊ ပြောရဲမည်ဆိုလျှင်. . .

"ဟိုတုန်းက အစ်ကိုကြီးကို ကျွန်မ မဖြစ်နိုင်၊ မချစ်နိုင်ဘူးလို့ ပြောခဲ့ပေမဲ့ ခုတော့ အစ်ကိုကြီးကိုလေ ကျွန်မ၊ ကျွန်မ အသဲထဲက ချစ်နေ ပြီသိရဲ့လား"

မနုမေ ပြောချင်သော စကားတွေ၊ ထိတွေ့ခံစားချင်သော အရသာတွေ သို့သော်. . . သို့သော်

တွေး၍ ဆွေး၍ ဆုံးနိုင်ဖွယ်ရာမရှိသော ကိုဘကိုး၏ အကြင်နာ တင်းမဲ့မှု၊ အိမ်ထောင်သည် မပီသမှုတွေကို တွေးရင်း၊ ဆွေးရင်း၊ အသဲနာ ရင်းနှင့်ပင် မျက်ရည်တွေ ခမ်းခြောက်လုမတတ် ဖြစ်နေရှာ၏။

"ဟယ် လူဆိုတာ အကြောင်းမသိတော့ ဒီလိုပေါ့။ ကြာတော့လဲ အဆင်ပြေသွားမှာပါ။ အလုပ်သမားတွေအပေါ်တောင် ဒီလောက်ကောင်း တဲ့ လူတစ်ယောက်ဟာ သားမယားအပေါ်မှာ ဒီလောက်ဆိုးမယ် မထင် ပါဘူး။ သူမကြိုက်တာတွေများ ငါပြောမိ လုပ်မိလို့လား"

မနုမေသည် ဤလို ကြံကြံဖန်ဖန် အတွေးကလေးများဖြင့် ကိုယ့် စိတ်ကိုယ်ဖြေရင်း သူ့စိတ်ကို တင်းလိုက်သည်။ ဦးနှောက်ကိုလည်း မွှင်း လိုက်သည်။ ချက်ချင်းဆိုသလိုပင် ကုတင်ပေါ်မှ ထ,သွားပြီး မှန်တင်ခုံရှေ့ တွင် ရပ်လိုက်သည်။ မှန်ထဲတွင် မြင်နေရသော သူ့မျက်နှာမှာ တစ်သက် နှင့်တစ်ကိုယ် ဤတစ်ကြိမ်လို ညှိုးငယ်စွာ နွမ်းနယ်နေသည်၏အဖြစ်မျိုး တစ်ခဏမျှ မတွေ့ခဲ့ဘူးရှာသည့်အတိုင်း မှန်ကြည့်မိသည်။ တွင်မှ မိမိ၌ သူကြုံးမရ ဖြစ်လာတော့၏။

ခါတိုင်းဆိုလျှင် လုပ်နေကျ အလုပ်ဟူ၍သာ သဘောထားပြီး ပေါင်ဒါရိုက်ခဲ့သည်။ တစ်နေ့မျှနှင့် လုံလောက်ခဲ့သည်။ ယနေ့အဖို့ မနုမေ မှန်တင်ခုံရှေ့တွင်ရပ်၍ မြတ်ပါးကလေး နှံ့သာသ အမောက်ကလေး ဖွာရ ရာဖွပြီး အလှပြင်ခဲ့သည်မှာ ခါတိုင်းကဲ့သို့ အမှုမဲ့ အမှတ်မဲ့မဟုတ်။ ကျကျ နနနှင့် မလှ, လှအောင် မွမ်းမံခဲ့ခြင်းသာဖြစ်သည်။ နှုတ်ခမ်းနီဆိုးလေ့ ရှိသော မိန်းမပျိုများကို ယခင်က အမြဲရှုံ့ချသော မနုမေသည် ယနေ့သော် သူကိုယ်တိုင် နှုတ်ခမ်းနီကလေး ဆိုးချင်လာသည်။ ဤလိုစိတ်တွေ ဖြစ်ပေါ် လာသည်မှာ ဘယ်အတွက်ကြောင့်ဟု ရှည်ရှည်ဝေးဝေး တွေးနေစရာမလို။ သူချစ်နေပြီဖြစ်သော သူ့အစ်ကိုကြီး ကိုဘကိုး၏ မျက်စေ့ထဲ၌ လှသထက် လှနေစေချင်သောကြောင့် မဟုတ်ပါလော။

ဖီးလိမ်းမှုကိစ္စကို နံနက်အိပ်ရာထတွင် တစ်ကြိမ်သာ ပြုလုပ်လေ့ ရှိသော မနုမေသည် ယနေ့အဖို့၌ နံနက်စောစောတွင်တစ်ကြိမ်၊ ကိုဘကိုး နှင့် တွေ့ခါနီးတွင်တစ်ကြိမ် ပေါင်ဒါကလေး ရိုက်လိုက်သေးသည်။ အမောက်ကလေး ပြင်လိုက်သေးသည်။ သူ့ပါးပုံ့ပုံ့တွင် ဖုံဖုံကလေး မှုန်းခြယ်သွားသည်မှာ စင်စစ် သူ့အစ်ကိုကြီးအတွက် မဟုတ်ပါလော။ သူ လိမ်းခြယ်သွားသော ပေါင်ဒါများသည်သာ သူ့အစ်ကိုကြီးက မွှေးမွှေးကြူပြီး အတူတူမွှေးလိုက်သဖြင့် ပျောက်ကုန် ပျက်ကုန်ရသည် ဖြစ်အံ့။ သူကျေနပ်နိုင်သေးသည်။ ထိုသို့သော ရည်ရွယ်ချက်ဖြင့် မွမ်းမံ သွားသော အမွှေးနံ့သာတို့မှာ ယခုသော်ကား သူ့အစ်ကိုကြီး ကြူ၍ ပျက်ရ သည်မဟုတ်ဘဲ မျက်ရည်ပူကြောင့် ကွက်ရသည်မှာ မနုမေအဖို့ အသဲနာ ၍ ဆုံးနိုင်ဖွယ်ရာ မရှိတော့ပေ။

မနုမေမှာ ငိုရ၊ ပွတ်ရလွန်းသဖြင့် ရဲရဲနီနေသော မျက်လုံးနှင့် မျက်ခုံးများကို မှန်ထဲတွင်ကြည့်ရင်း ဝမ်းနည်းနေခိုက် အပေါ်ထပ် နောက်ဖေးမီးဖိုဆောင်ဆီမှ အောက်သို့ဆင်းလာသော ခြေသံကို ကြားရ သဖြင့် သူ့အဒေါ် ဒေါ်လှသင်းများလားဟု အတွေးရောက်ကာ ပေါင်ဒါဖူး ကို ကမန်းကတန်းထုတ်၍ သူ့ငိုရှိုက်ပျောက်သွားစေခြင်းငှာ ပျာပျာသလဲ လိမ်းသနေ၏။ မကြာမီ မာလီကုလားနှင့် စကားပြောသံကြားမှပင် ထို ဆင်းလာသူမှာ ဒေါ်လှသင်းမဟုတ်ဘဲ ကိုဘကိုး၏လက်စွဲ တပည့်တော် ဖြစ်ကြောင်း သိရ၏။



မနုမေလည်း ငိုရှိုက်ကို ပေါင်ဒါနှင့်ဖျောက်၍ တအောင့်လောက် ကြာသည်တွင် စိတ်ပြေလက်ပျောက် ပန်းခြံထဲ လျှောက်ဦးမည်ဟူသော ရည်ရွယ်ချက်ဖြင့် အခန်းတွင်းမှ တစ်လှမ်းချင်း ထွက်လာခဲ့၏။

ဧည့်ခန်းသို့ရောက်သည်တွင် နှစ်ယောက်ထိုင် ဆိုဖာတစ်ခုနှင့် တစ်ယောက်ထိုင် ဆိုဖာသုံးခု၏ အလယ်၌ ဆေးလိပ်၊ လက်ဖက်ရည် စသည်တို့တည်ရန် ချထားသော မျက်နှာပြည့် မှန်ဝိုင်းခံ ကျွန်းသားစားပွဲ ကလေးပေါ်တွင် ဖယိုဖရဲ ကြဲပြန့်နေသော သတင်းစာများကို မြင်သည်နှင့် မနေ့က ကိုဘကိုးနှင့် နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြောင်း ကြော်ငြာ ထည့်ထားသည်ကို သတိရလာ၏။

သို့နှင့် အနီးဆုံး ဆိုဖာတစ်ခုတွင် ဖင်တခြမ်းနင့်ဝင်သွားအောင် အိကနဲထိုင်ချလိုက်ပြီး သတင်းစာကို ဆွဲယူ၍ လှန်လိုက်၏။ တစ်မျက်နှာ၊ နှစ်မျက်နှာ၊ သုံးမျက်နှာအထိ လှန်ခဲ့ပြီးသည်တိုင်အောင် သူတို့၏ "လက်ထပ်ပြီးစီးခြင်း" ကြော်ငြာကို မတွေ့ရသေး။

နောက်တစ်ရွက် လှန်လိုက်မိသည်တွင်ကား ဆိုဖာနောက်ပိုင်းသို့ မှီထားသော မနုမေ၏ ကိုယ်ကလေးသည် ချက်ချင်း ရှေ့သို့ကိုင်းလာ၏၊ ပေါင်ပေါ်တင်၍ လှန်နေသော သတင်းစာကိုလည်း လက်နှစ်ဖက်နှင့် တျစ်ကျစ်ပါအောင် ကိုင်မ၍ မျက်နှာအနီးသို့ မြှောက်လိုက်ပြီး စူးစူး စိုက်စိုက် ကြည့်နေ၏။

"စံနမူနာယူလောက်သည့် သူတို့ မင်္ဂလာဆောင်"

(၁၂)လိုင်း စာလုံးမဲကြီးများကို ခေါင်းစဉ်အဖြစ် [illegible]ထားပြီး ထပ်ဆင့် ခေါင်းစီးအဖြစ်ဖြင့်လည်း

www.burmeseclassic.com



"ပကာသနသာဖြစ်သော ခမ်းခမ်းနားနား မင်္ဂလာဆောင်သည့် စနစ်ကို အသစ်နည်းဖြင့် တော်လှန်လိုက်သော ကိုဘကိုးနှင့်မနုမေတို့၏ မင်္ဂလာဆောင်ပုံတစ်မျိုး" ဟူ၍ အလတ်စား(၂)လိုင်း စာလုံးမဲဖြင့်လည်း အားပါးတရ ခီးကျူးထားသေး၏။

နှစ်ကော်လံနီးပါးမျှ အကျယ်တဝင့် ရေးသားထားသော သူတို့၏ တရားရုံးတော်တွင် လက်ထပ်ပုံ၊ ငွေ (၃၀၀၀ိ)ကျော်ဖိုး ဝတ်စုံများဝယ်၍ ဒုက္ခသည်များအားလှူပုံ၊ စားနိုင်သူအချင်းချင်း ကျွေးမွေးဧည့်ခံသည့် စနစ်ထက် ကိုဘကိုးတို့ကဲ့သို့ မရှိဆင်းရဲသားများအား ပေးလှူခြင်း၊ ဆေးရုံ သားဖွားရုံ၊ လူအိုရုံ၊ အမျိုးသမီး ကယ်တင်ရေး၊ မိဘမဲ့ကလေးများကျောင်း စသည်များသို့ ရန်ပုံငွေအဖြစ် ပေးလှူသော မင်္ဂလာဆောင်နည်းမျိုးကို သုံးကာ တိုင်းပြည်အကျိုးရှိကြောင်း စသည်ဖြင့် အစအဆုံး ဖတ်ပြီးသည်၌ မနုမေသည် ကြည်ကြည်နူးနူးကလေး ပြုံးလိုက်၏။

မနုမေသည် မကျေနပ်သေးသည့်အလား ခေါင်းစဉ်စာလုံးမဲကြီး များကို ပြန်ဖတ်နေ၏။ တစ်ဖန် အလယ်စာသားမှ ဟိုနည်းနည်း၊ သည် နည်းနည်း ရှောင်ဖတ်ရင်း အရသာတွေ့နေရာမှ အဘယ့်ကြောင့် ဟူ၍ မသိ ကြည်ကြည်လင်လင်ကလေး ရွှင်နေသော မနုမေ၏မျက်နှာသည် ချက်ချင်းမသက်မသာ ညှိုးကျသွားသည်။

"တောက်. . ."

မနုမေသည် 'တောက်' တစ်ချက်ကို ခပ်ပြင်းပြင်းကလေးခေါက်ပြီး အောက်နှုတ်ခမ်းကို အပေါ်သွားကလေးဖြင့် ဖိကိုက်ထားကာ လက်ထဲမှ သတင်းစာကိုလည်း ခပ်ညှစ်ညှစ်ကလေး ဆုပ်ချေနေရင်း . . .

"ဝယ်သူနဲ့တွေ့ရင် အင်မတန် အပြောကောင်းတဲ့လူ၊ အလုပ် သမားတွေအပေါ်မှာလည်း ဘယ်အလုပ်ရှင်နဲ့မှမတူအောင် စေတနာ ဖြူစင်တဲ့လူ၊ ကိုယ်ချင်းစာတရားနဲ့ ပြည့်စုံတဲ့လူ"

မနုမေသည် လက်ထဲမှသတင်းစာကို စားပွဲပေါ်သို့ ခပ်ဆောင့် ဆောင့်ကလေး ပစ်တင်လိုက်၏။



"ဒါပေမဲ့ အိမ်ထောင်ရေးမှာတော့ သူဟာ လူသေပဲ၊ သေနေပြီး အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး သူဘာမှ မသိဘူး။ နားမလည်ဘူး ဆယ်လိုမှ အသုံးမကျတဲ့ လူသေ"

မနုမေသည် ဤသို့လျှင် စိတ်ထဲမှ တဖျစ်ဖျစ်တောက်ရေရွတ်ရင်း ထိုင်ရာမှ ဇတ်ခနဲ ထလိုက်၏။ လေပြည်ကလေးဖြူး၍ တစ်ဟူးဟူးဝင်နေ သော ပြူတင်းပေါက်ဆီသို့ လေးကန်သောခြေလှမ်းများဖြင့် လျှောက်သွား ကာ ပြူတင်းပေါက်ပေါ် လက်တင်၍ လက်ပေါ်တွင် မေးကလေးထောက် ပြီး တစ်စုံတစ်ရာသောအတွေးကွက်တွင် လေးနက်စွာ စဉ်းစားနေ၏။

"တချို့ ဇနီးမောင်နှံတွေများ လက်ထပ်ပြီး နောက်တစ်နေ့မှာ သူတို့ကြော်ငြာလို့ ပါလာတဲ့ 'ကျေးဇူးတင်ခြင်း' ဆိုတဲ့ သတင်းအတိုအထွာ ကလေးတောင် အလုအယက်ကြည့်ပြီး ပီတိသောမနဿ ဖြစ်နေတတ် ကြတယ်။ ဟယ်လပင်လမ်းက ရေတပ်ဗိုလ်ကလေး ခင်မောင်ထွေးတို့များ သတင်းစာထဲမှာ သူတို့နှစ်ယောက်ဓာတ်ပုံ ပါလာတာကို . . .

'အကြည် ဒီမှာကြည့်စမ်း၊ ကိုယ်တို့နှစ်ယောက် ဓာတ်ပုံပါလာ တယ်။ ဒီအထဲကျတော့ အကြည်ထက် ကိုယ်ကပိုပြီးလှနေတယ်နော်'

'ဟုတ်ပါတယ်ရှင် ကိုကိုထွေးက အကြည့်ထက် ဆယ်ဆလောက် ပိုပြီးလှပါတယ်တဲ့။ ကဲ. . . ကျေနပ်ပြီလား' ညားခါစ ဇနီးမောင်နှံပီပီ ချီလိုယုယပုံလေးတွေဟာ ဘယ်လောက်များ အရသာရှိသလဲ၊ ဘေးက ကြည့်နေတဲ့ ငါတောင် ကြက်သီးထခမန်း ရွှင်ရွှင်ဝေအောင် ကြည်နူးသွား ခဲ့တယ်"

မနုမေသည် ဤသို့တွေးရင်းက မျက်ရည်ကလေးတွေ ဥလာပြန် လေ၏။

"ဖြစ်ရလေ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးက ကျွန်မထက် အနှစ် (၂၀) စောပြီး လူ့ပြည်ကို ရောက်နေရက်သားနဲ့ ဒီလိုကိစ္စတွေ ဘာတစ်ခုမှ မသိတတ်တာများ။ အို . . . မသိချင်ယောင်များ ဆောင်နေတာလား

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးရယ် ဟင်။ ဒီသတင်းစာတွေကို မနက်က အစ်ကိုကြီးဖတ်ပြ
သေးတယ် မဟုတ်လား။ ကျွန်မတို့ မင်္ဂလာဆောင်သတင်းကိုတော
တွေ့တယ်မဟုတ်လား။ တကယ် ဆိုရင် 'မနုမေ ကျုပ်တို့အကြောင်းရေး
ပါလာတယ် ဖတ်ကြည့်စမ်း' ဆိုတာ လောက်တော့ ဘာပဲဖြစ်ဖြ
ပြောသင့်သေးတယ် အစ်ကိုကြီးရယ်။ ခုတော့"

"နေကောင်းရဲ့လား မနုမေ"

ရုတ်တရက်ပေါ်လာသော ဒေါ်လှသင်း၏အသံကြောင့် မနုမေ
အထိတ်တလန့်ကလေး တုန်လှုပ်သွားသည်မှာ မနည်းကြီးသတိထား၍

"ဟုတ်ကဲ့ ဒေါ်ဒေါ် နေကောင်းပါတယ်'

လို့ ဖြေရုံသာ ဖြေလိုက်တယ်။ မနုမေကား ဒေါ်လှသင်းဘက်
ရှုတ်တရက် လှည့်မကြည့်သေးဘဲ ယိုမလိုဝဲနေသည့် မျက်ရည်ဥကလေး
များကို မျက်တောင်ခတ်၍ အလောတကြီး ရှင်းနေရရှာသေး၏။

"ထမင်းစားတော့မလား တူမ၊ အားလုံး အသင့်ကျက်ကုန်ပြီလေ"

ကျလုလုမျက်ရည်ကို စိတ်ချလောက်အောင် ထိန်းပြီးမှ မနုမေ
သည် ဒေါ်လှသင်းဘက်သို့ ခပ်ငဲ့ငဲ့လှည့်ကြည့်ကာ . . .

"ဟင့်အင်းဒေါ်ဒေါ် အစ်ကိုကြီးလာမှပဲ တစ်ခါတည်း စားတော့
မယ်"

"အစာပြေနည်းနည်းဖြင့် စားထားပါလား တူမရယ်။ လင့်
နောက်မှအိပ်၊ လင့်အရင်ထ၊ လင့်နောက်မှစား ဆိုတဲ့စကားတွေကို လျှော့
ခါးထစ် မှတ်မထားရဘူး။ လင့်နောက်မှစားမယ် ဒါမှမဟုတ် လင်နဲ့အတူ
စားမယ်ဆိုတဲ့ စိတ်မျိုးရှိတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ ဆာလို့ရှိရင်
အောင့်မနေနဲ့နော် ကြားလား။ နည်းနည်းဖြစ်ဖြစ် အဆာပြေ စားလိုက်။
နောက် သူပြန်လာတော့လည်း မစားရတဲ့အနေမျိုး အတူတူဝင်စားလိုက်
ပေါ့။ ဒေါ်ဒေါ်တို့မိန်းမတွေ လိုက်နာဖို့ဆိုပြီး လုပ်ထားတဲ့ စည်းကမ်းတွေက
ကောင်းတာလည်းရှိ၊ မကောင်းတာလည်းရှိ ဆိုသလိုပဲ ကိုယ်လိမ္မာသလို
ကြည့်ရတယ် တူမရဲ့ အဲဒါ မှတ်ထား"



အိမ်ထောင်သည်အဖြစ်နှင့် နှောကျေခဲ့ပြီဖြစ်သော ဒေါ်လှသင်း
သည် ဤသို့လျှင် အသစ်ဆက်၂ဆက် အိမ်ထောင်သည် တူမအား ဩဝါဒ
ပေးသျက်ရှိသည်။

မနုမေကား ဒေါ်လှသင်းစကားတွင် စိတ်မဝင်စားလှပဲ ယခုအခါ
အထိ သူသည် လွတ်လွတ်လပ်လပ်တွေးနေချင်သည်၊ ငေးနေချင်သည်၊
ဘာမှလည်း အမေးမခံလို၊ အဖြေပေးရန်လည်း စိတ်မပါပေ။

"ဟဲ့တူမကြီး မျက်လုံးတွေက နီလို့ပါလား၊ အို . . . မမကိုများ
လွမ်းပြီးငိုနေတာလားအေရယ်"

ဤသို့မေးလိုက်မှ ပို၍ငိုချင်လာသည်။

"မဟုတ်တာ ဒေါ်ဒေါ်ရယ်၊ ဘယ်က ငိုရမှာလဲ။ စောစောက
ဆပ်ပြာကလေး ခပ်ပြင်းပြင်းတိုက်လိုက်မှ ဖုန်ဝင်သွားလို့ ပွတ်မိတာနဲ့"

"အေး . . . အေး အိမ်ထောင်ဦးဆိုတာ မငိုကောင်းဘူး။
အဝတ်နိုင်ဆုံး ပျော်ပျော်နေရတယ်။ စိတ်ညစ်စရာဆိုလျှင် ဘာမှမတွေးနဲ့။
ဪ . . . ဒါနဲ့ မောင်ဘကိုးတစ်ယောက် ဘယ်သွားတာလဲ"

မနုမေ စိတ်ဝင်စားသောစကားလုံးကား ယခုမှပါလာတော့သည်။

"ဆိုင်သွားတယ် ထင်ပါရဲ့ ဒေါ်ဒေါ်"

"အို . . . တူမကို ဘာမှ မပြောသွားဘူးလား"

မနုမေ ရုတ်တရက် မဖြေရကျပ်သွားသည်။ အမှန်အတိုင်း
'ပြောမသွားဘူး ဒေါ်ဒေါ်' ဟုဖြေပြီးလျှင် သူ့ဒေါ်ဒေါ်သည် ကိုဘကိုး
အပေါ်၌ ဥပေက္ခာနိုင်လေခြင်းဟု စိတ်ခုသွားပေလိမ့်မည်။ သူချစ်နေပြီ
ဖြစ်သော သူ့အစ်ကိုကြီးကို ဒေါ်လှသင်း ငြိုငြင်သွားအောင် ဘာပဲဖြစ်ဖြစ်
သူကာကွယ်ရတော့မယ်။ ထိုထက် ညားခါစ ဇနီးချောကလေးအဖြစ်နှင့်
အရေးပေးမခံရသော သူ့အဖြစ်ကို ဒေါ်လှသင်း မသိစေလို။ သူ့အဖို့ ရောမ
ရှက်စရာကြီးပင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



"ပြောသွားတာပေါ့ ဒေါ်ဒေါ်ရယ်၊ ဆိုင်ကို ခဏသွားဦးမယ်တဲ့ အစ်ကိုကြီးကတော့ သိပ်သွားချင်လှပုံမပေါ်ပါဘူး ဒေါ်ဒေါ်ရယ်။ မလွှဲသာလို့ သွားရတာနဲ့ တူတာပဲ"

ဤလို ထိုလို စကားပိုကလေးများဖြင့် မနုမေသည် ကြံကြံဖန်ဖန် အသားယူလိုက်သေးတော့၏။

"ကောင်းပါလေ့အေ၊ သွားလေသူ ကျေးဇူးရှင်ကြီး ကိုရွှေအောင် ဒေါ်ဒေါ်အိမ်ထောင်ကျခါစများ သူ့ကိုချစ်ရဲ့လား၊ တကယ်ချစ်တာ ဟုတ်ရဲ့လားနဲ့ ဒါချင်း ထပ်ခါထပ်ခါ မေးနေတာ နားကိုညည်းနေတာ ညားခါစ နှစ်လလောက်ဟာဖြင့် ဒေါ်ဒေါ်ကချည်း အလုပ်ဆင်းဖို့ အတင်းတွန်းလွှတ်ရတယ်။ ဒါတောင် နေ့လည် လက်ဖက်ရည်သောက်ဆင်းရင် မနေနိုင်ဘူး။ အိမ်ကို သုတ်ခြေတင်လာတာပဲ"

အသက်(၅၀)ကျော်နေပြီဖြစ်သော ဒေါ်လှသင်းပင်လျှင် သူ့ ... သာယာခဲ့သော ငယ်စဉ်က ချစ်ခဲ့သည်များကို အနှစ်ပါပါပြောရင်း ကြည်နူး နေသေးသည်ဖြစ်ရာ လောလောဆယ် အခြေအနေ၌ ထိုသို့ဆန္ဒမျိုး ပြင်းပြ နေသည့် မနုမေအဖို့တော့ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ဒေါ်လှသင်း မြိန်ရည်ယှက်ရည် ပြောနေသလောက် ထိုစကား အလုံးတိုင်းသည် မနုမေအဖို့ ကျည်ဆံတစ်ထောင့်ကဲ့သို့သာ ဖြစ်နေ တော့၏။

"ဪ. . . ဒါနဲ့ ဒေါ်ဒေါ်၊ ဟို. . . အစ်ကိုကြီးတပည့်ကျော် ကိုထွန်းသိုက်က သားမယား မရှိဘူးလားဟင်"

မနုမေသည် ဤသို့လျှင် ဒေါ်လှသင်း၏ စကားများကို လမ်းလွှဲ ပစ်လိုက်၏။

"ရှိတာပေါ့၊ သူ့သမီးကလေးတောင် လေးနှစ်ထဲရောက်နေပတဲ့ မောင်ထွန်းသိုက်အဖြစ်ကလည်း သနားသရာပါတူမရယ်။ သူတို့လင်မယား နှစ်ယောက်စလုံး တောင်ငူမြို့နားက မိုးထိရွာဇာတိတွေတဲ့။ ကရင်မထ



အလေးဘဲ သူ့မိန်းမနဲ့ ကလေးနဲ့ အဲဒီရွာကို ခဏအလည်သွားတာ ပြဿနာဆို အရင်ထ,လာတာနဲ့ သူ့မလဲ ပြန်မလာနိုင်။ သေသလား၊ ရှိသလားလည်း သိရဘူးတဲ့"

"ဖြစ်ရလေ ဒေါ်ဒေါ်ရယ်"

"သူ့မိန်းမတော့မပြောတတ်ဘူး။ မောင်ထွန်းသိုက်ကဖြင့် မောင်ဘကိုး ဆဘောကျမယ်ဆို ကျစရာပဲ။ အင်မတန်စေ့စပ်တဲ့သူငယ်။ ချက်ရေး ပြုတ်ရေး၊ သိမ်းဆည်းရေးမှာတော့ ဒေါ်ဒေါ်တို့မိန်းမတောင် အရှုံးပေးရ လောက်ဘဲ တူမရဲ့"

"ကဲ. . . ဒေါ်ဒေါ်၊ ဒေါ်ဒေါ်တို့ အရင်စားရင်လည်း စားနှင့်ကြ တာပေါ့နော်။ ကျွန်မ တစ်ရေးလောက် မှိန်းချင်သေးတယ်"

မနုမေသည် ဤသို့ပြောရင်း ကိုယ်ကလေးကို လှည့်လိုက်သော ကြောင့် ဒေါ်လှသင်းသည် မနုမေ၏ နဖူးကလေးကို လက်ဝါးဖြင့် အုတ်စမ်းလိုက်ရာမှ

"မှန်း ငါ့တူမ နေမှကောင်းရဲ့လား၊ ကိုယ်တော့မပူပါဘူး။ အေး အေး တရေးတမော အိပ်ချင်အိပ်ဦးပေါ့ကွယ်"

သို့ပြောလိုက်ပြီးမှ ဒေါ်လှသင်းသည် မနုမေနားဆီသို့ကပ်၍ ဘာ သယ်လိုပြောလိုက်သည်မသိ။

"အို. . . ဒေါ်ဒေါ်ကလဲ"

ရှက်စနိုးအမူအရာဖြင့် ဤလိုရေရွတ်ရင်း တလှမ်းချင်းလှည့်ထွက် သွားသောကြောင့် ဒေါ်လှသင်းမှာ မနုမေ၏ နောက်ပိုင်းကိုကြည့်တာ ပြုံးပြုံးကြီး ကျန်ရစ်ခဲ့၏။

မနုမေလည်း အခန်းထဲသို့ရောက်သည်နှင့် ကုတင်ပေါ် သာ ... အယာလှဲချလိုက်ပြီး မဆုံးနိုင်သော အတွေးကြောတွင် မြောမွေ့သကဲ့သို့ လှုပ်မယှက် ငြိမ်သက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကိုး သူကား အဘယ်လို လူစားပေနည်း။ ခေတ်ပျက်နှင့် ကြုံလိုက်စဉ်က အပွကြီးပွခဲ့သော ဘုန်းကြီးလူထွက်များ ဖြစ်နေလေသလော။ မနုမေ ဤသို့တွေးလိုက်၏။ ချက်ချင်းပင် ထိုအတွေး မဖြစ်နိုင်ကြောင်း သိလာ၏။ ကိုဘကိုးတွင် ဘုန်းကြီးလူထွက်နှင့်တူသော အရိပ်အယောင် တစ်စွန်းတစ်စမျှမပေါ်ခဲ့။ အိမ်ထောင်ရေးနှင့်ပတ်သက်၍ ဥပေက္ခာနိုင်မှုကို အထောက်အထားပြု၍ တွေးမိခြင်းသာဖြစ်၏။ အမှန်အားဖြင့်ဆိုသော် ဘုန်းကြီးလူထွက်တို့မည်သည် အိမ်ထောင်ကျရာ၌ သားမယားကို သာမန်လူများထက် ပိုမိုယုယတတ်သည်။ ဇနီးဖြစ်သူ ခေါင်းကိုက်သည်ဆိုရုံနှင့် ပျာယာခတ်၍ မနေတတ် မထိုင်တတ် ဖျတ်ဖျတ်လူး ပြုစုလေ့ရှိတတ်၏။ ဤလိုလူမျိုးကို တွေ့ဖူးမြင်ဖူးခဲ့သည်၏ အဖြစ်ကို မနုမေသည် နောက်မှ သတိရလာ၏။

ကိုဘကိုးသည် ဘုန်းကြီးလူထွက် မဟုတ်နိုင်။ သို့ဖြစ်လျှင် သူ ဘယ်လိုလူစားနည်း။ တစ်ကြိမ်တစ်ခါမျှ အိမ်ထောင်မပြုဘူးသည့် လူပျိုကြီးပင် ဖြစ်လေသလော။

မနုမေ အသက်(၁၄)နှစ် သမီးလောက်က သူ့ဖေဖေ၏ ညီဝမ်းကွဲ တော်သူ ဦးလေးလူပျိုကြီးတစ်ယောက်နှင့် အတူနေခဲ့ရဖူးသည်။ ထို လူပျိုကြီးကား အလွန်ဒေါသကြီး၍ မနုမေကိုယ်တိုင် မော်မကြည့်ဝံ့အောင် ကြောက်ခဲ့ဖူးသည်။ ထိုဦးလေးသည် သူလိုချင်သော ပစ္စည်းတစ်ခုကို မရလျှင် ရသည့်နည်းနှင့် ယူတတ်သည်။ မိဘထံတွင် တစ်ခါက မော်တော်ကား ဝယ်ရန် ငွေတောင်းသည်ကို မရသဖြင့် ဓားနှင့်ခြိမ်းခြောက်၍ ငွတ်တောင်း ပြီး မော်တော်ကားကို ငွတ်ဝယ်ခဲ့သည်။

ထိုမျှဒေါသကြီးသော မနုမေ၏ ဦးလေးလူပျိုကြီးကား မိန်းမရ သည့်နေ့မှစ၍ ပြားပြားဝပ် ငြိမ်ကျသွားတော့၏။ မယားက ခေါ်လိုက်လျှင် ကပျာကယာထူး၍ တရှုးထိုးပြေးသွားတတ်သည်။ မယားကို ယုယကြင်နာ လိုက်သည်မှာလည်း ဘေးလူ အမြင်ကပ်လောက်အောင်ပင် ဖြစ်တော့၏။



အခြားအခြားသော လူပျိုကြီးများကိုလည်း မနုမေ တွေ့ဖူး သည်။ ကိုဘကိုးနှင့်ယှဉ်၍ စဉ်းစားလိုက်လျှင် မည်သို့မျှဆက်စပ်၍ မရ နိုင်လောက် အောင် ကွာခြားနေသည်ကိုသာ တွေ့ရသည်။ သို့ဖြစ်လျှင် ကိုဘကိုးအား အဘယ်လိုလူစားဟု ယူဆမည်နည်း။

လူအဖြစ်နှင့် အောက်တန်းအကျဆုံးဘဝတွင် ရောက်နေသော သူတောင်းစားသည်ပင် ညားခါစလင်မယားအဖြစ်နှင့် ကိုဘကိုးကဲ့သို့ ခပ်ပစ်ခါခါ ရှိုင်းစိုင်းလိမ့်မည် မဟုတ်ပေ။ အနည်းဆုံး သုံးလေးရက်တော့ တောင်းရမ်းသည့် အလုပ်ကိုနားပြီး မယားကလေးနှင့် ကြူနေပေဦးမည်။

“ဟုတ်ပါတယ် သူဟာ လင်အဖြစ်နဲ့ ဘာမှမသိတဲ့လူ အိမ်ထောင်ရေးမှာ သေနေပြီ သူလူသေ”

မနုမေသည် ရီဝေသော မျက်လုံးများဖြင့် ကြက်ဥနှစ်ရောင် ထိုက်မျက်နှာကျက်ကို ငေးကြည့်ရင်း ဤသို့ ရေရွတ်လိုက်၏။

“ဘာတွေ ပြောနေတာလဲ မနုမေ”

ထိုမည်သော ကိုဘကိုး၏ အသံကြောင့် မနုမေ တကိုယ်လုံး ကြက်သီးမွေးညှင်း ထ,သွား၏။ ရင်ညွန့်ကလေးမှာ တဒိတ်ဒိတ်ခုန်နေ တော့ကာ ဘာပြော၍ ဘာဖြေရမည်မသိ။ အနီးတွင်ရပ်နေသော ကိုဘကိုး ကိုသာလျှင် ငေးကြည့်နေမိရာမှ ပျာပျာသလဲ ထ,ထိုင်လိုက်စဉ် . . .

“မနုမေ မင်း နေကောင်းရဲ့လား”

နံနက် မိုးလင်းသည်မှ ယခုအထိ ညစ်နွမ်းခဲ့ရသောစိတ်မှာ ထို “နေကောင်းရဲ့လား” မေးလိုက်သည့် ကိုဘကိုး စကားကြောင့် ပျောက်ပျက် ကုန်တော့ကာ . . .

“ဒီလိုတော့လည်း အကိုကြီးက ကြင်နာတတ်သားပဲ”ဟု စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

“ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်မလည်း ပျင်းပျင်းရှိတာနဲ့ လှဲနေတာပါ နေကောင်းပါတယ်”

“အေး . . . နေထိုင်မကောင်းရင် ချက်ချင်းပြောနော် ရောဂါသို့ မွေးမထားနဲ့ ကြားရဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မနုမေ ဖြေလိုက်သော စကားဆုံးသည်နှင့် ကိုဘကိုးသည် အကျႌချိပ်ရှိရာ မှန်တင်ခုံနားသို့ ရောက်သွားပြီး အပေါ်အကျႌကိုချွတ်၍ ချိတ်လိုက်၏။ တစ်ဖန် ထိုအပေါ်အကျႌအိပ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်၍ မျက်နှာကိုသုတ်ရင်း ကုတင်ဆီသို့ လျှောက်လာကာ တင်မလွှဲ ဝင်ထိုင်လိုက်ရင်း . . .

"မနုမေ ထမင်းကော စားပြီးပြီလား"

ကိုဘကိုး၏ မျက်နှာထားမှာ ယနေ့ နံနက် စာဖတ်ခန်းတွင် တွေ့ရသော မျက်နှာမျိုးလောက် ဆိုးဝါးမာတင်းခြင်း မရှိလှစေကာမူ ညားခါစ ဇနီးမောင်နှံတို့လိုကား ချိုသာခြင်းမရှိ။ တည်တည်ငြိမ်ငြိမ်နှင့် ကြန္တြေရနေသော အမူအရာမျိုးဖြစ်၏။

"မစားရသေးဘူး အစ်ကိုကြီး အစ်ကိုကြီးနဲ့မှ အတူတူ စားတော့မယ်ဆိုပြီး"

"မဆာသေးလို့လား ဒါမှမဟုတ် ဆာရက်သားနဲ့ အောင့်ပြီး မစားဘဲ ကျုပ်ကိုစောင့်နေတာလား"

အဓိပ္ပာယ်နှစ်မျိုးပါသော ပုစ္ဆာနှစ်ခုဖြင့် စုပေါင်းမေးလိုက်သည်ဖြစ်သောကြောင့် မနုမေ ရုတ်တရက် အဖြေရကြပ်သွား၏။ ကြာကြာစဉ်းစားရန်လည်း အချိန်မရသည်နှင့် . . . .

"ဟုတ်ကဲ့ ဆာလည်းမဆာသေးတာတစ်ကြောင်း အစ်ကိုကြီးကိုလည်း စောင့်ချင်သေးတာနဲ့"

ပျဉ်းကတိုးလည်းမာ၏။ ကျွန်းလည်းကောင်းပါ၏ဟူသော ဆိုပွတ်ကျည်ပွေ့စကားမျိုးကဲ့သို့ အလိမ္မာကလေးသပ်၍ ပြောလိုက်သဖြင့် . . .

"ဒီမှာမနုမေ ဘာပဲဖြစ်ဖြစ် လင်ကိုဦးစားပေးပြီး လင့်နောက်မှ စားရတယ်လို့ဆိုတဲ့စကားကို ကြားဖူးသလား"

"ဟုတ်ကဲ့ ကြားဖူးပါတယ်"



"အေး. . ဒီစကား ဒီစနစ်ဟာ သူ့ခေတ်နဲ့သူတုန်းက ကောင်းချင်ကောင်းမှာပဲ ဒါပေမဲ့ ခုခေတ်မှာတော့ နည်းနည်းမှ အဓိပ္ပာယ်မရှိဘူးလို့ ကျုပ်ယူဆတယ်။ တချို့မိန်းမတွေဟာ လင်ပြန်မလာမချင်း ထမင်းမစားဘူး စောင့်နေတတ်ကြတယ်။ လင်ယောကျာ်းက ကိုယ့်သားမယားဟာ ကိုယ့်ကို ဒီလောက်ရိုသေမြတ်နိုးပါလားရယ်လို့ အလိုက်သိသလားဆိုတော့ များ သောအားဖြင့် မသိကြဘူး။ သွားချင်ရာသွား၊ လည်ချင်ရာလည်, အချိန်မရှိမှ ပြန်လာတတ်တော့ မယားဖြစ်သူမှာ အူတလိမ်လိမ်နဲ့ပဲ စောင့်နေရ တယ်။ ဒါဟာ လူလူချင်း အနိုင်ကျင့်တဲ့ တစ်ဖက်သတ်စနစ်ပဲ"

ဝမ်းနည်းအားငယ် ကိုဘကိုးကြောင့် မျက်ရည်တလည်လည်နှင့် နှမ်းခဲ့ရသေ မနုမေမှာ ယခုမူ ကိုဘကိုး ပြောနေသော စကားများကြောင့် ဝင် လှိုက်လှိုက်လှဲလှဲ အသဲထဲက ကြည်နူးနေမိ၏။

"အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး အစ်ကိုကြီးဟာ ငါထင်သလောက် အမြင်မကျဉ်းရှာဘူး"

ဤသို့လည်း တွေးမိ၏။ ကိုဘကိုးအား ချစ်ရည်ရွှမ်းနေသော မျက်လုံးများဖြင့်လည်း ငေးကြည့်နေမိ၏။

"အဲဒီတော့ ကျုပ်မှာထားမယ်။ အစားအသောက်နဲ့ ပတ်သက်လို့တော့ အဆာခံပြီး ကျုပ်ကို ဘယ်တော့မှ မစောင့်နဲ့။ ဆာတဲ့အချိန်မှာ စားနှင့်"

ထိုသို့သော ချောင်ပြေပြစ်၍ စနစ်ဆွေးကို တော်လှန်လိုက်သည့် စကားကို ကြားရသည်၌ မနုမေ၏ မျက်နှာထားမှာ ပို၍ပို၍ ကြည်လင်လာတော့၏။

"လင့်နောက်မှအိပ်၊ လင့်အရင်ထဆိုတဲ့ စကားနှစ်ခုအနက် လင့်အရင်ထရမယ်ဆိုတာတော့ကြိုက်တယ်။ ဒါမှ ချက်ရေးပြုတ်ရေးအတွက် စောစောစီမံနိုင်တယ်။ လင့်နောက်မှအိပ်ဆိုတာတော့ သဘောမကျဘူး။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်တဲ့အချိန်အိပ်။ လူဆိုတာ သွေးနဲ့ကိုယ် သားနဲ့ကိုယ် အိပ်ချင်တဲ့အချိန် အိပ်ရမှကောင်းတယ်။ ဒါပေမဲ့ နေ့လည်နေ့ခင်းမှာ အပျင်းထူပြီး အိပ်တာတော့ ကျုပ်မကြိုက်ဘူးသိလား"

"ကျွန်မလည်း နေ့လည် မအိပ်တတ်ပါဘူး အစ်ကိုကြီး"

"အင်း. . . ဒါကောင်းတယ်။ အိပ်ရေးပျက်လို့ အိပ်တာကိုတော့ ကျုပ်ခွင့်လွှတ်နိုင်တယ်။ ထမင်းစားပြီး တစ်ရေးလောက်ဆိုပြီး နှပ်တာမျိုးတော့ ကျုပ်မကြိုက်ဘူး။ အကျင့်ပါတယ်"

ကိုဘကိုးလည်း သူ့စကားဆုံးသည်နှင့် ဖြုန်းကနဲထ၍ အခန်းထဲမှ ထွက်သွားသောကြောင့် မနုမေမှာ ငိုင်ငေးတွေဝေနှင့် ကြက်သေ, သေကျန်ရစ်ခဲ့၏။ ချက်ချင်းပင် ကုတင်ပေါ်မှထ၍ တွန့်ပွနေသော ပဒုမ္မာ အင်္ကျီကလေးကို အောက်အနားပတ်မှကိုင်ကာ ဆွဲ၍ဆန့်လိုက်ပြီး မှန်တင်ခုံဆီသို့ လျှောက်သွား၏။

မှန်ထဲတွင် မြင်နေရသော မနုမေ၏မျက်နှာကလေးမှာ နံနက်စောစောကကဲ့သို့ ရွှင်ပျခြင်းမရှိလှသော်လည်း လွန်ခဲ့သည့်နာရီဝက်အချိန်ကလောက် ညိုးညိုးငယ်ငယ်မရှိတော့ပေ။ အနည်းငယ်ဆိုသလို သာယာကြည်လင်နေသည်ကို တွေ့ရ၏။

မနုမေလည်း အံဆွဲကိုဖွင့်၍ ပေါင်ဒါဘူးကိုထုတ်ပြီး တို့ပတ်ကလေးဖြင့် ဖုံဖုံပါအောင် တို့ရိုက်နေပြန်၏။ နံနက်စောစောကတစ်ကြိမ်၊ (၉)နာရီလောက်တွင်တစ်ကြိမ် မနုမေ ဤမှန်တင်ခုံတွင် အလုပ်များခဲ့သည်မှာ ခါတိုင်းကဲ့သို့ လုပ်နေကြသဘောမျိုးမဟုတ်ဘဲ သူ့အစ်ကိုကြီးမျက်စိထဲတွင် လှသထက်လှအောင် ကျကျနန သ,ရ၊ ပြင်ရ၊ မွမ်းမံရခြင်းသာဖြစ်၏။

"ဟင့်. . . အစ်ကိုကြီးကလည်း ပေါင်ဒါတွေပျက်ကုန်ပြီ"

သူ့အစ်ကိုကြီး ကြုံလျှင် ငါဒီလိုမူလိုက်မည်ဟူသော ရည်ရွယ်သည်လည်းပါသေး၏။ သို့သော် အစ်ကိုကြီးကလည်းမကြုံ။ မနုမေကလည်း မမူလိုက်ရ။ ယခု သူတစ်ဖန် ပြန်သနေပြန်လေပြီ။



စိတ်တိုင်းကျ အလှပြင်ပြီးသည်နှင့် မနုမေသည် ခြေလှမ်းကလေး နွဲ့နွဲ့ဖြင့် အခန်းထဲမှ လှည့်၍ထွက်လာခဲ့၏။ ဧည့်ခန်းတွင် ရှိနေလိမ့်မည်ထင်သော သူ့အစ်ကိုကြီးကိုမတွေ့။ မတွေ့ရသဖြင့် စာဖတ်ခန်းထဲများ ရောက်နေသလားဟူသော အတွေးကလေးဖြင့် စာဖတ်ခန်းဆီသို့ လျှောက် လာခဲ့၍ တံခါးဝအနီးသို့ရောက်သည်နှင့် . . .

"ကျုပ် အခန်းထဲမှာရှိနေတုန်း မင်းမလာရင် မင်းအဖို့ရော ကျုပ်အဖို့ရော ကောင်းမှာပဲ"

ယနေ့နံနက် မနုမေ စာဖတ်ခန်းထဲ ဝင်သွားစဉ်က ကိုဘကိုးပြောလိုက်သောစကားကို ကြားယောင်လာသဖြင့် မနုမေသည် ရုတ်တရက် ဆက်မသွားသေးပဲ . . .

"သူ့အခန်းထဲဝင်တာ မကြိုက်ဖူးထင်ပါရဲ့" ဟူသောအတွေးတလေးဖြင့် လန့်ကာ အတန်ကြာ တန့်နေလေ၏။ မည်သို့ဖြစ်စေ အထဲမဝင်ရသည့်တိုင်အောင် သူ့အစ်ကိုကြီး ရှိ၊ မရှိ သိရလျှင်တော်ပြီ။ သို့နှင့် မနုမေသည် အခန်းတံခါးဝရောက်သည်အထိ ဆက်၍လျှောက်ခဲ့သည်၌ အခန်းတံခါးမှာ သော့တန်းလန်းနှင့် ပိတ်ထားသည်ကို တွေ့ရ၏။

"ဘယ်များ ထွက်သွားပါလိမ့်"

ဤလို စိတ်ထဲမှ ရေရွတ်ရင်း မနုမေသည် တိုက်တံခါးမကြီးဆီသို့ လျှောက်လာကာ အိမ်ရှေ့ပန်းခြံထဲသို့ လှမ်းမျှော်ကြည့်မိ၏။ ကိုဘကိုးနှင့် တူ၍ ဖြူဖြူအရိပ်သော်မှ မတွေ့ရသည်နှင့် ငါးထစ်ခန့်ရှိသော တမံသလင်းလှေကားကလေးကို တစ်ထစ်ပြီးတစ်ထစ်ဆင်းကာ ဆင်ဝင်အောက်အထိ လျှောက်လျှက် တိုက်ဘေးတစ်ချက်ရှိ ပန်းခြံ၊ မော်တော်ကားဂိုဒေါင်များဆီသို့ မျက်လုံးကစားလိုက်ပြန်သည်။ ကိုဘကိုးကား မတွေ့။

မနုမေသည် မော်တော်ကားဂိုဒေါင်ဆီ၌ အတန်ကြာ ငူစိုက်တွေဝေနေရာမှ . . .

"ကားလည်းမရှိတော့ဘူး။ ပြန်ထွက်သွားပြန်ပြီ ထင်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူပြန်လာတုန်းကလည်း ကားသံမကြားမိဘူး။ ဘယ်များသွားပါလိမ့်"

သို့တွေးနေရာမှ ကိုဘကိုးအားရှာရန် နေရာတစ်ခု ကျန်သေးသည်ကို သတိရလာသဖြင့် တိုက်ထဲဝင်ကာ အပေါ်ထပ်သို့တက်မည်ပြုသည်နှင့် အပေါ်ထပ်မှဆင်းလာသော ဒေါ်လှသင်းကို တွေ့ရသဖြင့် မနုမေသည် ရုတ်တရက် မတက်သေးဘဲ ဒေါ်လှသင်းအားမေးရန် လှေကားတစ်ထစ်တွင် ခြေတစ်ဖက်တင်ရင်း စောင့်နေ၏။

"ဟဲ့ မနုမေ အပေါ်မှာ မောင်ဘကိုး ထမင်းစားနေပြီ။ ညည်း ဘာဖြစ်လို့ လိုက်မလာတာလဲ။ တယ်ခက်တာကို တူမရဲ့။ နို့ သူကကော ထမင်းစားမယ်လို့ မပြောဘူးလား"

အပြစ်တင်သလို လေသံဖြင့် ဒေါ်လှသင်း ဤသို့မေးလိုက်သည်တွင် မနုမေမှာ တွေဝေမှုနောက် ဦးနှောက်တွေပင် ခြောက်ခမ်းကုန်တော့သည့်ပမာ ယောင်ချာချာငေးနေမိ၏။

"ငါ့တူမ ထမင်းမစားရသေးဘူး မဟုတ်လား။ မဆာပေမဲ့လည်း နည်းနည်းဖြစ်ဖြစ် အတူတူ ဝင်စားလိုက်ရောပေါ့။ လုံးလုံးစားချင်တဲ့စိတ် မရှိတောင် ကိုယ့်လင်ထမင်းစားနေတဲ့အခါ (ယင်ခါ၊ ယပ်ခတ်)လုပ်ပေးရမယ်။ အရိုးထွင်တန်ထွင်ပေးရမယ်။ လင်လုပ်တဲ့လူ ထမင်းစားမကောင်းကောင်းအောင် အနားကနေပြီး ပီယဝါစာစကားကလေး ပြောရမယ်။ ခုတော့ ညည်းဥစ္စာကအေ"

ယခုအချိန်အထိ မနုမေမှာ အဖြေမပေးနိုင်သေးဘဲ တွေငေးကလေး ငိုင်နေရှာ၏။

"ဒီမှာ မနုမေ ညည်းနဲ့မောင်ဘကိုးနဲ့ညားတာ ဒီနေ့ပါထည့်တွက်မှ တစ်ညနဲ့နေ့တစ်ဝက်ဘဲ ရှိသေးတယ်ဆိုတာကလေးများ မစဉ်းစားမိဘူးလားဟင်။ ဒေါ်ဒေါ်ဟာ အသက်(၅၀)ကျော်လို့ (၄)နှစ်ဘဲစွန်းလာပြီ အသက် (၁၄)နှစ်လောက်ကစပြီး အနှစ်(၄၀)အတွင်း တွေ့ခဲ့ရတဲ့ ညားခါစ လင်မယားတွေထဲမှာ တူမတို့လို အေးအေးဆက်ဆက် လင်မယားမျိုး



တွေ့ဖူးပေါင်အေ။ ခုလိုအချိန်မျိုးမှာဆိုရင် အခန်းထဲမှာ တွတ်တွတ်တွတ်တွတ်နဲ့ ထမင်းလည်းမေ့၊ ဆွေမျိုးပါမေ့ဆိုတဲ့အခါမျိုးပေါ့။ သီချင်းတောင်ရှိသေးတယ်မဟုတ်လား။ (ကြားလေသွေးရင်တောင် တစ်ပြည်နှစ်ပြည် ဝေးတယ်လို့) ဆိုတာ"

မနုမေမှာ အဘယ်စကားနှင့် အဘယ်လိုဖြေ၍ အဘယ်ပုံပြေပြစ်အောင် ပြောရမည်ကို စဉ်းစားမရ။ ကိုဘကိုးသည် မနုမေ ထမင်းမစားရသေးသည်ကို သေသေချာချာ သိသွားပါလျက်နှင့် မိမိအား ထမင်းစားမခေါ်ဘဲ ထွက်သွားပြီး တစ်ယောက်တည်း တက်စားနေသည်မှာ အဘယ်ကြောင့်ဟု စဉ်းစားမရသည်ကတစ်ဖက်၊ ဒေါသလည်းထွက်၊ ရှက်လည်းရှက်နှင့် အံ့သဲအက်မတတ် ဆတ်ဆတ်ခါ ဆွေးနေရသည်ကတမျောက်။ ကြောင်းကျပူပန် ကောင်းစေလိုသော စေတနာနှင့်ယှဉ်၍ တွင်တွင်ကြီးပြောကာ အလောသုံးဆယ်မေးနေသော သူ့ဒေါ်ဒေါ် စကားတွေကို အဆင်ပြေအောင် ဖြေဖို့ကလည်း ရုတ်တရက် တွေးမရသည်ကတစ်ဖုံဖြင့် မနုမေခမြာမှာ ရှုးလောက်သည့် အဖြစ်မျိုးစုံကို တစ်ချိန်တည်း စုပြုံခံစားနေရရှာ၏။

"ပြောစမ်းပါဦး မနုမေရယ်၊ မောင်ဘကိုး ထမင်းစားတာကို ညည်းမသိလိုက်လို့လား။ သူကရော မမေးဘူးလား ထမင်းစားပြီးမြီလားလို့"

"နေစမ်းပါဦး ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ်ကလည်း အမျိုးမျိုးတွေမေးနေတာ ဘာပြောရမှန်းတောင် မသိတော့ဘူး။ အင်း. . . ကျွတ်၊ ကျွတ် ဗိုက်နာလိုက်တာ။ ကဲ. . . ဒေါ်ဒေါ်၊ ဒေါ်ဒေါ်ပဲ ကြည့်ရှုပြီး လုပ်လိုက်ပါဦး။ ကျွန်မနောက်ဖေး"

မနုမေသည် ဤသို့ပြောနေရာမှ ဗိုက်ကလေးကို လက်နှစ်ဖက်ဖြင့်ထောက်ရင်း အန္တရာယ်ကြာကြာ လွှယ်မထားနိုင်တော့သည့်အသွားအိမ်သာရှိရာ နောက်ဖေးဘက်ဆီသို့ ခပ်သုပ်သုပ်ကလေး ပြေးထွက်သွားသောကြောင့် ဒေါ်လှသင်းမှာလည်း မကျေမနပ် အပေါ်ထပ်သို့၊

www.burmeseclassic.com

www.burmeseclassic.com



လှမ်းတက်သွား၏။

အိမ်သာထဲဝင် ဂလန့်ကို သေသေချာချာချိပ်၍ စိတ်မကောင်းကြီးစွာနှင့် လေးလေးပင်ပင် ထိုင်ချလိုက်သော မနုမေမှာ အပြည့်မျက်ရည်ဖြင့် ရှိုက်ငိုလျက်ရှိ၏။ အိမ်သာထဲဝင်လာသည်မှာ အပေါ့အလေးစသည့် အရေးအခင်းအတွက်မဟုတ်။ မေးရင်းပြော၊ ပြောရင်းမေးနှင့်အရေးတကြီး ဖြစ်နေသော ဒေါ်လှသင်း၏စကားများအတွက် အကွက်လည်အောင် မဖြေနိုင်သည်နှင့် ညက်စင်၍ထွက်လာခြင်းမျှသာဖြစ်၏။

မနုမေသည် အိမ်သာထဲ လက်ဝဲဘက်ထောင့်ရှိ ရေဘုံဘိုင်ကလေးကိုဖွင့်လိုက်သည်။ ထိုဘုံဘိုင်အောက်တွင် ခံထားသော နှစ်ပေါင်ဝင် ထောပတ်ဘူးအလွတ်ကလေး ရေပြည့်လာသောအခါ ဘုံဘိုင်ကို ပိတ်လိုက်သည်။ နောက် သံဘူးထဲမှရေကို သွန်ပစ်လိုက်သည်။ တစ်ဖန် လက်ျာဘက်နံရံ ပြူတင်းပေါက်တွင် တင်ထားသော မုန့်သေတ္တာပုံးအလွတ်ထဲမှာ စက္ကူစုတ်တစ်ခု ဆွဲယူပြီး တစ်လက်မစီလောက် စုတ်၍စုတ်၍ ချနေပြန်သည်။ သူအိမ်သာထဲ ရောက်သည်မှ ယခုအချိန်ထိ ပြုမူနေသမျှတို့မှာ လုံးဝ ရည်ရွယ်ချက်မရှိသလို ဖြစ်တော့၏။ အမှန်လည်း ဘာမှ အဓိပ္ပာယ်မရှိပေ။

စိတ်၏တည်ငြိမ်ခြင်းကင်းမဲ့နေသည်နှင့်အမျှ မနုမေ၏ခန္ဓာကိုယ် အစိတ်အပိုင်းများသည်လည်း လှုပ်ရှားလျက်ရှိ၏။ သို့လျှင် လက်မငြိမ် ကိုယ်မငြိမ် လှုပ်ရှားနေရာမှ တစ်စုံတစ်ခုသော အာရုံတွင် စူးစိုက်တည်တံ့သွား၍လားမသိ။ မနုမေသည် မျက်နှာချင်းဆိုင်တည့်တည့်ရှိ နံရံမှ လက်တစ်ဆစ်ခန့် ပဲ့နေသောနေရာကို စူးစူးစိုက်စိုက် ကြည့်ရှုတည်ငြိမ်နေသကဲ့သို့ ခန္ဓာကိုယ်တစ်ခုလည်း လှုပ်ရှားမှု ကင်းမဲ့နေ၏။

"မနုမေ နေကောင်းရဲ့လားတဲ့။ သူရောက်လာလာချင်းမေးတယ်။ ငါ တစ်မနက်လုံး သူ့ကြောင့် စိတ်ဆင်းရဲခဲ့ရတာတွေ၊ ငိုခဲ့ဆွေးခဲ့ရတာတွေ ဟာ အဲဒီ မနုမေနေကောင်းရဲ့လားလို့ မေးလိုက်တဲ့ စကားတစ်လုံးကြောင့်



ဘဲ ငါ့စိတ်ဟာ တမဟုတ်ချင်း ကြည်လင်လာခဲ့တယ်။ သူ့အပေါ်မှာ အထင်မှားပြီး စိတ်နာခဲ့ရတာတွေလည်း တစ်ခါတည်း ပျောက်သွားရုံသာမက သူ့ကိုတောင် ပိုပြီးချစ်သလိုလို၊ ကြည်ညိုသလို ဖြစ်လာခဲ့မိတယ်"

မနုမေ ဤသို့လျှင် အစီအရီတွေးနေခိုက် ပြူတင်းပေါက်မှ တရှိန်ထိုးဝင်လာသော ယင်ကောင်ကလေးတစ်ကောင် နဖူးတွင် လာနားသည်ကို သူ့လက်ကလေးဖြင့် ခါလိုက်ရသောကြောင့် ရုတ်တရက် အာရုံပျက်သွား၏။

"ပြီးတော့လည်း ဂရုတစိုက် မေးရှာသေးတယ်။ ထမင်းကော စားပြီးပြီလားလို့ ဒီလိုအမေးခံလိုက်ရတော့ ငါ့အသဲထဲမှာ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်လာပြီး သူ့ကို ချစ်သွားမိတယ်။ ထမင်းဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် အစားအသောက်နဲ့ပတ်သက်ရင် ဆာတဲ့အချိန်မှာစား၊ ကျုပ်ကို ဘယ်တော့မှ မစောင့်နဲ့တဲ့။ ဒါဟာ သာမန်ယောက်ျားတွေ မလိုက်လျောနိုင်တဲ့ ခွင့်ပြုချက်ပဲ။ ဘယ်လောက်များ တရားမျှတလိုက်သလဲလို့ ဟင်။ အိပ်တာ အတူတူပဲ အိပ်ချင်တဲ့အချိန်မှာ အိပ်နိုင်သတဲ့။ အစ်ကိုကြီး အစ်ကိုကြီးဟာ ယောက်ျားတိုင်းနဲ့မတူတဲ့ ယောက်ျားတစ်ယောက်ပါလား အစ်ကိုကြီးရယ်။ ဒါပေမဲ့. . ."

မနုမေသည် စိတ်ထဲတွင် ထိုလိုတွေးရင်းက ကျမျက်ရည်တွေတွေ စီးလာတော့၏။

"ဒါပေမဲ့ အစ်ကိုကြီးဟာ ဘယ်လိုလူစားရယ်လို့ ကျွန်မ အကဲခတ်နိုင်တော့ပါလား အစ်ကိုကြီးရယ်။ ဟင်. . . ဒီလိုယောက်ျားတိုင်း ပေးနိုင်ခဲ့တဲ့ အခွင့်အရေးတွေပေးပြီးမှ အစ်ကိုကြီး ပြုမူသွားပုံဟာ ကျွန်မ အသဲနှလုံးကို ဓားတုံးတုံးနဲ့ ကြိတ်လှီးလိုက်တာနဲ့ ဘာထူးသေးတော့လဲ အစ်ကိုကြီးရဲ့"

မနုမေသည် ဝေကျလာသော မျက်ရည်များကို အကျႌလက်စ ကလေးနှင့်သုတ်၍ အုပ်အုပ်ရှုလိုက်ပြီးမှ . . .

စောစောက အစ်ကိုကြီးမေးတယ်။ ကျွန်မကို ထမင်းစားပြီး ပြီလားလို့ ဒီတော့ ကျွန်မက မစားရသေးတဲ့အကြောင်း လောက်သာ

www.burmeseclassic.com



မဟုတ်ဘဲ (အစ်ကိုကြီးနဲ့ အတူတူစားတော့မယ်ဆိုပြီး စောင့်နေတာပါ) ဆိုတဲ့စကားကိုတောင် ပေါ်လွင်သထက် ပေါ်လွင်အောင် ခပ်ကျယ်ကျယ်ကလေး ပြောလိုက်ပါသေးတယ်။ အဲသလို ကျွန်မ ထမင်းမစားရသေးကြောင်း သေသေချာချာ သိသွားတဲ့ အစ်ကိုကြီးဟာ ကျွန်မကို ထမင်းစားမခေါ်ဘဲ ခုလို တစ်ယောက်တည်း တက်စားတဲ့ အဓိပ္ပာယ်က ဘယ်လိုသဘောလဲ အစ်ကိုကြီးရယ်။ ဟင်. . . ဘယ်လိုသဘောမျိုးလဲ”

မနုမေသည် ရှိုက်သံကလေးလှုံ့၍ တရှုံ့ရှုံ့ဖြစ်နေရှာ။

“နောက် တစ်လ၊ နှစ်လကြာသော် ဒီလိုအပြုအမူမျိုးနဲ့ ဥပေက္ခာအထားခံရရင် ကျွန်မ ကျေနပ်ပါသေးတယ်။ ခုတော့ တစ်ယောက်နဲ့တစ်ယောက် ညားလို့မှ တစ်ညကျော်ခါရှိသေးတယ်။ ဒီလောက် စိမ်းကားရက်စက်ပြီး ပစ်ပစ်ခါခါ နေရက်တာတော့”

မနုမေ ဆက်မတွေးနိုင်ဘဲ မိုက်ခနဲ ယိုင်သွားသောကြောင့် နံရံကို မှေးကိုင်ထားလိုက်ရ၏။

“ခု ဒေါ်ဒေါ်ကမေးပြီ။ ကျွန်မ ဘယ်လိုဖြေရမလဲ အစ်ကိုကြီးရယ် ဟင်၊ ကျွန်မ ဘယ်လိုဖြေရမလဲ။ ညားခါစ လင်မယားတွေအဖို့ ဒီလိုချိန်ဟာ ထမင်းမေ့၊ ဟင်းမေ့၊ ဆွေမျိုးပါမေ့တဲ့ အချိန်မျိုးတဲ့ ဒေါ်ဒေါ်ပြောသွားတယ်။ ကျွန်မ မြင်ဖူးခဲ့တဲ့ ညားခါစ ဇနီးမောင်နှံတွေဟာလည်း ဒီအတိုင်းပဲ ဟုတ်တယ်။ ဒီအတိုင်းမှ ဒီအတိုင်းပဲ။ ဒါပေမဲ့ အစ်ကိုကြီးကတော့ ထမင်းနဲ့ဆွေမျိုးကို မမေ့ဘဲ ကျွန်မကို မေ့ထားတယ်။ အစ်ကိုကြီးဟာ ဝယ်သူနဲ့ ဆက်ဆံရေး၊ အလုပ်သမားနဲ့ ဆက်ဆံရေး၊ စီးပွားရေးတွေမှာ အမြင်ကျယ်ပြီး တော်သလောက် အိမ်ထောင်ရေးမှာ အမြင်ကျဉ်းပြီး ရှော်နေပါရောလား အစ်ကိုကြီးရယ် ဟင်”

နှာခေါင်းဝသို့ စီးဆင်းလာသော နှာရည်များကို မနုမေသည် လက်ညှိုးလက်မကလေးဖြင့် ညှပ်၍ပစ်လိုက်၏။

“ကျမကောက်၊ ပျောက်မရှာ၊ ဝါးဆေးတံပမာလို ဥပေက္ခာထားပြီး အစ်ကိုကြီးပြုမူသွားလို့ ဒေါ်ဒေါ်က ကျွန်မကိုမေးပြီ။ ညည်းကို သူက



မပြောဘူးလား၊ ထမင်းစားမယ်လို့တဲ့။ ကျွန်မ ဘယ်လိုဖြေရမလဲ၊ မှန်တဲ့အတိုင်း ဖြေရင်လည်း အစ်ကိုကြီးကို ဒေါ်ဒေါ်က ငြိုငြင်ဦးမယ်။ ဒါကို ကျွန်မ မခံနိုင်ဘူး။ အစ်ကိုကြီးဟာ ကျွန်မလင်၊ ကျွန်မလင်ကို ဘယ်သူငြိုငြင်တာမှ မခံနိုင် ဘူး။ ခံစရာရှိရင် ကျွန်မခံမယ်၊ အပြစ်တင်လဲ ကျွန်မခံမယ်၊ ဆူရင်လဲ ကျွန်မခံမယ်၊ အစ်ကိုကြီးဟာ ကျွန်မအဖို့မှာ ဆိုးနေပေမဲ့ ဒီပြင်လူတွေ အမြင်မှာ မယားကိုဂရုစိုက်တဲ့ လူကောင်းတစ်ယောက်အနေမျိုး ဖြစ်စေချင်တယ်၊ ဒါပေမဲ့လည်း အစ်ကိုကြီး ပြုမူသွားပုံက ကျွန်မအဖို့ မဖာသာ မငုထးသာနဲ့မို့ ဘယ်လိုလုပ်ပြီး အစ်ကိုကြီးကို ကာကွယ်ရမလဲဟင်”

မနုမေသည် ဤတွင် အတွေးကို ရပ်လိုက်၏။ ရှိုက်နေသော အသံသည်ကား မရပ်သေး။ တိုက်၏ပွဲတင်သံဖြင့် တွေးနေ၏။

အကြင်သူတစ်ယောက်သည် တစ်စုံတစ်ရာ မကျေနပ်၍ဖြစ်စေ၊ မဟုတ်မတရား အစွပ်စွဲခံရသည်ဖြစ်စေ အကြောင်းမဲ့ အထင်မှားခံရ၍ ဖြစ်စေ စိတ်တွင် အတော်ကလေး ထိခိုက်နေပါက ထိုကိစ္စနှင့်ပတ်သက်၍ ကာယကံရှင်အား တွေ့ဆုံချေပ ရှင်းလင်းရမှ နေသာထိုင်သာ ရှိသွားတတ်၏။ သို့ ချေပရှင်းလင်းခွင့် မရသည့်တိုင်အောင် ယုတ်စွအဆုံး တစ်စုံတစ်ယောက်အား သူပြောချင်နေသည်တို့ကို တစ်လုံးမကျန် ပြောလိုက်လျှင်ပင် အနည်းငယ် ပေါ့သွားသည်ဟု ထင်တတ်ကြ၏။

ထို့အတူ မနုမေသည်လည်း သူ့အဖို့ ရှုမတတ် ခံစားနေရသည့် စိတ်၏ထိခိုက်ချက်များနှင့် ပတ်သက်၍ သူ့အစ်ကိုကြီးအား မေးလိုသည်၊ ရှင်းလိုသည်၊ တစ်လုံးချင်း ပြောပြလိုသည်။ သို့ ပြောပြမေးမြန်းလိုသည်မှာလည်း ဆိုင်းဆိုင်းတွတွမဟုတ်၊ ချက်ချင်းလက်ငင်း ပြောလိုလှသည်။ အခွင့်အရေးကား မသာခဲ့ပေ။

မနုမေသည် အိပ်ရာထဲတွင် (၁၅)မိနစ်ခန့်ထိုင်၍ သူပြောနေချင်သော စကားများကို သူ့အစ်ကိုကြီးအား မပြောရသေးမီ သူ့ကိုယ်သူ အားရပါးရ ပြောချလိုက်၏။ စိတ်တိုင်းကျငိုပစ်လိုက်၏။ သို့အားဖြင့် အနည်းငယ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးသွားသည် ထင်ရ၏။

ချက်ချင်းပင် မနုမေသည် မျက်ရည်စများကို ကျကျနန သုတ်ကာ ရုတ်တရက် ထ၍ရပ်လိုက်၏။ သို့သော် ထရပ်လိုက်သည်မှာ အိမ်သာထဲမှ ထွက်၍ အပေါ်ထပ်သို့ တက်ရန်ဖြစ်သော်လည်း နောက်မှ တစ်စုံတစ်ရာကို စဉ်းစားသကဲ့သို့ တွေးနေပြန်၏။

မျှော်လင့်ချက် ကင်းမဲ့ခဲ့ပြီဖြစ်သော သူ့အစ်ကိုကြီးအတွက်ဟူသော ရည်ရွယ်ချက်ဖြင့် လိမ်းသနေခြင်းမဟုတ်တော့ဘဲ မလွဲသာ၍ လိမ်းရသည့် အနေမျိုးဖြင့် ခပ်ပေါ့ပေါ့ပင် လိမ်းလိုက်ပြီး ပေါင်ဒါပူးသိမ်း အံဆွဲကိုပိတ်ကာ ရိပ်ခနဲလှည့်လိုက်သည်နှင့် ဘယ်အချိန်ကရောက်နေသည် မသိသော ကိုဘကိုးအား ရင်ဆိုင်မိလျက်သား ဖြစ်နေသောကြောင့် မနုမေမှာ အံ့ဩတွေဝေခြင်းနှင့် ကြောင်တွေတွေ ငေးကြည့်နေမိ၏။

မပြုံးမရယ်၊ ထည်ထည်ခန့်ခန့်နှင့် ရပ်နေသော သူ့အစ်ကိုကြီးသည် မနုမေအား ချစ်ရည်လည်နေသော မျက်လုံးများဖြင့် စိုက်ကြည့်နေရာမှ မနုမေ၏ လက်အိုးဖောင်းဖောင်းကလေးနှစ်ဖက်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်၏။

အစ်ကိုကြီးဖို့ဟူသော ရည်ရွယ်ချက် လုံးဝမပါဘဲ တော်သလို လိမ်းခဲ့သော ပေါင်ဒါညက်ညက်မှ မမျှော်လင့်ဘဲနှင့် သူ့အစ်ကိုကြီးကြောင့် ပျက်ကုန်၊ ပျောက်ကုန်တော့မည်လော။

ကိုဘကိုးသည် ခပ်ကျစ်ကျစ်ကလေး ဆုပ်ကိုင်ထားရာမှ မနုမေ၏ ကိုယ်ကလေးကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းကာ အားရပါးရကလေး မွှေးမွှေးကြူတော့မလို့နှင့် အရှိန်ယူလိုက်ပြီးမှ အဘယ်ကြောင့်ဟူ၍မသိ။ ကိုင်ထားသောလက်ကို ချက်ချင်းဖြေချလိုက်ပြီး အခန်းထဲမှ ချာကနဲလှည့်ထွက်သွား၏။

အဟိတ် တိရစ္ဆာန်ပင်လျှင် ဤလိုကိစ္စ၌ ဤမျှ ရက်စက်လိမ့်မည် မဟုတ်သော စိမ်းကားခြင်းမျိုးဖြင့် ပြုမူသွားသည့် ကိုဘကိုး၏ မထိ



လေးစားလုပ်သွားမှုကြောင့် မနုမေမှာ မူးခနဲ မိုက်၍၊ ငိုက်ခနဲ ယိုင်သွားသဖြင့် မှန်တင်ခုံကို ကပျာကယာ ကိုင်ထားလိုက်ရ၏။ ထိုမှတဖန် စိတ်တို အနိုင်တင်း၍ တစ်လှမ်းချင်း လျှောက်လာကာ ကုတင်အနီးသို့ ရောက်သည်နှင့် ကိုယ်ကလေး အင့်ကနဲ ပစ်လှဲလိုက်၏။

"ရက်စက်ပါပေ့အစ်ကိုကြီးရယ်၊ ဒါကဘယ်လိုအပြုအမူတဲ့လဲဟင်၊ လူမှန်လျှင် ဘယ်လိုယောကျ်ားမှ ဒီလောက်ထိအောင် ရိုင်းစိုင်းမှာမဟုတ်ဘူး။ တချို့ စိတ်မနှံ့တဲ့ အရူးတွေတောင် မ,နဲ့ပတ်သက်လာရင် ဖျာပျာသလဲဖြစ်တတ်ပါသေးတယ်။ အစ်ကိုကြီးကတော့ . . ."

မနုမေသည် ကိုယ်ကလေး တသိမ့်သိမ့်လှုပ်ကာ တရှုံ့ရှုံ့ငိုနေရာမှ ဤသို့လျှင် စိတ်ထဲမှ ရေရွတ်နေရှာ။

"အစ်ကိုကြီးနဲ့ကျွန်မ လင်မယားဘဝရောက်တာ ဒီနေ့ပါ ထည့်တွက်မှ နှစ်ရက်တောင် မပြည့်သေးဘူးဆိုတာကိုမှ သတိမရတော့ဘူးလား အစ်ကိုကြီးရယ်"

သို့တွေးရင်း မျက်လုံးကို နာနာမှိတ်လိုက်သောကြောင့် မျက်ရည်များမှာ ပါးပြင်တစ်လျှောက် လိမ့်ဆင်းလာတော့၏။

အမှန်စင်စစ်အားဖြင့်လည်း ကိုဘကိုး ပြုမူသွားသောပုံမှာ (လူ) ဟူသော ဂုဏ်ပုဒ်နှင့်ပင်မတန်အောင် တရားလွန်လွန်းလှချေတော့သည်။ လင်ဆိုးမယား၊ မယားဆိုးလင်ဟူ၍ လောက၌ အမြောက်အများရှိသည်။ လင်ဆိုးသည်လည်းကောင်း၊ မယားဆိုးသည်လည်းကောင်း ဆိုးသောမှသာ ဆိုးလာသည်။ ညားခါစ၏ ရက်၊ လ၊ နှစ် အပိုင်းအခြားအတွင်း၌ကား တစ်ယောက်မျက်နှာတစ်ယောက်မြင်ရင် ထမင်းမြိန်ဆေးသဖွယ် တင်းတိမ်သေးတဲ့ဟူသော သီချင်းကဲ့သို့ လင်ရစ၊ မယားရစ အားရပါးရ နေကြသည်၊ ပျော်ကြသည်၊ ဖွစ်-ညစ်-ချစ်-ပလူး အရသာရှိရှိ [illegible]ကြသည်သာ ဖြစ်ပါလျက် ကိုဘကိုးသည် အဘယ်ကြောင့် လူ[illegible]သသော အပြုအမူမျိုးဖြင့် တစ်ဖက်သားကို စိတ်ဒုက္ခပေးချင်ရ[illegible]သနည်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကိုးသည် မုဆိုးဖိုလော၊ တစ်ခုလပ်လော ဤသည်လည်း လုံးဝမဖြစ်နိုင်။ အကယ်၍ မုဆိုးဖို သို့မဟုတ် တစ်ခုလပ်တစ်ယောက် ဖြစ်ခဲ့သော် အိမ်ထောင်ရေးနှင့်ပတ်သက်သောကိစ္စ၌ လူပျိုထက်ပို၍ ကျွမ်းကျင်မှုသည် အနည်းနှင့်အများ ရှိလိမ့်မည်သာ မဟုတ်ပါလော။ သို့ဖြစ်၍ ကိုဘကိုးသည် (မ)သတ္တဝါနှင့် တစ်ခါမျှ မကြုံဖူးသေးသည့် အရိုင်းသက်သက်ပင် ဖြစ်နေသလော။ ဤသို့လည်း စဉ်းစားစရာ ရှိနေပြန်သေး၏။ မနုမေသည် ထိုအတိုင်းပင်တွေးမိရာ . . .

"အို . . . သူဟာ မိန်းမနဲ့ မတွေ့ဖူးတဲ့ လူစားမျိုးလည်း ဟုတ်မယ် မထင်ပါဘူး။ မနေ့ညကများ"

မနုမေသည် သူ့အတွေးကို အသဲတအေးအေးဖြင့် ရပ်လိုက်ဖြင့် ထိုအတွေးကြောင့် တဒုန်းဒုန်းခုန်နေသော သူ့ရင်ညွန့်ကလေးကို လက်ဖဝါး နှစ်ဖက်ဖြင့် အုတ်ထားလိုက်၏။

သို့ဖြစ်လျှင် ကိုဘကိုး ဘယ်လိုလူစားဟု ဆိုမည်နည်း။ မိန်းမ ဆိုသည့် သုံးထောင့်ထွာဝတ် သတ္တဝါကို စိတ်နာကြီးနာ၊ အမုန်းကြီးမုန်းခဲ့ ဖူးသည်၊ ယခုလည်း မုန်းနေသည့် ယောကျ်ားပင်ဖြစ်လေသလော။

ဤအတွေးသို့ အရောက်တွင် မနုမေသည် ငေါက်ခနဲ ထ,ထိုင် လိုက်၏။ အံကိုကြိတ်၍ စိတ်ကိုတင်းကာ တဝင်းဝင်းလက်သော မျက်လုံး များဖြင့် နံရံတွင်ချိတ်ထားသော ကိုဘကိုး၏ကိုယ်တစ်ပိုင်းဓာတ်ပုံကို စေ့စေ့စိုက်ကြည့်ရင်း . . .

"ဟုတ်သလား ဟင်၊ မိန်းမတွေကို စိတ်အနာကြီး နာခဲ့ဖူးတဲ့ လူတစ်ယောက်လား။ ဒါဖြင့် ဘာကြောင့် ကျွန်မကို ယူသေးသလဲ။ ကျွန်မ ကော မိန်းမပဲမဟုတ်လား"

မနုမေသည် လူချင်းရင်ဆိုင်မပြောဝံ့တိုင်း ဓာတ်ပုံကိုကြည့်၍ မချိတရိ ရန်တွေ့နေပြန်၏။

"အင်း . . . မိန်းမကို ဒီလောက်ပက်ပက်စက်စက် ပြုမူရတ် လောက်အောင် စိတ်နာခဲ့ရင်လည်း ဘာလို့ လူတစ်ဖက်သားကိုယူပြီး



စိတ်ဆင်းရဲအောင် လုပ်ချင်ရတာလဲ"

မနုမေသည် ဓာတ်ပုံကို စူးစူးစိုက်စိုက်ကြည့်ရင်း ဤသို့ရန်တွေ့ ရာမှ နံနက်ပိုင်းက ကိုဘကိုး မိန်းမဓာတ်ပုံတစ်ခုကိုကြည့် ဆီဆေးဖြင့် ပုံတူကူးဆွဲနေသည်ကို သတိရလာ၏။ သို့သတိရသည်နှင့် မနုမေ၏ အသားများမှာ တဆတ်ဆတ်တုန်လာ၏။ ရင်တွေခုန်၊ စိတ်တွေပါဟုန်၍ တစ်ကိုယ်လုံးထုံသလိုဖြစ်လာ၏။

"ငါ့ကို မရခင်တော့ လက်ထပ်ပါ။ လက်ထပ်ပါရစေနဲ့။ ငါ့အမေ ကိုတောင် တစ်သောင်းနီးပါး ငွေကုန်ခံပြီး ဆေးကုတယ်။ ခုတော့ တစ်ညပဲ ပေါင်းရသေးတယ် ငါ့ကို ဂရုမစိုက်၊ အရေးမပေး။ အိမ်မှာမွေးထားတဲ့ခွေး လောက်မှ သဘောမထားဘူး။ ဓာတ်ပုံထဲကကောင်မကိုတော့ အရေး တယူ ပုံတူကူးဆွဲရတာနဲ့ တောက် . . ."

ခပ်ပြင်းပြင်းကလေးပေါ်ထွက်လာသော ထိုတောက်ခေါက်သံနှင့် အတူ မနုမေ၏အသားတွေမှာ တမဟုတ်ချင်း ရဲရဲနီလာတော့၏။

မိန်းမတို့မည်သည် လင်ဖြစ်သူက သူစိမ်းတရံစံ လှတ်လှတ် လပ်လပ် မိန်းမတစ်ဦးတစ်ယောက်အား မိမိထက်ပို၍ဖြစ်စေ၊ ရှော့ရှော့ ပေါ့ပေါ့ပင်ဖြစ်စေ၊ ယုတ်စွအဆုံး ရေးပေးတယူ ဆက်ဆံသည်ကိုသော်မှ သဘောမကျနိုင်။ မနာလို မရှုစိမ့်နိုင်သည်မှာ ဓမ္မတာကဲ့သို့ ဖြစ်နေသည် နှင့်အမျှ မနုမေသည်လည်း ထိုလို မ,သတ္တဝါထဲက မိန်းမတစ်ယောက် ဖြစ်သည့်အတိုင်း ကိုဘကိုး ပုံတူဆွဲခဲ့သည့်မိန်းမနှင့် ပတ်သက်သော မနာလိုမှုများ အစိုလိုက်အပြုံးလိုက် ပေါက်ကွဲနေသည်မှာ မဆန်းလှပါပေ။

"ခုလိုအချိန်မျိုးဟာ ငါ့လို ညားခါစမယားကလေးနဲ့ တီတီတာတာ ချစ်တင်းဆိုဖို့အချိန် ဖြစ်ရက်သားနဲ့ ငါ့ကိုတော့ ဘေးချိတ်ပြီး ဟိုကောင်မ ကိုတော့ . . ."

မနုမေသည် ဇိုးဇိုးဇတ်ဇတ်နှင့် ဖျတ်ကနဲထလိုက်၏။ ကုတင် ခေါင်းရင်းဘက်ရှိ လွှားထားသော မျက်နှာသုတ်ပုဝါနှင့် မျက်နှာကို သေသေချာချာ ပွတ်သုတ်လိုက်ပြီးမှ ပေါင်ဒါပင် မရိုက်တော့ဘဲ ခပ်သုတ်

www.burmeseclassic.com



သုတ် လှမ်းထွက်လာခဲ့၏။

ဧည့်ခန်းသို့ရောက်သည်နှင့် တောင်မြောက်လေးရပ်ကို နှံ့သွားအောင် မျက်လုံးကစားရင်း သူ့အစ်ကိုကြီးကို ရှာလိုက်၏။ သူ့အစ်ကိုကြီးကိုဘကိုးကား ဧည့်ခန်းတွင်မရှိ။ ဟိုကြည့်သည်ရှာဖြင့် မနုမေလည်း အတန်ကြာသော် စာဖတ်ခန်းဆီသို့ မျက်လုံးရောက်သွားလျက် ရုတ်တရက် တွေ့သွားပြီးမှ ထိုစာဖတ်ခန်းဆီသို့ ခြေလှမ်းကြဲဖြင့် လျှောက်သွားလိုက်၏။

ထိုနေ့အဖို့ ပထမအကြိမ်အဖြစ်ဖြင့် ထိုစာဖတ်ခန်းဆီသို့ နံနက်စောစောက လျှောက်ခဲ့စဉ် မနုမေသည် ကြည်ကြည်လင်လင်ကလေး ရွှင်နေခဲ့၏။ နေ့လည်ပိုင်းက ဒုတိယအကြိမ် ထိုအခန်းသို့ ကပ်လာရာ၌ မဝံ့တဝံ့နှင့် ခပ်ရွံ့ရွံ့အမူအရာဖြင့် လှမ်းခဲ့သော်လည်း ယခုတစ်ကြိမ်တွင်မူ သူ၏မျက်နှာထားမှာ မာမာနှင့်တင်းပြီး ဘယ်လိုအချင်းအရာမျိုးနှင့် တွေ့တွေ့ ရင်ဆိုင်ရန် အသင့်ကဲ့သို့ အရိပ်အယောင်များ ပေါ်နေတော့၏။

တစ်ဖက်ခန်းမှာ ဗဟိုဧည့်ခန်း၏ လက်ျာဘက်ထောင့်တွင်ရှိပြီး အခန်းတံခါးမှာ ဧည့်ခန်းဘက်တွင်မဟုတ်ဘဲ အိမ်ဦးဧည့်ခန်း၏ မျက်နှာစာဘက် ခပ်ကျကျတွင်ရှိသောကြောင့် မနုမေလည်း ဧည့်ခန်းအတွင်းဘက်မှ ထွက်လာပြီး တံခါးပေါက်ရှိရာ လက်ျာဘက်သို့ ချိုးကွေ့လိုက်သည်နှင့် ရုတ်တရက် လန့်၍ ရပ်ဆိုင်းဆိုင်းဖြစ်သွား၏။

အတန်ကြာ တွေးနေသည်မှ မနုမေသည် တံခါးကိုတွန်းလိုက်၏။ အတွင်းဘက်မှ သေသေချာချာ ဂလန့်ထိုးထား၍လော မပြောတတ်။ တံခါးမှာ ရွေ့ရုံမျှပင်မရွေ့ဘဲ ရှိနေသောကြောင့် မနုမေ အတော်ကလေး စိတ်အိုက်သွားသည် ထင်ရ၏။

မနုမေသည် လိမ္မော်ရောင်ဝင်းနေသော တံခါးပျဉ်ကို စူးစူးစိုက်စိုက်ကြည့်ရင်း တစ်စုံတစ်ရာကို စဉ်းစားနေရာမှ အောက်နှုတ်ခမ်းရွှဲရွှဲကလေးကို အပေါ်သွားဖွေးဖွေးဖြင့် ခပ်ဖြည်းဖြည်း ဖိကိုက်လိုက်ပြီး လက်သီးကလေးဆုပ်၍ ရုတ်တရက် တံခါးကိုထုလိုက်၏။ (၂)မိနစ်ကျော်



ကျော် (၃)မိနစ်နီးပါးခန့် ကြာသည့်တိုင်အောင် အခန်းအတွင်းရှိ သူ့အစ်ကိုကြီး လှုပ်ရှားဟန်ဟူ၍ ဘာသံမျှ မကြားရသည်နှင့် မနုမေသည် နောက်တစ်ကြိမ် တံခါးကို ခပ်ပြင်းပြင်းကလေး ခေါက်လိုက်၏။

ဤတစ်ကြိမ်တွင်မှာ ခြေသံတစ်ခုသည် တံခါးပေါက်ဆီသို့ နီးလာပြီး . . .

"ဘယ်သူလဲ"

"ကျွန်မ"

တစ်မနက်လုံး လေပျော့ကလေးသုံးခဲ့သော မနုမေသည် ဤတစ်ကြိမ်၌ "ကျွန်မပါ အကိုကြီး" ဟူ၍ပင် ရှိသေလေးစားသည့် စကားလုံး မသုံးတော့ဘဲ 'ကျွန်မ' ဟု တုန်းတိတိ မာဆတ်ဆတ်ကလေး ဖြေလိုက်၏။

"ဘာကိစ္စလည်း မနုမေ"

လူ့စိတ်သည် မဆန်းသလော။ မနုမေပျော့စဉ် ကိုဘကိုးသည် တင်းမာခဲ့၏။ ထန်ခဲ့၏။ ယခု မနုမေလေသံ တင်းလာပြန်သောအခါ၌ ကိုဘကိုး၏ဖြေသံမှာ ပျော့ပျော့ပြေပြေနှင့် လေယူလေသိမ်းပါ ညင်သာနေပြန်တော့၏။

"အစ်ကိုကြီးကို မေးစရာရှိလို့ပါ။ တံခါးလေး တစ်ဆိတ်လောက် ဖွင့်ပါဦး"

"နောက်မှပြောရင်ရော မပြီးဘူးလား မနုမေ"

ကိုဘကိုး၏အသံကား မူထားမမှန်၊ နဂိုသံလည်းမဟုတ်၊ တုန်တုန်လှုပ်လှုပ်ရှိလှတော့၏။

"မပြီးဘူး အစ်ကိုကြီး။ တံခါးသာဖွင့်ပါ အရေးကြီးလို့"

ကိုဘကိုး လေသံပျော့ပြောင်းနေသည်နှင့်အမျှ မနုမေသည် တင်းလက်စ လေသံဖြင့် ခပ်ထန်ထန်ပင် အရေးဆိုလိုက်၏။

နှစ်ဦးစလုံး၏အသံ အတန်ကြာ တိတ်ဆိတ်သွားပြီးမှ ဂလန့်

www.burmeseclassic.com

www.burmeseclassic.com



ဖြူတ်သံ ပေါ်လာသဖြင့် မနုမေလည်း တံခါးကို ဇတ်ကနဲတွန်းဖွင့်လိုက်၏။

"ဒီမှာ အစ်ကိုကြီးရဲ့ စောစောက ကျွန်မကို ပြုမူသွားတာက ဘယ်လိုသဘောမျိုးလည်း ပြောစမ်းပါဦး။ ခုလိုအချိန်မျိုးမှာ အစ်ကိုကြီးနဲ့ ကျွန်မ ညားခါစဇနီးမောင်နှံအဖြစ်နဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ချစ်မဝ၊ ရှုမဝ တဒင်္ဂလေးမှ မခွဲနိုင်အောင် ကြည်နူးနေကြဖို့ မဟုတ်ပါလား။ အခုတော့ အစ်ကိုကြီးဟာ ကျွန်မကို တစ်မနက်လုံး စိတ်ဒုက္ခ ပေးရုံနဲ့ အားမရသေးဘဲ ခုန အစ်ကိုကြီး ပြုမူသွားပုံဟာ စားမလားမေးပြီးမှ ကျွန်မကိုမပေးဘဲ ခွေးကျွေးပစ်တာနဲ့ တူမနေဘူးလားဟင်။ ပြီးတော့ မနေ့ကမှ လက်ထပ်ခဲ့ရတဲ့ လတ်လတ်ဆတ်ဆတ်မယားထက် ဒီပုံတူဆွဲတာက အရေးကြီးသလား၊ သူက ဘယ်သူမို့လဲ၊ ဒီခေတ်ထဲကမိန်းမက ကျွန်မထက်ပိုပြီး အရေးစိုက်ရမဲ့လူဆိုရင် သူ့ကိုပဲယူပါတော့လား"

မနုမေသည် ခါးကိုနာနာထောက်၍ ရင်ကိုမောက်မောက်ထားကာ ဤသို့စကားအချက်ဖြင့် ကက်ကက်လန် ရန်တွေ့မည်ဟု ဝင်လာသည်က မှန်၏။ သို့သော် တံခါးကို တွန်းဖွင့်ဝင်ရောက်လာ၍ ကိုဘကိုးနှင့် ရင်ဆိုင်ရပ်မိသည်တွင်ကား မနုမေသည် တစ်စုံတစ်ရာ ဘာမှမပြောနိုင်ဘဲ သူ့အစ်ကိုကြီးကိုကြည့်ရင်း မချိတရိ ငိုင်နေမိ၏။

အာဏာသံပြင်းပြင်းနှင့် တစ်မနက်လုံးတင်းနေခဲ့သော ကိုဘကိုး၏ မျက်နှာထားမှာ ယခုအချိန်၌မူ မနက်ကနှင့် လုံးဝမတူတော့ဘဲ တစ်စုံတစ်ရာသော စိတ်မချမ်းမြေ့ဖွယ်ရာ ပြဿနာတစ်မျိုးဖြင့် ရင်ဆိုင်တိုးနေဘိသကဲ့သို့ ညှိုးညှိုးငယ်ငယ် ဖြစ်နေရှာသာမက မနုမေအား စိုက်ကြည့်နေသည့် သူ့မျက်လုံးများမှာလည်း ရဲရဲနီနေတော့၏။

"ဟင်. . . အစ်ကိုကြီး"

မနုမေသည် မြင်ရသော ကိုဘကိုး၏ အမူအရာအတွက် စိတ်



လက် မသာမယာနှင့် ပျာပျာသလဲခေါ်ရင်း ကိုဘကိုး၏မျက်နှာကို ကြင်နာ ကြီးစွာနှင့် စိုက်ကြည့်နေ၏။

ကိုဘကိုးကား ထူးဖော်လည်းမရ၊ ဘာစကားမှလည်းမပြောဘဲ မနုမေကိုသာလျှင် စိုက်ကြည့်ရင်း ကြက်သေ, သေနေတော့၏။ မကြာမီ မျက်ရည်ပါဝေလာသောကြောင့် . . .

"အို. . . အစ်ကိုကြီး ဘာဖြစ်လို့ . . . ငို"

"ဟုတ်တယ်၊ ကျုပ်ငိုတယ် မနုမေ၊ ခုတင်မဟုတ်ဘူး။ စောစောကလည်း ကျုပ်တစ်ခါ ငိုပြီးပြီ"

"ဟင်. . . ဘယ်လိုလူပါလိမ့်"

ဤသို့အတွေးသည် မနုမေစိတ်ထဲ၌ ရိပ်ကနဲပေါ်လာ၏။ သို့သော် ထိုအတွေးကို ကြာကြာလက်မခံ။ အမြန်ဆုံး မောင်းထုတ်ချင်လာသည်နှင့် တစ်စုံတစ်ရာ မေးတော့မည်ပြုစဉ် . . .

"မင်းကတော့ ထင်မှာပဲ။ ဘယ်လိုလူစားကြီးပါလိမ့်လို့ အေး. . . ထင်မယ်ဆို ထင်စရာပေါ့ကွယ်"

မနုမေ စောစောက စိတ်ထဲတွင် တွေးမိသောအချက်ကိုပင် ကိုဘကိုး အကွက်လယ်အောင် သိသွားတော့သည်အလား ဤသို့ကောက်ခါ ငင်ခါပြောလိုက်သောကြောင့် မနုမေပင် ရှုံ့သလိုထိတ်သွားတော့၏။ အတန်ကြာ ငုံ့တွေးနေရာမှ မနုမေသည် ကိုဘကိုးအား ဇတ်ကနဲမော့ကြည့်လိုက်၏။

သို့ကြည့်လိုက်သည်၌ ကိုဘကိုး၏မျက်လုံးများမှာ မနုမေအား စောစောကကဲ့သို့ စူးစိုက်ကြည့်ရှုနေခြင်း မရှိတော့ဘဲ ခပ်လှမ်းလှမ်း တစ်နေရာတွင် အာရုံရောက်ကာ တစ်ပေါက်ပေါက်ကျနေသော မျက်ရည်များဖြင့် ရီဝေဝေတွေးနေသောကြောင့် မနုမေလည်း ကိုဘကိုးငေးနေသို့ လှမ်းကြည့်လိုက်သည်၌

နံနက်ပိုင်း၌ ကိုဘကိုး ရေးဆွဲလျက်ရှိသော မိန်းမပုံတူ [illegible] ကားမှာ ကြက်ခြေခတ် စုတ်ပြဲနေသည်ကို တွေ့ရပြန်သောကြောင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



အဖို့ ပြဿနာတစ်ခုမှာ မဖြေရှင်းရသေးမီ သို့ထူးဆန်းစွာ တွေ့မြင်လိုက်ရသောကြောင့် အခြေအနေမှာ ပို၍ပင် ရှုပ်ထွေးသွားတော့၏။

ညားခါစ ဇနီးကလေးကိုမှ အရေးပေး ယုယ အချစ်နလန်မထ နိုင်ဘဲ မည်သူမည်ဝါဟု မသိရသေးသော သူစိမ်းမိန်းမပျိုတစ်ဦးကို ကိုဘကိုးသည် စိတ်ပါလက်ပါ ရေးဆွဲနေခဲ့၏။ ထိုပုံအပေါ်၌ ကိုဘကိုး မည်မျှစိတ်ဝင်စား၍ မည်သို့အရေးပေး ဂရုစိုက် ယုယခဲ့သည်ကိုကား ထွေထွေထူးထူး စဉ်းစားနေစရာ မလိုတော့ပေ။ သူကူးဆွဲနေသော မိန်းမပျို၏ ဓာတ်ပုံကို ကောက်ယူကိုင်ကြည့်မိသော ကာမပိုင် ဇနီးအသစ်စက်စက်ကလေး မနုမေကိုပင် ဆူပူကြိမ်းမောင်း၍ အခမ်းထဲမှ နှင်ထုတ်ခဲ့ခြင်းအားဖြင့် ကိုဘကိုးသည် ထိုဓာတ်ပုံရှင် မိန်းမပျိုအပေါ်၌ မည်မျှအရေးပေးထားသည်ကို သိသာနိုင်သည် မဟုတ်ပါလော။

ယခုတွင် သူ အဘယ်မူ ဇောကပ်၍ အမြတ်တနိုး မှုန်းခြယ်ခဲ့သည့် ပန်းချီကားကို လေးစိတ်လေးမွှာဖြစ်အောင် စုတ်ဖြဲပစ်ရပါသနည်း။

မနုမေကား ဘယ်လိုစဉ်းစား၍မှမပေါ် အတော်ကလေး ခေါင်းရှုပ်နေရှာ၏။ ကိုဘကိုးနှင့်ပန်းချီကားကို တလှည့်စီကြည့်ရင်း စိတ်ကလေးမရှင်းမလင်း ဖြစ်နေတော့ကာ ဘာပြော၍ ဘာမေးပြီး ဘာဘယ်လို လုပ်ရမည်ပင် တွေးမရနိုင်အောင် ရှိနေရှာ၏။

"မနုမေ"

အတိုင်းအထွာအားဖြင့် ဒီဂရီ (၉၀)စီညီမျှသော ထောင့်မျိုးရှိသည့် (+) ဤကြက်ခြေခတ်မျိုးမဟုတ်ဘဲ (×) ထိုလိုကန့်လန့်ကြက်ခြေစုတ်ပြနေသော ပန်းချီကားကို မျက်နှာထားတစ်မျိုးဖြင့် ကြည့်နေသော မနုမေသည် သို့ခေါ်လိုက်သော ကိုဘကိုး၏အသံကို ကြားရသည်နှင့် ဇတ်ကနဲ လှည့်ကြည့်လိုက်၏။

ကိုဘကိုး၏အသံမှာ ပျော့နေရာမှ ထန်လာပြန်၏။ အသံသာ ထန်လာသည်မဟုတ်၊ ရုတ်အနေအထားသည်လည်း တင်းသလိုမာနေပြန်သောကြောင့် မနုမေမှာ "မဟားတယားတွေပြောပြီး ငါ့ကိုများ မောင်းထုတ်နေဦးမှာလား" ဟူသော အတွေးဖြင့် ရင်လေးလေးပင် မော့ကြည့်နေမိ၏။



"အရေးကြီးမေးစရာဆိုတာက ဘာစကားလဲ မနုမေ၊ ကိုင်း. . . မေးစမ်း ခပ်မြန်မြန်"

အကယ်၍ ကိုဘကိုးသာ ဤသို့မျက်ရည်ဖြင့် မတွေ့ရလျှင်သော်လည်းကောင်း၊ ရစရာမရှိအောင် စုတ်ပြနေသော ပန်းချီကားကို မတွေ့ရလျှင်သော်လည်းကောင်း မနုမေသည် ခါးကို နာနာထောက်၍ ရင်ကိုမောက်မောက်ထားကာ မနာလိုဖြစ်နေသော ဓာတ်ပုံရှင်ကိစ္စကိုလည်းကောင်း၊သူ့အစ်ကိုကြီးစောစောက ပြုမူသွားပုံနှင့် ပတ်သက်၍လည်းကောင်း၊ ချက်နှင့်လက်နှင့် တကက်ကက်လန် ရန်တွေ့မည်ဖြစ်သော်လည်း ယခုကဲ့သို့ စိတ်မချမ်းသာဖွယ်ရာ အဖြစ်မျိုးကို တွေ့နေသည်၌ မနုမေသည် သူ့အစ်ကိုကြီး စိတ်ထိခိုက်သွားမည်ကိုလည်း စိုးရိမ်လာ၏။ သူချစ်သော အသဲထဲကချစ်သော သူ့အစ်ကိုကြီး စိတ်မချမ်းသာ ဖြစ်သွားမည်ကို မနုမေ မကြည့်ရက်နိုင်၊ သို့နှင့်မနုမေသည် တစ်စုံတစ်ရာမျှ မမေးသေးဘဲ အဝေးသို့ လှမ်း၍ ငေးမောနေ၏။

"ကျုပ်သိတယ် မနုမေ၊ ကျုပ်သိတာပေါ့။ စောစောက စိတ်ထဲမကျေမနပ်နဲ့ အတော်ကလေး အခံရခက်သွားတယ်မဟုတ်လား"

သို့လျှင် ဒိုးဒိုးဒေါက်ဒေါက်မေးလိုက်သော ကိုဘကိုးစကားတိုကြားရသည်နှင့် မနုမေတစ်ကိုယ်လုံးမှာ အဏုမြူဗုံးနှင့် အငြိမ်းခြောက်ခံရသော လက်နက်မဲ့ ပြည်ငယ်ကလေးသဖွယ် သွက်သွက်လည်အောင် တုန်လှုပ်သွားတော့၏။ တစ်နည်းအားဖြင့် ခိုးထုတ်ခိုးထည်နှင့် လတ်ပူးလက်ကြပ် အမိခံလိုက်ရသော နိုင်ငံရေးသမား ဓားပြပမာကဲ့သို့ ယောင်ချာလှုပ်တုန်နှင့် ရင်တွေပါ ခုန်နေတော့၏။

"အဲဒီလိုလုပ်ရင် ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာကို ကျုပ်သိထင်ပါပေမဲ့ အင်း. . . ဒါပေမဲ့"

ကိုဘကိုးသည် ရှေ့ဆက်မပြောတော့ဘဲ စကားကို တွင်းချင်းမျှိ၍ ဖျတ်ကနဲငုံ့ချလိုက်၏။ မနုမေတွင်လည်း စိတ်ကလေးထွေထွေနှင့် အခြေအနေ ရှုပ်ထွေးမှုကိုသာ ပျာပျာသလဲ အဖြေရှာနေ၏။ သို့သော် သူသိချင်နေ

www.burmeseclassic.com

www.burmeseclassic.com



သောအဖြေ၏ သဲလွန်စကိုပင် မရရှာသေး။ တဖန်လည်း ကိုဘကိုးက အဓိပ္ပာယ် အကျယ်အနက်ကို ခက်သည်ထက် ခက်သွားအောင် စကားကို တို့လို့တန်းလန်း ဖြတ်ထားလိုက်ပြန်သောကြောင့် မနုမေမှာ စိတ်အိုက် နောက်မှုးနှင့် ရှုးမတတ် ကြောင်နေတော့၏။

"ကျုပ်ပြောတဲ့အတိုင်း မင်းကို နမ်းမလိုလိုနဲ့ မနမ်းဘဲ ထွက်လာတာကို မင်းမကျေနပ်ဖူးမဟုတ်လား။ မနုမေ မညာနဲ့၊ ကျုပ်သိတယ်။ ကျုပ်လဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်၊ မင်းလဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်၊ ဒီလိုအခါ ဒီလိုလုပ်ရင် ဒီလိုပဲ မကျေနပ်ဖြစ်မှာဘဲ။ မိန်းမရယ်၊ ယောကျ်ားရယ် ခွဲခြားလို့မရဘူး။ ဒီလိုစိတ်မျိုးနဲ့ကျတော့ ခံစားရတဲ့ ဝေဒနာဟာ အတူတူပဲ။ ဒါတွေ ကျုပ် အကုန်သိသပေါ့ မနုမေ"

ကိုဘကိုး ဘယ်လိုလူစားဟု အကဲခတ်ရသည်မှာ ကြပ်လှပါဘိတော့သည်။ နံနက်ပိုင်းဆီကပင် မနုမေသည် ကိုဘကိုးအား အိမ်ထောင်ရေးတွင် ဘာမျှ နားမလည်သော "လူသေ" တစ်ယောက်အဖြစ် စွပ်စွဲအထင်ရောက်ခဲ့သည်ဖြစ်ရာ ယခု ကိုဘကိုး ပါးစပ်မှ ဤလိုနက်နဲလှတဲ့စကားမျိုး ထွက်လာပြန်သည်၌ မနုမေတွင် သွက်သွက်လည်အောင် ဦးနှောက်ရှုပ်သွားပြန်၏။

"ကဲ မနုမေ"

ကိုဘကိုးသည် တစ်မျိုးအသံဖြင့် မထန်မပြင် ခပ်မြင့်မြင့်ခေါ်ရင်း မနုမေ၏ လက်မောင်းအိုးတုတ်တုတ်လေးကို ဆွဲယူ၍ ရင်ခွင်တွင် ကပ်လိုက်ပြီးမှ မနုမေ၏ လက်မောင်းကလေးကို ကိုင်ဆုပ်ထားသည့် လက်နှစ်ဖက်ကိုဖြုတ်ခါ လက်ဝဲလက်ဖြင့် မနုမေ၏ ခါးသေးသေးကို ကွေးကွေးညွတ်၍ ပါလာသည်အထိ တင်းတင်းကျပ်ကျပ်ဖက်လျက် လက်ျာလက်ကမူ မနုမေ၏ လက်ဝဲပခုံးကို သိုင်းဖက်ဆွဲယူကာ အားပါးတရ မွှေးမွှေးကြူရင်း အတန်ကြာသည့်တိုင်အောင် အတူတူမွှေးနေပြီးမှ . . .

"ဒီလောက်ဆိုရင် မင်းကျေနပ်သင့်ပြီ မနုမေ ဟုတ်လား။ ကဲ မင်းဒီခန်းထဲက အမြန်ဆုံးထွက်သွားရင် ကောင်းလိမ့်မယ်ထင်တယ်"

ကျစ်ကျစ်ပါအောင်ဖက်ထားသော လက်များကို ဖြေချပြီး ကိုယ်



ကိုပါ တစ်လှမ်းမျှ နောက်ဆုတ်လိုက်ရင်းက ကိုဘကိုး ဤလိုပြောလိုက်သောကြောင့် . . .

"ငါ့နှယ်နော် သေပဲသေလိုက်ပါတော့ စိတ်ထဲမှ ရေရွတ်မိသည်အထိ မချိမဆန့်ငိုင်၍ မိုက်ကနဲပင် ယိုင်သွားရှာတော့၏။ သို့နှင့် မနုမေမှာ ကိုဘကိုးအား ငေးကြည့်နေရာမှ မျက်နှာကိုလွှဲ၍ စုတ်ပြဲနေသော ပန်းချီကားဆီသို့ မျက်လုံးရောက်သွားပြန်၏"

"ပြောနေတာ မကြားဘူးလား"

"ဟုတ်ကဲ့ ကြားပါတယ် အစ်ကိုကြီး"

ကိုဘကိုး ခပ်ငေါက်ငေါက် မေးလိုက်သည်ကို မနုမေလည်း ခပ်သွက်ခွက်ကလေးဖြေလိုက်ပြီးမှ . . .

"ဒီမှာအစ်ကိုကြီး၊ အစ်ကိုကြီး ဘာဖြစ်နေတာလဲ ဟင်"

"ဘာလဲ ကျုပ်ရူးနေတယ်ထင်လို့ မေးနေတာလား"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကို ကြည့်ရတာ ကျွန်မ စိတ်မချမ်းသာလွန်းလို့ပါ။ ဘာဖြစ်လို့ ဟိုပန်းချီကားကို . . ."

"တိတ်၊ မေးမနေနဲ့၊ ဒါတွေ မမေးနဲ့လို့ ကျုပ်ပြောထားတယ်မဟုတ်လား။ မမေးနဲ့ ပန်းချီကားလည်း မမေးနဲ့၊ ဓာတ်ပုံလည်း မမေးနဲ့ ဘာမှမမေးနဲ့။ သွား၊ သွား၊ သွားဆိုရင် အခုထွက်သွား။ ကြာရင် ကျုပ် ဒီထက်ပိုဆိုးလာလိမ့်မယ်"

သို့လျှင် ကြင်နာမှုကလေးမှ မပြဘဲ ပက်ပက်စက်စက်ပြောလိုက်သော ကိုဘကိုးစကားအတွက် မနုမေမှာ ဒေါသလည်းထွက်၊ အပြောရလည်းခက်နှင့် မျက်ရည်သည်သာလျှင် သူ့အတွက် အားထားစရာတဲ့သို့ ဖြစ်နေရှာတော့၏။

"ဘယ်လိုလဲ မနုမေ၊ အေးအေးသက်သာပြောလို့မရရင်တော့ ကျုပ် မင်းကို အခန်းထဲက တွန်းထုတ်ရလိမ့်မယ်"

"အို . . . အစ်ကိုကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



အပြည့်မျက်ရည်ဖြင့် သေကြေမတတ် စိတ်ထိခိုက်နေရှာသော မနုမေသည် အသဲနင့်မခန်း ခပ်ကြမ်းကြမ်းပြောလိုက်သည့် ကိုဘကိုး စကားကြောင့် နှလုံးသားထဲမှ ဝမ်းနည်းစွာ ထွက်လာသည့် မချိတရိ အသံတုန်ကလေးဖြင့် ထိုသို့ယောင်ယမ်း ရေရွတ်မိရင်းက ကိုဘကိုးအား ညိုးညိုးငယ်ငယ် မော့ကြည့်နေရှာ၏။

"မသွားဘူးလား မနုမေ"

"သွားဆိုရင်လဲ သွားပါ့မယ် အစ်ကိုကြီးရယ်။ ဒါပေမဲ့ . . ."

"တော် ဘာမှထပ်မပြောဘဲ အခန်းထဲက အမြန်ဆုံးထွက်သွားရင် ကောင်းမယ် မနုမေ၊ ကဲ သွားတော့"

မနုမေလည်း တစ်စုံတစ်ရာ ဘာမှမပြောနိုင်။ စိတ်ကြေကိုယ်နွမ်းဖြင့် တစ်လှမ်းချင်းထွက်ခဲ့ရှာတော့၏။ တံခါးပေါက်ကို ကျော်လွန်၍ ဧည့်ခန်းဘက် ကွေ့မိသည်တွင်မှ မနုမေသည် တစ်စုံတစ်ရာကို သတိရသကဲ့သို့ မျက်ရည်ကို ကပျာကယာသုတ်ရင်း ဧည့်ခန်းတစ်ခုလုံးအနက် လည်ကလေးဆန့်၍ ကြည့်လိုက်၏။ လူဆို၍ မည်သူ့ကိုမှ မတွေ့ရသောကြောင့် "တော်သေးရဲ့" ဟူသော အမူအရာကလေးဖြင့် ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်ကာ ပျာပျာသလဲလှမ်း၍ သူ့အိပ်ခန်းသို့ အပြေးကလေး တန်းဝင်သွား၏။

မနုမေကား ခေါင်းအုံးထဲ မျက်နှာမြှုပ်၍ တရှုံ့ရှုံ့ဖြစ်နေပြန်လေပြီ။ ယုတ်စွအဆုံး မနုမေသည် လန်ချားဆွဲသော ကုလားတစ်ယောက်ကို ယူမိလျှင်ပင် ဤလိုစိတ်ဒုက္ခမျိုး ခံစားရမည်မဟုတ်ပေ။

အရပ်ရပ် နေပြည်တော်ကြားလို့မှ မလျော်သော မနုမေ၏ အဖြစ်ရေးကား တွေးဝံ့စရာမရှိအောင် ဆိုးရွားလှတော့၏။ အမြင်အားဖြင့် အရုပ်ဆိုး အကျည်းတန်ပေ မဟုတ်စေကာမူ အသက်ကြီးသည်နှင့်အမျှ ရုပ်ရည်ပါရင့်လှသော ဦးလေးအရွယ် ယောက်ျားတစ်ယောက်ကို လင် အဖြစ်နှင့် ကြင်ချစ်နေရသော မနုမေမှာ "ကြီးလျှင်မှီ၊ ငယ်လျှင်ချီ"



ဆိုသော စကားအရ မိမိကငယ်သဖြင့် အချီခံလိုရှာ၏။ သို့သော် မခံရ။ သူမချီ သဖြင့် ကိုယ်ကမှီသော်လည်း သူအမှီမခံ။

ချီလည်းမချီ၊ အမှီလည်းမခံသည့်တိုင်အောင် မှန်မှန်အနေဖြင့် ပြေပြေပြစ်ပြစ် ဆက်ဆံလျှင် တော်သေး၏။ ယခုသော်ကား မဟားတယား ပြောလိုပြော၊ ဒေါသနှင့်ငေါက်လိုငေါက်၊ စိတ်နောက်ရူးသွမ်းနေသူကို လင်အဖြစ်ယူထားရသော မနုမေ၏ (၂)ရက်ပင် မပြည့်တတ်သေးသည့် အိမ်ထောင်သည်ဘဝကား ပြော၍ပင် ယုံနိုင်ဖွယ်ရာမရှိအောင် ကြောက်စရာကောင်းနေတော့၏။

မသေမချင်း လည်ပင်းကို ကြိုးကွင်းတပ်၍ သတ်စေဟူသော စီရင်ချက် ချမှတ်ခြင်းခံရသည့် တရားခံသည် သူသေရမည့်နေ့ကိုသာ မျှော်မှန်း၍ တွေး၊ ငေး၊ ဆွေး၊ ငိုဖြင့် ရင်တဖိုဖို ဝမ်းနည်းနေတတ်၏။ သို့လျှင် သေရမည့်နေ့ကို တွေးနေခြင်းအားဖြင့် ထိုတရားခံအဖို့ ပို၍သာ တုန်လှုပ်ချောက်ချားလာလေ့ရှိနေတတ်သော်လည်း မတွေးဘဲကား မနေနိုင်၊ သူ့အဖို့ အရေးကြီးဆုံးကိစ္စကား သေရမည့်အရေးဖြစ်၏။ လူသည် အရေးကြီးဆုံး ကိစ္စကိုသာ တွေးသည်မဟုတ်ပါလော။

ထို့အတူ မနုမေသည်လည်း နံနက်မှသည် ယခုအချိန်အထိ ကြုံတွေ့ ကြားသိခံစားခဲ့သမျှကိုသာလျှင် ငိုရင်းရှိုက်ရင်းက တွေးကာ တွေးပြီးတိုင်းလည်း ရှိုက်ရင်းရှိုက်ရင်းက ငိုနေပြန်တော့၏။ သူတွေးနေသည့် ပြဿနာတွေမှာလည်း အကောင်းဘက်ကမဟုတ်၊ အဆိုးနှင့် အဆွေး ရင်လေးစရာတွေသာ ဖြစ်သည့်အတိုင်း တွေးလေ စိတ်မချမ်းသာလေဖြင့် ကရွတ်ကင်းလျှောက်သလို လမ်းစပျောက် ချာချာလည်နေတော့၏။ တစ်ဆင့်ပြီးတစ်ဆင့် တစ်ကွက်ပြီးတစ်ကွက် ဆက်၍တွေးလေရာ ရင်ထု မနာဖြစ်လေ အသဲကြွေလုမတတ် စိတ်ဒုက္ခခံစားလိုက်ရလေ ဖြစ်ရသည် မှန်သော်လည်း မနုမေကား တစ်ထစ်ပြီးတစ်ထစ် ဆင့်၍ ဆက်၍ မတွေးဘဲ မနေနိုင်။ သူ့အဖို့၌ လောလောဆယ် အရေးကြီးနေသည်မှာ သူ့အစ်ကိုကြီး ကိုဘကိုးပင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



မနုမေမှာ ဤသို့လျှင် တွေးရင်းငို၊ ငိုရင်းတွေးဖြင့် မေးကန် ပျော်သွားသည်တွင်မှ သူ့အတွေးပြတ်၍ သူ့အဆွေးလည်း ရပ်သွားတော့၏။

မနုမေထွက်သွားသည်မှစ၍ ယခုအချိန်အထိသော နာရီသာသာ အတွင်း ကိုဘကိုးသည် မည်သို့မည်ပုံအဖြစ်မျိုး စုံခဲ့သည်မသိရ၊ စောစောက ကန့်လန့်ကြက်ခြေ စုတ်ပြဲနေသော ပန်းချီကားမှာလည်း ယခုမူ ဆုတ်ဖြတ်လွှတ်ပစ်လိုက်ပြီလား မပြောတတ်၊ သစ်သားဘောင်သာလျှင် ကျန်တော့လျက် ပိတ်စအနဟူ၍ လုံးဝမတွေ့ရတော့ပေ။

ကိုဘကိုးတွင်လည်း လူမော ကိုယ်ပမ်းဖြင့် စိတ်တွေပါနွမ်းသွားသောကြောင့်လားမသိ။ စာကြည့်စာပွဲဘေးရှိ ပက်လက်ကုလားထိုင်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်ရှိ၏။

ထိုအချိန်၌ ကိုဘကိုး၏ တပည့်ကျော် ကိုထွန်းသိုက်သည် ဧည့်ခန်းရှိ ဆိုဖာ၊ ခတ်ပုံ၊ စားပွဲ၊ ဘီရို အစရှိသည်များကို ကြက်မွေး တစ်ချောင်းဖြင့် ဖုံခါလိုက်ပြီးမှ ထားဝယ်တံမြက်စီးတစ်ချောင်းကိုဆွဲ၍ ကြမ်းပျဉ်ကို လှည်းလျက်ရှိသည်။

ဧည့်ခန်းဘေးတစ်ဖက်တစ်ချက်ရှိ ဒေါင့်နှစ်ဒေါင့်တွင် လူ ရင်ခေါင်းသာသာခန့်မြင့်သော ခုံရှည်တစ်ခု စီလျှက် ထိုပါလစ်သုတ်ခုံရှည် ကလေးပေါ်တွင်လည်း ကြွေအိုးခံထားသည့် အလှစိုက် ပန်းအိုးနှစ်လုံး ကြောင့် ပို၍စိုပြေသကဲ့သို့ ရှိနေတော့၏။

နောက်ဖေးဘက်မှစ၍ တဖြည်းဖြည်း တံမြက်လှည်းလာသော ကိုထွန်းသိုက်လည်း အဆိုပါ စာဖတ်ခန်းထောင့်ရှိ အလှစိုက်ပန်းခုံအနီးသို့ ရောက်သော် ခုံကို အသာဖေးမ၍ ခုံအောက်မှ ဖုံများကို သိမ်းလှည်း လိုက်စဉ် ခုံပေါ်ရှိ ကြွေပန်းအိုးမှာ ထိန်းကိုင်ထားခြင်းမရှိသောကြောင့် လျောကနဲ လဲကျသွား၏။

"ဂွမ်း. . ." ကနဲ မြည်သွားသော အသံနှင့်အတူ ကိုဘကိုး အခန်းမှ တံခါးရွက်သည် ချက်ချင်းဆိုသလို ပွင့်လာပြီး ကိုဘကိုး ထွက်ပေါ် လာကာ ဖယိုဖရဲ ကွဲနေသော မြေပန်းအိုးနှင့် ချိုင့်နေသည့် အောက်ခံ



ကြွေအိုးကိုလည်းကောင်း၊ တံမြက်စည်းကိုင်ရင်း ငိုင်တွေထိတ်လန့်နေသော ကိုထွန်းသိုက်ကိုလည်းကောင်း ကိုဘကိုးသည် တစ်လှည့်စီကြည့် နေ၏။

ထိုသို့သော ပန်းအိုးကျသံကြောင့် ပြူးပြူးပြာပြာ ရောက်လာသော ဒေါ်လှသင်းမှာလည်း မြင်ရသော အခြေအနေများတွင် တွေတွေကြီး စိုက်ကြည့် အကဲခတ်နေရာမှ

"ခုနက မင်း ဆီတွေကိုင်ပြီး လက်ကို သေသေချာချာ မဆေးလို့ လက်ချော်သွားတာများလား မောင်ထွန်းသိုက်ရယ်"

ဒေါ်လှသင်းသည် ဤလိုစကားမျိုးဖြင့် ကိုထွန်းသိုက်ဘက်မှ ကာကွယ်သလို ပြောလိုက်သောကြောင့် ကိုဘကိုး၏ မတင်းမထန် မှုမှုန်မှုန် ဣန္ဒြေကြီးနေသော မျက်နှာထားသည် တစ်မဟုတ်ချင်း ပြုံးလာ တော့ကာ . . .

"ဟုတ်တာပေါ့ ဒေါ်ဒေါ် လက်ချော်သွားလို့နဲ့ဘဲ တူပါတယ်"

ဤတွင်မှ အနေကြုံ့သလို ငုံ့နေသော ကိုထွန်းသိုက်လည်း မရဲတရဲ မော်လာတော့၏။

"ဟော့. . . မောင်ထွန်းသိုက် ဒါ မင်းတမင်လုပ်တာလား"

ကိုဘကိုးသည် ပြုံးနေရာမှ တည်သွားပြီး ဤလိုမေးလိုက်ပြန် သောကြောင့် ကိုထွန်းသိုက်လည်း ထိတ်သလို လန့်သွားရာမှ ဖြတ်ခနဲ ကြည့်တဲ့ကာ. . .

"မဟုတ်ရပါဘူး အစ်ကိုကြီးရယ်၊ ကျွန်တော်က ပန်းအိုးတို ကိုင်ထားဖို့ မေ့သွားပြီး ခုံကိုမ,လိုက်တာနဲ့"

"မတော်တဆ လျောကျသွားတယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"နို့ ဘာဖြစ်လို့ ဒီလောက်ကြောက်နေရတာလဲ မင်းကြည့်ရသာ တုန်တုန်လှုပ်လှုပ်နဲ့"

ကိုဘကိုးသည် စကားအဆုံးတွင် အနည်းငယ် ပြုံးလိုက်၏။

"အစ်ကိုကြီး ဆူမှာစိုးလို့ပါ"

www.burmeseclassic.com



"အောင်မာ မင်းကို အကြောင်းယုတ္တိမခိုင်လုံဘဲနဲ့ ဘယ်တုန်းကများ ဆူဘူးလို့တုန်းကွ၊ ကဲ. . . ကဲ နောက် ဒီလိုမဖြစ်စေနဲ့။ ဒီခုံအောက် တံမြက်စည်းလှည်းမယ်ကြံရင် ပန်းအိုးကို ပထမ အောက်ချပေါ့ကွာ"

ကိုဘကိုးသည် ပြောပြောဆိုဆိုပင် မလှမ်းမကမ်း၌ ရပ်နေသော ဒေါ်လှသင်းဆီသို့ လျှောက်သွားပြီး . . .

"ဒီမှာ ဒေါ်ဒေါ် ကျွန်တော် မိန်းမတွေကို အတော်များများပဲ ဆက်ဆံခဲ့ဘူးတယ်။ ဒေါ်ဒေါ့်လို စိတ်ကောင်းရှိတဲ့ မိန်းမမျိုးကတော့ အတော်ရှားတာပဲ။ ခုဖြစ်တဲ့ကိစ္စမျိုးမှာ ဒီပြင်မိန်းမတစ်ယောက်သာဆိုရင် ကျွန်တော့်ကို မျက်နှာလို မျက်နှာရလုပ်ပြီး မောင်ထွန်းသိုက်ကို ခပ်ဖိဖိ ကလေး ကြိမ်းမှာပဲ။ ဒေါ်ဒေါ်ကတော့ သူ့ဘက်ကလိုက်ပြီး ဖေးဖေးမမ ပြောတယ်၊ ဒါမှန်တာပေါ့"

ဒေါ်လှသင်းသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်၏။

"တပည့်သားမြေးဆိုတာ ကိုယ့်ဆရာသမားကို ကြောက်စမြဲပါ ဒေါ်ဒေါ်။ ငွန်းကျိုးရင် ပန်းကန်ကွဲရင် အဆူခံရမယ်ဆိုတာ သူတို့သိတယ်။ တမင်သက်သက်ကျိုးအောင်၊ ကွဲအောင်လုပ်ပြီးတော့ကော သူတို့ အဆူ အကြိမ်း ခံချင်ကြမယ်တဲ့လား ဒေါ်ဒေါ်"

"ဒီလိုလဲ ဘယ် တမင်လုပ်ပြီး အဆူခံချင်ပါ့မလဲ ငါ့တူရယ်"

"အဲသည်လို မတော်တဆဖြစ်တာဘဲ အပြစ်ကြီးတစ်ခုလို သဘောထားပြီး ဆူဟယ်၊ ကြိမ်းဟယ်နဲ့ အချို့များ ရိုက်လားပုတ်လား လုပ်တတ်တဲ့ အိမ်ရှင်မတွေလည်း ကျွန်တော်တွေ့ဖူးပါတယ်။ ဒါဟာ သက်သက်အနိုင်ကျင့်တာပဲ။ ကိုယ့်ဆရာသမားကို အထိတ်တလန့် ကြောက်ရွံ့ပြီး ဂရုစိုက် ရိုသေတာထက် ချစ်ခင်လေးစားပြီး ရိုသေတာက ပိုမကောင်းဘူးလား ဒေါ်ဒေါ်"

"အေး. . . ဒေါ်ဒေါ်လဲ ငါ့တူနဲ့ စိတ်သဘောချင်း တူသဟေ့"



"ဝမ်းသာပါတယ် ဒေါ်ဒေါ်၊ ဒီလိုစိတ်ကောင်းရှိမှလည်း ကျွန်တော့်စိတ်နဲ့ ဟပ်မိမှာဘဲ။ လူလူချင်း အနိုင်ကျင့်တာတော့ ကျွန်တော် နည်းနည်းမှ မကြိုက်ဖူး။ ကဲ. . . ကျွန်တော် ရေချိုးချည်ဦးမယ်နော်"

ကိုဘကိုးလည်း သူ့စကားကို ဤလိုအဆုံးသတ်လိုက်ပြီး သူ့ အိပ်ခန်းဆီသို့ လှမ်းထွက်သွားရာ ဒေါ်လှသင်းမှာ ကိုဘကိုး၏ နောက် ကျောပိုင်းကိုကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်စွာ ပြုံးနေ၏။ ကိုဘကိုး အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားမှပင် ဒေါ်လှသင်း လည်း ကိုထွန်းသိုက်နှင့်ရောထိုင်လိုက်ကာ ပန်းအိုးကွဲ အစအနများကို တူညီဝိုင်းဝန်းကောက်ပေးနေရာမှ . . .

"ဘယ့်နဲ့ မောင်ထွန်းသိုက်၊ မင်းဆရာလို သဘောထားပြည့်ဝတဲ့ လူတော့ ဒေါ်ဒေါ်ဖြင့် မတွေ့ဖူးသလောက်ပါပဲကွယ်။ အင်မတန် စိတ်ကောင်း၊ နှလုံးကောင်းရှိတဲ့ သူငယ်ပဲ"

"ဒါကြောင့်မို့လည်း ကျွန်တော် သူနဲ့ မခွဲနိုင်တာပေါ့ ဒေါ်ဒေါ်။ ကျွန်တော့်ကိုတော့ သူ့သားအရင်းလိုပဲ ဂရုစိုက်အရေးပေးရှာပါတယ်။ သူနဲ့ကျွန်တော် နှစ်ယောက်တည်း ပန်းဆိုးတန်းမှာနေတုန်းက ညအချိန် မတော်ကြီး ကျွန်တော် ခြေသလုံးကြွက်တက်တာ ကျွန်တော်ဖြင့် လိမ့် နေတာပဲ။ အခံရခက်လွန်းလို့ ဒါကို သူလေ အစ်ကိုကြီးရယ် ကျွန်တော့် ခြေသလုံးကို မရွံမရှာ သူ့ပေါင်ပေါ်တင်ပြီး ပရုတ်ဆီနဲ့ ပွတ်နှိပ်ပေးရှာ သဗျ။ ကျွန်တော်ဖြင့် ဒီကျေးဇူးတွေကို ဘယ်လိုဆပ်ရမှန်းတောင် မသိဘူး"

ထိုသို့သော ကိုထွန်းသိုက်၏စကားကို ကြားလိုက်ရသည်တွင် ဒေါ်လှသင်းမှာ တအံ့တဩ ငေးမောသွား၏။ ဤ၍ ဤမျှ ဒေါ်လှသင်း ဘာကြောင့် အံ့အားသင့်သွားရသနည်းဟူသော အဖြေကို ထွေထွေရာရာ ရှာနေစရာမလို။ ဒေါ်လှသင်းကိုယ်တိုင် ဤမျှ မရက်ရောနိုင်သောကြောင့် တစ်နည်းအားဖြင့် ကိုယ်မလုပ်နိုင်၊ မစွန့်စားနိုင်သောကြောင့် အလုပ်တစ်ခု ကို တခြားတစ်ဦးတစ်ယောက်က လုပ်ပြစွန့်စားပြသည်ကို အံ့ဩသကဲ့သို့

www.burmeseclassic.com



အံ့ဩသွားခြင်းသာဖြစ်၏။ သို့အားဖြင့် ဒေါ်လှသင်းသည် တပည့်သားမြေးများအပေါ်၌ စေတနာကောင်းသည် ထားပေဦး။ ဖျားနာမကျန်းဖြစ်ရာတွင် လူတန်းစားခွဲခြားမှုကား အနည်းနှင့်အများ ရှိပေလိမ့်မည်။

ကိုထွန်းသိုက်ပြောသည်ကို ထောက်ခြင်းအားဖြင့် ကိုဘကိုးတွင်မူ သူကား အစေခံ၊ သူကားသွေးသားဟု ခွဲခြားဆက်ဆံသော စိတ်မျိုးရှိဟန် မတူ။ လူလူချင်း မည်သူမည်သူမျှ မြင့်သည်၊ နိမ့်သည်၊ ယုတ်သည်၊ မြတ်သည် သဘောမထား။ အားလုံး အတူတူပင် ဖြစ်သည်ဟူ၍ ယူဆကြောင်း ထင်ရှားနေတော့။

သို့လျှင် ဒေါ်လှသင်းနှင့် ကိုထွန်းသိုက်တို့ စကားကောင်းနေကြစဉ် ကိုဘကိုးသည် သူ့အိပ်ခန်းထဲ၌ ရှပ်အင်္ကျီကိုလည်းကောင်း၊ စွပ်ကျယ်အင်္ကျီကိုလည်းကောင်း တစ်ထည်ပြီးတစ်ထည်ချွတ်၍ ကုတင်ခေါင်းရင်းဘက်ရှိ ကြိုးတန်းပေါ် လွှားတင်လိုက်ပြီး မျက်နှာသုတ်ပုဝါကို ပခုံးပေါ်တင်ရင်း ကုတင်ဘေးသို့ တစ်လှမ်းချင်း လျှောက်လာကာ မိမိဘက်မျက်နှာပေး၍ ကွေးကွေးကလေး အိပ်မောကျနေသော မနုမေ၏ မျက်နှာဝင်းဝင်းကလေးကို စူးစူးစိုက်စိုက်ကြည့်နေ၏။

"နေ့လယ်နေ့ခင်းမှာ အပျင်းထူပြီး အိပ်တာတော့ ကျုပ်မကြိုက်ဘူးသိလား"

ကိုဘကိုးသည် နံနက်ပိုင်းက ဤသို့လျှင် မနုမေအား သတိပေးခဲ့သည်၌

"ကျွန်မလည်း နေ့လယ်မအိပ်တတ်ပါဘူး အစ်ကိုကြီး"ဟု မနုမေဖြေခဲ့၏။ ယခုသော် မနုမေသည် အိမ်ရှေ့တွင် ပန်းအိုးကျကွဲသံဖြင့် ဆူညံသွားသည့်တိုင်အောင် မနိုးဘဲ အိပ်မောကြနေသည်မှာ သူ့စကားနှင့် မညီသလို ဖြစ်နေပြန်၏။



သို့စေကာမူ သူ့အစ်ကိုကြီး မျက်နှာထားမှာမူကား မနုမေ အိပ်နေသည့်အတွက်ဟူ၍ အမျက်ထိုနေသည့် အရိပ်အရောင် လုံးဝမပြဘဲ အလွန့်အလွန် ကြင်နာယုယသည့် မျက်နှာပေးဖြင့် ခပ်ငေးငေးစိုက်ကြည့်နေ၏။

ရေကန်တစ်ကန်၏ အတိမ်အနက်ကို ထိုရေကန်တွင်ပေါက်သော ကြာရိုးကြာစွယ် ကြာပင်ကြာမြစ်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သော်လည်း လူတစ်ဦးတစ်ယောက်၏ စိတ်သဘောထား အတိမ်အနက် အဆိုးအကောင်းတို့မူ ဘာကိုကြည့်၍ အကဲခတ်ရမည်ဟု တိကျသော သတ်မှတ်ချက်မပါသောကြောင့် သိနိုင်ရန်လည်း ခဲယဉ်းလှတော့၏။

ယနေ့ တစ်မနက်လုံး ကိုဘကိုး ကျင့်သုံးခဲ့သော အပြုအမူ အပြောအဆိုများမှာ မနုမေအား တစ်ကွက်ကလေးမျှ သက်သာမှုမပေး။ ညားခါစ ဇနီးကလေးအဖြစ် အရေးတယူ ပျူပျူငှာငှာလုပ်ဖို့ကို မဆိုထားဘိ။ ရှိသည်ဟူ၍ပင် သဘောမပို့ခဲ့ဘဲ မိုက်ရိုင်းစွာ ဥပေက္ခာထားခဲ့သည့် ကိုဘကိုးသည် အိမ်ထောင်ရေးနှင့်ပတ်သက်၍ ဘာမျှနားမလည်သော လူပြိန်း၊ လူအ တစ်ယောက်ကား မဖြစ်နိုင်။

"ကျုပ်သိတယ် မနုမေ၊ ကျုပ်သိသပေါ့၊ စောစောက မင်းကို နမ်းမလိုလိုနဲ့ ဖက်လိုက်ပြီးမှ မနမ်းဘဲထွက်လာတာကို မင်းမကျေနပ်ဘူးလား။ ဒီလိုကိစ္စမျိုးနဲ့ပတ်သက်လာရင် ယောကျ်ားရယ်၊ မိန်းမရယ် ခွဲခြားလို့မရနိုင်ဘူး။ ခံစားရတဲ့ ဝေဒနာချင်းက အတူတူပဲ"

သို့လျှင် ကရုဏာသံနှော၍ ဤသို့ပြောပြီး ခပ်လောလော ပွေ့ဖက်ကာ မနုမေ၏ ပါးညက်ညက်ကို ဝက်ဝက်ကွဲမတတ် အသဲယားဖြစ်ပေါ်လာသည့် အချစ်စိတ်ဖြင့် မွှေးလိုက်သည်၊ ကြူလိုက်သည်။ ဤလိုသာ ညားခါစဇနီးမောင်နှံပီပီ တစ်နေကုန်တစ်နေခန်း အချစ်နလံထနေခဲ့သော် မည်မျှလောက် သဘာဝကျလေမည်နည်း။ သို့သော်. . .

www.burmeseclassic.com



"ကဲ မနုမေ မင်း ဒီအခန်းထဲက အမြန်ဆုံးထွက်သွားရင် ကောင်း လိမ့်မယ်"

ယခုမွှေး၊ ယခုကြူ၊ ပျူပျူငှာငှာ ချစ်လိုက်သည်မှ ချက်ချင်းဆို သလို ပစ်ပစ်ခါခါ မောင်းထုတ်လိုက်ပြန်၏။ မဆန်းသလော။

နက်နဲခက်ခဲသော လူ့သဘာဝစိတ်ကို ကိုဘကိုး သိသည်၊ နားလည်သည်၊ ကိုယ်ချင်းစာတတ်သည်။ သို့ပါလျက်နှင့် အဘယ်သို့သော အကြောင်းကြောင့် သူသည် လူမပီသသော အပြုအမူဖြင့် တစ်ဖက်သားကို စိတ်ဒုက္ခပေးနေပါသနည်း။

အိပ်ပျက်သောကြောင့်မဟုတ်ဘဲ နေ့ခင်းနေ့လယ် အပျင်းထူစွာ အိပ်သည်ကို မလိုးလားသော ကိုဘကိုးသည် မနုမေ ယခုကဲ့သို့ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကိုတွေ့ရာ၌ ဗိုးဗိုးဖတ်ဖတ် လှုပ်နှိုး၍ ပိုးစိုးပက်စက် ပြောလိုက်လေမလားဟု ထင်ရသော် ယင်းသို့အမူအရာသည် အရိပ် အယောင်မျှပင် ပေါ်မလာဘဲ . . .

"အင်း. . . သူလဲ ငါ့ကို စိတ်နွမ်း၊ လူပန်းဖြစ်ပြီး အိပ်ပျော်သွား တာ ထင်ပါရဲ့" ဟူသည့် အတွေးမျိုးဖြင့် ငေးကြည့်နေသည် ထင်ရ၏။

ကျက်သရေအတိဖြင့် ပြည့်ပြည့်ဝဝ လှနေသော မနုမေ၏ မျက်နှာကလေးကို ကိုဘကိုးသည် အတန်ကြာသည့်တိုင်အောင် အကြင်နာ ကြီးစွာဖြင့် စိုက်ကြည့်နေပြီမှ ပခုံးပေါ် တင်ထားသော မျက်နှာသုတ်ပုဝါကို လည်ပင်းပတ်လိုက်ကာ ရင်ဘတ်ပေါ် ဝဲကျနေသည့် မျက်နှာသုတ်ပုဝါစ တဖက်ကို လက်နှင့်ဖိ၍ တဖြည်းဖြည်းငုံ့သွားပြီး မနုမေ၏ ချွေးစိုနေသော နဖူးဆံစပ်ကလေးကို အသာအယာမွှေးလိုက်၏။ ပါးပြင်ကလေးကိုလည်း ကြူလိုက်ပြန်၏။

မနုမေပင် အအိပ်ကြီး၍လော၊ ကိုဘကိုး ကြူကြူမွှေးလိုက်ခြင်း



သည်ပင် ညင်သာလွန်း၍လော မပြောတတ်။ မနုမေမှာ နဖူးရေတလေး သာလျှင် အနည်းငယ်တွန့်သွားပြီး အိပ်ပျော်မြဲပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာ၏။

နံနက်မိုးလင်းခဲ့သည်မှ ယခုအချိန်ထိ ကိုဘကိုး၏ မျက်နှာထား သည် ဤအကြိမ်လောက် သာယာသည်ကို မနုမေ မတွေ့ခဲ့ရ။ သို့ ကြည်ကြည်လင်လင်နှင့် ရွှင်ပြီး အကြင်နာကြီးမားမှုများလွှမ်းကာ ရွှမ်းရွှမ်း ဝေနေသည့် မျက်နှာထားဖြင့် ယုယုယယ မွှေးမွှေးကြူနေသောအခါ၌ လည်း မနုမေမှာ အိပ်မောကျနေပြန်သောကြောင့် ထိုအရသာကို မခံစား လိုက်ရ၊ မနုမေ၏အဖြစ်ကား ဆိုးဝါးလှချေ၏။ အသဲနာဖွယ်ရာ ကောင်းလှ ချေ၏တကား။

ကိုဘကိုးသည် နောက်ဆုံးအကြိမ်အဖြစ်ဖြင့် မနုမေ၏ နဖူး ကလေးကို မွှေးလိုက်ပြီးမှ ခပ်ကိုင်းကိုင်းကုန်းထားသော ကိုယ်ကိုဆန့်၍ ရပ်လိုက်၏။ သူ့နှာခေါင်းဖျားတွင် ကပ်ပါလာသော ချွေးစများကို ပွတ်သုတ်ရင်း စူးစိုက်ကြည့်နေသော ကိုဘကိုး၏ မျက်လုံးများမှာ အပြည့် မျက်ရည်ဖြင့် ဝေနေပြန်၏။

ကိုဘကိုး၏ အမူအရာကို ကြည့်ရသည်မှာ သာမန် စိတ်ဓာတ် နုနယ်သူတစ်ယောက်အဖို့ဆိုသော် စိတ်တွေ မူးနောက်နောက် ဦးနှောက် တွေပါ ခြောက်သွားမတတ် အကဲခတ်ရကြပ်လှတော့၏။ ယနေ့ တစ်မနက်လုံး ဘောက်နှင့်ဘုရော၍ ပိုးစိုးပက်စက် ပြောခဲ့၊ ပြုမူခဲ့သော ကိုဘကိုးသည် ယခုသော် နံနက်ပိုင်းကနှင့် လုံးဝမတူ မူတစ်မျိုးပြောင်းနေ၏။

စိတ်ကလေး ကြည်ကြည်လင်လင်ဖြင့် ရွှင်ရွှင်ပျပျ အိပ်ပျော် သွားခြင်းမဟုတ်ဘဲ အသဲကြေပြီး လဲသေမတတ် စိတ်ဒုက္ခကို ခံစားရင်း အိပ်မောကျနေသည်ဖြစ်သောကြောင့် မနုမေ၏ မျက်နှာကလေးမှာ ဝမ်းနည်းလှိုက်ဖို ငိုမလိုအသွင်မျိုး ဆောင်လျက်ရှိ၏။ ထိုသို့သော သနား

www.burmeseclassic.com

www.burmeseclassic.com



စရာ မျက်နှာထားကလေးကို ငေးစိုက်တွေဝေခြင်းနှင့် တစိမ့်စိမ့်ကြည့်နေသူ ကိုဘကိုး၏ အမူအရာ မျက်နှာထားဟန်မှာလည်း တဖက်မှ ရောင်ပြန်ဟပ်ခြင်း ခံရနေဘိအလား ညှိုးညှိုးငယ်ငယ် ဖြစ်နေရှာသာမက ဝေနေသော မျက်ရည်သည်ပင် တစ်ပေါက်ပေါက် ကျဆင်းတော့မည်ကဲ့သို့ ရှိနေ၏။

မနုမေအား စိုက်ငေး၍ ကြည့်ရှုနေသော မျက်နှာထားမှာလည်း ရာခိုင်နှုန်းအပြည့် ယုယကြင်နာလွန်းသည့် အသွင်မျိုးဆောင်နေပြန်၏။ ချက်ချင်းပင် ကိုဘကိုးသည် လည်ပင်းတွင်ပတ်ထားသော မျက်နှာသုတ်ပုဝါကို ဖြေယူလျက် ကုတင်အတွင်းဘက်သို့ ခြင်ခါသလို သုံးလေးကြိမ် ဝှေ့ရမ်းလိုက်ပြီးမှ တင်ထားသော ခြင်ထောင်ကို အသာအယာချပေးခဲ့ကာ အခန်းထဲမှ လှည့်ထွက်သွားတော့၏။

❖ ❖ ❖ ❖ ❖

၅

"တိတ်ပါ မနုမေရယ် ဘာဖြစ်လို့များ ဒီလောက်ရှိုက်ကြီးတငင် ငိုနေရတာလည်း"

ကုတင်ပေါ်တွင် ခပ်စောင်းစောင်းလှဲရင်း ဝမ်းနည်းပက်လက် ငိုနေသော မနုမေအား ကိုဘကိုးသည် လက်ကလေးကိုင်ဆုပ်၍ အသာအယာ လှုပ်မေးလိုက်၏။ ဤတွင် မနုမေ၏ရှိုက်သံမှာ ပို၍လှိုက်လှိုက်လှဲလှဲ ဖြစ်လာ၏။ ကိုဘကိုး စကားဆုံးသည်နှင့် မနုမေသည် စောင်းထားသော ကိုယ်ကို ဖြုံးကနဲ့လှည့်လိုက်ပြီး . . .

"ဘာ ဘာဖြစ်လို့ ငိုရသလဲတဲ့ အင်း အစ်ကိုကြီး မေးတာတောင် လွန်လှပြီး ကျွန်မ ခုလိုငိုရှိုသာငိုတာဟာ အင်မတန် သိမ်မွေ့တဲ့ အနုနည်းကို သုံးတာဘဲလို့ အစ်ကိုကြီးနားလည်ပါ။ အမှန်ကတော့ ကျွန်မခံစားနေရတဲ့ အဖြစ်ဟာ ကိုယ့်ကိုယ်ကို သတ်သေဖို့တောင် ကောင်းနေပြီ သိရဲ့လား"

ရင်ကလေးဖိုလှိုက်နှင့် ရှိုက်၍ ရှိုက်၍ပြောနေသော မနုမေ၏ ကိုယ်အထက်ပိုင်းကို လက်နှစ်ဖက်နှင့်ခွ၍ ထောက်လိုက်ပြီးမှ ကိုဘကိုး

www.burmeseclassic.com



သည် မနုမေ၏ မျက်နှာကလေးကို ကြင်နာယုယစွာကြည့်ရင်း . . .

"ကျုပ် မင်းကို စိတ်ဆင်းရဲအောင်များ လုပ်မိသလား မနုမေ ဟင် ပြောစမ်း ကျုပ် မင်းကို"

"တော်တော့ အစ်ကိုကြီး မမေးနဲ့တော့၊ အစ်ကိုကြီးဟာ အိပ်ချင်ယောင်ဆောင်နေတဲ့လူလို အန္ဓိုးရခက်နေပြီ။ ဒီမှာ အကိုကြီးရဲ့ ခု အစ်ကိုကြီးနဲ့ ကျွန်မညားကြတဲ့ကိစ္စမှာ ကျွန်မက အတင်းကြိုက်ပါရစေ ဆိုပြီး ယူရတာလား အစ်ကိုကြီးက "

"အေးလေ ကျုပ်ကကြိုက်လို့ မင်းကိုယူခဲ့တာဘဲ ဒါ ဘာဖြစ်သလဲ မနုမေ"

"နို့ ချစ်ကောချစ်ရဲ့လား"

"မိန်းမယူတဲ့ကိစ္စမှာ မချစ်ဘဲ ယူလို့ဖြစ်သတဲ့လား မနုမေ"

ကိုဘကိုး ဤသို့မေးလိုက်သည်တွင်မှ မနုမေမှာ ပို၍ဝမ်းနည်းသွားသလို အထစ်ထစ်အငေါ့ငေါ့ ရှိုက်နေမိတော့၏။

"မဟုတ်ဘူး မဟုတ်ဘူး အစ်ကိုကြီး ကျွန်မကို မချစ်ဘူး ကျွန်မ သိတယ်။ အစ်ကိုကြီးနဲ့ကျွန်မညားတာ ဒီနေ့တစ်နေ့လုံးပါ ထည့်တွက်ဦး တော့ (၂)ရက်မပြည့်သေးဘူး မဟုတ်လား"

မနုမေသည် ရှိုက်ရင်းကပြောပြီး ပြောရင်းက ရှိုက်နေပြန်တော့၏။

"အစ်ကိုကြီးဟာ ကျွန်မထက် အနှစ်(၂၀)လောက်စောပြီး လူ့ပြည် ကိုရောက်နေတဲ့ လူတစ်ယောက်နော်။ နို့ အစ်ကိုကြီးရဲ့ သက်တမ်း တစ်လျှောက်မှာ တွေ့ခဲ့ရတဲ့ မယားရစ, လင်တွေဟာ အစ်ကိုကြီးလိုပဲ ဘောက်ဆတ်ဆတ် သတ္တဝါတွေလား၊ အစ်ကိုကြီးလိုဘဲ မယားကို ဥပေက္ခာပြုထားတဲ့ လူစားတွေလား၊ ပြီးတော့ လင်ရစ မယားတွေဟာ ကော ကျွန်မလိုပဲ စိတ်ဆင်းရဲဝေဒနာကို ခံစားနေကြရသလားဟင်



ပြောလေအစ်ကိုကြီး"

ကုတင်ဘေးတွင် တင်ပလွဲထိုင်ရင်း ထောက်ထားသော ကိုဘကိုး၏ လက်မောင်းအိုးနှစ်ခုကြားမှ ပက်လက်ကလေးမော်ကြည့်ရင်း မနုမေသည် ဤသို့လျှင် ကရုဏာဒေါသောဖြင့် ခပ်လောလောမေးလိုက်၏။ ကိုဘကိုး သည် တစ်စုံတစ်ရာ အဖြေမပေးဘဲ ခပ်အေးအေးပြုံးလိုက်ရင်းက ထောက် ထားသော လက်ျာလက်ကို မနုမေ၏ ခါးအောက်သို့လည်းကောင်း၊ လက်ဝဲ လက်ကို ကျောအောက်သို့လည်းကောင်း လျှိုသွင်းလိုက်သဖြင့်. . .

"ဘာလဲ ဒါကဘာလုပ်တာလဲ ညာဦးမလို့လား။ ဒီလိုနဲ့မရဘူး။ ကျွန်မမေးတာပြော။ တကယ်ဆိုရင် ခုလို အချိန်မျိုးဟာ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ မမြင်ရ မနေနိုင် မျက်နှာချင်းဆိုင်ပြီး ကြည်နူးနေကြဖို့ မဟုတ်လား ခုတော့"

မနုမေ စကားမဆုံးမီပင် ကိုဘကိုးသည် မနုမေ၏ခါးနှင့်ကျော အောက်တွင် လျှိုထားသော လက်များကို ခပ်စုစုကွေးညွှစ်မယူလိုက်ပြီး မျက်နှာချင်း ထိလုခမန်း နီးကပ်လာသည်တွင်မှ. . .

"တော် မနုမေ မပြောနဲ့တော့။ ဒါတွေ ကျုပ်သိတယ်။ ခုန မင်းပြောသလိုပဲ ကျုပ်ဟာ မင်းထက်အနှစ်(၂၀)စောပြီး ကာမဘုံ ရေယာဉ်ကြောမှာ အစုန်အဆန် မျောခဲ့တာမို့ ဘယ်အကွေ့၊ ဘယ်တက်နဲ့ လှော်ရမယ်ဆိုတာ ကျုပ်သိသပေါ့။ ကဲ ရှေးအဖို့ မင်းကျေနပ်သလို ဖြစ်စေရမယ် ဟုတ်ပါလား"

ကိုဘကိုးသည် ထူးခြားသော မျက်နှာထားတစ်မျိုးဖြင့် ဤသို့လျှင် ခပ်တိုးတိုးပြောရင်း ခပ်တင်းတင်းဖက်ညှစ်လိုက်ပြီးမှ မနုမေ၏ပါးအစ်အစ် ကို သွေးနှာခေါင်း တစ်ပြုံလုံး နစ်ဝင်သွားသည်အထိ ဖိကပ်နမ်းရှုံ့ အားရပါးရ မှုံထားလိုက်၏။

ချိုမြိန်၊ ဆိမ့်အီ အမည်မှည့်၍ မဖြစ်သော ရင်း သည် အရသာ မျိုးကို ဖိုမ မရွေး အိမ်ထောင်ရေးသတ္တဝါဟူသမျှ တောင့်တမတ်စောကြ

www.burmeseclassic.com



သည်သာဖြစ်၏။ မနုမေသည်လည်း ကိလေသာနည်းသူ ကာမဘုံထဲက လူတစ်ယောက်ဖြစ်သည်နှင့်အမျှ ထိုလိုဆန္ဒမျိုး သူ့တွင်လည်း ရှိခဲ့သည့် အလျောက်လည်း ရင်း သည်သာယာမှုမျိုးကို လိုလိုချင်ချင် တောင့်တခဲ့သည်။ ယခု သူ့ဆန္ဒပြည့်ပြီလော၊ အခိုက်အတန့်အားဖြင့်ကား မနုမေသည် အီသလော၊ ဆိမ့်သလောဟု အဘယ်လောစောကြော တွက်ဆတွေးမရနိုင်သည့် အရသာမျိုးကို မျက်လွှာကလေးစင်း၍ တမြည့်မြည့် ခံစားနေ၏။

ကိုဘကိုးသည်လည်း အတန်ကြာသည့်တိုင်အောင် မနုမေအား ပွေ့ဖက်ညှစ်၍ သူ့နှာခေါင်းကို နှစ်ထားပြီးမှ မနုမေ၏ ကိုယ်လုံးကျစ်ကျစ်ကလေးကို နေသားတကျ အိပ်ရာပေါ်သို့ အသာအယာ လျှောချလိုက်၏။ ထိုသည့်အချိန်တိုင်အောင် မနုမေ၏ မျက်လုံးများ ပွင့်မလာသေးဘဲ ထူးတဲသည့် ထိုဇိမ်အရှိန် မပြေသေးသလို မျက်လွှာကလေး မှေးတော့၏။

လက်နှစ်ဖက်ကို ခေါင်းအုံးပေါ်ပြစ်၍ နှစ်နှစ်ခြိုက်ခြိုက် မှိန်းနေသော မနုမေသည် ငါးမိနစ်သာသာခန့် ငြိမ်နေပြီးမှ ခါးကလေးတွန့်လာ၏။ မကြာမီ ပေါင်ကလေးနှစ်ဖက်ပါ တွန့်သွားရာမှ 'အဟွန့်' ဟူသော တံတွေးသီးသံနှင့်အတူ မနုမေ၏ မျက်လွှာကလေး ပွင့်လာ၏။

ချက်ချင်းဆိုသလိုပင် မနုမေသည် ဇိုးဇိုးဇတ်ဇတ်နှင့် ဖျတ်ကနဲ ထ,ထိုင်ပြီး တောင်၊ မြောက် လေးထွေသို့ ကြောင်တွေတွေ လှည့်ကြည့်လိုက်၏။ လေးပင်လိမ် ဇာခြင်တောင်အတွင်းမှ ကြည့်ရသည်မှာ ရှင်းလင်းပြတ်သားခြင်း မရှိသောကြောင့်လည်းမသိ မနုမေသည် ခြင်တောင်တံခါးကို ဟ၍ ကုတင်ပေါ်မှ ပြာပြာသလဲဆင်းလာကာ မရှင်းမလင်းဖြစ်နေသော သူ့စိတ်ကို ဝေခွဲရင်းက တစ်ခန်းလုံးအနှံ့ လှည့်ကြည့်လိုက်သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ရသည်နှင့် မနုမေ၏ စိတ်ထဲတွင် ဒိတ်ကနဲ မောသွားရှာ၏။

မကြာမီ မနုမေ၏မျက်လုံးများသည် မှန်တင်ခုံနှင့်တည့်တည့်



အုတ်နံရံပေါ်ရှိ လျှပ်စစ်မာတ်အားဖြင့် တရွေ့ရွေ့သွားနေသော နာရီဝိုင်းတလေးဆီသို့ ရောက်သွားသည်၌ လက်တံတိုသည် လေးဂဏန်းကို ပြနေလျက်၊ လက်တံရှည်ကား (၁၀)နှင့် (၁၁) အကူး လမ်းခုလတ်တွင်ဝင်ရှိနေသေးသောကြောင့် (၄)နာရီထိုးရန် (၈)မိနစ်နီးပါး လိုသေးသည်ကို တွေ့ရ၏။

မနုမေသည် ကုတင်နားတွင် ရပ်နေရာမှ ထွေနေသော စိတ်တလေးဖြင့် မှန်တင်ခုံနားသို့ လေးလေးဖင့်ဖင့် လျှောက်သွားကာ ခြေစုံဆန့်၍ ရပ်လိုက်ရင်းမှ မှန်ထဲတွင် မြင်နေရသော သူ့မျက်နှာကလေးကို သေသေချာချာ စိုက်ကြည့်နေ၏။ နဖူးဆံစတွင် စို့နေသော ချွေးသီးကလေးများကို လက်ဖမိုးကလေးဖြင့် ပင့်သုတ်လိုက်ရင်း တစ်စုံတစ်ရာကို သတိရသလို တွေသွားပြန်၏။

"စောစောက အစ်ကိုကြီး ငါ့ကိုနမ်းတာ ဒီနဖူးကို ပထမ၊ ပြီးတော့ ဒီဘက်ပါး နောက်"

မနုမေသည် ဤသို့ရေရွတ်ရင်းက လက်ဝဲဘက်ပါးကို သူ့လက်ဖျားတလေးဖြင့် ပွတ်ကိုင်နေရာမှ တဖန် လက်ျာဘက်ပါးဆီသို့ သူ့လက်ကလေး ရောက်သွားပြန်၏။ ထိုအခိုက်အတန့်၌ မှန်ထဲတွင် မြင်နေရသော မနုမေ၏ မျက်နှာကလေးမှာ ကြည်ကြည်လင်လင်နှင့် ရွှင်နေရာမှ အဘယ်ကြောင့်ဟု၍မသိ၊ ကြည့်နေရင်းကပင် ညှိုးကျသွားတော့၏။

"ရှေ့အဖို့ မင်းကျေနပ်သလို ဖြစ်စေရမယ် မနုမေ၊ သူ ကတိပေးသွားတယ်။ ပြီးတော့ ငါ့ကိုလည်း အသဲထဲကချစ်သလို နှစ်နှစ်ကာကာကြီး မွှေးသွားတယ်။ ကြူသွားတယ်။ သူ ငါထင်သလောက် မဆိုးရှာဘူးဒါပေမဲ့ သူ ပြောဆိုပြုမူသွားတာ တကယ်မှ ဟုတ်ပါလေစ၊ အိပ်မက်တာများလား"

မနုမေသည် သို့ရေရွတ်နေရာမှ ခေါင်းကလေးညွှတ်၍ ငိုက်သွားပြန်၏။ ဟိုငေးသည်ငေး အတွေးဗလဗွေနှင့် တွေနေရာမှ မနုမေသည် တစ်စုံတစ်ရာ စဉ်းစားမိသကဲ့သို့ မှန်ရှေ့မှ ခွာခဲ့လျက် ကုတင်ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါင့်ခပ်ကျကျရှိ အဝတ်ဘီရိုကို ဇတ်ခနဲဆွဲဖွင့်လိုက်၏။

တိုက်ပုံအင်္ကျီ၊ ကုတ်အင်္ကျီ၊ ရှပ်၊ စွပ်ကျယ် စသဖြင့် သူ့အကန့်သူ့အထပ်နှင့် သပ်သပ်ရပ်ရပ်ရှိနေသော ကိုဘကိုး၏ အဝတ်အစားများကို တစ်ထပ်ပြီးတစ်ထပ် လက်နှစ်ဖက်ဖြင့် လှပ်၍လှပ်၍ တစ်စုံတစ်ရာကို ရှာနေ၏။ ဘီရိုတစ်ခုလုံး ကျေနပ်လောက်အောင် နှံ့နှံ့စပ်စပ် ရှာဖွေပြီးမှ မနုမေသည် အလိုမပြည့်သလို ဟင်းကနဲ သက်ပြင်းတစ်ချက်ချကာ ဘီရိုကို ပြန်ပိတ်လျက် အခန်းထဲမှ ထွက်သွား၏။

မနုမေသည် အခန်းထဲမှထွက်ပြီး နောက်ဖေးဘက်သို့ လျှောက်သွား၍ အိမ်သာထဲသို့ဝင်ကာ မကြာမီ ပြန်ထွက်လာပြီး အပေါ်ထပ်သို့ တက်ရန် နောက်ဖေးလှေကားဖက် ကွေ့လိုက်သည်နှင့် ရေချိုးခန်းတံခါးဝတွင် ဒေါ်လှသင်းနှင့် ရင်ဆိုင်မိရက်သား ဆုံသွားကြတော့ကာ

"ဩ ငါ့တူမကြီး နိုးလာမှကိုး၊ ညည်းနှယ် ဒီနေ့များ အိပ်လိုက်တာ မအိပ်စဖူး ညက"

"အို ဒေါ်ဒေါ် မတော်တရောတွေ လျှောက်ပြောဦးမလို့လား"

ဒေါ်လှသင်း စကားမဆုံးမီပင် မနုမေက ကြားဖြတ်ပြောရင်း ရှက်စနိုးအမူအရာဖြင့် မျက်စောင်းကို ချီလိုက်သောကြောင့် ဒေါ်လှသင်းမှာ သဘောကျသလို ပြုံးသွားရာမှ . . .

"ပြောပါဘူးအေရယ် ညကအိပ်ပျက်လို့များ"

"တော်ပါ ဒေါ်ဒေါ်ရယ်"

ရှက်ပြုံးကလေးဖြင့်ပြုံးရင်း မျက်လုံးပေါ် မျက်လွှာအုပ်၍ ခေါင်းကလေးပါ ငုံ့ချလိုက်ပြီးမှ ဖျတ်ဖျတ်လတ်လတ်ကလေး မော်လာပြန်ကာ

"ဒါနဲ့ ဒေါ်ဒေါ် အစ်ကိုကြီး ဘယ်အချိန်က ထွက်သွားသလဲဟင်"

"သေသေချာချာတော့ မပြောတတ်ဘူး။ ပုဏ္ဏရိပ်ပင်တွေကို မာလီကုလား ကတ်ကြေးနဲ့ ဖြတ်ညှိနေတာ ဒေါ်ဒေါ်ကြည့်နေတုန်း



ထွက်သွားတာဘဲ။ နှစ်ချက်၊ နှစ်ချက်ခွဲလောက် ထင်ပါရဲ့"

"ဒေါ်ဒေါ် သူ့ကို သေသေချာချာ သတိထားကြည့်မိသလားဟင်၊ သူ ဘာအင်္ကျီဝတ်သွားလဲ ဒေါ်ဒေါ်"

"နေပါဦးဟဲ့၊ အဲ အဲ သူ ဒို့အနားရောက်တော့ ကားရပ်ဆင်းပြီး တိုစိန်ပန်းပင်ပေါ်က ပိုးစားထားလို့ ခြောက်ခြွေနေတဲ့အကိုင်းကို ခုတ်ပစ်ဖို့ မာလီကိုတောင် ပြောသွားသေးတယ်။ အော်. . . အော် သူဝတ်ထားတာ ရှပ်အင်္ကျီအဖြူ၊ တိုက်ပုံအင်္ကျီ နဲ့သာရောင်ကွက်စိပ်၊ အေးဟုတ်တယ်။ လုံချည်တော့ ဒေါ်ဒေါ်မကြည့်မိဘူး။ ဘာဖြစ်လို့လဲ တူမရဲ့"

"ဖြစ်ပါဘူးဒေါ်ဒေါ်၊ စပို့ရှပ်များ ဝတ်သွားသလားလို့ပါ။ မနက်က သူစပို့ရှပ်ဝတ်ချင်တယ်၊ ထုပ်ပေးပါပြောလို့ ကျွန်မက ပွဲအိုက်ရတဲ့အထဲ ဒီစပို့ရှပ်ထူထူကြီး ဝတ်မသွားပါနဲ့ဆိုပြီး အက်စအိုရှပ်ဘဲ ထုတ်ပေးလိုက်တယ်။ ကဲ ဒေါ်ဒေါ် ရေချိုးမလို့လား ချိုးလေ၊ ကျွန်မခေါင်းဖီးဦးမယ်"

ဒေါ်လှသင်း တစ်စုံတစ်ရာ ထပ်မေးမည်ကို လက်မခံလိုသည့်အလား မနုမေသည် ပြောပြောလှည့်လှည့်ပင် လှည့်ထွက်လာကာ သူ့အိပ်ရာဝင်ပြီး ကုတင်နှင့် မလှမ်းမကမ်းရှိ ပက်လက်ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

"ဟုတ်ပါတယ် အိပ်မက်မက်တာဖြစ်မှာပဲ။ စောစောက ငါ့ကို ယုယုယယနဲ့ အစ်ကိုကြီး ချစ်နလံထသွားတာ တကယ်မဟုတ်ဘူး။ အိပ်မက် အိပ်မက်"

မနုမေသည် ကုလားထိုင်တွင် ပက်လက်ကလေးမှီကာ မျက်နှာကျက်ကို ငေးကြည့်ရင်း စိတ်ထဲမှာ ဤသို့ ရေရွတ်လျက်ရှိ၏။

"ကုတင်ပေါ် တင်ပါးလွှဲထိုင်ရင်း ငါ့ကို အားရပါးရဖက်ထားတုန်းက သူစပို့ရှပ်အင်္ကျီနဲ့ဟုတ်တယ်။ စပို့ရှပ်အင်္ကျီ ခိုရောင် အကောင်းစားကို ဝတ်ထားတယ်။ ဘီရိုထဲလိုက်ရှာတော့လည်း စပို့ရှပ်ပေးလို့ တူ[illegible]ကောင်း မတွေ့ရဘူး။ ဒေါ်ဒေါ်ကလည်း ရှပ်အင်္ကျီအဖြူ ဝတ်တာတဲ့။ ဟုတ်ပါသယ် ငါကိုက တစ်ဖက်သတ်စွဲလန်းလို့ အိပ်မက်မက်တာ ဖြစ်မှာပဲ။ သူတို့တော့

www.burmeseclassic.com



ဟင်း. . . ”

မနုမေသည် ဤသို့ရေရွတ်လိုက်ရင်းကပင် ညိုးညိုးခွေခွေနှင့် မျက်ရည်ပါဝေလာ၏။ သူ့တွင် ခံစားနေရသော စိတ်ဒုက္ခဝေဒနာကား မည်မျှကြီးမားသည်မသိ။ သူ့မျက်နှာထား ကြည့်ရသည်မှာ ကိုယ်ချင်းစာ တတ်သူ ယောကျ်ားတစ်ယောက်သည်ပင်၊ မျက်ရည်ဆည်နိုင်ဖွယ်ရာ အကြောင်းမရှိအောင် သနားရင်ဆို့စရာ ကောင်းနေတော့၏။

အမှန်စင်စစ်အားဖြင့်လည်း သူယခု ခံစားတွေ့ကြုံနေရသော ဘဝသည် အသဲနှင့်နှလုံးမှာ ပြုတ်ပြုတ်ပြုန်း ကြေမွသွားစေလောက်သည် ပင် မဟုတ်ပါလော။ မနုမေသည် အချစ်၏ သဘောသရုပ်ကို ဟုတ်ဟုတ် ဟပ်ဟပ်မသိသေးသော အပျိုတစ်ယောက် မဟုတ်တော့ပေ။ အချစ်၏ သဘော၊ အနက်အကျယ်ကို အကွက်လည်အောင် သိခဲ့ပြီး နဖူးတွေ့ ဒူးတွေ့ မေ့မတတ်လည်း ကြည်နူးခဲ့ပြီး အိမ်ထောင်သည်တို့၏ အချစ် သာယာမှုကား ဤသို့ဟု သိနားလည်ခဲ့သည်။ ထိုအလျောက်လည်း မနုမေ ချစ်တတ်လာသည်။ သူချစ်သကဲ့သို့ သူ့ကိုလည်း ချစ်စေလိုသည်။ သို့သော် သူဖြစ်ချင်သလိုကား ဖြစ်မလာခဲ့ပေ။

အဘယ် အကုသိုလ်၊ အဘယ်ဂြိုဟ်ဆိုး၍ ဤနည်းနှင်နှင် သူ့တွင် ဝင့်ဆိုက်နေသည် မပြောတတ်။ ကိုဘကိုး၏ ယုယပိုက်ထွေး ကြူကြူမွှေ့ မှုကို အာသာငမ်းငမ်းနှင့် ခပ်ပြင်းပြင်းကလေး တောင့်တခဲ့၊ တောင့်တသည့် အတိုင်း သူ့အစ်ကိုကြီးနှင့် အတူတူမေ့ပြီး မွှေးမွှေးကြူခြင်းကို အပြည့်ဝိတီ ဖြင့် မိမိရရ ခံစားလိုက်ရပါ၏။ သို့သော်လည်း မပြတ်သား၊ အိပ်မက်လား တကယ်လားဟု ခွဲခြားမရအောင် ဖြစ်နေပြန်၏။

သို့လျှင် ရောက်တတ်လေးဆယ် အမယ်မယ်သော အတွေးဖြင့် တွေးနစ်နေစဉ် ခပ်ဖော့ဖော့နင်းဝင်လာသော ခြေသံတစ်ခုကို ကြားရ သည်နှင့် ပျာပျာသလဲ ခေါင်းထောင်လှည့်ကြည့်လိုက်သည်၌ အနီးသို့



ရောက်နေပြီဖြစ်သော ဒေါ်လှသင်းကို မြင်ရလျက် . . .

“အမယ် မချော ခေါင်းဖီးဦးမယ်ဆိုပြီး ပြန်နှပ်နေတာလား အိပ်ရေးမဝလည်း အိပ်ပါဦးလားအေ”

“အိပ်ချင်ပါဘူး ဒေါ်ဒေါ်ရယ်၊ နေရတာ ပေ့ါပေ့ါပါးပါးကိုမရှိလို့”

“အေး ဒါ ထုံးစံပေ့ါ တူမရယ် ခုလို”

“ဒေါ်ဒေါ်ကလဲနော် ဒါတွေချည်း ပြောနေတာပဲ။ ကျွန်မ မအိပ် စဖူးအိပ်လို့ ခေါင်းထဲ အုံတုံတုံဖြစ်နေတာကိုပြောတာ ဒေါ်ဒေါ်ရဲ့”

“အင်းလေ ဒေါ်ဒေါ်ကလဲ အဲဒါကိုပြောမလို့ပါတော် ညည်းဟာ ညည်း အိုးမလုံ ”

“ကြည့်ပါလား”

မနုမေသည် မျက်စောင်းကလေးချီ၍ မှန်တင်ခုံဆီသို့ ထသွားရင်း က ကုတင်ဘက်သို့ မျက်လုံးရောက်သွားပြီး အတန်ကြာ တွေသွားရာမှ. .

“ဒီမှာ ဒေါ်ဒေါ် ကျွန်မအိပ်နေတုန်းက ခြင်ထောင် ဘယ်သူ လာချပေးသလဲ ဒေါ်ဒေါ်လားဟင်”

မှန်တင်ခုံနားမရောက်တရောက် ကုတင်နှင့်မလှမ်းမကမ်းနေရာမှ မနုမေ ဤသို့မေးလိုက်သည်နှင့် . . .

“ကြုံကြီးစည်ရာအေ မနေ့ကမှညားကြတဲ့လင်မယား ပူပူနွေးနွေး အခန်းထဲကို အရမ်းဝင်လို့ ဖြစ်မတဲ့လား၊ မတော်တဆ”

“ခက်လိုက်တာ ဒေါ်ဒေါ်ရယ် ဘာဖြစ်လို့များ ဒီလိုစကားတွေကို အရသာခံနေရမှန်းလဲ မသိဘူး။ ကျွန်မမေးတာက ခြင်ထောင်ကို ချမချ သိချင်လို့”

စိတ်အိုက်သွားသလိုရုပ်ဖြင့် ခေါင်းကုတ်ရင်း ပြောလိုက်သော မနုမေ၏ အမူအရာမှာ ဘာပဲပြောပြော ဤလိုစကားတွင် သူသည်[illegible] သာယာသွားသည့် အရိပ်အရောင်ကား ပေါ်နေသည်သာဖြစ်၏။

“အေးလေ ပြောပကော အခန်းထဲ ဒေါ်ဒေါ်မဝင်[illegible] ခြင်ထောင်လဲမချဘူးလို့ အမိပွာယ်ရတယ် မဟုတ်[illegible]။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ညည်းမောင်ဘကိုး"

"ကဲ သွားတော့ ဒေါ်ဒေါ်။ ဒေါ်ဒေါ်နဲ့ စကားပြောရတာ"

"ဘယ်ကောင်းမလဲလေ ဒေါ်ဒေါ်က ညည်းလင်မှ မဟုတ်ဘဲကိုး"

"တော်ပါတော့ ဒေါ်ဒေါ်ရယ်။ ကဲသွားပါတော့ ဒေါ်ဒေါ်ကို ရှိကြီးခိုးပါရဲ့"

မနုမေမှာ ဣန္ဒြေမဆယ်နိုင်တော့ဘဲ ပြုံးရာမှ ရယ်လာကာ ဒေါ်လှသင်းအား အခန်းပြင်သို့ တွန်းပို့ရင်း သို့ပြောလိုက်သည်တိုင်အောင်

"အေး အေး ညည်းဒေါ်ဒေါ့်ကိုသာ ရှိခိုးတောင်းပန်လို့ရမှာ မောင်ဘကိုး ကိုတော့"

မနုမေကလည်း ထိုအကြောင်းကို သဘောကျသွားသည့်အလား တခစ်ခစ်ရယ်ရင်းက ဒေါ်လှသင်းပါးစပ်ကို လက်တစ်ဖက်ဖြင့်ပိတ်ပြီး လက်တစ်ဖက်ကလည်း ကျောကိုဖေး၍ အခန်းထဲမှ တွန်းထုတ်ပြီး တံခါးကို ဆွဲပိတ်လိုက်သည်နှင့် . . .

"အလို မောင်ဘကိုး ဒီနေ့ပြန်လာတာ စောလှချည်လား။ အရောင်းအဝယ်ကော ကောင်းရဲ့လား"

ဤသို့မေးရင်း နှုတ်ဆက်လိုက်သော ဒေါ်လှသင်း၏အသံကို ကြားရသည်နှင့် မနုမေလည်း တံခါးကို ပျာပျာသလဲဖွင့်၍ အပြင်သို့ ပြူကြည့်လိုက်သည်တွင် ကိုဘကိုးနှင့်တူသော လူယောကျ်ားဟူ၍ တစ်ယောက်တလေမှ မမြင်ရဘဲ ပြုံးစစနှင့်လှည့်ကြည့်နေသော ဒေါ်လှသင်းကိုသာ တွေ့ရသဖြင့် ဤတွင်မှာ သူ့အဒေါ်၏ သရော်ကြည့်စယ်မှုကို ရိပ်မိတော့ကာ. . .

"သွားပါတော့ ဒေါ်ဒေါ်ရယ်။ စိတ်ရှုပ်လိုက်တာ" ဟု ပြောပြောဆိုဆို တံခါးကို ဆွဲပိတ်၍ မှန်တင်ခုံဆီသို့ ငြိမ့်ငြိမ့်ကလေး လှမ်းလာခဲ့၏။

အရွှမ်းတွေ၊ အသောတွေနှင့် ရယ်ကာမောကာပြောသွားသော သူ့အဒေါ်ကြောင့်လားမသိ။ မနုမေမှာ အခိုက်အတန့်အားဖြင့် ပျော်သလိုလို ရွှင်နေတော့၏။ ဆယ်မိနစ်ခန့်ကြာသည်အထိ ခေါင်းဖီးပြင်ဆင်၍ ဘီရိုဆီသို့ရောက်သွားကာ ပဒုမ္မာအင်္ကျီနှင့်ဘော်လီကိုပါချွတ်၍ ထမီကို ရင်ရှား



လိုက်ပြီး မျက်နှာသုတ်ပုဝါခြုံလျက် အခန်းထဲမှ ထွက်လာခဲ့၏။

ရေချိုးခန်းရှိရာ နောက်ဖေးဘက်သို့ ချိုးကွေ့လျှောက်လာခဲ့သည်၌ မနုမေသည် အိမ်ရှေ့ဧည့်ခန်းဆီသို့ ရှေ့ရှုလာနေသော ကိုထွန်းသိုက်ကို မြင်လိုက်သည်နှင့် တစ်စုံတစ်ရာ သတိရသကဲ့သို့ ရုတ်တရက် တန့်ရပ်လိုက်ကာ ကိုထွန်းသိုက် ရောက်လာသည်နှင့်. . .

"တစ်နေ့တစ်နေ့ ကိုထွန်းသိုက်လည်း နားရတယ်လို့ မရှိဘူးနော်။ အဲဒါက ဘာခွက်လဲ"

ကိုထွန်းသိုက်လက်ထဲမှ နို့ဆီခွက်တစ်ခုကိုကြည့်ရင်း မနုမေ ဤသို့မေးလိုက်၏။

"ဪ အိမ်ရှေ့က သံတံခါး ဖွင့်ရ ပိတ်ရတာ နည်းနည်းကျပ်တာနဲ့ ထည့်မလို့ ယူလာတာပါ ရေနံဆီလေ"

"ဪ . . . ဪ "

မနုမေသည် ဤမျှသာပြောလိုက်ပြီး တနေကုန်တနေခမ်း နားနေသည်ဟူ၍မရှိဘဲ အလုပ်မရှိအလုပ်ရှာ လုပ်တတ်သော ကိုထွန်းသိုက်၏ စိတ်ထားကို ဝမ်းထဲမှ ချီးကျူးနေမိ၏။

"ဘယ်နှယ်လဲ ကိုထွန်းသိုက် တိုတိုထွာထွာ ခိုင်းရအောင် ကလေးမလေးတစ်ယောက် ရှာပါဆိုတာ. . ."

"ဟုတ်ကဲ့ ပြောထားပါတယ် ဆရာကတော်"

"အို . . . . ဆရာကတော်တွေ ဘာတွေ လုပ်မနေစမ်းပါနဲ့ ကိုထွန်းသိုက်ရယ်။ အခု အသက်ဘယ်လောက်ရှိပြီလဲ"

"(၃၃)နှစ်ပါ"

"အဲဒီလိုဆို ကိုထွန်းသိုက်က ကျွန်မထက် (၈)နှစ်တောင် ကြီးနေတာပဲ မနုမေလို့ပဲ ခေါ်ပေါ့ရှင်"

ဤလိုပြောလိုက်သော မနုမေ၏စကားကို ကြားသည်နှင့် ကိုထွန်းသိုက်၏မျက်နှာ အတော်ကလေး ဝမ်းသာသွားသလို ပြုံးဖြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။

"ဩော် . . ဒါနဲ့ မသိလို့ မေးပါရစေဦး။ ကိုထွန်းသိုက်က အစ်ကိုကြီးနဲ့ အတူနေခဲ့တာကြာပြီမို့ ဒါတော့ သိမှာပဲ။ ဟိုဒင်းလေ အစ်ကိုကြီး စပို့ရှပ်တွေ ဘာတွေများ ဝတ်လေ့ဝတ်ထရှိသလားဟင်"

"အစ်ကိုကြီးနဲ့ ကျွန်တော်နေလာတာ (၁၀)နှစ်ရှိပြီ ဆရာကတော်"

"အို. . . မနုမေလို့ပဲခေါ်ပါ ကိုထွန်းသိုက်ရဲ့"

"ဟုတ်ကဲ့ (၁၀)နှစ်ရှိပြီ မနုမေ။ တစ်ခါမှ စပို့ရှပ်ဝတ်တာ မတွေ့ဘူး။ ရှပ်အင်္ကျီတောင် အစင်းတွေ၊ အကွက်တွေ၊ အရောင်တွေနဲ့ဟာ မဝတ်ဘူး။ အဖြူသက်သက်ပဲ ဝတ်လေ့ရှိတယ်။ ဘာဖြစ်လို့လဲ မနုမေ"

"ဖြစ်ပါဘူး။ ဝတ်များဝတ်တတ်သလားလို့ မေးကြည့်တာပါ။ ကဲ လုပ်စရာရှိတာ လုပ်ဦးနော်"

ပြောပြောဆိုဆို မနုမေက လမ်းဖယ်သလိုဖြင့် ကိုယ်ကိုတိမ်းပေးလိုက်သောကြောင့် ကိုထွန်းသိုက်လည်း အိမ်ရှေ့ဘက်သို့ လှမ်းထွက်သွား၏။

ရေချိုးခန်းအတွင်းသို့ ရောက်ခဲ့ပြီဖြစ်သော မနုမေသည် မျက်နှာသစ်လက်ဆေးရန် တပ်ဆင်ထားသော ဒန်ရောင် ဘုံဘိုင်ခေါင်း(၂)ခုတပ်ကြွေအိုးအထက်ပိုင်းမှန်တွင်ကြည့်ကာ သွားတိုက်ရင်း တစ်စုံတစ်ရာ စဉ်းစားသလို တွေနေ၏။

"ဟုတ်ပါတယ် ငါ့အိပ်မက် မက်တာပါ။ ငါ သေသေချာချာ သတိထားလိုက်မိတယ်။ ငါ့ကို သိမ်းဖက်လိုက်တုန်းက ဖုထစ်နေတဲ့ ဖုထစ်နေတဲ့ သူ့လက်မောင်းကြွက်သားကြီးကိုတောင် မြင်လိုက်ရသေးတယ်။ စပို့ရှပ်ဝတ်ထားလို့ စပို့ရှပ်မှ ခိုင်ရောင် လွှင်လွှင်ကလေး"

မနုမေသည် သို့ရေရွတ်နေရာမှ စိတ်ပျက်သွားသည့်အလား လက်ထဲမှ သွားပွတ်တံကလေးကို ကြွေအိုးပေါ်သို့ ဖတ်ခနဲပစ်ချလိုက်၏။ ဘုံဘိုင်တစ်ခုကိုဖွင့်၍ လက်ခုပ်ကလေးဖြင့် ရေယူငုံလိုက်၊ ပါးလုပ်ကျင်းလိုက်ဖြင့် သုံးကြိမ်မျှပြုလုပ်ပြီးနောက် သွားပွတ်တံကိုပါဆေး၍ အနီးရှိ



စင်ကလေးပေါ် နေရာတကျ လှမ်းတင်လိုက်၏။

(၅)နာရီထိုးရန် (၃)မိနစ်သာ လိုတော့သောအချိန်တွင် မနုမေသည် သပ်သပ်ရပ်ရပ် ဖီးလိမ်းပြင်ဆင်၍ သစ်လွင်သော အဝတ်အစားဖြင့် ပန်းခြံထဲတွင် လမ်းသလားလျက်ရှိ၏။

စိုစိုစိမ်းစိမ်းနှင့် ဘယ်ညာယိမ်းနေသော ပန်းပင်ကြီးငယ်များသည် နောက်ခံကားသဖွယ် ဖြစ်နေသောကြောင့် မနုမေ ဝတ်ထားသည့် အဝါနုခံ ချောကလက်ရောင် ကန့်လန့်စင်း ပိုးတွန့်လုံချည်ကလေးမှာ ထိုထိုသော မြူးသားရောင် ပန်းပင်ကလေးများဖြင့် ပဏာတင့် ဝင့်ကြွားပြီး မနုမေသည် မိုး၍ပင် လှလာသည်ဟု ထင်ရတော့၏။

ပတ်ဝန်းကျင်၏ အမြင်အားဖြင့်ဆိုသော် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံသော သူဌေးသမီးတစ်ယောက်(ဝါ) သူဌေးကတော်တစ်ယောက်ဟု သွားရည်ကျလောက်စရာ အထင်ကြီးသွားမည်ပင် ဖြစ်၏။ မနုမေ၏ အဝတ်အစား အပြင်အဆင်နှင့် ယဉ်ယဉ်ကလေး သွားသော အညောင်းဆန့်နေသည့် အမူအရာမှာလည်း ထိုသို့လျှင် အပူအပင်ကင်းသည့် လက္ခဏာရှိသည်မှန်သော်လည်း မနုမေ၏ မျက်လုံးများမှာမူ ငေးမိငေးရာငေး၍ စိတ်မှာလည်း တွေးမိတွေးရာ တွေးနေသည်သာ ဖြစ်၏။

သူ့အစ်ကိုကြီး မနှစ်မြို့ဖွယ်ရာ အပြောအဆို အပြုအမူကို ခံခဲ့ရသည့်အချိန်မှစ၍ မနုမေတွင် ဖီးလိမ်းပြင်ဆင်လိုသည့် စိတ်ဆို၍ မွှေးစေ့မျှပင် မရှိခဲ့ပေ။ ငိုရင်းတွေး၊ တွေးရင်းငို ဤလိုအဖြစ်မျိုးနှင့်သာ အချိန်တွန်းခဲ့ရသည်။ ပူပင်စရာ သောကဟူ၍ မြူမျှပင်မရှိသော ပျိုပျိုအိုအို မိန်းမတွေသည်သော်မှလည်း အလုပ်ကိစ္စ ဗာဟီရများနေလျှင် ဖီးလိမ်းပြင်ဆင်ရန် စိတ်မဝင်စားနိုင်ဘဲ ရှိတတ်သေးလျှင် အိမ်ထောင်သည်တစ်ယောက်အဖို့ ကြောက်စရာအကောင်းဆုံးသော စိတ်ဒုက္ခကို အသဲကြွေမတတ် ခံစားနေ

www.burmeseclassic.com

www.burmeseclassic.com



ရသည့် မနုမေအဖို့မူ အဘယ်ဆိုဖွယ်ရာ ရှိပါသေးတော့သနည်း။

သို့ဖြစ်လျှင် မနုမေသည် အဘယ်ကြောင့် ဖီးလိမ်းခြယ်သ၍ ကျော့နေအောင် ဝတ်စားထားရသနည်းဟူသော ပြဿနာသည် ပေါ်လာ ပြန်၏။

"မပြောပါနဲ့တော့ မနုမေ၊ ခင်ဗျားသူငယ်ချင်းတော့ ကျွန်တော် တနေ့တခြား စိတ်ပျက်လာပြီ။ ဘယ်နှယ့်ဗျာ လင်နဲ့မယားဆိုတာ အစဉ် သဖြင့် ဘယ်သင့်မြတ်နေပါမလဲ။ တစ်ယောက်နဲ့တစ်ယောက် သဘောချင်း မတိုက်ဆိုင်တဲ့အခါ စကားများကြတာပဲမဟုတ်လား။ နောက်တော့လည်း ပြီးတာပဲ။ ခင်ဗျားသူငယ်ချင်း'ယု'ကတော့ စိတ်ပျက်စရာပါဗျာ။ နည်းနည်း လေးမဆူလိုက်နဲ့ ဆူလိုက်တာနဲ့တစ်ပြိုင်နက် စိတ်ညစ်တယ်ဆိုပြီး ရေမချိုး မိုးမချိုး၊ မဖီးမလိမ်းနဲ့ အိပ်ရာထဲခွေပြီး တမှိုင်မှိုင် တငိုင်ငိုင် လုပ်နေတော့ တာပဲ။ ပင်ပင်ပန်းပန်းနဲ့ အလုပ်ကပြန်လာလို့ ဒီလိုညစ်တီးညစ်ပေ၊ ညှင်း စိုးစိုး မျက်နှာကြီးကို မြင်ရတော့ ကျွန်တော့်ဖြင့်ဗျာ မောမောသွားတာပဲ။ (၃)ရက် စကားမပြောရင် (၃)ရက် ရေမချိုးဘူး၊ မဖီးမလိမ်းဘူး။ တစ်ခါ တစ်လေများ ကျွန်တော့်ဖြင့် ထွက်တောင်ပြေးချင်တယ် အဟုတ်ပဲ။ အဲဒါ ခင်ဗျားသူငယ်ချင်း'ယု'ကို တစ်စိတ်ပြောပါဦး မနုမေရယ်"

မနုမေ၏သူငယ်ချင်း'ယု'ဆိုသူ အိမ်ထောင်ကျပြီးနောက် (၇)လ လောက်အကြာတွင် 'ယု'ခင်ပွန်းဖြစ်သူက ဤသို့ လာရောက်တိုင်ကြား ပြောဆိုဘူးသည်ကို မနုမေ သတိရ၏။ သတိရရုံသာမက . . .

"အင်း. . . ယောကျ်ားဆိုတာ ရန်ဖြစ်တာ စကားမပြောတာထား တခြား၊ မယားကိုတော့ လှလှပပ ဖီးလိမ်းဝတ်စားထားတာ ကြည့်ချင်ကြ တယ်ထင်ပါရဲ့" ဟူ၍လည်း သင်ခန်းစာအဖြစ် သေသေချာချာ မှတ်သား ထားခဲ့၏။ သို့အလျောက် မနုမေသည် ထိုအချက်ကို အကွက်လည်စွာ သုံးလိုက်၏။ သူမျက်နှာကလေးကို ကျကျနနသ၍ အဝတ်အစားကိုလည်း



လှလှပပ ဆင်ထားသည်။

သို့သော် သူ့အစ်ကိုကြီးကား သူထင်သလို သားမယားဖြစ်သူ လှလှပပ ဝတ်စားထားသည်ကို ကြည့်မြင်လိုသော လူတစ်ယောက် ဟုတ်မှ ဟုတ်လေမည်လော။

နေရောင်သည် တဖြည်းဖြည်း ဖျော့၍ဖျော့၍လာကာ မှိန်သွား ရာမှ မှောင်သွားသည့်တိုင်အောင် ကိုဘကိုးကား ပေါ်မလာသေး၊ မျှော်ငေးကာဖြင့် ခြံဝဆီမှ မနုမေမှာလည်း နေရောင်လုံးလုံး ပျောက်မှိန်ပြီး လမ်းမာတ်မီးရောင် ထိန်လာသည်တွင်မှ စိတ်ပျက်စွာ ဖြင့်ပင် တိုက်ထဲသို့ ဝင်ခဲ့တော့၏။

ယနေ့ တစ်မနက်လုံး တစ်ကွက်ကလေးမှ ကောင်းကျိုးမပေးခဲ့ သော ကိုဘကိုးအား မနုမေသည် ဘာကြောင့် တမ်းတမ်းတတ မျှော်နေရ သနည်း။ ကိုဘကိုးရောက်လာလျှင် သူ့အဖို့ တစ်စုံတစ်ရာ စိတ်ချမ်းသာမှုကို ပေးလိမ့်မည်ဟု မနုမေ ထင်နေသလော။

ကိုဘကိုး၏ဆိုင်တွင် မနုမေ အလုပ်စဝင်သည့် နောက်တစ်နေ့ ကိုဘကိုး ဆိုင်ပေါက်၌ရပ်နေစဉ် သူတောင်းစားတစ်ယောက် ပိုက်ဆံ လာတောင်းသည်ကို

"သွားပါဦးတော့ ခင်ဗျာ" ဟု ချိုအေးသာယာစွာ ပြောလိုက်သည် ကို မနုမေနားနှင့် ဆက်ဆက်ကြားခဲ့ရသည်။ ကိုဘကိုးအားလည်း အတော် ကလေး ကြည်ညို အထင်ကြီးခဲ့သည်။

"တော်တော် စိတ်သဘောထား နူးညံ့တဲ့လူ"

ဤသို့ပင် စိတ်ထဲမှ ရေရွတ်ချီးကျူးမိခဲ့သေးသည်။ သူတောင်းစား ကိုသော်မှ ဤမျှသိမ်မွေ့စွာ ပြောတတ်သော ကိုဘကိုးသည် ညား ဖြစ်သော ဇနီးချောကလေး မနုမေကိုမူ ခွေးမောင်းသလို မောင်းထုတ် ခဲ့သည်။ ပိုးစိုးပက်စက်ပြော၍ ဒေါနှင့်မာန်နှင့် ထန်ခဲ့၏။

မည်သို့ပင် ဆိုစေကာမူ လောလောဆယ်၌ ငါးမောသည် သူ့

www.burmeseclassic.com



အစ်ကိုကြီး ကိုဘကိုးမျက်နှာကို ကြည့်လိုမြင်လိုသည်သာဖြစ်၏။ သို့ကြောင့်လည်း မနုမေသည် ဖြဲ့ဝက စောင့်မျှော်ရင်း အတော်ကြာအောင်ငေးခဲ့သည်။ ငေးရာမှ ထွေထွေရာရာတွေးပြီး နောက်ဆုံး အခွေနှင့် တိုက်ထဲဝင်ခဲ့ရတော့သည်။ သူ့ကိုကိုကြီးကား (၇)နာရီထိုးသည့်တိုင်အောင် ပေါ်မလာသေး။

ကိုထွန်းသိုက် ပြောပြချက်အရဆိုလျှင် ကိုဘကိုးသည် ရုပ်ရှင်ကြည့်သောနေ့များမှလွဲ၍ ခါတိုင်း (၆)နာရီထက် နောက်ကျ၍ ပြန်လှေ့မရှိဟု သိရှိရလေရာ ယခု သူငမ်းငမ်းတက် လိုချင်နေသော မိန်းမခွေတစ်ယောက်ကို ရခဲ့ပြီးသည်၏။ ဒုတိယညတွင်မှ (၇)နာရီထိုးသည်အထိ ပြန်မလာသေးသည်မှာ မနုမေအဖို့ အသို့လျှင် ဖြေ၍ရနိုင်ဖွယ်ရာ ရှိပါသေးတော့သနည်း။

နာရီလက်တံရှည်သည်သာလျှင် တစ်ပတ်တိတိလည်သွားသည်။ ကိုဘကိုးနှင့်တူ၍ လူဖြူဖြူ အရိပ်သော်မှ မမြင်ရသေးပေ. . .

မနုမေမှာ သူ့အစ်ကိုကြီး ရောက်ချိန်တန်ပါလျက် ပြန်မရောက်သေးသောကြောင့် "နေနိုင်ရက်လေခြင်း" ဟု ဝမ်းနည်း၊ အသဲနာနှင့် စိတ်မချမ်းသာ ဖြစ်ရသည်ကတစ်ဖက်

"ခုနေ ဒေါ်ဒေါ် လာမေးရင် ဘယ်လိုများ ဖြေရပ့ါ"

ဤလိုတွေး၍ ပူရသည်ကတစ်မှောင့်ဖြင့် သူ အကြောက်ကြီးကြောက်ခဲ့သော အိမ်ထောင်ရေးသည် ယခု သူ့အား ကောင်းကောင်းဒုက္ခပေးနေလေပြီ၊ ယင်းသို့သော အတွေးကလေးဝင်လာသည်နှင့် ကပျာကယာထ၍ တံခါးကို ဆွဲပိတ်ပြီး ဂလန့်ကလေးပါ ချိတ်ထားလိုက်၏။

"နေ့လယ်က ငါအိပ်တော့ ခြင်ထောင်ဟာ တင်ထားတယ်။ နိုးလာတော့ ခြင်ထောင်ချရက်သား ဖြစ်နေတယ်။ ဒေါ်ဒေါ်ကလည်း သူမချဘူးတဲ့၊ ကိုထွန်းသိုက်ဆိုတာတော့ အခန်းထဲတောင် မဝင်ရဲဘူး။ ဒါဖြင့် အစ်ကိုကြီးချပေးတာ ဖြစ်မှာပဲ။ အင်း. . . ဒီလိုဆိုတော့လည်း သူ



ငါ့ကို ဂရုစိုက်သားပါကလား။ အဲဒီအချိန်က ငါဟာ စိတ်မော လူမောနဲ့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားတယ်။ အစ်ကိုကြီး သူခြင်ထောင်ချရုံဘဲ ချပေးသွားသလား၊ ငါ့ကို မွှေးမွှေးကလေးများ"

ဘယ်လူးညာလှိမ့် ကုတင်ပေါ်တွင် လှိမ့်ရင်းက မနုမေသည် ဤသို့လျှင် တွေးရင်း စိတ်ထဲမှ ရွေရွတ်နေရှာ၏။

"ငါ့ကို မွှေးမွှေးကလေးများ"

ဤအချက်သည် သူ့အဖို့ အနက်နဲဆုံးဖြစ်၏။ သူအိပ်ပျော်နေ၍ မသိလိုက်သည်ပင်ဖြစ်စေ၊ သူ့အား သူ့အစ်ကိုကြီးက မွှေးမွှေးပေးသွားသည်သာ ဖြစ်ပါစေဟူ၍လည်း စိတ်ထဲမှ ဆုတောင်းနေရှာ၏။

မျက်နှာသုတ်ပုဝါကို လည်ပင်းတွင် ပတ်ထားသည်ဖြစ်ရာ ငုံ့လိုက်လျှင် မနုမေအား ထိသွားမည်စိုး၍ လက်ဝါးနှင့်ဖိပြီးမှ မနုမေ၏ပါးနှင့် နဖူးကလေးကို (၂)ကြိမ်တိုင်တိုင် ယုယုယယကလေး မွှေးသွားသည်အဖြစ်ကိုသာ မနုမေသိရလျှင် အဘယ်မျှလောက် ဝမ်းသာရှာလေမည်နည်း။

သို့လျှင် တောင်တောင်ဤဤကို မကြည့်မလင် တွေးနေခိုက် တံခါးခေါက်သံတစ်ခုသည် ညင်ညင်သာသာလေးပေါ်လာသဖြင့် မနုမေသည် ရုတ်တရက် ထ,တော့မလို ခေါင်းထောင်လိုက်ပြီးမှ . . .

"ဧကန္တ ဒါ ဒေါ်ဒေါ်ဖြစ်မှာပဲ ခက်လိုက်တာ အလိုလိုက စိတ်ညစ်နေတဲ့အထဲ"

မနုမေလည်း သို့လျှင် အတွေးပေါ်လာကာ ကိုဘကိုး ပြန်မလာသေးသည့် ဤကိစ္စနှင့်ပတ်သက်၍ သူ့ဘာမှ အမေးမခံလို။ ထို့ထက် မနုမေမှာ ညားကာစ ဇနီးကလေးဖြစ်ပါလျက်နှင့် ယခုကဲ့သို့ "ပစ်တောင်းဇကာ" နှင့် ဥပေက္ခာပြုခြင်း ခံနေရသည်၏အဖြစ်ကို ပို၍ရှက်သည်၊ အသဲနာသည်။ ထို့ကြောင့် မနုမေသည် ထောင်ထားသောခေါင်းကို လှဲ့ကာ တစ်စုံတစ်ရာ ဘာမျှအသံမပြုဘဲ အိပ်ပျော်နေသည့်ဟန်ဖြင့် ငြိမ်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံမှာလည်း တစ်ကြိမ်အပြင် နောက်ထပ်ပေါ်မလာတော့ဘဲ အတန်ကြာမှပင် ခြေသံတစ်သံ ညှော်ခန်းဘက် လျှောက်သွားသကဲ့သို့ တဖြည်းဖြည်းဝေးသွား၏။

သို့နှင့်ပင် နာရီလက်တံသည်သာ နောက်ထပ်တစ်ပတ်တိတိလည်သွားသည့် ကိုဘကိုးပြန်လာသည့် အရပ်လက္ခဏာဖြစ်သော မော်တော်ကားသံကား လုံးဝမကြားရသေး။ ကုတင်ပေါ်တွင် လှဲခွေနေရင်း တမှိုင်မှိုင် တတွေတွေ ဖြစ်နေရှာသော မနုမေသည် လျောင်းနေရာမှ ထ,ထိုင်လိုက်၏။ ဘယ်သွား၍ ဘာလုပ်ရမည်ကား သူ့တွင် ရည်ရွယ်ချက်ရှိဟန်မတူ။ ထိုစဉ်တွင် တံခါးခေါက်သံတစ်ခုသည် ညင်းညင်းညှံ့ညှံ့မဟုတ်ဘဲ ခပ်ဆတ်ဆတ်ကလေး ပေါ်လာ၏။

"မနုမေ"

ဒေါ်လှသင်း၏ မာတင်းတင်းခေါ်သံနှင့်အတူ တံခါးခေါက်သံသည်လည်း နောက်တစ်ကြိမ်ပေါ်လာပြန်၏။ မရှေ့မနှောင်းတွင်ပင် အခြားခြေသံတစ်ခု တံခါးနားသို့ ရောက်လာပြန်သဖြင့် မနုမေသည် ကုတင်ပေါ်မှ ခပ်လောလောကလေး ထလိုက်ခဲ့ပြီး တံခါးဖွင့်တော့မည်ပြုသည်နှင့် . . .

"အိပ်ပါစေ ဒေါ်ဒေါ် မနှိုးပါနဲ့။ သူသိပ်အိပ်ချင်လို့နဲ့တူပါတယ်"

ထိုစကားကိုကြားရသည်နှင့် မနုမေ၏မျက်နှာကလေးမှာ ထိန်ထိန်ကလေးလင်း၍ ဝင်းဝင်းလက်လက် ကြည်လာတော့၏။

"ကြည့်စမ်း အစ်ကိုကြီး ဘယ်အချိန်ကများ ပြန်ရောက်ပါလိမ့်"

ဤသို့လည်း စိတ်ထဲမှ ရေရွတ်မိကာ ကိုဘကိုး ပြောလိုက်သော ကြင်နာမှု တင်းပြည့်ပါသည့် အိပ်ပါစေဒေါ်ဒေါ်ဟူသော စကားအတွက်လဲ မနုမေအားတက်လာ၏။ နှလုံးနှင့်အသဲကို ဆီရွှဲရွှဲဆမ်းလိုက်သကဲ့သို့ ရွှမ်းရွှမ်းဝေ ကြည်နူးသွားတော့၏။ မနုမေသည် လက်ကလေးနှင့် တံခါးကိုဖွင့်တော့မည်ပြုပြီးမှ . . . "သူတို့ဘာတွေ ပြောကြဦးမလဲ" ဟု စောင့်၍ နားထောင်လိုသေးသည့်ပမာ လက်ကို အသာမြှေးပြီး နားကလေး



စွင့်ထောင်နေ၏။

"အရင်က သူဒီလိုမဟုတ်ဘူး မောင်ဘကိုးရယ်။ နေ့ခင်းနေ့လယ် ဘယ်တော့မှ အိပ်လေ့မရှိဘူး။ ဒီနေ့ဆို နေ့လယ်ကပဲ အိပ်ထားသေးတယ်။ ခုလည်း. . ."

"သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ ဒေါ်ဒေါ်ရယ်။ ဘယ်တစ်သက်မတ်တည်း ရှိနိုင်ပါ့မလဲ။ နေထိုင်မကောင်းတဲ့အခါ ကိုယ်လက်မအီမသာဖြစ်တဲ့အခါတော့လည်း တုံးလုံးလှဲရာက အိပ်ပျော်ချင် အိပ်ပျော်သွားတတ်တာပဲ"

ကိုဘကိုးသည် ဤသို့လျှင် မနုမေဘက်မှလိုက်၍ဖာဖာထေးထေးနှင့် အရေးပေးကာကွယ် ပြောဆိုနေသောကြောင့် မနုမေမှာ စိတ်ပျက်စွာနှင့်ပင် လက်လျှော့ခဲ့သော သူ့လိုအင်ဆန္ဒသည် ယခုကြားရသော စကားအားဖြင့် မျှော်လင့်ချက်မကုန်သေးကြောင်း သိရသည်၌ မနုမေလည်း ကြည်သော၊ ရွှင်သော အပြုံးကလေးနှော၍ ခပ်လောလော တံခါးဖွင့်ပြီး သူ့အစ်ကိုကြီးနှင့် ရင်ဆိုင်လိုက်ချင်လှတော့၏။ သို့သော် နောက်ထပ်ထွက်လာမည့် သူ့အစ်ကိုကြီးစကားအတွက် မြက်မြက်ကလေး အရသာခံလိုသေးသဖြင့် တအောင့်တနားဆိုသလို စောင့်ငြိမ်နေလိုက်ပြန်၏။

သို့စေကာမူ သူမျှော်လင့်သည့် စကားဆို၍ ဘာသံမျှ ပေါ်မလာတော့ဘဲ ချက်ချင်းဆိုသလို အသီးသီးထွက်သွားကြသော ခြေသံများသာ ကြားလိုက်ရသဖြင့် မနုမေလည်း မှန်တင်ခုံဆီသို့ အပြေးကလေးလှမ်းသွားကာ ပေါင်ဒါကို ကပျာကယာတို့၍ တံခါးဘက်သို့ လှည့်ထွက်လာ၏။

"ခုနတော့ အိပ်ချင်ယောင်ဆောင်နေပြီး ခုချက်ချင်း ထွက်သွားလို့ တော်ပါ့မလား"

တံခါးမဖွင့်သေးဘဲ ဤအတိုင်းတွေးနေပြီးမှ ကုတင်ဆီသို့ လှမ်းလျှောက်သွားပြီး ဆောင့်ကြောင့်ကလေး ထိုင်ချလိုက်ပြန်၏။

ညနေ(၅)နာရီလောက်မှသည် (၉)နာရီအထိ မနုမေသည်

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကိုကြီးအား တွေ့လိုမြင်လိုသဖြင့် ရင်တဖိုဖိုဖြင့် မျှော်ခဲ့သည်။ သူ့အစ်ကိုကြီးကား ပေါ်မလာခဲ့ပေ။ ယခု သူ အလွန်တွေ့ချင်၊ မြင်ချင်နေသော သူ့အစ်ကိုကြီး အိမ်ရောက်နေပြီဖြစ်ပါလျက် ရုတ်တရက်ထွက်မကြိုနိုင်အောင် ဖန်တီးလာသော အခြေအနေသည် စိတ်ဒုက္ခပင်လယ်ကြောတွင် ဂွမ်းထိုးမှောက်ခုန်ဖြစ်နေသည့် မနုမေအား ဝါးကူ၍နှစ်လိုက်သည်နှင့်သာ တူနေတော့၏။

မနုမေမှာလည်း ဤလို ကသိကအောင့်စိတ်ကလေးဖြင့် အတန်ကြာ ကြိတ်မှိတ်နေလိုက်ရတော့ကား (၁၀)မိနစ်ကြာသည်နှင့် ကပျာကယာ တံခါးလေးဖွင့်၍ ခပ်ထင့်ထင့်ပင် လှမ်းထွက်ခဲ့၏။ ဧည့်ခန်းတွင်မူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် မနုမေ၏ မျက်လုံးများသည် စာဖတ်ခန်းဆီသို့ ရောက်သွား၏။ ထိုစာဖတ်ခန်းကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် မနုမေ၏စိတ်ကလေးမှာ ခပ်ထွေထွေ ရှုပ်ထွေးသွားသည်ဟုထင်လိုက်ရ၏။

ယနေ့အဖို့ (၂)ကြိမ်တိတိ မောင်းထုတ်ခြင်းခံခဲ့ရသော ထိုအခန်းကို မနုမေသည် ရွံရှာမုန်းတီးသလို မျက်နှာထားမျိုးဖြင့် တွေးစိုက်ကြည့်နေပြီးမှ မသွားဘဲလည်း မနေနိုင်တော့သည့်အလား ထိုအခန်းသို့ပင် တရွေ့ရွေ့ လှမ်းလျှောက်သွားပြန်၏။ တစ်ဖက်သို့ ချိုးကွေ့လိုက်သည်နှင့် အခန်းတံခါးမှာ တစ်လက်မနီးပါးခန့် ဟနေသည့်အပြင် အတွင်း၌လည်း မီးလင်းနေသည်ဖြစ်သောကြောင့် . . . "အစ်ကိုကြီးတော့ ဒီအခန်းထဲမှာ ရှိမှာပဲ" ဟူသည့် ထင်ကြေးဖြင့် အသာမှေး၍တွန်းကာ အတွင်းသို့ ခေါင်းငဲ့ကြည့်လိုက်သည်၌ မည်သူ့ကိုမှ မတွေ့ရဘဲ စားပွဲတစ်ခုပေါ်တွင် စာအုပ်တစ်အုပ်ပွင့်လျက်သား ချထားသည်ကို တွေ့ရသဖြင့် မနုမေမှာလည်း တံခါး အမြန်ဆုံး ဆွဲစေ့၍ အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်ခဲ့၏။

အပေါ်ထပ် အိမ်ရှေ့ခန်းတွင်လည်း လူဆို၍ တစ်ယောက်မျှ မတွေ့ရသည်နှင့် နောက်ဖေးသို့ လျှောက်လာခဲ့ကာ ထမင်းစားခန်းထဲ လှမ်းဝင်လိုက်သည်နှင့် . . .

"ဟော. . . မနုမေ နိုးလာပြီလား။ ထမင်းကော မစားရသေးဘူး



ဆို ဒေါ်ဒေါ်ပြောတယ်။ ကဲ လာ တခါတည်း ဝင်စားလိုက်"

သားမယားအပေါ်တွင် ကြင်နာယုယရာ၌ တင်းပြည့်တောင်းပြည့်တစ်စေ့မျှ မလျော့သော တကယ့်လင်ကောင်းတစ်ယောက်သဖွယ် ချစ်ရည်လည်နေသည့် မျက်လုံးများဖြင့် ခပ်ပြုံးပြုံးကြည့်၍ ပြောလိုက်သော ကိုဘကိုး၏ မျက်နှာထားကို မြင်လိုက်ရသည်နှင့် မနုမေမှာ မျက်ရည်များပင် ဝေကျလာတော့မတတ် ဝမ်းနည်းဝမ်းသာ အမည်တပ်မဖြစ်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရသလို ဖြစ်သွားရှာ၏။

မနုမေ ထမင်းစားပွဲ ဝင်ထိုင်လိုက်သည်နှင့် "ညည်း တော်တော်ခက်သေးတဲ့ မိန်းကလေး" ဟူသော အကြည့်မျိုးဖြင့် ကြည့်နေသောကြောင့် မနုမေမှာ ကြာကြာ မျက်နှာချင်း မဆိုင်ဝံ့သလို ခေါင်းကိုငုံ့ချလိုက်ရင်း ထမင်းအုပ်ကိုဖွင့်၍ ထမင်းပန်းကန်ထဲသို့ ခပ်ထည့်နေ၏။

"အစ်ကိုကြီး ပြန်ရောက်တာ ကြာပြီလားဟင်"

ငံပြာရည်ချက်ပန်းကန်ဆီသို့ လက်လှမ်းရင်းက မနုမေ ဤသို့မေးလိုက်သောကြောင့် ကိုဘကိုးသည် ပါးစပ်နားရောက်နေပြီဖြစ်သော ဟင်းချိုဇွန်းကို ရုတ်တရက် ဘေးဖယ်လိုက်ရာမှ . . .

"အင်း. . . (၈)နာရီလောက်ဆိုပါတော့။ ရောက်ရောက်ချင်းပဲ ကျုပ် တံခါးတောင် လာခေါက်သေးတယ်။ မနုမေ အိပ်ပျော်နေတာနဲ့. ."

ကိုဘကိုးသည် စကားကို အဆုံးမသတ်တော့ဘဲ ဟင်းချိုသောက်ချလိုက်ပြီး. . .

"နေကောင်းရဲ့လား မနုမေ"

"ဟုတ်ကဲ့ ကောင်းပါတယ်။ ကျွန်မလည်း နေ့လယ်နေ့ခင်း မအိပ်စဖူး အိပ်မိတာနဲ့ ခေါင်းထဲမူးနောက်နေတာမို့ လှဲနေရာက အိပ်ပျော်သွားတယ်"

"သြော်. . . သြော်"

ကိုဘကိုးလည်း ဤမျှသာ ရေရွတ်လျက် သွင်းလက်စ ထမင်းလုတ်ကို တမြုံ့မြုံ့ဝါးနေ၏။

မနုမေအဖို့ သူမျှော်လင့်ခဲ့သမျှ ကြံစည်ပြုမူခဲ့သမျှ အလွဲတွဲ

www.burmeseclassic.com

www.burmeseclassic.com



အချော်ချော်ချည်း ဖြစ်နေရတော့၏။ သူတောင့်တခဲ့သည့်အတိုင်း သူ့ပါးဖြူဖြူကိုသာ ကိုဘကိုး ကြူကြူမွှေးသွားသည်မှာ တကယ်ပင် ဖြစ်သော်လည်း မနုမေမှာ အိပ်မက်အဖြစ်နှင့်သာ မရေမရာ ခံစားလိုက်ရရှာ၏။ ပြုံးပြုံးချိုချိုနှင့် ခရီးဦးကြိုလိုက်မည်ဟု ခြံဝမှာ မျှော်ခဲ့စဉ် ကိုဘကိုး ပေါ်မလာသဖြင့် အခန်းထဲဝင်ပြီး ကုတင်ပေါ်ဆွေးခဲ့ရ၏။ သို့ ဆွေး တွေးရသည်ပင် သူ့ခမျာ မလွတ်လပ်ရှာဘူး။ "ဘယ်နှယ့်လဲ တူမ မောင်ဘကိုး ခုထိ ပြန်မလာသေးပါလား" ဟူသော မီးလောင်လေ စကားမျိုး အမေးမခံလို၍ တံခါးပိတ်ပြီး အိပ်ချင်ဟန်ဆောင်ခဲ့ရာဝ ထင်သည့်အတိုင်း တံခါးလာခေါက်သဖြင့် ဒေါ်လှသင်း အထင်ရောက်ထ ဖွင့်မပေးဘဲ ငြိမ်နေခဲ့သည်။

သို့သော် ထိုအချိန်က တံခါးခေါက်သူမှာ ဒေါ်လှသင်းမဟုတ် သူ့အလွန်တွေ့ချင်နေသော သူ့အစ်ကိုကြီး ကိုဘကိုးဖြစ်ကြောင်း ယခုမှ သူသိရတော့၏။

"ဖြစ်ရပုံများနှယ်နော်"

ထမင်းစားရင်းက အောက်နှုတ်ခမ်းကလေးကို မသိမသာကိုက် သည်အထိ မနုမေသည် ဤလို စိတ်ထဲမှ ရေရွတ်မိတော့၏။

မနုမေ ထမင်းစာပွဲတွင် ဝင်ထိုင်သည်မှစ၍ ယခုချိန်သို့တိုင် အောင် ကိုဘကိုး၏ ပြောဆိုပုံမှာ ပြေပြေပြစ်ပြစ်နှင့် ချောချောငံငံ ရှိ သေး၏။ တစ်ယောက်နှင့်တစ်ယောက် စကားစပြတ်သွားကြသည် (၃)မိနစ်သာသာခန့်ရှိပြီ ဖြစ်သောကြောင့် မနုမေသည် တစ်စုံတစ်ရာသေ စကားကို ပြောလိုသေး၏။ သို့သော် ဘယ်လိုစကားမျိုး ပြောရမည်ကို မနုမေ စဉ်းစား၍မရ။ သူပြောလိုက်သောစကားအတွက် ကိုဘကိုး ခို သာသာ ဖြေကြားလက်ခံရင်ကား တော်သေး၏။

"ဒေါ်ဒေါ်တို့ ကိုထွန်းသိုက်တို့ရှေ့မှာ စိတ်မထင်လို့ မာန်ဖ ဝေါက်လားနဲ့ ဘောက်တွေများ ပိုးစိုးပက်စက်ပြောလိုက်ရင် ငါတော့ ရှ



တာနဲ့ သေမှာပဲ"

ဤလိုလည်း တွေး၍ ပူမိသောကြောင့် မနုမေမှာ မိနစ်ပိုင်း အတွင်း သာယာနေသော လက်ရှိအခြေအနေကို လှုပ်ရှားမသွားစေချင် ကား နှုတ်ပိတ်နေလိုက်ရှာ၏။ ဤအတိုင်းသာ သူတို့အိမ်ထောင်စုထာဝစဉ် သာယာတည်တံ့မည်ဆိုလျှင် မည်မျှကောင်းလိမ့်မည်နည်း။

ကိုဘကိုး ထမင်းစားရာ၌ မနုမေထက် အရင်ကျသည်ဖြစ်ရာ မနုမေ လေးငါးလုတ်မျှသာ စားရသေးသောအချိန်တွင် ကိုဘကိုး ပြီးစီး သွား၏။ ကိုဘကိုး လက်ဆေး၍ ရေသောက်နေသည်အထိ မနုမေသည် တွေတွေကလေး အကဲခတ်ရင်း ကိုဘကိုးအား ကြည့်နေ၏။

မနုမေစိတ်ထဲ၌ ကိုဘကိုး ထမင်းစားပြီးသွားသည့်တိုင်အောင် ရှုတ်တရက် ထမသွားစေလို။ ချစ်လှစွာသော ဇနီးသည်ကလေးအား ရေ ပေးတယူဖြင့် ကြင်နာစွာ စောင့်ဆိုင်းနေသကဲ့သို့ ထိုင်နေစေလိုသေး၏။

မနုမေသည်ပင် ကံဇာတာ ထလာ၍လောမပြောတတ်။ ကိုဘကိုး မှာ လက်ဆေးလက်သုတ်၍ ရေသောက်ပြီးသည့်တိုင်အောင် ရုတ်တရက် ထမသွားသေးဘဲ မနုမေအပြီးကို စောင့်နေသကဲ့သို့ သွားကြားထိုးရင်း ငေးကြည့်ရုံသာမက . . .

"စားလို့သောက်လို့ သိပ်မကောင်းဘူးထင်တယ် ဟုတ်လား မနုမေ"

ဤသို့ပင်လျှင် ဂရုတစိုက်မေးလိုက်ပြန်သောကြောင့် မနုမေမှာ ဒွမ်းဆိုင်ဆီထိသကဲ့သို့ အိအိရွှဲရွှဲ ကြည်နူးသွားရာမှ . . .

"ဘယ်စားနိုင်ပါတော့မလဲ အစ်ကိုကြီးရယ်။ ခုလို မစားနိုင်တာလဲ ဟင်းမကောင်းလို့လဲမဟုတ်။ ရောဂါတစ်ခုခုကြောင့်လည်း မဟုတ်ပါဘူး အစ်ကိုကြီးကြောင့် တစ်နေ့လုံး ခံစားနေရတဲ့ စိတ်ဒုက္ခတွေဟာ အစ်ကိုကြီး ကြောင့်ပဲ ပပျောက်ကင်းစင်သွားပြီမို့ ဝမ်းသာလုံးဆို့နေတော့ မစားနိုင် စားရတယ် အမှန်ကတော့ အစ်ကိုကြီးရဲ့ ကြင်နာမှုတွေ မြင်ရကြားရ

www.burmeseclassic.com

www.burmeseclassic.com



အလိုလိုတောင် ဝ,နေပြီ”

ဝမ်းသာလွန်းသောကြောင့် ဝေနေသော မျက်ရည်ကလေးစမ်းစမ်းဖြင့် မနုမေသည် ဤသို့ အငမ်းမရဖြေလိုက်ချင်၏။ သို့သော် ဤမျှထိအောင် မနုမေ တစ်ဆင့်မတက်ဝံ့သေးသည့်အတိုင်း. . .

“ဟုတ်တယ်အစ်ကိုကြီး ဒီနေ့ ထမင်းသိပ်မစားနိုင်ဘူး”

မနုမေလည်း တစ်စုံတစ်ရာကို အကြောင်းမပြဘဲ ဤမျှသာ ဖြေလိုက်၏။

“အေး ကိုယ်ကြိုက်တတ်တဲ့ဟင်းတွေဘာတွေလည်း မောင်ထွန်းသိတ်ကို ပြောထားပေါ့”

ဤသို့ထိအောင် လိုက်လိုက်လျောလျော ပြောဆိုနေသော ကိုဘကိုးစကားနှင့် အမူအရာကြောင့် မနုမေတွင်လည်း ဆက်တိုက်ဆိုသလိုပင် ကြည်နူးခွင့်ကို ရနေတော့၏။

သို့နှင့် အေးချမ်းသာယာစွာ ပြီးစီးခဲ့သော ထမင်းပွဲမှ ထလာခဲ့ကြ၍ မိနစ်(၂၀)မျှကြာသော အချိန်တွင် ကိုဘကိုးနှင့် မနုမေမှာ အိပ်ခန်းအတွင်းရှိ ကုလားထိုင်များတွင် အသီးသီးထိုင်၍ စကားတွေလှိုင်လျက်ရှိနေကြတော့၏။ နံနက်ပိုင်းကနှင့်စာလျှင် သူတို့နှစ်ယောက်၏ အမူအရာမှာသာယာကြည်နူး အထူးနှစ်လိုဖွယ်ရာ ရှိနေသည်မှန်သော်လည်း ညားခါးဇနီးမောင်နှံတို့၏ အနေအထိုင်၊ အပြုအမူ လမ်းစဉ်ကိုကား တိတိကျကျလိုက်နာကျင့်သုံးနေသည့် သဘောသို့မူ လုံးဝမရောက်သေးပေ။

“ချစ်တယ်နော်”

“ဒီလိုခေါင်းညိတ်ပြီးဖြေတာမျိုး မလိုချင်ဘူး။ ပါးစပ်ကပြော”

“လာပြန်ပလား ခေါင်းညိတ်တာကြီးက ကဲ ပြောမလား မပြောဘူးလား”

“ကြည့်လေ ခေါင်းခါပြန်ပြီ ကဲ. . . ကဲ ပြော ပါးစပ်ကပြော”

“အား. . . နာတယ်ကွယ် လွှတ် လွှတ် ပြောမယ်။ အို လွှတ်ပါဆို ပါးကို လိမ်ဆွဲထားတော့ ဘယ်လိုလုပ် ပြောရမလဲ။ ကဲ. . . ချစ်ပါတယ်တဲ့ ဘုရား ချစ်ပါတယ်တဲ့ ကျေနပ်တော်မူပလား။ ဒီစကားချည်း ထပ်လဲထပ်လဲ



မေးနေတာဘဲ မုန်းစရာ”

အခြားအခြားသော ညားခါစ ဇနီးမောင်နှံဖြစ်ပါက ယခုကဲ့သို့သော ဒုတိယညမျိုး၌ ဤလိုထိုလို ချစ်စကားတွေဆိုရင်း နှစ်ကိုယ်ချင်းပူးကာ နေကြမည်ဖြစ်သော်လည်း ကိုဘကိုးနှင့်မနုမေတို့မှာမူ ထိုကဲ့သို့သော အချစ်ခဏ်းမျိုး မဖွင့်ဘဲ တကယ်အရင့်အမာ အိမ်ထောင်သည်ကြီးများကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် (၃)ပေမျှခွာ၍ မျက်နှာချင်းဆိုင်ထိုင်ရင်းကပင် ရာရာထွေထွေကို ဣန္ဒြေရရ ပြောဆိုနေကြ၏။

“ဒါနဲ့ စကားမစပ် မနုမေ ညနေတုန်းက ပန်းခြံထဲဆင်းပြီး လမ်းလျှောက်နေသေးတယ် မဟုတ်လား။ ဒါပေမဲ့ ကျုပ်ပြန်လာတော့ မနုမေ အိပ်နေတယ်။ ဒါဟာ မိန်းမအချို့ရဲ့ ဟန်ဆောင်မှု ပရိယာယ်မျိုး မဖြစ်ပါနဲ့လို့ ကျုပ် ဆုတောင်းတာဘဲ”

ကိုဘကိုးသည် ရှိုက်ဖွာလိုက်သော စီးကရက်မီးခိုး မှုတ်မထုတ်သေးဘဲ ဤလိုပြောလိုက်သောကြောင့် သူ့စကားသံမှာ မီးခိုးများဖြင့် လုံး၍လုံး၍ ထွက်လာ၏။ မနုမေလည်း ထိုစကားကို ကြားရသည်နှင့် မှီထားသောကိုယ်ကို ရှေ့သို့မတ်လိုက်မှ. . .

“ဘုရားပေးပေး ကျမ်းပေးပေးပါ အစ်ကိုကြီးရယ်။ ကျွန်မဒီပရိယာယ်မျိုး မတတ်ပါဘူး။ မှန်တာပြောရရင် ညနေက ကျွန်မပန်းခြံထဲဆင်းပြီး အစ်ကိုကြီးကို မျှော်နေခဲ့ပေမဲ့ လမ်းမာတ်မီးတွေသာ လင်းလာတယ် အစ်ကိုကြီး ပေါ်မလာဘူး။ ဒါနဲ့ ကျွန်မအခန်းထဲဝင်ပြီး ရှင်းရှင်းပြောရရင် စိတ်ညစ်ညစ်နဲ့ ကုတင်ပေါ် လှဲနေရာက . . .

“အိပ်ပျော်သွားတယ် ဆိုပါတော့ မနုမေ”

“မဟုတ်ပါဘူး အစ်ကိုကြီး၊ ကုတင်ပေါ်မှာလှဲနေရာက ဒေါ်ဒေါ်ဝင်လာမှာ စိုးတာနဲ့ တံခါးထ,ပိတ်လိုက်ပြီး”

“ဒေါ်ဒေါ်ဝင်လာမှာကို ဘာဖြစ်လို့ စိုးရတာလဲ”

စီးကရက်ပြာကို ထွေးခံထဲသို့ ချွေချရင်း ကိုဘကိုး ဤသို့မေး

www.burmeseclassic.com

www.burmeseclassic.com

လိုက်သောကြောင့် မနုမေလည်း သူတနေ့လုံး ခံစားခဲ့ရသော စိတ်ဒုက္ခဝေဒနာနှင့်တကွ အဆင်မပြေလှသော ကိုဘကိုး၏ အပြုအမူများကိုပါ တလုံးချင်း ရှင်းပြောပြလိုက်ပြီးမှ . . .

"အဲဒီတော့ အစ်ကိုကြီးဘဲ စဉ်းစားကြည့်ပါဦး။ ညားခါစ ဘယ်လင်မယားဘဲဖြစ်ဖြစ် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ချစ်ချစ်ခင်ခင် နေချင်ကြတာဘဲ။ တကယ်ဆိုရင် ဒီနေ့မှာ အစ်ကိုကြီး ဘယ်မှတောင် မသွားသင့်ဘူး။ သွားဦးတော့ စောစောပြန်ဖို့ကောင်းတယ်။ ခုတော့"

မနုမေသည် ပြောရင်းကပင် အသံကလေးတုန်လာ၏။ ဝမ်းပန်းတနဲနှင့် မျက်ရည်လည်း ဝဲလာ၏။

ကိုဘကိုသည်လည်း မနုမေပြောသမျှ စကားများထဲတွင် တစ်လုံးမျှ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းမရှိဘဲ တွေးစိုက်နားထောင်နေလျက် မနုမေ စကားအဆုံးသတ်ပြီးသည့်နောက် အတန်ကြာသည်တိုင်အောင် တစ်စုံတစ်ရာကို စဉ်းစားသကဲ့သို့ စီးကရက်ကိုသာ တွင်တွင်ဖွာနေတော့၏။

"ဒီမှာ မနုမေ ဒေါ်ဒေါ်က ကျုပ် ပြန်မလာသေးတဲ့အကြောင်းနဲ့ ပတ်သက်ပြီး မေးရင် (ဟုတ်တယ် ဒေါ်ဒေါ် ပြန်မလာသေးဘူး)လို့ ဖြေလိုက်ရုံပေါ့၊ ဒီလိုဖြေရမှာကို ရှက်စရာလို့ မင်းထင်နေသလား"

"ဘယ်လိုမေးလိုက်တာပါလိမ့် အစ်ကိုကြီးရယ်။ မနေ့ကမှစပြီး တော်ရတဲ့လင်ဟာ ဒီနေ့ဥပေက္ခာပြုပြီး ခါတိုင်းထက်တောင် နောက်ကျပြန်တယ်ဆိုတော့"

"ကျုပ် အလေလိုက်နေတာ မဟုတ်ဘူး။ လမ်းမှာ ကားပျက်လို့ မိုးချုပ်သွားတာ၊ ဒီတစ်နေ့ထဲ မော်တော်ကား ဒုက္ခပေးတာ (၂)ခါရှိပြီ၊ မနက် ကလည်း ကားပျက်လို့ ကားပြင်တဲ့ဆိုင်မှာအပ်ပြီး ဘတ်စ်ကားနဲ့ ပြန်ခဲ့ရတယ်။ နေ့လယ်ကတော့ ကားကောင်းသွားပြီဆိုပြီး မောင်ချစ်ပြန်ယူလာလို့ ဆိုင်ကို မောင်းသွားတော့ ဘာမှမဖြစ်ဘဲ အပြန်ကျမှ တစ်ခါပြန်



ပျက်တယ်"

သို့ ကိုဘကိုးရှင်းပြမှပင် နံနက်ပိုင်း ထမင်းစားပြန်စဉ်တတစ်ကြိမ်၊ ယခုတစ်ကြိမ် မောင်တော်ကားသံမကြားဘဲနှင့် ကိုဘကိုးရောက်လာသည်၏ အဖြစ်များကို မနုမေ ရေလည်စွာ သဘောပေါက်သွား၏။

"ကားပျက်တာကလည်း ဝင်ဆာလမ်းဒေါင့်မှာဆိုတော့ ကားပြင်ဆိုင်ကလည်း နီးနီးနားနားမရှိ၊ မောင်ချစ်ကိုလည်း ကားစိတ်ချရပြီဆိုပြီး သူ့အိမ်ပြန်လွှတ်မိတော့ တစ်ယောက်ထဲ ဘာလုပ်ရမှန်းမသိဖြစ်သွားတယ်။ နောက်မှ မီးသွေးလည်ရောင်းတဲ့ လော်ရီတစ်စင်းကို အဆွဲခိုင်းပြီး ဝပ်ရှော့ကို ပို့ခဲ့ရတယ်"

ထိုအကြောင်းကြောင့် ဤလိုနောက်ကျရသည်ဟူသော ကိုဘကိုး၏ စကားသည် မနုမေအဖို့ သူတောင့်တခဲ့သော မျှော်လင့်ချက်ကား မကုန်ဆုံးသေးဟု တွေးစရာ အားတက်စရာ ဖြစ်လာတော့၏။

"ဒီမှာ မနုမေ စောစောက မင်းပြောတယ်၊ သားမယားရယ်လို့ ဂရုစိုက်ရမှန်းမသိဘူး။ ဥပေက္ခာပြုထားတယ်လို့ ကျုပ် မင်းကိုယူတာဟာ အချိန်ရှိသလောက် ယုယနေဖို့ မဟုတ်ဘူးဆိုတာကို မင်းနားလည်ထားပါ။ ကျုပ် ဒီလိုပဲ နေတတ်တာမို့ ဒီအတိုင်း နေသွားမှာဘဲ မင်းလည်း နေတတ်သလိုနေပါ ဒါပဲ"

မနုမေလည်း သူတောင့်တခဲ့သော မျှော်လင့်ချက် မကုန်ဆုံးသေးဟု အားတက်နေ၍မှ တစ်နာရီမပြည့်သေးမီ ဤလိုစကားမျိုး ကြားလိုက်ရသည်ကို ရင်ကွဲမတတ် ဆတ်ဆတ်ခါသွားတော့၏။ ကြက်သေလည်းသေ မျက်ရည်လည်းဝေနှင့် စိတ်တွေပါ ဝေနေတော့၏။

"ဩ ဒီလိုလား၊ နို့ ကျွန်မကို ဘာဖြစ်လို့ ယူသေးသလဲ အစ်ကိုကြီး သိပ်ဂရုစိုက် ယုယနေတဲ့ ဟိုဓာတ်ပုံထဲက မယားကို ယူပါလား"

မနုမေသည် ဤသို့သော စကားမာမာဖြင့် [illegible] နှုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်၏။ သို့သော် နံနက်က ဓာတ်ပုံကို ကိုင်ကြည့်ရုံမျှနှင့်ပင် ပိုးစိုးပက်စက်ပြော၍ မောင်းထုတ်ခံခဲ့ရသည်သာမက . . .

"ကျုပ်အိမ်မှာတွေ့တဲ့ မိန်းမဓာတ်ပုံမှန်ရင် ဘယ်သူ့ပုံဘဲဖြစ်ဖြစ်ဒါဘယ်သူလဲ ဘယ်ကလဲဆိုတာတွေ မမေးနဲ့။ ဘယ်တော့မှ မမေးနဲ့။ အဲဒါမှတ်ထား" ဟူ၍ပင် ခါးခါးသီးသီး မျက်နှာထားကြီးနှင့် သတိပေးခံခဲ့ရသည်ဖြစ်သောကြောင့် နံနက်ပိုင်းကနှင့်စာလျှင် တော်သလိုလိုရှိနေသော ကိုဘကိုး၏ လက်ရှိအခြေအနေကို ဓာတ်ပုံကိစ္စနှင့် လှုပ်ဆွမီးထိုးမပေးဝံ့ရှာဘဲ မနုမေ ကသိကအောင့်နှင့် မျိုသိပ်နေလိုက်ရရှာတော့၏။

ကိုဘကိုးလည်း တစ်စုံတစ်ရာ ဘာမျှမပြောတော့ဘဲ ဆေးလိပ်ကိုသာ တွင်တွင်ဖွာ၍ တိုသွားပြီဖြစ်သော စီးကရက်ကို ထွေးခံထဲသို့ ခပ်ဆောင့်ဆောင့်ကလေး ပေါက်ထည့်လိုက်ပြီး ထိုင်ရာမှ ဇတ်ကနဲထ၍ အခန်းထဲမှ လှမ်းထွက်သွား၏။

နံနက်မှသည် ယခုအချိန်အထိသော ကိုဘကိုး၏ ပြောဆိုပြုမူပုံများမှာ မနုမေအဖို့ အသဲနာစရာတွေသာဖြစ်ခဲ့၏။ စင်စစ် မနုမေသည် တရားနည်းလမ်းမကျလျှင် မိဘသော်မှ ငံ့ခံလေ့ရှိသူမဟုတ်သော်လည်း ယခုကိစ္စ၌ မနုမေမှာ အရာရာအကြောင်းကြောင်းတွေကို ခေါင်းရှုပ်မတတ်ထောက်ထားနေရသေးသည်။ စဉ်းစားနေရသေးသည်။

မနေ့က လက်ထပ်၍ ပေါင်းခဲ့ကြပြီး ယနေ့ သူမကောင်းသောကြောင့် (ဝါ) သဘောချင်း မတိုက်ဆိုင်သောကြောင့် ကွာရမည်မှာလည်း မနုမေသာမဟုတ်၊ မိန်းမတိုင်းအဖို့ မဖြစ်နိုင်၊ အကယ်တိ ယောကျ်ားဖြစ်သူက ကွာချင်သည်ဆိုသည့်တိုင်အောင် ခြေဖက်ပြီး မျက်ရည်ဖြင့် တောင်းပန်ရမည်သာဖြစ်၏။

မိန်းမဟူသည် လင်ဖြစ်သူ မည်မျှဆိုးစေကာမူ ညားသည့်နေ့မှသည် လပိုင်းလောက်အတွင်း၌ ကွာရှင်းပြတ်စဲမည်ကို မလိုလား။ မိမိကိုယ်တိုင်က ဆက်လက်ပေါင်းသင်းလိုစိတ် မရှိတော့သည်ပင်ဖြစ်စေ (၁)နှစ်၊ (၂)နှစ်တန်သည် သည်းခံ၍ ပေါင်းနေတတ်သေး၏။ ဤသည်မှာ



လည်း အမှန်စင်စစ် လင်ဖြစ်သူ စိတ်ပြောင်းလာနိုး၊ ကောင်းလာနိုး၊ မျှော်ကိုးရင်း ပေါင်းနေသည်ကား လုံးဝမဟုတ်။

"ဘယ်နဲ့လဲဟေ့ ဟိုကောင်မကို သူ့လင်က ပစ်သွားပါပကော၊ ညားလို့မှ တစ်နှစ်မပြည့်သေးဘူး။ ခုလို ကန်ထုတ်လိုက်တယ်ဆိုတော့ ကောင်မကိုက အသုံးမကျလို့ ဖြစ်မှာဘဲ"

ဤလို အပြောခံရမည်ကို ရှက်သောကြောင့်သာဖြစ်၏။ အဆင့်အတန်းချင်း ညီမျှသော အိမ်ထောင်ဘက် မိန်းမများထက် မိမိထက်ငွေကြေးချမ်းသာသူကို ယူမိသော မိန်းမများအဖို့သော်ကား လင်ဖြစ်သူကို မကြင် မချစ်နိုင်သည့်တိုင်အောင် လပိုင်းမျှနှင့် ကွာရှင်းရန်မှာ သာ၍ပင် မလွယ်ကူသော ကိစ္စဖြစ်၏။

"ငွေမက်တဲ့ကောင်မ ခံရတာ နည်းတောင်နည်းသေးတယ်။ သူ့ငွေကတော် အခေါ်ခံချင်တဲ့ မချောလေ၊ ခုခွေးကတော် ဖြစ်နေပါကကော"

"သတင်းစာထဲမှာတော့ သူ့လင်နဲ့ သဘောထားချင်း မတိုက်ဆိုင်လို့ မပေါင်းနိုင်တဲ့အတွက် သူက ပြတ်စဲတာလို့ ကြော်ငြာထားပါကလား"

"အို . . . ဒါတွေက အစဉ်အလာအတိုင်းပေါ့။ ကျွန်မသောက်သုံးမကျလို့ ကျွန်မလင်က နှင်ချလိုက်ပါတယ်လို့ ဘယ်လင်မယား ကွာရှင်းခြင်းကြော်ငြာမှာ ပါဘူးလို့လဲ။ လွယ်လွယ်ရတဲ့မိန်းမမို့ လွယ်လွယ်ဘဲယူပြီး လွယ်လွယ်ပစ်လိုက်တာပေါ့"

ထိုလို ဤလို အပြောအဆို ခံရမည်ထက် မိန်းမတိုင်းလိုလိုပင် လင်၏အညင်းဆဲ အနှိပ်စက်ကိုခံ၍ ပေါင်းနေရသည်က တော်ဦးမည်ဟု ယူဆတတ်ကြ၏။ ယင်းသို့ အပြောခံရမည်ကို မိန်းမတိုင်း ရှက်ကြသည် သာ ဖြစ်ပါလျက် ဤလို အနှိပ်လို မှီခိုမျှစ်နှုပ် သွားပုပ်လေလွင့် စကား[illegible] မိန်းမတွေသာ ပြောတတ် ဆိုတတ်ကြသည်။ မိန်းမတွေသာ [illegible] ခနဲ့တတ်ကြသည်မှာ မဆန်းသလော. . .

www.burmeseclassic.com



မနုမေသည်လည်း ဤလို အပြောအဆိုမျိုးဖြင့် အစွပ်စွဲခံရမည်ကို ရှက်သည် ကြောက်သည်။ ထို့ကြောင့်လည်း ကိုဘကိုး၏အကြိုက်တို့ အတတ်နိုင်ဆုံးလိုက်၍ သည်းခံပေါင်းရတော့မည် ဖြစ်သည့်အတိုင်း မွေးကတည်းက ပါလာသော သူ့မဟုတ်မခံစိတ်ကလေးကို အခြေအနေ အရ ဘေးချိတ်ထားလိုက်ရရှာတော့၏။

သို့ တွေးရင်း ဆွေးရင်း ငေးရင်းနှင့်ပင် မှေးကနဲ ပျော်သွားသည်မှာ မည်မျှကြာသွားသည်မသိ။ သူ့ပါးကလေးဖိုင့်ဖိုင့်မှာ ချိုင့်ကနဲ အေးသွားသလို ခံစားလိုက်ရသည်တွင်မှ မနုမေ ရုတ်တရက် လန့်သွားကာ ပျာပျာ သလဲ မျက်လွှာကိုဖွင့်ကြည့်လိုက်၏။

မီးတွေလည်းပိတ်၊ တစ်အိမ်လုံးလည်း တိတ်နေပြီဖြစ်သော်လည်း ကိုဘကိုးကား မအိပ်သေး။ မနုမေဘေးတွင် ခပ်ကွေးကွေးစောင်းကာ မနုမေခေါင်းအုံးပေါ်တွင် သူ့ခေါင်းကို မှေးထားရင်းက ပါးကလေးကို မွှေးလိုက်၊ နဖူးကလေးကို မွှေးလိုက်၊ ခါးကလေးကို ခပ်ထွေးထွေး ဖက်လိုက်ဖြင့် အမျိုးမျိုးအဖုံဖုံ အဖြစ်ပေါင်းစုံနေတော့၏။

မနုမေ၏ ပါးနုစ်ပြင်ကို အသားတွေကျဉ်လာမတတ် နှာခေါင်းဖြင့် နော့နေသလောက် လက်ကလည်း ဆော့နေ၏။ ပါးစပ်ကမူ ကြည်ကြည်သာသာ မပြုသဖြင့် မနုမေတွင်လည်း တီတီတာတာ မမူလိုက်ရဘဲနှင့် သူ့ဆန္ဒ သူ့အလိုကို ကပိုကရို မနုစ်မသိမ့်နှင့်ပင် အကြောဟူသမျှ စိမ့်လိုက်ရရှာတော့၏။

မကြာမီပင် မနုမေ၏ လက်ကလေးတစ်ဘက်သည် ခြင်ထောင်ပြင်သို့ ထွက်လာပြီး မလှမ်းမကမ်းနံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်နှင့် ဓာတ်မီးတစ်ပွင့် လင်းလာ၏။ ကုတင်ပေါ်မှ ဆင်းတော့မည့်ဟန် ခြေတွဲလောင်းကလေး ချထားသော မနုမေသည် ရုတ်တရက် မဆင်းသေးဘဲ ကိုဘတိုးဘက်သို့ သမင်လည်ပြန် ငေးကြည့်နေ၏။

ကိုဘကိုးမှာမူ မနုမေအား ကျောပေးလျက် တစ်ဘက်သို့စောင်း၍ စီးကရက်ကို အားပါးတရ ရှိုက်ဖွာနေသည်ကို တွေ့ရ၏။ ထိုသို့သော



အချင်းအရာကို စိုက်တွေငေးကြည့်နေမိသော မနုမေ၏ မျက်နှာထားကလေးမှာလည်း . . .

“ယောကျ်ားဆိုတာမျိုးဟာ သူတို့ဖို့ပဲ သူတို့သိတဲ့ ငို့ဘ, သတ္တဝါတစ်ကောင်သမားတွေပဲ ထင်ပါရဲ့။ ကြည့်ပါလား သူ့အလိုပြည့်သွားပြီဆို လူကို အရေးလုပ်ပြီး လှည့်ကြည့်ဖော်တောင် မရဘူး”

မနုမေသည် ဤသို့လျှင် အံကလေးကြိတ်၍ စိတ်ထဲမှ ရေရွတ်လိုက်၏။ မျက်နှာပေး အမူအရာမှာလည်း ဝမ်းနည်းတသ ယူကြုံးမရဖြစ်နေသကဲ့သို့သော အသွင်ကိုဆောင်နေတော့ကာ မကြာမီပင် ခပ်စောင်းစောင်း ငဲ့ကြည့်နေရာမှ ချာကနဲ လှည့်ပစ်လိုက်ပြီး မနုမေသည် ကုတင်ပေါ်မှဆင်း၍ တံခါးကိုဖွင့်ကာ နောက်ဖေးဘက်သို့ လှမ်းထွက်သွား၏။

(၄)မိနစ်ခန့်အကြာတွင် ပြန်ဝင်လာသော မနုမေသည် အခန်းတံခါးပိတ်၍ ကုတင်ပေါ် တင်ပလွဲထိုင်းရင်း ဓာတ်မီးခလုပ်ကို လှမ်းပိတ်တော့မည်ပြုပြီးမှ ကိုဘကိုးဘက်သို့ တစေ့တစောင်း ငဲ့ကြည့်လိုက်ပြန်၏။ ကိုဘကိုး၏ အနေအထားကားမပျက်၊ စီးကရက်ဖွာလျက် မနုမေအား ကျောခိုင်းလျက်ပင် ရှိသေး၏။

မနုမေသည် တောက်တချက်ကို အသံမထွက်အောင် မျိုမျိုသိပ်သိပ်ခေါက်ရင်း အောက်နှုတ်ခမ်းနုနုကို သွေးချေဥမတတ် အပေါ်သွားများဖြင့် ဖိကိုက်ထားပြီးမှ ဓာတ်မီးခလုတ်ကို ဆောင့်ပိတ် အိပ်ချလိုက်၏။

တတိယနေ့တွင်လည်း ထိုအတိုင်း၊ စတုတ္ထနေ့တွင်လည်း မူမပြောင်း၊ ပဥ္စမနေ့လည်း အကြောင်းမထူးသဖြင့် ကိုဘကိုး၏ နေထိုင်ပြောဆို ပြုမူပုံမှာ မနုမေအဖို့ အားရစရာဟူ၍ လုံးဝမရှိ။ ပကတိ သူစိမ်းတရံစံကဲ့သို့သာ လျစ်လျူရှုခြင်းခံနေရသောကြောင့် မနုမေတွင်လည်း စိတ်နှလုံးကိုယ်ပန်းဖြင့် လန်းလန်းရွှင်ရွှင်ဟူ၍မရှိ။ စိတ်၏ ထိခိုက်ခြင်း ဝေဒနာကိုသာ ခံစားနေရသည်နှင့်အမျှ မျက်တွင်းလေး ဟောက်ပက်နှင့် အသားအရေများသည်ပင် ခြောက်လျက်ရှိသည်ဟု ထင်ရတော့၏။

ထိုနေ့မှာ တနင်္ဂနွေဖြစ်သောကြောင့် ကိုဘကိုး ဆိုင်မထွက်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



နံနက်(၈)နာရီလောက်ကတည်းကပင် ကော်ဖီသောက်ပြီး စာဖတ်ခန်းထဲ ဝင်နေခဲ့သည်မှာ (၁၁)နာရီလောက်အထိပင် ဖြစ်တော့၏။

(၉)နာရီလောက်ကတစ်ကြိမ် မနုမေသည် စာဖတ်ခန်းအနီးသို့ ရောက်လာပြီး စေ့ထားသောတံခါးမှ အတွင်းသို့ မျှော်ကြည့်လိုက်သည်နှင့် ကိုဘကိုးသည် ပန်းချီဆွဲအင်္ကျီရှည်ကြီးကို ဝတ်ထားပြီး မိန်းမပုံတစ်ခုကို ကျကျနန မှုန်းခြယ်နေသည်ကို တွေ့ရသဖြင့် မနုမေလည်း တစ်ခါသေဘူးပြီဖြစ်၍ ဝင်ချင်လျက်နှင့် မဝင်ဘဲ အခန်းဝမှပင် လှည့်ထွက်ခဲ့ရ၏။

ယခုတစ်ကြိမ် (၁၁)နာရီခန့်တွင် ရောက်လာပြန်တော့သော မနုမေကား တွန့်တွန့်ဆုတ်ဆုတ်မဟုတ်တော့ဘဲ ဇွတ်ကနဲ တံခါးကို တွန်းဖွင့်၍ အဝင့်သားဝင်သွားပြီး ကိုယ်ကို ခပ်စောင်းစောင်းငဲ့ကာ သူ့ပန်းချီကားတွင် စိတ်ဝင်စားနေသော ကိုဘကိုးဘေးတွင် ခြေစုံတန့်၍ ရပ်လိုက်၏။

"ထမင်းစားတော့မလား အစ်ကိုကြီး ဟင်"

မနုမေ မေးလိုက်သောအသံမှာ ပကတိချိုသာလှသည် ဖြစ်ပါလျက် အဘယ့်ကြောင့်ဟူ၍မသိ။ ကိုဘကိုးသည် ပြူးပြူးပျာပျာနှင့် ချာကနဲ လှည့်လိုက်ကာ မနုမေကိုပင် အစိမ်းလိုက်ဝါးစားတော့မည်ကဲ့သို့ ကြည့်နေရာမှ . . .

"သွား၊ မင်းဆာရင် မင်းဟာမင်းစားနှင့်။ ကျုပ်ကိုမနှောင့်ယှက်နဲ့"

သို့လျှင် မျက်နှာထိ မျက်နှာထားနှင့်ပြောလိုက်သော ကိုဘကိုးအား တွေကြည့်နေမိရာမှ မနုမေသည် တစ်စုံတစ်ရာ ပြောလိုက်ချင်သော်လည်း ကိုဘကိုး၏ အမူအရာကား မိမိဘာပြောသည်ဖြစ်စေ လက်ခံနားထောင်မည့် အရိပ်အယောင်မျိုး မရှိလှဘဲ ပို၍သာ ကဲလာတော့မည်ကို သိသည်နှင့် မနုမေလည်း ခေါင်းငိုက်စိုက်နှင့်လှည့်ကာ အခန်းထဲမှ ထွက်တော့မည် ပြုသည်နှင့် . . .

"မနုမေ"



ထိုအသံကြောင့် မနုမေသည် ရုတ်တရက်ရပ်၍ လှည့်ကြည့်သည်နှင့် ကိုဘကိုးလည်း မနုမေဆီသို့ လျှောက်လာရာမှ . . .

"နောက်ကိုမှတ်ထား၊ ထမင်းစားတော့မလားလို့ ကျုပ်ကို ဘယ်တော့မှ မမေးနဲ့။ ပြီးတော့ ကျုပ်ဒီအခန်းထဲမှရှိနေတုန်း မင်းဝင်မလာရင် ပိုကောင်းမယ်။ ဟိုတစ်ခါကလည်း ကျုပ်ပြောခဲ့ဘူးပြီ ဒါပဲ သွားတော့"

ကိုဘကိုးလည်း သူ့စကားဆုံးသည်နှင့် ဖြုံးကနဲ လှည့်ထွက်သွားသောကြောင့် မနုမေမှာ ရီဝေသောမျက်လုံးများဖြင့် ငေးနေရာမှ အံကလေးကြိတ်ပြီး စိတ်မကောင်းကြီးစွာနှင့်ပင် လှမ်းထွက်ခဲ့ရ၏။

"မနုမေမှာ ကိုဘကိုးနှင့်ညားခဲ့သည်မှစ၍ ယနေ့သို့တိုင်အောင် သောကကင်းသော အိမ်ရှင်မကလေးအသွင်ဖြင့် ရွှင်ရွှင်ပျပျ နေ့ညခန်းတွင် ထိုင်ခဲ့ရသည်ဟူ၍ မရှိသလောက် ဖြစ်နေတော့ကာ အချိန်ရှိသလောက် သူ့အိပ်ခန်းတွင်သာ ကုတင်ပေါ် လှဲ၍ မျက်ရည်ဝဲခဲ့ရသည်။ မှန်တင်ခုံတွင် ထိုင်၍ မှိုင်ခဲ့ရသည်နှင့်သာ အချိန်ကုန်ခဲ့တော့၏။ ယခုလည်း အိပ်ခန်းထဲဝင် ကုတင်ပေါ် ပစ်လှဲပြီး မျက်ရည်ကလေး ဝဲနေပြန်သည်။

မနုမေ ဝင်သွားစဉ်က သတိထားကြည့်ခဲ့မိသော ပန်းချီကားမှာ ယခင်တစ်ကြိမ်က ရေးဆွဲသောပုံ မဟုတ်တော့ပဲ (၁၉)နှစ်အရွယ်ခန့် သန့်ပြန့်သော ရုပ်ရည်ရူပကာဖြင့် ပထမပုံနီးနီးလောက်ပင်လှသည့် အခြားမိန်းမပျိုတစ်ဦး၏ ပုံဖြစ်သည်ကို တွေ့ခဲ့ရသည်မှန်သော်လည်း ထိုပုံရှင်မိန်းမပျို၏ရုပ်ရည်မှာ ယောကျ်ားကြိုက် မျက်နှာမျိုးရှိသည်မှန်သော်လည်း ပုံအနေအထားကို ကြည့်ရခြင်းအားဖြင့် ဣန္ဒြေသိက္ခာရှင်တစ်ယောက် အမူအရာမျိုးမဟုတ်ဘဲ မျက်နှာပေးမှာ ပြုံးစစနှင့် တည်ကြည်သည့် လက္ခဏာ ကင်းမဲ့နေသည်ဟု အကဲခတ်၍ရ၏။

"ဒါက နောက်ထပ်တစ်ယောက် သူဘယ်သူလဲ အစ်ကိုကြီး ဒီလို မိန်းမပုံတူဆွဲတာ (၂)ယောက်ရှိပြီ။ ဘယ်လိုသဘောလဲ။ ငါ့ထက်ကာ ဒီပုံတွေကို အရေးတာ ဒီမိန်းမတွေက ဘာတွေမို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မနုမေသည် သို့လျှင် ရေရွတ်တွေးမောပြီး အတောမသတ်နိုင်အောင် ဖြစ်နေရှာ၏။ လူတို့၏ ခန္ဓာကိုယ်ထဲ၌ မျက်ရည်သည် အတိုင်းအထွာ၊ အချိန်အတွယ်အားဖြင့်သာ ရှိမည်ဆိုပါက ငိုရဖန်များနေပြီဖြစ်သော မနုမေအဖို့ မျက်ရည်သည် ကုန်ခမ်းခြောက်သွေ့သွားဖွယ်ရာသာ ရှိတော့၏။ သူ့မှာလည်း ကိုဘကိုးအကြောင်း မတွေးလိုက်နှင့် တွေးမိတိုင်း ရင်ဖိုမျက်ရည်ပါစိုခဲ့ရသည်ဖြစ်သောကြောင့် မနုမေအဖို့ ငိုရခြင်းသည်ပင် ရိုးသလိုလိုရှိတော့ကာ တစ်ခါတစ်ရံ ငိုလိုက်ရသည်ထက် လေးနက်သော အပြုအမူကိုပင် ဦးနှောက်ပျက်သလိုဖြင့် ကပိုကရို ရှာဖွေမိသေးတော့၏။

ထိုအခိုက် အိမ်ရှေ့ခန်းဆီမှ ဆူဆူညံညံ အသံများပေါ်လာသဖြင့် မနုမေလည်း မျက်ရည်ကို ကပျာကယာသုတ်၍ တစ်မဟုတ်ချင်းပြေးထွက်လာခဲ့ပြီး စာဖတ်ခန်းအပေါက်ဝတွင် ရပ်နေသော ကိုထွန်းသိုက်အား တိုးဝှေ့ လှမ်းဝင်သွား၏။

"ဘယ်များဖြစ်တာလဲ မောင်ဘကိုးရယ် ငါ့တူဥစ္စာက အသဲထိတ်စရာ၊ အံ့ဩစရာကြီးပါလား"

မနုမေအခန်းအတွင်းသို့ရောက်သည့်အချိန်၌ လက်နှစ်ဖက်ကို နဖူးတွင်ထောက်၍ ထိုင်နေသော ကိုဘကိုးအား ဒေါ်လှသင်းသည် ဤသို့မေးရင်း ပတ်ဝန်းကျင်အခန်းတစ်ခုလုံးကို နေရာအနှံ့ကြည့်နေသည်ကို တွေ့ရ၏။

ပတ္တမြားဖူးဉ်တပ် ခေါက်ကုလားထိုင်တွင်ထိုင်ရင်း ခေါင်းငိုက်စိုက်နှင့် ငိုင်နေ၏။ စောစောက သူရေးဆွဲနေသော ပန်းချီကားမှာလည်း လေးစိတ်လေးမွှာပြဲ၍ ဖရိုဖရဲဖြစ်နေတော့ကာ ဆေးတင်သော သစ်သား(ပက်ဒ်)နှင့် စုတ်တံများမှာလည်း ကြမ်းပေါ်တွင် ပြန့်ကြဲလျက်ရှိ၏။

"မောင်ဘကိုး သတိထားမှပေါ့ ငါ့တူရယ်"

"ဟုတ်ကဲ့၊ ကျွန်တော်အားလုံးသိပါတယ် ဒေါ်ဒေါ်၊ သတိလည်း ရပါတယ်။ ဒါပေမဲ့ . . ."

ကိုဘကိုးသည် စကားကို ရှေ့မဆက်တော့ပဲ မျက်နှာကို လက်ဝါး



နှင့်အုပ်လိုက်၏။ မနုမေတွင်လည်း သူ့အစ်ကိုကြီး သူ့အပေါ်၌ မည်မျှဝင်ဆိုစေ ယခုလိုအဖြစ်မျိုးနှင့်တွေ့ရသည်တွင် မူးမေ့မတတ် သနားသွား၏။ အကယ်တိ ကိုဘကိုးသည်သာ ပူးပူးကပ်ကပ်နှင့် အယုယခံတတ်သူဖြစ်က မနုမေသည် သူ့အစ်ကိုကြီးထံ ပြေးသွားပြီး ပါးကလေးနှစ်ဖက်ကို လက်နှင့် အုပ်၍ တမြှုံ့မြှုံ့ နှစ်သိမ့်ကာ . . .

"ဘာဖြစ်သလဲ အစ်ကိုကြီး ကျွန်မကိုပြောစမ်း ဟင် ဘာဖြစ်တာလဲ အစ်ကိုကြီးစိတ်ကို ထိခိုက်လောက်အောင် ဘယ်သူတွေက ဘာလုပ်သလဲ ပြော။ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးစိတ်ချမ်းသာအောင် ကျွန်မလုပ်မယ်။ အသက်စွန့်ရစွန့်ရ ကျွန်မလုပ်မယ်"

စသည်ဖြင့် တီတီတာတာကလေး ချော့လိုက်ချင်တော့သည်။ သို့သော် ဤမာတ်ပုံကိစ္စနှင့်ပတ်သက်၍ မနုမေကား မေးလဲမမေးဝံ့။ ယခုကဲ့သို့ အခန်းထဲဝင်လာမိသည်ပင် တစ်ထင့်ထင့်နှင့်ရှိနေရှာ၏။

"ဒေါ်ဒေါ်ဖြင့် နည်းနည်းမှ စိတ်မကောင်းပါဘူးကွယ်။ ငါ့တူဖြစ်ပုံက ဘယ်လိုမှန်းလည်း မသိရတော့ . . ."

ဒီမှာ ဒေါ်ဒေါ် ခုကိစ္စကို သိလည်းမသိချင်ပါနဲ့တော့။ ဘယ်တော့မှလဲ ကျွန်တော်မပြောဘူး။ ဒါနဲ့ပတ်သက်လို့ နောက်ထပ်မေးရင်လည်း ကျွန်တော်ဟာ ဒေါ်ဒေါ်တို့အဖို့ အတော်မိုက်ရိုင်းတဲ့ လူတစ်ယောက်ဖြစ်လာလိမ့်မယ်။ ကျွန်တော့်စိတ်ကိုလည်း ပိုပြီးထိခိုက်လာမယ်။ အဲဒီတော့ ဒါတွေကို ဒေါ်ဒေါ်တို့ မေ့ပစ်လိုက်ပါ။ ကျွန်တော်လည်း မေ့ပစ်လိုက်တော့မယ်။ ကဲ. . . ကျွန်တော် ထမင်းစားဖို့ စီစဉ်ပါတော့ ဒေါ်ဒေါ်"

ကိုဘကိုးသည် ရီဝေသော မျက်လုံးများဖြင့် ဒေါ်လှသင်းအားလည်းကောင်း၊ မနုမေအားလည်းကောင်း တစ်လှည့်စီကြည့်ရင်း အခန်းထဲမှ လူအားလုံးကို အမြန်ဆုံး ထွက်သွားစေလိုသည့် သဘောဖြင့် [illegible] သုံး၍ ပြောလိုက်သောကြောင့် အကြောင်းသိပြီးဖြစ်သော မနုမေလည်း ဒေါ်လှသင်း တစ်စုံတစ်ရာ ထပ်မေးမည်စိုးသည်နှင့် . . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . လာဒေါ်ဒေါ်၊ ထမင်းပွဲပြင်ချည်ရအောင်" ဟု ပြောပြောဆွဲဆွဲပင် ဒေါ်လှသင်းလက်မောင်းကိုဆွဲ၍ အခန်းထဲမှ ထုတ်ခေါ်သွား၏။

အားလုံးအဆင်သင့် ခူးခပ်ပြီးသည်တွင် မနုမေလည်း မိမိအား ဒေါ်လှသင်းက ကိုဘကိုးကို အခေါ်ခိုင်းတော့မည်ဟု အတပ်သိသည်နှင့် ကိုထွန်းသိုက်အား ကြိုတင်အမိန့်ပေးလိုက်သဖြင့် ကိုထွန်းသိုက်လည်း စိတ်မပါ့တပါနှင့်ပင် အပေါ်ထပ်မှ ဆင်းခဲ့ရတော့၏။

မကြာမီပင် ကိုဘကိုးရောက်လာပြီး ညှိုးငယ်သောအသွင်ဖြင့် မကြည်မလင် ဝင်ထိုင်ကာ တစ်စုံတစ်ရာ ဘာစကားမျှမပြောပဲ ထမင်းကိုသာ ခပ်လောလော စားလျက်ရှိ၏။

ဒေါ်လှသင်းတွင်လည်း စောစောကကိစ္စကြောင့် စိတ်စနောင့်စနင်း ဖြစ်နေ၍လားမသိ၊ ထမင်းပင်စားနေရသော်လည်း စိတ်ပါလက်ပါ ရှိပုံမရပဲ ကိုဘကိုးကိုသာလျှင် သနားအံ့သြသော အကြည့်မျိုးဖြင့် မကြာခဏ လှမ်းကြည့်လျက်ရှိ၏။

မနုမေတွင်မူ တစ်စုံတစ်ရာ ထူးခြားသည့်အသွင်ကိုမမြင်ရ။ ဤလို ဒုက္ခမျိုးကား မနုမေအဖို့ ရိုး၍ပင်နေလေပြီ။ အစားပျက်၊ အအိပ်ပျက်နှင့် တစ်ရက်ကလေးမှ ပျော်ရွှင်ခွင့် မရခဲ့သော မနုမေအဖို့ ဤပြဿနာမှာ ဆန်းတော့သည်မဟုတ်ပေ။

"ခုလိုဖြစ်ရတာ ကျွန်တော်လည်း စိတ်မကောင်းပါဘူး ဒေါ်ဒေါ်။ ဒီအကျင့်၊ ဒီအစွဲအလန်းတစ်ခုဟာ ကျွန်တော်အဖို့ တော်တော်ပဲ ဆိုးနေတယ်။ ဖျောက်ဖျက်လို့လည်းမရဘူး"

စားသောက်အပြီး လက်ဆေးနေရာမှ ကိုဘကိုး ဤလိုပြောဖော်ရလာသည်နှင့် ဒေါ်လှသင်းရော မနုမေပါ ထွေနေသောစိတ်တွေ ရှင်းသွားသည်ထင်လိုက်ရ၏။

"အေးကွယ်၊ ရုတ်တရက်ဆိုတော့ ဒေါ်ဒေါ်တို့လဲ ဘာလုပ်ရမှန်း



မသိအောင်ကို အံ့အားသင့်သွားတယ်။ ငါတို့ဖြစ်ပုံက ဘယ်လို "

"သည်းခံပါ ဒေါ်ဒေါ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မေးတော့ ဘာမှ မမေးစေချင်ဘူး။ ခုလိုကျွန်တော့်ကြောင့် ဒေါ်ဒေါ်တို့ စိတ်မချမ်းမသာဖြစ်ရတာကိုတော့ ကျွန်တော် တောင်းပန်ပါတယ်။ နောက်နောင် ဒီလို မဖြစ်ဖို့ကိုလည်း ကျွန်တော် တတ်နိုင်သလောက် စိတ်ကိုထိန်းပါ့မယ် ဆိုတာလည်း ကတိပေးပါတယ်။

ထိုမျှနှင့်ပင် စကားစပြတ်သွားတော့၏။ ကိုဘကိုးလည်း လက်ဆေးဇလုံကို ဘေးသို့တွန်းဖယ်ပြီး လက်သုတ်ပုဝါကို ကောက်ကိုင်လိုက်ရာမှ တစ်စုံတစ်ရာ ပြောမည်ကဲ့သို့ မနုမေအား လှမ်းကြည့်လိုက်၏။ မနုမေနှင့်လည်း အကြည့်ချင်းဆုံသွား၏။ သို့သော် ကိုဘကိုးပါးစပ်မှမူ ဘာစကားမျှ ထွက်မလာသောကြောင့် အကောင်းလော၊ အဆိုးလော မသိရသည့် သူ့စကားအတွက် မနုမေတွင်လည်း အသက်ရှူချောင်သွားသလို သက်ပြင်းတလေးချလိုက်မိ၏။

ပထမနေ့၊ ဒုတိယနေ့ စသည်တို့ ကုန်ဆုံးခဲ့ပြီးနောက် ဒုတိယ လပိုင်းသို့ပင် ဝင်ခဲ့ပြီ။ ကိုဘကိုး၏ အချိုးကား ဆိုးသည်ထက်သာ ဆိုးလာတော့၏။

"ဟော . . . မခင်မျိုးဦး၊ လာ လာ၊ ဘယ်က လှည့်လာသလဲဟင်၊ တစ်ယောက်ထဲနော်"

ကိုဘကိုးနှင့်ပတ်သက်၍ သိရသော အဆိုပါ မခင်မျိုးဦးသည် တစ်နေ့သောနံနက်ပိုင်းတွင် မမျှော်လင့်ဘဲ ရောက်လာသည်နှင့် မနုမေက ဤသို့ ခရီးဦးကြိုပြုလိုက်သည်နှင့် . . .

"ဖုန်းမဲ့ တစ်ယောက်ထဲရယ်ပေါ့ မနုမေ၊ ဟဲ . . . ဟဲ၊ အဖော်မှ မရှိသေးတာ။ ကိစ္စတော့ တခြားမဟုတ်ပါဘူး။ မနေ့ညက ဘရားသွင်း (ကိုဘကိုးအား သူ ဤလိုခေါ်လေ့ရှိ၏) ဟို ဘိုင်စကုတ်ထဲမှာ မြင်လိုက်တယ်။ သူက နှစ်ကျပ်ခွဲတန်းကကြည့်တယ်။ ကျွန်မတို့က အပေါ် ထပ်တန်း နှုတ်မဆက်လိုက်ရဘူး။ မနုမေများ ပါမလားလို့ ရှာမိသေးတယ်။ မတွေ့

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ နေမျှားမကောင်းလို့လားဆိုပြီး လာမေးတာပါပဲ။ ညကတောင် အိပ်မက် မက်သေးတယ်။ မနုမေ ချီထားတာ ယောကျ်ားကလေးတဲ့ ဟဲ့. . . ဟဲ ”

နောက်ဆုံးစကားတွင် ဤလို အရွှမ်းကလေးနှော၍ ပြောလိုက်သောကြောင့် မနုမေမှာ မျက်နှာမထားတတ်အောင်ပင် ရှက်သွားရှာ၏။ ခေါင်းကလေးငုံ့၍ ရုတ်တရက် အဖြေမပေးနိုင်ဘဲ ရုပ်ရှင်ကြည့်သည်ကိုပင် မိမိအား အရေးလုပ်ခေါ်ဖော်မရသော ကိုဘကိုး၏ ပစ်ပစ်ပယ်ပယ်နိုင်မှုအတွက် ရှက်၊ နာ၊ ဝမ်းနည်းကြီး ဖြစ်နေရှာ၏။

“ရှိုးရှိုး နေမကောင်းတာလောက်ပါဘဲ မခင်မျိုးဦးရယ်။ သားသမီး ရှိနေလို့ မဟုတ်ပါဘူး”

အမှန်အားဖြင့် မနုမေမှာ ကျန်းကျန်းမာမာပင်ဖြစ်သော်လည်း ဤလိုဖြေမှသာ ကိုဘကိုး၏ အရေးပေးမခံရမှုအတွက် ကာကွယ်ရာ ရောက်ပေတော့မည်။

“အင်း. . . အင်း၊ ရှိုးရှိုးနေမကောင်းတာလို့ဘဲ ကျွန်မယုံကြည်လိုက်ပါတော့မယ်လေ။ အော် ဒါနဲ့ မနုမေလည်း တယ်ပိန်တာပဲနော်။ အပျိုတုန်းကနဲ့ မတူတော့ဘူး။ သိပ်ကျသွားတာပဲ။ စိတ်ချမ်းသာ ကိုယ်ချမ်းသာကော ရှိရဲ့လား။ အို. . .'ဒါကတော့ မေးဖို့တောင် မလိုဘူးလေ။ ဘရာသာက မယားကို အင်မတန်ချစ်တတ်တဲ့လူဘဲ။ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့တော့ မနုမေ ပူစရာ မရှိနိုင်ပါဘူးနော်။ ကျန်းမာရေး အခြေအနေ သိပ်မကောင်းဘူးထင်တယ်။ ဆေးကလေးဘာလေးလည်း ဂရုစိုက် စားဦးမှပေါ့ မနုမေ။ အားကြီးပိန်သွားတာပဲ”

မနုမေ အပျိုဘဝနှင့် ဆိုင်တွင်ရှိနေစဉ်က မခင်မျိုးဦး မကြာခဏ လာလေ့ရှိသည်ကို တွေ့ရ၏။ ကလက်တက်တက်နှင့် ပြက်ချော်ချော် အမူအရာမျိုးလော။ ခေတ်မီ၍ ရဲတင်းဖျတ်လတ်သည့် သဘောမျိုးလောမသိ။ ကြည့်ရသည်မှာ မျက်နှာပြောင်သလိုလို ရှိလှသောကြောင့် မခင်မျိုးဦးအား အတော်ကလေး အော့နှလုံးနာခဲ့၏။ သို့သော် . . . .



“ဘရားသားဟာ မယားကို အင်မတန်ချစ်တတ်တဲ့လူပဲ” ဟူသည့် စကားတစ်လုံးအပြင် လူတစ်ဖက်သားအား ကြင်နာသနားတတ်သည့် အလား “ဆေးကလေး ဘာလေးလဲ ဂရုစိုက်စားဦးမှပေါ့” ဆိုသော စကား များကြောင့် မနုမေမှာ သူရွံခဲ့မုန်းခဲ့သော မခင်မျိုးဦးအား ယခုသော် မိမိ ကိုယ်ရေးအတွက် အားထားမှီခိုတိုင်ပင်လိုစိတ်များပင် တဖွားဖွားပေါ်နေတော့၏။ သို့သော် မနုမေအဖို့ မခင်မျိုးဦးနှင့်တွေ့ရသည်မှာ ယခုအကြိမ်ပါမှ နှစ်ကြိမ်သာရှိသေးသည်ဖြစ်သောကြောင့် မိမိကိုယ်ရေးကိစ္စကို ဖွင့် မပြောလို။ အထူးသဖြင့် လင်၏အရေးပေးမခံရသော မိမိအဖြစ်ကို ဒေါ်လှသင်းပင် မသိအောင် ဖုန်းကွယ်ထားခဲ့ပါလျက် ဤသို့ အပြင်လူ မိန်းမချင်းတစ်ယောက်အား ဖွင့်ပြောရန်မှာ မနုမေအဖို့ သာ၍ပင် ခဲယဉ်း နေတော့၏။

မည်သို့ဖြစ်စေ “မယားကို အင်မတန်ချစ်တဲ့လူ” ဆိုသော စကားမှာမူ ကျယ်ဝန်းလှသော အဓိပ္ပာယ်ကို ဆောင်နေသည်နှင့်အမျှ . . .

“သူ ဘာ့ကြောင့် ဒီစကားမျိုး ပြောရသလဲ။ ကိုဘကိုးအကြောင်း မခင်မျိုးဦးလည်း အကုန်သိနေသလား။ ဘာဖြစ်လို့ သိသလဲ။ ကိုဘကိုးမှာ အရင်က မယားကြီးရှိဖူးသလား”

စသည်ဖြင့် မနုမေသည် တွေနေသောစိတ်ကလေးဖြင့် အပြေးအလွှားတွေးနေပြီးမှ . . .

“အစ်ကိုကြီးဟာ မယားကို အင်မတန်ချစ်တဲ့လူ ဟုတ်လား မခင်မျိုးဦး။ အဲဒီစကားကို ကျွန်မ သိပ်မရှင်းလှဘူး”

မနုမေ ဤသို့မေးလိုက်သည်နှင့် မခင်မျိုးဦးလည်း အလွန့်အလွန် အံ့အားသင့်သွားသလို “အို” ဟု အသံရှည်ဆွဲ၍ ညည်းတွားလိုက်ပြီး

“မနုမေ သူ့အကြောင်း ဘာမှမသိသေးဘူးထင်တယ်။ နို့ ... ပြောမပြဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအကြောင်းကိုပါလိမ့်"

"ဘရာသာလေ အစ်ကိုကြီးပေါ့။ သူရှင်နဲ့အိမ်ထောင်မကျခင်က အိမ်ထောင်နှစ်ဆက် ပျက်ခဲ့ဘူးတဲ့ အကြောင်းတွေလေ။ ဘာမှရှင်မသိဘူး"

မနုမေမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရာမှ . . .

"ဟင့်အင်း. . . ကျွန်မ ဒါတွေ သိလဲမသိဘူး။ သူလဲ မမေးမိဘူး။ သူကလည်း . . . ."

"မပြောဘူးဆိုပါတော့။ နိုင်ငံရေးသမားဆန်ဆန်ပြောရရင်တော့ ဒါ အစ်ကိုကြီး ဖောက်ပြန်တာ၊ စော်ကားတာပဲ"

မခင်မျိုးဦးသည် စကားကို ဤတွင်ရပ်၍ ရုတ်တရက် ရပ်ဆိုင်းတွေဝေနေပြန်၏။ မနုမေတွင်လည်း သူအလွန်သိချင်သော ကြားချင်နေသော စကားဖြစ်၍ နားစွင့်ငေးမောကာ ဆက်ပြောမည့်စကားကို စောင့်စားနေရရှာ၏။

"အစ်ကိုကြီး ဒီမြို့ကို ဘယ်လိုရောက်လာတယ်။ သူ့ဇာတိ ဘယ်မြို့သားဆိုတာတွေလည်း ရှင်မသိသေးဘူးနော်"

"ဟုတ်ကဲ့ ဘာမှ မသိရသေးလဘူး"

မနုမေသည် မျက်ရည်လည်ရွဲနှင့် ဝမ်းပန်းတနဲဖြေလိုက်၏။

"မနုမေ တော်တော်ရှော်သေးတာပဲ။ ယောကျ်ားတစ်ယောက်ကို သူ့နောက်ကြောင်းရာဇဝင်နဲ့ မျိုးရိုးဇာတိ ဘယ်လိုမှန်းမသိဘဲ၊ မစုံစမ်းဘဲ လက်ထပ်ခဲ့တာ ကျွန်မဖြင့် အံ့ဩလို့မဆုံးပါဘူး။ ဒါပေမဲ့ ရှင်သူ့ကိုရတာ အင်မတန် ကံကောင်းတယ်လို့ ဆိုရမှာပဲ"

"ရှင်"

မနုမေမှာ ကယောင်ခြောက်ချားနှင့် အံ့အားသင့်စွာ ရေရွတ်မိရှာ၏။

"အစ်ကိုကြီးဟာ သားမယားကို အားကြီးဂရုစိုက်



အရေးပေးတတ် တဲ့လူပေါ့။ မယားကိုချစ်တဲ့ အလိုလိုက်တဲ့နေရာမှာ ဒီပြင်ယောကျ်ားတွေ ထက်ပိုလွန်းလို့ကြာတော့ ဘေးလူတွေကပါ အမြင်ကတ်ယူတာပဲ။ ဒါတွေတော့ မနုမေ လက်တွေ့ခံစားနေရပြီမို့ သိနေရောပေါ့နော်"

မနုမေမှာ မိမိခံစားနေရသောအဖြစ်နှင့် ကြားရသောစကားအကြီးအကျယ် ကွာခြားနေပြီဖြစ်သောကြောင့် မည်သို့အဖြေပေးရမည်ပင် စဉ်းစားမရနိုင်အောင် ဖြစ်နေရာမှ . . .

"သိသင့်သလောက်တော့ သိရပြီဆိုပါတော့ရှင်" ဟူသော မယုတ်မလွန် အဖြေသာပေးလိုက်ရရှာ၏"

"နို့ အစ်ကိုကြီးရဲ့ အရင်မိန်းမနှစ်ယောက် ဓာတ်ပုံတွေ ဘာတွေရော မနုမေ မတွေ့မိဘူးလား"

မနုမေသည် ကိုဘကိုး ပုံတူကူးဆွဲလေ့ရှိသော မိန်းမပျို (၂)ယောက်၏ပုံများကို ကွက်ကနဲ သတိရလိုက်၏။

"ဟုတ်ကဲ့ မိန်းမပုံနှစ်ပုံတော့ သူပုံတူပန်းချီဆွဲဆွဲနေတာတော့ တွေ့မိပါတယ်"

"တစ်ယောက်က မျက်နှာဝိုင်းဝိုင်း၊ တစ်ယောက်ကသွယ်သွယ်တကယ်ချောတဲ့ မိန်းမတွေပေါ့။ ဟုတ်တယ် မဟုတ်လား။ ဒါနဲ့လေ အစ်ကိုကြီးဟာ ပန်းချီဆရာလုပ်ဖူးတာတော့သိတယ်။ အဲဒီပုံတွေကို ပုံတူဆွဲတာတော့ မတွေ့ဖူးဘူး။ ကြည့်ရရင်ကောင်းမှာပဲ ဘယ်မှာရှိသလဲဟင်"

မနုမေလည်း ညိုးညိုးငယ်ငယ်နှင့်ပင် စာဖတ်ခန်းသို့ လက်ညှိုးညွှန်ပြရင်း . . .

"ဟိုအခန်းထဲမှာ မခင်မျိုးဦးရဲ့ သော့အမြဲတမ်း ခတ်ထားတယ်"

"သြော်. . . သြော်. . ."

မခင်မျိုးဦးသည် အသင့်ရောက်နေပြီဖြစ်သော ကော်[illegible] အနီးတွင် ဝဲနေသည့်ယင်ကောင်ကို လက်ကလေးခတ်၍ [illegible]

"မနုမေ မသိလို့ရှိမှ ပြောရဦးမယ်။ အစ်ကိုကြီးဟာ သာသာ[illegible]

www.burmeseclassic.com



သား ဇာတိပေါ့။ မိဘကလည်း တော်တော်ကလေးချောင်လည်တယ်။ ဂျပန်ခေတ်က သူ့မိဘနှစ်ပါးစလုံးပဲ လူကြီးရောဂါနဲ့ ဆုံးကြတယ်။ အင်္ဂလိပ် ဝင်လာတော့ အစ်ကိုကြီးလည်း သူဝါသနာပါတဲ့ ပန်းချီပညာနဲ့ပဲ အသက် မွေးတော့မယ်ဆိုပြီး ရန်ကုန်မှာ အခု ဒီတိုက်ကိုပါ အပိုင်ဝယ် လိုက်ပြီး ပန်းဆိုးတန်းကဆိုင်နေရာမှာပဲ ပန်းချီအလုပ်ဌာနတစ်ခုဖွင့်ပြီး အလုပ် လုပ်ခဲ့ရာက (၂)နှစ်လောက်ကြာတော့ ဘာကြောင့်ရယ်မသိဘူး သာယာ ဝတီ မှာရှိတဲ့ အိမ်တွေ၊ မြေတွေရောင်းပြီး အထည်ဆိုင်ဖွင့်တာပဲ။ ပန်းချီ အလုပ်ကို တစ်ခါတည်း စွန့်ပစ်လိုက်တယ်ရှင့်"

"ကဲ. . . သောက်လိုက်ပါဦး မခင်မျိုးဦးရဲ့ ကော်ဖီတွေ အေးကုန် တော့မယ်"

မနုမေလည်း စိတ်ပါလက်ပါ နားထောင်နေရာမှ ကော်ဖီပန်းကန် ကို ကောက်ယူပေးရင်း ပြောလိုက်သဖြင့် မခင်မျိုးဦးသည် ကော်ဖီကို လှမ်းယူကာ တစ်ကျိုက် နှစ်ကျိုက် မော့ချလိုက်ပြီးမှ . . .

"သူ့မိဘကတော့ အစ်ကိုကြီးကို အရာရှိတစ်ယောက်ဖြစ်စေချင် လို့ ကောလိပ်ကိုပို့တယ်။ သူကတော့ ပန်းချီလောက်ပဲ လေ့ကျင့်နေတော့ ကောလိပ်မှာ သုံးနှစ်သုံးမိုးသာ နေခဲ့ရတယ်။ ဘာဒီဂရီမှ မရဘူး။ အဲဒီ အချိန်မှာဆိုရင် ကျွန်မတို့ဖေဖေက မြို့ပိုင်ပေါ့။ သူ့မိဘတွေကလည်း အတော်ရင်းနှီးတယ်။ ရန်ကုန်တုန်းက ကျွန်မ(၁၃)နှစ်သမီး၊ အစ်ကိုကြီးက (၃၀)ကျော်နေပြီ။ ဒီအချိန်မှာ မခင်သန့်ဆိုတဲ့ ဓာတ်ပုံထဲက မျက်နှာဝိုင်းဝိုင်း မိန်းမနဲ့ ပထမ အိမ်ထောင်ကျတယ်"

မနုမေသည် တစ်စုံတစ်ရာ ဘာမျှမေးမြန်းခြင်းမရှိဘဲ မကြည်လင် မရွှင်ပျသော မျက်နှာသေကလေးနှင့် နားစွင့်နေရှာ၏။ မခင်မျိုးဦးသည် ကျန်နေသော ကော်ဖီပန်းကန်ကို လက်စသတ် သောက်ချလိုက်ကာ. . .

"အဲဒီမခင်သန့်ဆိုတဲ့မိန်းမကိုများ အစ်ကိုကြီးဖြင့် ချစ်လိုက်တာ တုန်နေတာပဲ။ ခေတ်က ဂျပန်ခေတ်ဆိုတော့ ပဒုမ္မာ ဘယ်လောက်ရှား သလဲ။ အဲဒါ သူ့မိန်းမက ပဒုမ္မာမှ ဝတ်ချင်တယ်ဆိုလို့ (၂၀၀၀)နီးပါး



ပေးဝယ်ပြီး မယားကိုဆင်တယ်။ မာယားကသာဆို ချက်ချင်းပဲ။ နာမည် တောင် ပြည့်ပြည့်စုံစုံ မခေါ်ရက်ဘူး။ အသန့် အသန့်နဲ့။ အဲဒီအချိန်မှာ မယားကသေဆိုရင် သေမှာပဲ ဒီလောက်"

"နို့ အဲဒီမိန်းမက ဘာဖြစ်သွားလဲဟင်"

မနုမေက ကြားဖြတ်မေးလိုက်သောကြောင့် . . .

"ဟဲ. . . ဟဲ. . . လင်ငယ်နောက်လိုက်သွားတယ်လေ"

"ဟင်. . ."

"မဟင်နဲ့ မနုမေ အစ်ကိုကြီးလည်း အစ်ကိုကြီးပဲ။ မယားကို သိပ် အလိုလိုက်လွန်းအားကြီးတော့ ဖြစ်တာတောင် နည်းသေးတယ်။ အဲဒီအချိန်က ပန်းချီပညာကို သဲသဲမဲမဲ လိုက်စားတုန်းပေါ့။ သူ့မိဘတွေ လည်း မရှိတော့ လွတ်လွတ်လပ်လပ် လုပ်ချင်တာ လုပ်နိုင်ခွင့်ရှိတာကိုး။ သူ့ဆီမှာ ပန်းချီသင်တဲ့ တပည့်တွေကလည်း လေးငါးယောက်ရှိတယ်။ အဲဒီတပည့်တွေထဲက သူ့လက်ဆွဲတစ်ယောက်ဟာဖြင့် အိမ်မှာပဲ နေထိုင် စားသောက်နေတယ်။ အေး. . . မခင်သန့်လည်း အဲဒီတပည့်နဲ့ဖြစ်ပြီး လိုက်ပြေးပါလေရော။ အစ်ကိုကြီးဖြင့်(၁)နှစ်တောင်ပြည့်အောင် မပေါ်နိုး လိုက်ရဘူး"

"ဖြစ်ရလေရှင်"

"မဖြစ်ရလေနဲ့ ဒီကောင်နဲ့သူ့မယား နေပုံထိုင်ပုံ မရိုးသားတဲ့ အကြောင်း ဘေးလူတွေက သတိပေးတာတောင် သူက မယားကို ထိခိုက် ပြောရဘာမို့လားဆိုပြီး ဒေါ်တွေဘာတွေ ပွနေသေးတော့တယ်။ ဖေဖေ တို့ကလည်း အဲသလို သတိပေးမိလို့ စကားတောင်မပြောဘူး။ နောက် သူ့မယား လင်ငယ်နဲ့ပါသွားမှ သူ့ဘုပြောမိခဲ့တဲ့လူတွေကို လိုက်တောင်းပန် ဖေဖေတို့ကိုလည်း လာကန်တော့တယ်။ သူမှားပါတယ်တဲ့။ ဒီလိုတွေဆိုတော့ လည်း သူ့အမှားကို သူဝန်ခံတတ်သား"

မနုမေမှာလည်း ယခုအထိ နားထောင်သူအဖြစ်ဖြင့်သာ ငြိမ်နေ ရ၏။ တစ်စုံတစ်ရာ ဘာမေး၍ ဘာပြောရမည်ကို တွေးမရသည့်အစား သူ

www.burmeseclassic.com



အကိုကြီး၏ ပထမ မယားအပေါ် စိတ်ထားပုံနှင့် မိမိအပေါ် ပြုမူပုံများကိုပါ နှိုင်းယှဉ်မိပြီး မချိတရိ ဝမ်းနည်းနေရှာ၏။

"ဟင်. . . မနုမေ၊ မျက်ရည်တွေလည်း လည်လို့ပါလား။ ဘာဖြစ်သလဲ အစ်ကိုကြီးဟာ တစ်ခုလပ်မှန်း အခုမှသိရလို့ ဝမ်းနည်းနေသလား"

"မ, မဟုတ်ပါဘူး မခင်မျိုးဦးရယ်။ ကျွန်မ အခုလို ပိန်လိန်နေတာက မေမေ့ကို လွမ်းလို့ပါ။ အခုလည်း မေမေ့ကို တွေးမိနေတာနဲ့ "

မနုမေသည် ဤသို့ မုသားသုံး၍ အဖြစ်မှန်ကို ဖုံးလိုက်၏။

"အမှန်ကတော့ အစ်ကိုကြီးဟာ နှစ်ခုလပ်ရှင့်။ ဒါပေမဲ့ ဝမ်းနည်းစရာမဟုတ်ဘူး။ ဒီလိုလင်မျိုး အင်မတန်မှရှားတယ် မှတ်ပါ။ ရှင်းရှင်းပြောရရင် သူ့ကြင်နာယုယမှုတွေကို မျက်မြင်ကိုယ်တွေ့ သိလာရသည်မို့ ကျွန်မတောင် သူ့ကိုကြိုက်ခဲ့မိတယ်။ ဒါပေမဲ့ သူက ကျွန်မကို မကြိုက်ဘဲရှင့်ကိုယူလိုက်တော့ အင်း. . မနုမေ ငါ့ထက် ကံကောင်းသွားပြီလို့တောင် မနာလို ဖြစ်မိသေးပေ့ါရှင်"

"ကျွန်မ ကံကောင်းတယ် ဟုတ်လား။ အစစ်ပေ့ါရှင်။ ညားတဲ့နေ့ကစပြီး တစ်နေ့မှ မျက်ရည်မကျရတဲ့နေ့ရယ်လို့ မရှိခဲ့ဘူး။ ဒါကို ကံကောင်းတယ်လို့ ပြောတာထင်ပါရဲ့ ကံကောင်းတယ်ဆိုတာ"

မနုမေသည် ရင်ကလေးမောက်၍ ဤသို့ခပ်ငေါက်ငေါက် မေးလိုက်ချင်၏။ သူ့အစ်ကိုကြီးကို မကျေနပ်တိုင်း ကြားလူဖြစ်သော မခင်မျိုးဦးကိုပင် ရန်လုပ်ချင်သလို စိတ်ဝင်စားလာ၏။ သို့သော် ဤသို့ကား မမေးဖြစ်။ မေးရန်လည်းမလို။ ထို့ထက် သူ့အဖြစ်ကို လူသိမခံလိုသည့်စိတ်က သူ့ကိုလွှမ်းမိုးနေ၏။

"ကျွန်မတောင် သူ့ကို ကြိုက်ခဲ့မိတယ်"

ပွင့်လင်းပြတ်သားစွာ ဟောဟောဒိုင်းဒိုင်း ပြောချလိုက်သော မခင်မျိုးဦး၏ စကားကိုလည်း မနုမေသည် သဘောကျသလိုလို ဖြစ်သွားမိ၏။



"ဒုတိယ မိန်းမကတော့ မခင်မျိုးဦးရဲ့"

အပြောအဆို ပြောင်သည်သာမဟုတ်။ အမူအရာကလည်း ခေတ်ဆန်လွန်းလှသည့် မခင်မျိုးဦးသည် ငွေစီးကရက်ဘူးထဲမှ ဆေးလိပ်တစ်လိပ်ထုတ်ပြီး မီးညှိရှိုက်ဖွာနေရာမှ . . .

"အဲဒီ မခင်သန့်နဲ့ ကွဲသွားပြီးတဲ့နောက် (၂)နှစ်လောက်ကြာတော့ လက်ပံတန်းမြို့က မိန်းမတစ်ယောက်နဲ့ အကြောင်းပါပြန်တယ်။ သူလဲ မျက်နှာကလေး သွယ်သွယ်နဲ့ တကယ်ချစ်စရာကောင်းတဲ့ မိန်းမပေ့ါ။ ကြည့်ရတာကလည်း သိပ်ရိုးတယ်။ နာမည်က မရင်နုတဲ့။ ခုယူတာလည်း မနုမေဆိုတော့ အစ်ကိုကြီးက နုကို ဓာတ်စာကျတယ် ထင်ပါရဲ့ ဟဲ. . . ဟဲ"

မနုမေသည် ရောရောနှောနှော ရယ်လိုက်ရင်းက . . .

"နို့ သူကကော ဘာဖြစ်သွားရှာသလဲ"

"သူ့ ငယ်ရည်းစားနဲ့ လိုက်ပြေးတယ်။ ဒီလိုကိုး မနုမေရဲ့။ မရင်နုကိုလိုချင်လို့ သူ့မိဘတွေဆီ သွားတောင်းတော့ မိဘတွေကသဘောတူတယ်။ ဒါပေမဲ့ မရင်နုက ကြိတ်ပြီး သူ့ကိုတောင်းပန်ရှာသတဲ့။ သူ့မှာ ငယ်ရည်းစား ရှိနေတယ်ဆိုတဲ့ အကြောင်းပေ့ါလေ။ အဲသလို နှစ်ယောက်ချင်း တိုးတိုးတိတ်တိတ် တောင်းပန်မှုပဲ ကိုယ်တော်မြတ်က မရင်နု မိဘတွေကို ဒီအကြောင်း ဖွင့်ပြောပြီး အမြန်ဆုံးစီမံခိုင်း၊ အမြန်ဆုံး လက်ထပ်၊ အမြန်ဆုံး ယူလိုက်တာပဲ။ ဒါပေမဲ့ အစ်ကိုကြီးဟာ မရင်နုရဲ့ ခန္ဓာကိုယ်ကိုသာ အနိုင်ရလိုက်တယ်။ စိတ်ကို မပိုင်ဘူး။ အိမ်ထောင်ကျပြီးလို့ (၅)လ လောက်လဲကြာရော မရင်နုလည်း ပြေးတာပဲ"

"စိတ်မကောင်းစရာဘဲနော်။ ဒါနဲ့ မရင်နုကိုကော အစ်ကိုကြီးက ယုယုယယ ရှိရဲ့လား"

"အမလေး မခင်သန့်ထက်တောင် ပိုပြီး ယုယ[illegible]

www.burmeseclassic.com



ချစ်လိုက်တာကလည်း မပြောနဲ့တော့ မျက်စိအောက်ကတောင် အပျောက်မခံဘူး။ ဒါပေမဲ့လည်း မရင်နုက သူ့ကို မချစ်ဘူး။ ငွတ်တရွတ် ယူတဲ့ အတွက်လည်း ပိုပြီးစိတ်နာပုံရတယ်။ ခုလိုဆိုတော့ ဟို ပထမမိန်းမ နှစ်ယောက်ထက် မနုမေကို ပိုလို့ဂရုစိုက်မှာဘဲနော်"

မနုမေကား အဖြေမပေးဘဲ ဟစ်ကြွေး၍သာ ငိုပြလိုက်ချင်တော့ သည့်အသွင် ဆောင်နေ၏။ သို့သော်လည်း လောလောဆယ်၌ သူ့အဖြစ် ကို အသိမပေးလိုသေး။ သားမယားအပေါ်တွင် ဤမျှ ကြင်နာတတ်မှု အခြေခံရှိသော ကိုဘကိုးအား စောင့်ကြည့်လိုသေးသည်။

"အင်း ဂရုလည်းစိုက်ရှာပါတယ်။ ဘာမှလည်း လိုလေသေး မရှိအောင် အရေးပေးပါတယ်။ ဒါပေမဲ့ ကျွန်မက မေမေနဲ့ မခွဲစဖူး ခွဲနေရ တော့ စိတ်မချမ်းသာဘူးရှင်"

မနုမေသည် ထိုစကားနှင့်ရော၍ မျက်ရည်ကိုပါ မျှောချလိုက် တော့၏။

"အို. . . စောင့်ရ တစ်နှစ်ပေါ့ရှင်။ ဒီလောက်လည်း ဖြစ်မနေပါနဲ့ တော့။ သိပ်လွမ်းလာရင်လည်း လိုက်သွားပါလား"

"ကြည့်လုပ်ရမှာပဲ မခင်မျိုးဦးရယ်"

ထိုနေ့ညနေ ကိုဘကိုး ပြန်ရောက်လာသည်နှင့် မနုမေသည် မိုးကာအင်္ကျီကို လှမ်းယူလိုက်ရင်းကပင် . . .

"နေ့လယ်ကလေ မခင်မျိုးဦးလာတယ်။ အစ်ကိုကြီးကိုတောင် မနေ့က ရုပ်ရှင်ရုံထဲမှာ တွေ့ခဲ့တဲ့အကြောင်း ပြောသွားသေးတယ်"

"အဲဒါ ဘာဖြစ်လဲ"

ကိုဘကိုးသည် မနုမေလက်ထဲသို့ မိုးကာအင်္ကျီကို ပစ်ထည့်ရင်း ပြောပြောဆိုဆို အခန်းထဲဝင်သွားသောကြောင့် မနုမေလည်း နောက်မှ ထပ်ချပ်လိုက်ပါသွားကာ . . .

"ဘာမှတော့ မဖြစ်ပါဘူး။ ပြောပြတာပါ"

တစ်ကြိမ်တစ်ခါမှ ခွန်းတုံ့ပြန်မပြောခဲ့ဘူးသော မနုမေသည် ဤတစ်ခါတွင် အရဲကလေးစွန့်ကာ အထွန့်တက်လိုက်သဖြင့် ကိုဘကိုး



လည်း ချာကနဲ လှည့်ကြည့်လိုက်ရာမှ . . .

"နို့ မခင်မျိုးဦးက ဒီကိစ္စပြောရအောင် တမင်သက်သတ် လာတာ လား။ အဲဒါကိုကော မင်းက ဘာပြောချင်သလဲ"

ကိုဘကိုးသည် ထန်ထန်မာမာ မျက်နှာတင်းတင်းနှင့် တလုံး ချင်း မေးလိုက်၏။

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ သူလာတာက စေတနာကောင်း နဲ့ပါ။ အစ်ကိုကြီးကို ရုပ်ရှင်ရုံထဲမှာ အပေါ်ထပ်ကနေပြီး မြင်လိုက်လို့ ကျွန်မလည်းပါမယ်အထင်နဲ့ ရှာတာမတွေ့လို့ နေလို့များ မကောင်းလို့လား ဆိုပြီး လာမေးတာပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်မလည်း ဘာမှမပြောချင် ပါဘူး"

မနုမေလည်း စကားဆုံးသည်နှင့် ဖြုန်းကနဲ လှည့်ထွက်သွားပြီး မိုးကာအင်္ကျီကို ချိတ်တွင်ချိတ်နေခိုက် ကိုဘကိုး ရောက်လာပြန်လျှက်

"ဒီမှာ မနုမေ မင်းပါးစပ်ကသာ ဒီကိစ္စနဲ့ပတ်သက်လို့ ဘာမှ မပြောချင်ဘူးဆိုတယ် စကားအသွားအလာကတော့ မင်းကို ရုပ်ရှင်ကြည့် ခေါ်မသွားတဲ့အတွက် မကျေမနပ်ဖြစ်နေပုံပဲ။ ဟုတ်လား မနုမေ"

"အို. . . ဒါတော့ အစ်ကိုကြီးက ကျွန်မထက်ဦးပြီး လူဖြစ်လာ တာပဲ အစ်ကိုကြီး ပိုသိမှာပေါ့"

မနုမေလည်း သည်းမခံနိုင်တော့သလို မျက်နှာထားလေးအိုနေ ရာမှ ဤသို့ပြောလိုက်သည်နှင့် . . .

"အေး. . . ငါသိတယ်။ မင်းမကျေနပ်ဘူး။ နို့ မင်းရုပ်ရှင်တွေ၊ ပြဇာတ်တွေ ကြည့်တတ်တဲ့ဝါသနာ ရှိသလား"

မနုမေ ဘာမှအဖြေမပေးသောကြောင့် . . .

"ကြည့်ချင်ရင် ဒေါ်ဒေါ်နဲ့သွားကြည့်။ ငါနဲ့အတူ လိုက်ရလိမ့်မယ် လို့တော့ ဘယ်အခါမှ မမျှော်လင့်နဲ့"

ယခုပြောနေသည်များအနက် မနုမေအဖို့ ထူးခြားနေသည်မှာ ကိုဘကိုးသုံးလိုက်သော 'ငါ' ဆိုသည့်စကားပင်ဖြစ်၏။ ထိုဘကိုး၏ အပြောအဆို အပြုအမူကား လျော့သွားပျော့သွားသည်ဟု မရှိဘဲ ထို၌

www.burmeseclassic.com



သာ ကဲနေတော့၏။ ထပ်ပြောလျှင် ထပ်ဆိုးတော့မည်ကို သိသည်နှင့် မနုမေလည်း ငြိမ်နေလိုက်ရတော့၏။

ကိုဘကိုးလည်း နောက်ထပ် ဘာမျှဆက်မပြောတော့ဘဲ ကုတင်ခေါင်းရင်းရှိ ခြေပစ်လက်ဆန့် ထိုင်ချလိုက်ရင်းက . . .

"ထွီ . . . မိန်းမဆိုတာ အလိုလိုက်လို့ကောင်းတဲ့ သတ္တဝါတွေ မဟုတ်ဘူး။ ခွေးကို လူ့အသွင် ဖန်ဆင်းပေးပေမဲ့ ဖိနပ်တွေ့ရင် ကိုက်လိုက်တာပဲ၊ စားလိုက်တာပဲ။ ထွီ"

ကိုဘကိုးဆိုလိုသည့် အဓိပ္ပာယ်ကို မနုမေသည် ယခုရေလည်အောင် နားလည်ပြီးဖြစ်၏။ သူပြောနေသည်မှာ အလိုလိုက်အရေးပေးခဲ့သော သူ့ပထမမယားနှစ်ယောက်အား ရည်ရွယ်ပြောလိုက်ခြင်းဖြစ်သည်ကို သိသည်နှင့် မိမိနှင့်တကွ အားလုံးသော မိန်းမများကိုပါ သိမ်းကြုံးပုပ်ခတ်လိုက်သလို သူ့စကား နယ်ကျယ်နေသည်နှင့် မနုမေလည်း တစ်စုံတစ်ရာ ချေပပြောလိုက်ချင်၏။ သို့စေကာမူ နိုင်ငံရေးသမားကဲ့သို့ လှေနံဓားထစ် တစ်ယူသန်သမားလို ဖြစ်နေသော ကိုဘကိုးအား စွဲလမ်းမှုဖြစ်နေခိုက် ပြော၍ရမည်မဟုတ်။ အခြေအနေသာ ရှုပ်ထွေးသွားမည်ကို ရိပ်မိသည့်အတိုင်း အောင့်အောင့်သက်သက်နှင့်ပင် ငြိမ်နေလိုက်ရရှာ၏။

❖ ❖ ❖ ❖ ❖

၆

တစ်လ၊ နှစ်လ၊ သုံးလ၊ လေးလ စသဖြင့် ငါးလပင် တင်းတင်းပြည့်ခဲ့ပြီ။ ကိုဘကိုးအပြုအမူကာ ယခင်အတိုင်းပင် တစ်သမတ်တည်း သွားလျက်ရှိ၏။ တစ်နေ့ စိတ်ပြောင်းလာနိုး၊ တစ်နေ့ စိတ်ပြောင်းလာနိုးနှင့် မျှော်ကိုးစောင့်စားရင်းနှင့် အချိန်တွေသာကုန်ခဲ့သည်။ အခြေအနေကား လုံးဝမထူးခြားခဲ့ပေ။

တိုတိုထွာထွာ ကူညီလုပ်ကိုင်ပေးရန် ခေါ်ထားသော မိန်းကလေးနှင့် ကိုထွန်းသိုက်အား စကားပြောရာ၌ ကိုဘကိုးသည် ချိုချိုပြုံးပြုံးနှင့် ရွှင်နေတတ်သလောက် မနုမေမြင်သည်နှင့် သူ့မျက်နှာသည် ရှစ်ခေါက်တောင်မက ဆယ့်နှစ်ခေါက်အထိ ချိုးပြီး မှုန်သိုးသိုးအသွင်သို့ ပြောင်းသွားကာ တင်းတင်းမာမာ ဆက်ဆံလေ့ရှိ၏။

လူညဉ်းပန်းသမျှ ခံရရှာသော နွားသည်ပင် ခံရဖန်များသည့် တစ်နေ့၌ ဝှေ့တတ်၊ ကန်တတ်သေးသည်ဖြစ်ရာ မနုမေသည်လည်း တတ်နိုင်သလောက် သည်းခံခဲ့သေး၏။ တစ်နေ့ကောင်းနိုး၊ တစ်နေ့ပြောင်းနိုးနှင့် ကြိတ်မှိတ်အောင့်အည်းခဲ့ရာမှ နောက်ဆုံးတွင် ဘယ်လိုနည်းနှင့်မှ သည်းမခံနိုင်လောက်အောင် ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မနုမေလည်း တစ်စုံတစ်ရာကို ပြတ်ပြတ်သားသား လုပ်တော့မည်ဟု ဆုံးဖြတ်ချက်ချထားသည်မှာ (၁၀)ရက်ခန့်မျှ ရှိပြီဖြစ်သော်လည်း ဒေါ်လှသင်းအိမ်တွင် ရှိနေသည့်အတွက် အခက်တွေ့နေရ ပြန်ကာ မကြာမီပင် ကာလကတ္တားရှိ ဒေါ်လှမင်းထံမှ ရောက်လာသော စာတစ်စောင်တွင် မျက်စိရောဂါမှာ ထူးထူးခြားခြား သက်သာလာပြီ ဖြစ်သော်လည်း အားနည်းနေမှုကြောင့် အိပ်ရာထဲ လဲနေသည်ဖြစ်ရာ ဖြစ်နိုင်ပါက ဒေါ်လှသင်းကို ပို့ပေးရန် (သို့မဟုတ်) အခြားမိန်းမဖော် တစ်ယောက် လွှတ်လိုက်ရန် ရေးသားလိုက်သဖြင့် မနုမေအဖို့ အံကိုက် အကြိုက်ကျသွားတော့ကာ ဒေါ်လှသင်းကိုပင် ကာလကတ္တားသို့ ပို့လွှတ်လိုက်၏။

ထိုနေ့ ထိုအချိန်မှစ၍ မနုမေ၏ မျက်နှာထားသည် ခါတိုင်းကဲ့သို့ ပျော့ညံ့ညံ့မဟုတ်တော့ပဲ တင်းတင်းမာမာနှင့် ဘာမဆိုနောက်မဆုတ်တန်း ရင်ဆိုင်မည့်အသွင် ဆောင်နေတော့၏။ စိတ်ထားပျော့သည်နှင့်အမျှ အသွားအလာ နှေးကွေးချိနဲ့သလို ရှိခဲ့သော မနုမေမှာ ယခုလို စိတ်ထား တင်းမာလာသည်မှစ၍ လှုသည်လည်း သွက်လက်ဖျတ်လတ်လာတော့၏။

ဤတစ်ကြိမ်စော်ကားလျှင် လားလားမျှမခံ၊ မျက်နှာနှင့်တန်အောင် ကက်ကက်လန်နှံတော့မည်ဟု အံကြိတ် စိတ်တင်းနေခဲ့သော်လည်း ဒေါ်လှသင်းထွက်ခွာသွားသည်မှစ၍ (၁၄)ရက်တိုင်တိုင် မမျှော်လင့်သည့် အဖြစ်မျိုးနှင့် ရင်မဆိုင်ခဲ့ရ။ ကိုဘကိုးမှာလည်း အဘယ်လိုကိစ္စနှင့် အလုပ်ရှုပ်နေသည်မသိ။ တစ်ခါတစ်ရံ နေ့လယ်စာထမင်းပင် ပြန်မစားဘဲ ရှိနေတတ်သောကြောင့် မနုမေလည်း အတော် အတွေးရကြပ်နေရှာ၏။

နောက်တစ်နေ့တွင်မှ ကိုဘကိုးလည်း အထည်ဝယ်ရန်ကိစ္စနှင့် ဘိလပ်သို့သွားမည်ဟု ထုတ်ပြောပြီး အဝတ်အစားများ ပြင်ဆင်ခိုင်းသောကြောင့် တစ်စုံတစ်ရာ ပြောလိုက်ချင်သော်လည်း ခရီးသွားမည့်သူကို နှောင့်ယှက်ရာကျမည်ဆိုး၍ ဘာမှမပြောဘဲ ကိုဘကိုး ချုပ်ယူလာသော



အင်္ဂလိပ်ဝတ်စုံနှင့် ဗမာဝတ်စုံနှစ်စုံအပြင် အခြားတိုတိုထွာထွာပစ္စည်းများကို သားရေသေတ္တာထဲတွင်ထည့်၍ ပြင်ဆင်ပေးလိုက်ရ၏။

အရေးကုန် (၃)ပတ်မျှသာ ကြာလိမ့်မည်ဟု ပြောသွားသော ကိုဘကိုးကား တစ်လနှင့်ဆယ်ရက်တိတိကြာမှ ပြန်ရောက်လာတော့၏။ ရောက်လာသည်တွင်လည်း ကိုဘကိုးမှာ မအားရ။ ဟိုသွား ဒီသွားနှင့် အလုပ်ရှုပ်နေပြီး မကြာမီပင် ပန်းဖျားဖျား၍ အိပ်ရာထဲ လဲနေတော့၏။

ရာသီဥတု အပြောင်းအလဲကြောင့်တစ်ကြောင်း၊ လူရောစိတ်ပါ ပင်ပန်းခဲ့သည်ကတစ်ကြောင်း ထို့ကြောင့် ကိုဘကိုးမှာ (၁၃)ရက်တိုင်တိုင် မထနိုင်အောင် ရှိနေခဲ့၏။ မနုမေတွင်လည်း မိမိအား နှိပ်စက်ညှဉ်းပန်းသမျှ ယခုအခါတွင် တန်ပြန်ထိုးစစ်ဆင်တော့မည်ကဲ့သို့ ဒေါ်လှသင်း မရှိတော့သည့်နေမှစ၍ အားခဲဖွဲတင်းခဲ့သော်လည်း ယခုကဲ့သို့ အသားပေါ် အရည်တင်ရုံ မြင်မကောင်းအောင် ဖြစ်နေရှာသော သူ့အစ်ကိုကြီးကို မြင်ရသည်၌ ဘာပဲဖြစ်ဖြစ် မသနားပဲမနေနိုင်။

သည်းမခံနိုင်လွန်းသောကြောင့် မည်သို့သော ဆုံးဖြတ်ချက်မျိုးကို ချခဲ့သည်ဖြစ်စေ မနုမေသည် သူ့အစ်ကိုကြီးအား ချစ်သည်သာဖြစ်၏။ ချစ်သည်မှာလည်း ပါးစပ်ကမဟုတ်။ အူလှိုက် အသည်းလှိုက် ကလီစာပါ ခိုက်အောင် ချစ်သည်။ သို့နှင့်မျှ ကိုဘကိုး ဖျားသည်ဆိုရုံနှင့် မနုမေတွင် ခြေမကိုင်မိ၊ လက်မကိုက်မိ ဖြစ်နေရှာသည်။

“ဟင် မနုမေ မင်းမအိပ်သေးဘူးလား (၂)ချက်တောင်ထိုးနေပြီ”

“စကားသိပ်မပြောနဲ့လေ အစ်ကိုကြီးရဲ့၊ မောနေဦးမယ် အစ်ကိုကြီးသာ အိပ်ပါ”

ဤမျှထိ သူ့လင်ကိုချစ်ရှာသည်။ ကြင်နာယုယရှာသည်။

“မဟုတ်တာဘဲ မနုမေ၊ ကဲ အိပ်တော့ ကျုပ်အတွက် ဒီလောက် ဒုက္ခမခံပါနဲ့”

‘ငါ’ ဟု ရင့်ရင့်သီးသီးသုံးခဲ့ရာ ‘ကျုပ်’ ဖြစ်လာသည်။ ‘ဒုက္ခမခံပါနဲ့ကွယ်’ နောက်ဆုံးကွယ်ဆိုသော စကားမှာလည်း ကိုဘကိုး အသံထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသော ကြင်နာမှုဟု မနုမေ ယူဆလိုက်၏။ ထိုစကားသည် မနုမေ အား တစ်ရက်တစ်ညသာမဟုတ် ဆယ်ညအိပ်ပျက်၍ နောက်ဆုံး သေသော်မှသေစေ အအိပ်ပျက်ခံမည်ဟူသော ဆုံးဖြတ်ချက်ကို ချမှတ် စေလိုက်သည်အထိ ကြည်နူးသွားစေသော စကားပင်ဖြစ်တော့၏။

ထိုသည့်နေ့နောက် အရက်(၂၀)လောက်ကြာခဲ့သည်တွင်ကား ကိုဘကိုးသည် ထိုးထိုးထောင်ထောင်နှင့် သွားလာလုပ်ကိုင်နိုင်သည်အထိ ကျန်းမာလာပြီးဖြစ်။ ဖျားနာနေစဉ် ရက်အတောအတွင်း ကိုဘကိုးသည် မနုမေအပေါ်၌ အားကိုးသလို ကြင်နာယုယသလို ရှိခဲ့သော်လည်း ယခု ရောဂါကင်းစင်၍ ယခင်စံချိန်အတိုင်း ကျန်းမာလာသည်တွင်ကား မျက်နှာ ထားလည်းဆိုး၊ အချိုးသည်လည်း ယခင်အတိုင်း ဖြစ်လာပြန်တော့၏။

"အစ်ကိုကြီး ထမင်းစားတော့မှာလားဟင်"

တစ်နေ့သော တနင်္ဂနွေနံနက်ပိုင်းတွင် မနုမေသည် ဧည့်ခန်းတွင် သတင်းစာဖတ်နေသော ကိုဘကိုးအနီးတွင်ရပ်၍ ပြုံးပြုံးကလေး မေးလိုက် ၏။ ဤသို့မေးသည်ကို ကိုဘကိုးမကြိုက်ကြောင်း မနုမေသိ၏။ သိလျက် နှင့်ပင် တမင်အရွဲ့တိုက်မေးခြင်းဖြစ်၏။ တစ်နည်းအားဖြင့် သူ၏တန်ပြန် ထိုးစစ်အတွက် ရန်စလိုက်ခြင်းဖြစ်၏။

"မင်း. . . တော်တော်စိတ်မှတ်နည်းတဲ့မိန်းမပါလား။ ဘယ်နှစ်ခါ ပြောရမလဲ ငါ့ကို ထမင်းစားမလား၊ ဘာလား မမေးနဲ့လို့ "

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ ဒါမေးတာ အပြစ်တဲ့လား အစ်ကိုကြီး အမေးမခံချင်ပေမဲ့ ကျွန်မကတော့ မေးချင်တာဘဲ။ လင်ရယ် မယားရယ်ဆိုတာ. . ."

"တိတ် ဘာလင်ရယ်၊ မယားရယ်လည်း လင်မယားဆိုတာ ငါ မသိဘူး"

အကြောင်းကြောင်းကိုထောက်၍ အောင့်ခံခဲ့သော မနုမေကား ယခု ရင်ကလေးမော့ ခါးကိုပါ နာနာထောက်လိုက်၏။ နဂိုသတ္တိဓာတ်ခံ



မြည့်ခဲ့သည်နှင့်အမျှ မျက်နှာထား တည်သလောက် အသားတွေပါနီလာ တော့၏။

"လင်မယားဆိုတာ ငါမသိဘူးတဲ့ဟုတ်လား။ နို့ ဘာဖြစ်လို့ ကျွန်မကို ယူထားသေးလဲ"

"ဟင် မင်းကို မယားအဖြစ်နဲ့ ယူတယ်ထင်နေသလား။ မထင်နဲ့ လိင်ကိစ္စအတွက် သိရဲ့လား။ လိင်ကိစ္စအတွက် မင်းကိုယူတာ။ အဲဒါ မင်း နားလည်ထားဖို့ပဲ"

ထိုစကားကြားလိုက်ရသည်နှင့် မနုမေမှာ ခြေနှစ်ချောင်းကိုင်၍ အပတ်ပေါင်းများစွာ ရေထဲတွင် အလှည့်ခံရသကဲ့သို့ မျက်လုံးတွေပြာ၊ ဘာကိုမှ မမြင်ရတော့ဘဲ အတန်ကြာသည့်တိုင်အောင် မူးနောက်နောက် ဝေဒနာတစ်မျိုးကို ခံစားလိုက်ရရှာ။ ဘယ်စကားနှင့်ဘယ်လိုဖြေ၍ အဘယ်ပုံ ချေပရမည်ပင် စဉ်းစားမရသေးမီ ကိုဘကိုးလည်း ထိုင်ရာမှ ထ၍ စာဖတ်ခန်းထဲသို့ လှမ်းဝင်သွား၏။

ညားသည့်နေ့မှသည် ယနေ့အထိ မနုမေသည် ဤလိုမျက်နှာထား နှင့် တင်းတင်းမာမာစကားကို တစ်ခါမျှပင် မပြောခဲ့ဘူးပေ။ ယခုအကြိမ် သည် ပထမဖြစ်သည့်အလျောက် သူ့အသံတွေမှာ တိုက်ပွဲမဝင်ဘူးသေး သော စစ်သားကဲ့သို့ တုန်တုန်ရီရီပင် ရှိသေး၏။ သို့သော် သွေးကား ဆူ နေပြီး နားရွက်ဖျားကလေးတွေလည်း ပူနေသည်။ သူသည် တစ်စုံတစ်ရာ ကို ပြတ်ပြတ်သားသား လုပ်တော့မည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ဤလို သောင်မတင်ရေမကျ အခြေမျိုးဖြင့် မကျေနပ်နိုင်။ သို့နှင့် မနုမေ သည် ကိုဘကိုးဝင်သွားရာ စာဖတ်ခန်းထဲသို့ ခပ်သုတ်သုတ် လိုက်ဝင် သွား၏။

ခန့်ညားလှသော သစ်သားဒေါက်ပေါ်တွင် သပ်သပ်ရပ်ရပ် တင်ထားသော ရေးလက်ဆ ပန်းချီကားတစ်ခုကို ကျကျနန ခါးထောက် ရပ်ကြည့်နေသော ကိုဘကိုးအား မြင်သည်နှင့် မနုမေသည် မှင်သေသေ ဖြစ်လာ၏။ မခင်မျိုးဦး ပြောပြသည့်စကားအရ ထိုပုံမှာ မခင်သန်း၏ ပုံဖြစ်ကြောင်း အတတ်သိရ၏။

www.burmeseclassic.com

www.burmeseclassic.com



သဝင်ကြောင်သည်ဟု ဆိုသော်မှ ဆိုကြစေ။ ထိုသည့်အဖြစ်တို လက်တစ်ဆစ်လောက်သော်မှ သည်းမခံနိုင်။ သို့ သည်းမခံနိုင်ဖြစ်နေရသည် မှာလည်း ရှစ်လကျော်ကိုးလနီးပါးရှိခဲ့ပြီ။ အကယ်၍ မခင်သန့်သည်သာ နာမည်နှင့်လိုက်အောင် သဘောထားသန့်ရှင်းပြီး နာဖျားမကျန်းဖြစ်၍ ဆုံးသွားရရှာသော ကိုဘကိုး၏ ပထမဇနီးဖြစ်လျှင် မနုမေ ဤမျှ သဘော ထားနုမည်မဟုတ်။ ယခုသော်ကား ထိုမခင်သန့်သည် အမည်နှင့်ဆန့်ကျင် စွာ သစ္စာဖောက်သူ မိန်းမပေါ့တစ်ယောက် ဖြစ်ပါလျက်နှင့် ကိုဘကိုးသည် သက်မဲ့ဖြစ်သော ဓာတ်ပုံကို ဤမျှယုယ အရေးပေးနေသည်မှာ မနုမေအဖို့ ကျေနပ်နိုင်စရာ ရှိပါသေး၏လော။

"ဒီမှာအစ်ကိုကြီး"

မနုမေသည် ကိုဘကိုးနောက်တွင် ရပ်၍ကြည့်နေရာမှ ရုတ်တရက် ဘေးသို့ ကွေ့တက်လာကာ မာမာကလေးခေါ်လိုက်၏။

"ဟော့. . . ဟော့ မင်းဘာဖြစ်လို့ ဒီအခန်းထဲ ဝင်လာရသလဲ။ မင်းကို ငါ ဘာပြောထားသလဲ"

ကိုဘကိုးသည် ချာကနဲလှည့်၍ မနုမေအား ပြူးပြူးပြာပြာ ကြည့်ရင်း ဤသို့ပြောလိုက်သဖြင့် . . .

"အို. . . ပြောစရာရှိလို့ ဝင်လာတာပေါ့။ အစ်ကိုကြီးနဲ့ကျွန်မဟာ လင်မယားဘဲ။ လင်ရှိတဲ့နေရာကို မယားလာနိုင်ခွင့်ရှိတယ်"

မနုမေသည် မျက်နှာကလေး မော့မော့၊ ရင်ကလေးကော့ကော့ ဖြင့် ခပ်ကြော့ကြော့ပြောလိုက်၏။

"လာပြန်ပလား လင်မယား။ မင်းစိတ်ထဲမှာ မင်းကို ငါ့မယား အဖြစ်နဲ့ ယူထားတာလို့ ထင်နေတုန်းပဲလား။ ခုန တစ်ခါပြောပြီးပြီ။ ခု ထပ်ပြောဦးမယ်။ မင်းကိုလေ လိင်ကိစ္စအတွက်လောက်ပဲ အသုံးချဖို့ ယူထားတာ နားလည်လား။ မယားအဖြစ်နဲ့ ဘယ်လိုအခွင့်အရေးမှ မပေး နိုင်ဘူး။ သွား၊ သွား ခု အခန်းထဲက ထွက်သွားလိုက်။



အကြောင်းကြောင်းကိုထောက်၍ အောင့်ခံခဲ့သော မနုမေကား သတ္တိဓာတ်ခံ ညံ့သူမဟုတ်သည့်အတိုင်း စွေ့ကနဲ ရှေ့တစ်လှမ်းတိုးထဲ့ကာ

"စကားပြောတာ နည်းနည်းဆင်ခြင်ရင် ကောင်းလိမ့်မယ် အစ်ကိုကြီး။ ငါ့လက်ခုပ်ထဲက ပဲဘဲ။ ကြွလိုကြွ၊ ပစ်လိုပစ်ဆိုတဲ့စိတ်နဲ့ လူလူချင်း အနိုင်ကျင့်တာတော့"

"မင်း ဘာထပ်ရှည်နေသလဲ"

"ရှည်သင့်ရင် ရှည်ရမှာဘဲ ဒီမှာကြည့်စမ်း အစ်ကိုကြီး"

မနုမေသည် ဒေါသကြောင့် နီနေသော သူ့မျက်နှာကလေးကို လက်သီးကျစ်ကျစ်ဆုပ်၍ လက်မဖြင့် ထိုးပြရင်း . . .

"မျက်နှာကို သေသေချာချာကြည့် ဘယ်သူဘာလုပ်လုပ် ခေါင်းငုံ့ ခံမဲ့ မျက်နှာမျိုးမဟုတ်ဘူး။ ရှင်းရှင်းပြောရရင် အစ်ကိုကြီးကို ကျွန်မ ချစ်လွန်းလို့ ဒီအထိ သည်းခံခဲ့တယ်လို့ အောက်မေ့ပါ။ အစ်ကိုကြီး သေသေချာချာ ပြန်စဉ်းစားကြည့်စမ်း။ ညားတဲ့နေ့ကစပြီး ကျွန်မအပေါ် မှာ ဆက်ဆံတဲ့ အပြုအမူတွေဟာ ဟုတ်မှဟုတ်ရဲ့လားလို့"

ကိုဘကိုး ရုတ်တရက် တွေသွား၏။

"သိပ်စကားတတ်နေပါလား။ အခုမင်း "

"အခုမှတတ်တာမဟုတ်ဘူး။ လွန်ခဲ့တဲ့(၁၀)နှစ်လောက်ကတည်း က တတ်တယ် သိရဲ့လား။ အစ်ကိုကြီးဟာ အလုပ်သမားတွေအပေါ်မှာ ရော ဝယ်သူတွေအပေါ်မှာရော။ အိမ်က တပည့်သားမြေး၊ အစေခံတွေ အပေါ်မှာပါ အင်မတန်တရားမျှတဲ့ လူတစ်ယောက်၊ ကိုယ်ချင်းစာတတ်တဲ့ လူတစ်ယောက် ဖြစ်ပါလျက် ကျွန်မလို မယားအပေါ်မှာတော့ "

"ပြောခဲ့ပြီကော၊ မင်း ငါ့မယားမဟုတ်ဘူးလို့"

ကိုဘကိုးသည် ပြောပြောဆိုဆိုပင် ဦးခေါင်းကို ချာကနဲလှည့်ထွက် လိုက်၏။ မနုမေတွင်လည်း စောစောကထက် ဒေါသပိုလာ[illegible] ခါးကို နာနာထောက်၍ ရင်ကို မောက်သထက်မောက်ထုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မယားမဟုတ်ဘူး ဟုတ်လား။ ဒါဖြင့် ဘာလို့ ယူထားသေးသလဲ၊ သူများသားသမီးကို"

ကိုဘကိုး ဇတ်ကနဲ လှည့်လာပြန်၏။ ကြောက်မယ်ဖွယ်တည်၍ နီရဲနေသော မျက်နှာကြီးဖြင့် စူးစူးဝါးဝါး ကြည့်နေရာမှ . . .

"တယ်နားဝေးတဲ့မိန်းမပါလား မင်း ဟင်၊ မင်းကို ငါ့လိင်ကိစ္စ ဖျော်ဖြေမှုလောက်ဘဲ သဘောထားပြီး ယူတာလို့ ဘယ်နှစ်ခါပြောရမလဲ"

အဖိအနှိပ်ခံရလွန်သဖြင့် အုံကြွနေပြီဖြစ်သော မနုမေ၏စိတ်မှာ ထိုစကားအဆုံးတွင် ဝုန်းကနဲ ပေါက်ကွဲသွားသည့်အလား။

"လူကြီးပီပီ လူစကားပြောရင် ကောင်းလိမ့်မယ်ထင်တယ် အစ်ကိုကြီး၊ ဒါပဲ"

"ဘာ. . . ဘာ မင်းသိပ်လူပါးဝနေပါလား မနုမေ"

ကိုဘကိုးသည် ပြောပြောဆိုဆိုပင် မနုမေ၏ ပခုံးနှစ်ဖက်ကို သွက်သွက်ခါအောင် လှုပ်ရန်းပစ်လိုက်၏။ မနုမေကား တုန်လှုပ်ထိန့်လန့်သည့် အမူအရာဆို၍ ရွေးစေ့မျှပင်မပြ။ တွေ့ရမည့်ဘေးကို အပြေးကလေး ရင်ဆိုင်တော့မည်ကဲ့သို့ . . .

"ဝ,တယ်လေ။ ကျွန်မလူပါးမဝခဲ့လို့ စိတ်ဒုက္ခရောက်ခဲ့ရတဲ့ ရက်တွေ၊ လတွေ နည်းသလား။ အခုတော့ လူပါးဝရမှာဘဲ"

မနုမေသည် ဤသို့ပြောရင်းက သူ့လက်မောင်းအိုးနှစ်ခုကို ဆုပ်ကိုင်ထားသော ကိုဘကိုး၏လက်များကို ခပ်ဆောင့်ဆောင့်ကလေး ပုတ်ချလိုက်၏။

"ဒီမှာ အစ်ကိုကြီး၊ အစ်ကိုကြီးဟာ မိကောင်းဖခင်သားဖြစ်သလို ကျွန်မလည်း မိကောင်းဖခင်သမီးပါ။ အစ်ကိုကြီးပြောသို အစ်ကိုကြီးရဲ့လိင်ကိစ္စလောက်သာ အဖြေဖျော်ခံဖို့ အစ်ကိုကြီးကို ယူရအောင်ဟာ ကျွန်မ ပြည့်တန်ဆာ မဟုတ်ဘူး သိရဲ့လား"

"အေး. . . ဟုတ်တာမဟုတ်တာတော့ နားမလည်ဘူး။ ဒါပေမဲ့ မင်းကို ဒီအတိုင်းပဲ ငါသဘောထားတယ်။ မင်းဟာ ငါ့တစ်ဦးတည်းပိုင်. ."

"ပြည့်တန်ဆာပေါ့ ဟုတ်လား"



မနုမေသည် ဤသို့မေးလိုက်ရင်းက တင်းတင်းပါအောင် လက်သီးကလေးဆုပ်လိုက်။ သွားတွေပင် ပဲ့ကြွေကျတော့မတတ် အံကလေးကြိတ်လိုက်ရာမှ . . .

"အစ်ကိုကြီးပြောတဲ့ မိန်းမစားက ကျွန်မမဟုတ်ဘူး။ အစ်ကိုကြီး အမြတ်တနိုး ပုံတူရေး,ရေးနေတဲ့ အဲဒီအစ်ကိုကြီးရဲ့ ပထမ,မယား သစ္စာဖောက်မ မခင်သန့် သိရဲ့လား။ ပြည့်တန်ဆာထက် ကြောက်စရာကောင်းတဲ့ မိန်းမ"

အသားများပင် တဆတ်ဆတ်တုန်နေသော်လည်း မနုမေ၏ စကားသံကား တုန်လှုပ်ခြင်းမရှိ။ ပကတိမာတင်း၍ ရှင်းလင်းပြတ်သားလှတော့၏။

အပြောအဆို ကြမ်းတမ်းရက်စက်သလောက် ကိုဘကိုး၏ စိတ်သဘောထားပါက ယခုလောက်အချိန်တွင် မနုမေအဖို့ အသက်ပင်ပျောက်သွားစရာရှိ၏။ သို့သော် ကိုဘကိုးတွင်ကား မနုမေသိသွားပြီဖြစ်သော သူ့အတွင်းရေးအတွက် ဒေါသလည်းထွက်၊ ရှက်လည်းရှက်ဖြင့် လက်နှစ်ဖက်ကိုသာ တင်းကြပ်စွာ ဆုပ်ထားသော်လည်း ကိုယ်ထိလက်ရောက် လုပ်ရက်စော်ကားရက်မည့် လက္ခဏာမျိုး လုံးလုံးမပြ။ ပါးစပ်နှင့်သာချေပမည်ကဲ့သို့ သူ့နှုတ်ခမ်းများမှာ လှုပ်လှုပ်ရွရွ ဖြစ်နေတော့၏။ သို့သော် စကားဆို၍ တစ်လုံးမျှ ထွက်မလာ။ အတန်ကြာသည့်တိုင်အောင် မနုမေအား စိုက်ကြည့်နေရာမှ သူ အပင်တပန်း တယုတယရေးဆွဲထားသော ပန်းချီကားဆီသို့ မျက်လုံးရောက်သွားပြန်သည်၌ . . .

"ဘာလဲ မယားဦးလေးထိလို့ မချိအောင် နာသွားသလား။ ဒီမှာ အစ်ကိုကြီးရဲ့ ပြည့်တန်ဆာဆိုတာ များသောအားဖြင့် ဝမ်းရေးမဖူလုံတဲ့အတွက် လုပ်စားကြရတယ်လို့ ကျွန်မကြားဖူးတယ်။ အစ်ကိုကြီးမယား မခင်သန့်ကတော့ ဝမ်းရေးဖူလုံရုံမကဘဲ အသက်လောက်ချစ်တဲ့ယင်သူ့ငွေး လက်ထဲက လူမွဲလူငယ်နောက်လိုက်သွားတာ ဘာကြောင့်လဲ သိသလား။ အစ်ကိုကြီးပြောတဲ့ လိင်ကိစ္စကို အဓိကထားလို့ အဲဒါမှ ပြည့်တန်ဆာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာထူးသလဲ မခင်သန့်လဲမိန်းမ။ မင်းလည်းမိန်းမ။ မိန်းမဆိုတာ အတူတူပဲ"

ကိုဘကိုးသည် မနုမေ၏ ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီးမှ . . .

"မိန်းမဆိုတာ အလိုလိုက်ရင် အမိုက်စော်ကားတာပဲ။ ကြင်နာယုယလို့ ကောင်းတဲ့သတ္တဝါတွေမဟုတ်ဘူး။ လိင်ကိစ္စလောက်သာ အသုံးကျတယ်ဆိုတာ မင်းတို့လို မိန်းမဆိုတဲ့ မိန်းမတွေပဲ"

ကိုဘကိုးသည် စကားဆုံးသည်နှင့် မနုမေအား ခပ်ဆောင့်ဆောင့်ကလေး တွန်းလိုက်သောကြောင့် နောက်ဘက်သို့လန်၍ ယက်ကန်ကန်ယိုင်သွားသော မနုမေလည်း အနီးရှိစားပွဲကို ခပ်မြဲမြဲ ဆုပ်ကိုင်ထားလိုက်ရ၏။

"အစ်ကိုကြီး တရားလွန်လာပြီနော်။ ဘာလဲ သစ္စာမရှိတဲ့မိန်းမက ပြည့်တန်ဆာစိတ်ပေါက်ပြီး ထွက်သွားလို့ ပြည့်တန်ဆာစိတ်မွှန်ပြီး မိန်းမတိုင်းကို ပုတ်ခတ်နေတာလား။ ကိုယ့်ဟာကိုယ် ပြည့်တန်ဆာရှူးရှူးချင်ရှူးပါ။ မိန်းမတွေကိုတော့ သိမ်းကြုံးပြီး မစော်ကားပါနဲ့"

ကိုဘကိုးလည်း ဤသို့စကားမျိုးကြားလိုက်ရသည်နှင့် မနုမေအား တစ်စုံတစ်ရာ ပြုမူလိုက်တော့မည်ကဲ့သို့ တစ်လှမ်းချင်း လျှောက်သွားရင်းက

"အတူတူပဲ။ အတူတူပဲ။ မခင်သန့်လည်းမိန်းမ။ မနုရင်လည်း မိန်းမ။ မနုမေဆိုတဲ့မင်းလည်း မိန်းမ။ ခွေးကို လူအသွင်ဖန်ဆင်းပေးပေမဲ့ အကျင့်ကတော့ မပျောက်ဖူး။ ရှုံ့ဖိနပ်တွေလည်း ကိုက်ချင်တာပဲ။ ခုံဖိနပ်တွေလည်း ဝါးချင်တာပဲ။ မိန်းမဆိုရင် ဘယ်မိန်းမမှ မကောင်းဘူး"

ကိုဘကိုးသည် မနုမေရှေ့တွင် ကျကျနနရပ်၍ ခေါင်းတဆတ်ဆတ်နှင့် ပြောနေရာမှ မနုမေ၏မျက်နှာဆီသို့ လက်ညှိုးငေါက်ငေါက်ထိုးတဲ့ပြန်ကာ . . .

"မင်းပြောတယ် မခင်သန့်လည်းပြည့်တန်ဆာလို့၊ သူဘာလဲ မိန်းမမဟုတ်လား။ မင်းကော မိန်းမပဲ ဒါကြောင့် မင်းလည်း ပြည့်တန်ဆာပဲ၊ မိန်းမမှန်ရင်အကုန်"



"ရှင့် အမေကော မိန်းမ မဟုတ်ဘူးလား"

သို့ မေးလိုက်သော မနုမေ၏ မျက်လုံးများမှာ ဝင်းဝင်းလက်လက်နှင့် ဒေါသရောင်ချင်း ယှက်နေတော့၏။ ကိုဘကိုးမှာလည်း ဘာပြော၍ ဘာဖြေရမှန်း မသိတော့သကဲ့သို့ (၁၅)စက္ကန့်လောက် တွေသွားပြီးမှ . . .

"ဖျန်း" ကနဲ မြည်သွားသော အသံနှင့်အတူ . . .

"ကဲ မင်း ငါ့အမေကို စော်ကားဦး"

စက္ကန့်မခြားပင် မနုမေသည်လည်း လက်ျာဘက်သို့ ယိမ်းကနဲယိုင်သွားတော့ကာ အနီးရှိ ကုလားထိုင်ကိုသာ ကိုင်မထားလိုက်ပါက ကြမ်းပေါ်သို့ ထိုးကျသွားလောက်သည်အထိ ကိုဘကိုး၏ လက်ချက်ကားပြင်းထန်လှတော့၏။ ဒေါသကြောင့် နီနေသော လက်ဝဲဘက်ပါးနုနုမှာ သွေးချေဥမတတ် ရဲလာတော့၏။

မနုမေလည်း နှုတ်ခမ်းကလေးနှစ်ခုကိုဖိ၍ မချိတရိရွဲ့ကာ ခနဲ့ပြုံးပြုံးလိုက်ပြီးမှ ပန်းချီကား တင်ထားသော သစ်သားဒေါက်ဘေးရှိ ဆေးခွက်တင်ခုံဆီသို့ ရုတ်တရက်လျှောက်သွားကာ ထိုခုံကလေးပေါ်ရှိ ဖန်ခွက်ထဲတွင် စုတ်တံများနှင့်ရော၍ စိုက်ထည့်ထားသော မောင်းချဓားကြီးကို ဇတ်ခနဲကောက်ယူ၍ ကိုဘကိုးဘက်သို့ မျက်နှာမူလိုက်၏။

"ဒီမှာအစ်ကိုကြီး မိန်းမဆိုတာ အင်အားသေးပြီး ကြောက်တတ်တဲ့ သတ္တဝါဆိုတာတော့ ယေဘုယျအားဖြင့် မှန်တယ်။ ဒါပေမဲ့ မိန်းမတိုင်း သတ္တိနည်းတယ်လို့တော့ မထင်လိုက်နဲ့။ အစ်ကိုကြီး ခု ကျွန်မကို ပါးရိုက်တယ်နော်။ ကျွန်မလိုမိန်းမကတော့ နားလောက်ကို ပြန်မကိုက်ဘူး။ ဟောဒီဓားနဲ့ ရင်ဝကိုစိုက်ပြီး ဆီးစပ်အထိ ဆွဲချလိုက်ချင်တယ်။ ဒါပေမဲ့ အစ်ကိုကြီးကို ကျွန်မချစ်တယ် မလုပ်ရက်ဘူး"

မကြည်မလင် နှင့်ဆိုဆိုနှင့် ဤသို့ပြောလိုက်ပြီးမှ မနုမေသည် အနီးရှိ ပန်းချီကားဘက်သို့ မျက်နှာမူလိုက်ပြီးမှ လက်ထဲမှဓားဖြင့် အားပါးတရမြှောက်ကာ ပန်းချီကား၏ ယေက်ျာဘက် အထက်ထောင့်ဆီတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုးစိုက်၍ အောက်ဆုံးလက်ဝဲဒေါင့်အထိ ဆွဲချလိုက်ပြီး နောက်တဖန် လက်ဝဲဘက်အထက်ဒေါင့်တွင် ဆွဲချလိုက်ပြန်၏။ ထိုမျှနှင့်မကျေနပ်သေးဘဲ လက်ျာဘက် အောက်ပိုင်းဒေါင့်ကို ထိုးစိုက်၍ အပေါ်သို့ ပင့်ဆွဲလိုက်ပြန်သောကြောင့် စက္ကန့်ပိုင်းလောက်အတွင်း၌ ထိုပန်းချီကားမှာ လေးစိတ်လေးမွှာ စုတ်ပြတ်သွားတော့၏။

သို့နှင့်လည်း အားမရသေး။ အနီးရှိစားပွဲပေါ်မှ မခင်သန့်၏ ဓာတ်ပုံကိုပါ ကောက်ယူပြီး မှန်ကိုဓားရိုးဖြင့် ဆောင့်ခွဲလျက် အထဲမှ ဓာတ်ပုံကိုလည်း ဓားဦးနှင့်ထိုးနှစ်၍ စိတ်ရှိလက်ရှိ ခြစ်ဆုတ်ဖြတ်တောက်ခါ ပြူတင်းပေါက်မှ လွှင့်ပစ်လိုက်၏။

ဆွဲလက်စဖြစ်သော မခင်သန့်၏ ပန်းချီကားကို မောင်းချဓားနှင့် ထိုးဖြု၍ ဓာတ်ပုံကိုပါ ခွဲဖျက်လွှင့်ပစ်သည်အထိ မနုမေ၏ အပြုအမူမှာ အလွန့်အလွန် လျင်မြန်လှသောကြောင့် ကိုဘကိုးမှာလည်း အကြောင်သား ငေးကြည့်နေမိတော့ကာ အတန်ကြာ၍ ဘာတွေဖြစ်နေသည်ကို သတိရလာသည်နှင့် တပြိုင်နက်

"ဗျင်း" ကနဲ "ဗျန်း" ကနဲ မြည်သွားသော အသံနှစ်ခုနှင့်အတူ "အုံး" ဟူသော အသံပါ ရှေ့ဆင့်နောက်ဆင့် ပေါ်လာပြီးသည်၏အဆုံး၌ မနုမေမှာလည်း ကိုဘကိုးနှင့် မလှမ်းမကမ်း ကြမ်းပေါ်တွင် စောင်းစောင်းအနေဖြင့် ခွေခွေကလေး လဲနေရှာတော့၏။

ကိုဘကိုးလည်း ဤတွင်မှ အားရကျေနပ်သွားသည့် မျက်နှာထားမျိုးဖြင့် ရစရာမရှိအောင် စုတ်ပြဲနေသည့် ပန်းချီကားကို လှည့်ကြည့်လိုက်၏။ အတန်ကြာ၍ ဤမှာဘက်ကို ရုတ်တရက် လှည့်လာပြန်သည်၌ ခပ်စောင်းစောင်း လဲခွေနေသော မနုမေ၏ ကိုယ်ကလေးသည် မသိမသာ လှုပ်လာ၏၊ လူးလာ၏။ ပြီးမှတဖန် ပက်လက်ကလေးလန်ကာ မကြာမီပင် ကိုယ်နှင့်အတူလည်၍ လိုက်လာသော မနုမေ၏ ဦးခေါင်းကလေးမှာ လက်ျာဘက်သို့ အိကနဲ ညွတ်ကျ ငြိမ်သက်သွားလေတော့၏။



သို့ မနုမေ၏ ဦးခေါင်းကလေး ညွတ်ကျသွားသည်နှင့် ထိုအချင်း အရာကို စူးစူးစိုက်စိုက် အကဲခတ်နေသော ကိုဘကိုး၏ စိတ်ထဲတွင်လည်း ဒိတ်ကနဲ တုန်လှုပ်သွားကာ ပျာပျာသလဲ ဖြစ်လာ၏။ ဘာလုပ်၍ဘာကိုင် ရမည်မသိ။ ခပ်ကိုင်းကိုင်း ငုံ့ကြည့်နေစဉ်မှာပင် မနုမေ၏ပါးစပ်ထဲမှ ရဲရဲနီ နေသော သွေးများသည် လက်ျာဘက် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ယိုဆင်း လာသည်ကို တွေ့ရလေရာ ဤတွင်မှ ကိုဘကိုးသည် ရှူးမတတ် ထိတ်သွား တော့၏။

ချက်ချင်းဆိုသလိုပင် မနုမေ၏ ရင်ညွန့်ပိုင်းလောက်ဆီသို့ အပြေးတလေးသွား၍ ထိုင်ချလိုက်ကာ စီးကျနေသောသွေးများကို လက်ျာလက်ဖြင့် အုပ်၍ သုတ်လိုက်၏။ လက်ဝဲလက်ဖြင့် မေးကိုကိုင်၍ လှုပ်လိုက်၏။

"မနုမေ"

ကွဲအက်လှုပ်ခုန်နေသော အသံတုန်ကြီးဖြင့် ခေါ်လိုက်ပြန်၏။ သွေးကိုသုတ်၍ ပခုံးကိုလည်း လှုပ်နေပြန်၏။ မနုမေကား တွန့်ဖော်မရ၊ ယွန့်ဖော်မရ၊ လူးဖော်လည်းမရ၊ ထူးဖော်လည်းမရသဖြင့် ကိုဘကိုး ထရပ်လိုက်ပြန်၏။ ခေါင်းရင်းဘက်မှ တစ်ပတ်လှည့်ကွေ့ ခြေရင်းဘက်သို့ လျှောက်လာပြီး ရည်ရွယ်ချက်မရှိသလို ငေးကြောင်ကြောင် ရပ်နေပြန်တော့ကာ လက်မှသွေးများကိုလည်းကောင်း၊ မနုမေကိုလည်းကောင်း တစ်လှည့်စီကြည့်နေပြန်ကာ အတန်ကြာမှ တစ်စုံတစ်ရာ သတိရသလို လက်မှသွေးများကို ပန်းချီကား ပိတ်စုတ်နှင့် သုတ်လိုက်ပြီး အခန်းထဲမှ ထွက်၍ အပေါ်ထပ်သို့ တက်ခဲ့၏။ ကိုထွန်းသိုက်ကိုမတွေ့၊ အဖော်မိန်းကလေးလည်း မရှိသည်နှင့် အောက်သို့ဆင်းလာပြန်ကာ အိမ်ရှေ့သံတံခါးကိုဖွင့်၍ ကားဂိုဒေါင်သို့ လျှောက်ခဲ့ပြန်သော်လည်း ဒရိုင်ဘာရော ကားပါ ပျောက်နေသည်ကို တွေ့ရပြန်၏။

ချက်ချင်းဆိုသလိုပင် ကိုဘကိုးသည် တိုက်ထဲပြန်ဝင်လာကာ တစ်ဘက်ခန်းထဲ ဝင်တော့မည်ပြုပြီးမှ လှည့်ထွက်လာပြန်ကာ သံတံခါးကို ဆွဲပိတ်၊ သော့ခလောက်ပါချိတ်လိုက်ပြီး စာဖတ်ခန်းထဲ လှမ်းဝင်လာခဲ့၏။

www.burmeseclassic.com



မနုမေကား မူလအတိုင်းပင် အမူအရာမပျက်၊ အနေအထား မရွေ့ဘဲ ငြိမ်သက်နေလျက် ပါးစပ်မှ ယိုစီးလာသော သွေးများသည်လည်း ကြမ်းပြင်ပေါ်သို့ သုံးလေးစက်မျှကျနေပြီး နောက်ဆုံးဖြစ်သော သွေး တစ်စက်သည် မေးအထက် ပါးစပ်နှင့်တည့်တည့်နေရာတွင် သစ်စေးတွဲ သလို ခဲနေသည်ကို တွေ့ရ၏။

ကိုဘကိုး၏မျက်နှာထားမှာ အလွန့်အလွန် ယူကြုံးမရသည့် အသွင်ဆောင်နေသည်မှန်သော်လည်း သူ့တွင် အေးအေးဆေးဆေးနှင့် ကြေကွဲခွင့်မရ။ ဝမ်းနည်းခွင့်မရ၊ တွေးခွင့်ဆွေးခွင့်မရနိုင်။ ထိုင်လိုက် ထချည်ဖြင့် ပျာမြေလူး အရှူးမီးဝိုင်းသလို ဘာလုပ်ရမည်မသိအောင် ဒေါင်ချာဆိုင်းနေတော့၏။

အပေါ်ရေကလေးများတင်း၍ ခြောက်စပြုနေပြီဖြစ်သော သွေး များကို လက်ဝါးနှင့်အုပ်၍ အသာအယာ သုတ်လိုက်ရင်း မနုမေမျက်နှာ လေးကို ကိုဘကိုးသည် တစ်ကြိမ်မျှ မဖြစ်ဖူးသေးသော ဝမ်းနည်းခြင်းမျိုး ဖြင့် ညိုးညိုးငယ်ငယ်ကြည့်နေရာမှ တစ်စုံတစ်ရာ သတိရသလို မနုမေအား အလောသုံးဆယ်ပွေ့၍ စာဖတ်ခန်းမှသည် နောက်ဖေးဘက်ရှိ သူတို့ အိပ်ခန်းထဲသို့ ချီပွေ့ယူဆောင်ကာ ကုတင်ပေါ် ချထားပြီးမှ ကမန်းကတန်း ပြေးထွက်လာပြန်၏။

သော့ခလောက်ကိုဖြုတ် သံတံခါးကို ဆွဲဖွင့်၍ ကားဂိုဒေါင်ဆီသို့ ပြေးသွားပြီးမှ တဖန် စိတ်ပျက်လက်ပျက် ပြန်ထွက်လာပြန်ကာ တိုက်၏ ဆင်ဝင်အောက်ရောက်သည်နှင့် ‌ေ ◌ာင်မြောက်လေးထွေကို ရီဝေသော မျက်လုံးများဖြင့် တစ်စုံတစ်ရာရှာသလို ကြည့်နေပြန်တော့၏။ မကြာမီပင် "အို" ဟူသော ရေရွတ်သံနှင့်အတူ ကိုဘကိုးသည် အပေါ်ထပ်သို့ ပြေး တက်သွားပြီး . . .

"ဟုတ်ကဲ့၊ ကျွန်တော် ဦးဘကိုးလေ ဟုတ်ကဲ့၊ အရေးကြီးလို့ပါ ခဏလောက်ဖြစ်ဖြစ် လာစေချင်တာပဲ ကိစ္စကတော့ ကျွန်တော့်မိန်းမလေး



ဟို. . . ဟို ရေချိုးခန်းထဲ ချော်လဲတာ နှုတ်ခမ်းနဲ့ဆောင့်မိလို့ သွားကျိုး သလား၊ နှုတ်ခမ်းပေါက်သွားသလား မပြောတတ်ဘူး။ အဲဒါဗျာ ဘာပြော တယ်။ အင်း (၁၀)မိနစ်လောက် အချိန်ရရင် ပြီးပါတယ်။ မြန်မြန်ကလေး နော် ဒေါက်တာ"

ဤတွင်မှ ထူပူနေသောကြောင့် အိမ်တွင်တယ်လီဖုန်းရှိသည်ကို သတိမရဘဲ ဆရာဝန်အားကားနှင့် သွားခေါ်ရန် ဂိုဒေါင်သို့ ပြေးသည်၏ ကိုဘကိုးအဖြစ်ကို သိရတော့၏။

တယ်လီဖုန်းကိုချ၍ ရေးကြီးသုတ်ပြာဆင်းလာသော ကိုဘကိုး သည် မနုမေရှိရာ အိပ်ခန်းထဲသို့ ဝင်လာပြီး အလွန့်အလွန် စိုးရိမ်နေသော မျက်နှာဖြင့် မသက်မသာ ငေးကြည့်နေပြန်၏။ မနုမေကား ကိုဘကိုး တင်ထားခဲ့သည့်အတိုင်း တစောင်းကလေးခွေ၍ အသေလိုငြိမ်နေ၏။ ကိုဘကိုးတွင်လည်း အထဲဝင်အပြင်ထွက်နှင့် ယောက်ယက်ခတ်နေတော့ ကာ စတုတ္ထအကြိမ်ထွက်လာသည်တွင်ကား ဆရာဝန်၏ မော်တော်ကား ထိုးဆိုက်လာသည်ကို မြင်ရသည်နှင့် သံတံခါးကို ဖွင့်ပေးပြီး အမြန်ဆုံး သော ခြေလှမ်းများဖြင့် ဆရာဝန်အား ဆွဲခေါ်သွား၏။

ဒေါက်တာလည်း အခန်းထဲရောက်၍ နားကြပ်ကိုဆွဲထုတ်တာ အမျိုးမျိုးစမ်းသပ်ပြီးမှ မနုမေ၏ ဘယ်ညာပါးနှစ်ဖက်ကို စက္ကန့်ပေါင်း များစွာ ကြည့်ရှုအကဲခတ်ပြီးမှ . . .

"ခင်ဗျား ကျုပ်ကို ညာပြီးခေါ်တာပဲ"

ထိုစကား ကြားလိုက်သည်နှင့် ကိုဘကိုးသည် အလွန့်အလွန် ဝမ်းနည်းသွားသည့် မျက်နှာထားဖြင့် အမှန်ဖြစ်ပျက်ခဲ့သည်ကို တစ်လုံး မကျန် ဖွင့်ပြောပြီးမှ . . .

"ကျွန်တော် တစ်သက်လုံး ညာခဲ့ဖူးတဲ့လူမဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်တော် တယ်လီဖုန်းဆက်တော့ ဒေါက်တာက ဒီပြင်လူနာတစ်ယောက် ဆီ သွားစရာရှိနေတယ်ပြောလို့ မလာဘဲနေမှာစိုးတာတစ်ကြောင်း အမှန် အတိုင်း ဖွင့်ပြောပြန်ရင်လည်း ဒေါက်တာတို့ ဝတ္တရားအတိုင်း ရဲဌာနသို့

www.burmeseclassic.com



ဘာတွေ အကြောင်းကြားမှာ စိုးတာလည်းတစ်ကြောင်းမို့ လိမ်ပြောရတာပါ ဒေါက်တာ"

ဒေါက်တာလည်း ကိုဘကိုးပြောသမျှကို နားစွင့်နေရင်းကပင် ဆေးအိတ်ထဲမှ ဆေးပုလင်း၊ ဆေးထိုးကိရိယာနှင့် ဂွမ်းများကိုထုတ်၍ အနီးရှိစားပွဲတွင် အစီအရီချနေရာမှ ကိုဘကိုးဖက်သို့ လှည့်ကြည့်လိုက်ပြီး "

"ကဲ ရေနွေးတစ်ဇလုံ၊ ရေအေးတစ်ဇလုံ ယူခဲ့ပါ"

"ဟုတ်ကဲ့ အဆင့်သင့်တော့ မရှိဘူး ဒေါက်တာ။ ကျွန်တော်"

"ခင်ဗျား တော်တော်ရှော်တဲ့လူပဲ။ ရန်ကုန်မြို့ရဲ့ အကောင်းဆုံးဆိုတဲ့ ပြည်လမ်းပေါ်မှာ ခြံကြီးတိုက်ကြီးနဲ့နေပြီး ဆရာဝန်လာရင် ရေနွေးလိုလိမ့်မယ်ဆိုတာ မသိဘူးလား"

ဒေါက်တာမှာ မွန်ရည်သော ဗမာမိဘတစ်စုံမှ ပေါက်ဖွားလာသည့် ဗမာစစ်စစ်တစ်ယောက်၏ အသွင်မျိုးရှိလျက် အသက်မှာလည်း ကိုဘကိုးနှင့် မတိမ်းမယိမ်း အရွယ်လောက်ပင် ထင်ရ၏။ မျက်နှာထားမှာလည်း ခန့်၍တည်ပြီး ကြည်လင်သော အရိပ်အယောင် သန်းလျက်ရှိ၏။

ကိုဘကိုးလိုလူတစ်ယောက်အား ထိုလိုစကားဖြင့် မာမာထန်ထန် ပြောဝံ့သူမှာ ယနေ့အထိ ဤဒေါက်တာတစ်ယောက်သာ ရှိသေး၏။ လက်နက်အင်အား ကြီးမားသောနိုင်ငံသည် လက်နက်မဲ့ တိုင်းငယ်ပြည်ငယ်ကလေးများအပေါ်တွင် လွယ်လွယ်ကူကူ အနိုင်ကျင့်သော်လည်း အင်အားချင်းညီသော နိုင်ငံကိုကား အနည်းနှင့်အများ ရွံ့သကဲ့သို့ လူချင်းယှဉ်လျှင် သူကသာ အရင်ဘုကျလေ့ရှိသော ကိုဘကိုးမှလည်း သူ့လိုဘောက်သမားဖြစ်ဟန်တူသည့် ဒေါက်တာ၏စကားကို ကြားလိုက်ရသည်တွင်ကား ကိုဘကိုးပင် ရွံ့သလိုလိုဖြစ်လာကာ အခြေအနေကလည်း ကိုဘကိုး ဒူးထောက်ရမည်ကဲ့သို့ ဖန်တီးထားပြန်၏။

"ဟုတ်ကဲ့ ဒေါက်တာ။ ကျွန်တော် မေ့သွားတယ်။ ရေနွေးတည်မထားမိဘူး"

"ကဲ အချိန်မရှိဘူး။ ရေနွေးအမြန်လိုချင်တယ်"



ဒေါက်တာ့အသံကား မာတုန်းပင် ရှိသေး၏။

ကိုဘကိုးလည်း ရေနွေးတည်ရန် ထွက်သွားတော့မည် ပြုပြီးမှ တစ်စုံတစ်ရာ သတိရသလိုဖြင့် . . . .

"လူနာအတွက် စိုးရိမ်စရာ ရှိသလား ဒေါက်တာ။ ကျွန်တော့်မိန်းမကို တစ်ဆိတ် ဂရု"

"အို. . . ခင်ဗျား တယ်လျှာရှည်တဲ့လူပဲ။ ရေနွေးသာ မြန်မြန်ရအောင် လုပ်ပါဗျ"

မည်သူ့အပြောမျှမခံ နှံစရာရှိလျှင် သူကသာ နှံလေ့ရှိခဲ့သော ကိုဘကိုးကား ယခုဝင်္ဂလည်နေပြီလော။ မျက်နှာထားနှင့် တစ်ဖက်သားက ဤလိုငေါက်၍ မောက်မောက်မာမာ ပြောလိုက်သည်ကို ကိုဘကိုး ခွန်းတုံ့မပြန်ဝံ့။ တွန့်ကနဲ ခေါင်းငုံ့၍ ဆုတ်ခွာထွက်သွားရရှာ၏။ အကယ်၍ မနုမဲ့သာ လူကောင်းပကတိအသွင်ဖြင့် ဤအဖြစ်ကိုမြင်က သူချစ်သော ကိုဘကိုးအား မည်မျှသနားသွားရှာမည်နည်း။

အပေါ်ထပ် မီးဖိုခန်းထဲတွင် တစ်ရှုရှုတစ်လှုပ်လှုပ်ဖြင့် ဂဏာမငြိမ်ဖြစ်နေသော ကိုဘကိုးသည် (၁၀)မိနစ်ခန့်ကြာသည်နှင့် အငွေ့ထရုံမျှသာ ရှိသေးသော ဓာတ်ခရားထဲမှ ရေနွေးများကို ဇလုံတစ်ခုထဲသို့ သွန်ထည့်ပြီး အခြားရေအေးဇလုံတစ်ခုကိုပါကိုင်၍ ခပ်သုတ်သုတ်ဆင်းလာခဲ့၏။

ဒေါက်တာသည် ကိုဘကိုး ထွက်သွားစကပင် အဆင်သင့်ပါလာသော အရက်ပြန် မီးခွက်ကလေးကို မီးညှိပြီး အနံ(၁)လက်မခွဲ အလျား(၃)လက်မခန့်ရှိ သတ္တုဘူးကလေးတွင် သောက်ရေအိုးထဲမှ ရေအနည်းငယ် ခပ်ထည့်လျက် အဆိုပါ အရက်ပြန်မီးခွက်တွင် ညှပ်နှင့်တိုင်ထိုး၍ သဖွယ် ရေကိုချက်၍ ပွက်ပွက်ဆူလာသည်နှင့် အောက်သို့ချ[illegible] ဗူးထဲတွင်ထည့်၍ ပြုတ်ထားသော ဆေးထိုးပြွန်တွင် [illegible] တစ်ခုမှ ဆေးစုတ်ယူပြီးနောက် မနုမေအား အသာ[illegible]

www.burmeseclassic.com



ဆေးထိုးပြီး၍ ပစ္စည်းကိရိယာများကို ပြန်လည်ဆေးကြောနေခိုက် ကိုဘကိုး ရေနွေးဇလုံဖြင့် ရောက်လာသဖြင့် ချက်ချင်းပင် ရေနွေးနှင့်ရေအေး အနေတော်မျှစပ်ပြီး မနုမေအနီးသို့ ယူသွားကာ ပါး၊ နှုတ်ခမ်းနှင့် ပါးစပ်အတွင်းကိုပါ ကျကျနန ဆေးကြောသုတ်သင်လျက် မနုမေ၏ သွားများကို လက်ညှိုးလက်မဖြင့် ကလန့်၍ဟစေလိုက်ပြီး လက်နှိပ်ဓာတ်မီးတလေးဖြင့် နှံ့နှံ့စပ်စပ် ထိုးကြည့်လိုက်၏။

သို့စဉ်အခိုက် မနုမေ၏ ကိုယ်ကလေးသည် မသိမသာ လွန့်လာသောကြောင့် ဒေါက်တာသည် သွားများကို ကလန့်ထားသည့်လက်ကို အသာအယာဖယ်လိုက်၏။ ကိုဘကိုးလည်း အားရဝမ်းသာနှင့် ပျာပျာသလဲ ချဉ်းကပ်လာရာမှ . . .

"မနုမေ သတိရပြီနော်"

ဤသို့လျှင် ကတုန်ကရီ အသံကြီးဖြင့် မေးလိုက်သောကြောင့် ဒေါက်တာသည် ကိုဘကိုးအား မျက်နှာထားတင်းတင်းဖြင့် ဇတ်ခနဲ လှည့်ကြည့်လိုက်သည်နှင့် ဆရာ၏မျက်နှာကဲကိုသိသော တပည့်ကလေးပမာ ကိုဘကိုးလည်း ရွံ့သလိုတွန့်၍ မသိမသာ နောက်ဆုတ်သွားမိရှာ၏။

"မူးတယ် သိပ်မူးတာပဲ"

မနုမေသည် မျက်လွှာကို မဖွင့်ဘဲ ဤသို့လျှင် ညည်းညည်းညူညူပြောလိုက်သောကြောင့် ကိုဘကိုး အလောသုံးဆယ် ကပ်လာပြန်၏။

"အေး. . . အေး မူးရင်အိပ်လိုက် အိပ်ပျော်ရင် အမူးပျောက်သွားလိမ့်မယ်"

ကိုဘကိုးမှာ စကားမစရသေးမီ ဒေါက်တာက ဤလိုပြောလိုက်ပြီး ချက်ချင်းပင် နောက်ထပ် ဆေးတစ်လုံး ထိုးပေးနေသောကြောင့် ကိုဘကိုးမှာ ပြောချင်လျက်နှင့် ဘာမှမပြောရဘဲ ဒေါက်တာ့အရိပ်အကဲကိုကြည့်၍ ငြိမ်နေလိုက်ရ၏။ ဆက်တိုက်ဆိုသလိုပင် ဒေါက်တာလည်း



မနုမေ၏ ပါးစပ်အတွင်းမှ အညစ်အကြေးရော သွေးများကိုပါ သုတ်သင်၍ ဆေးထည့်ပြုစုပြီး ပစ္စည်းကိရိယာများကို သိမ်းဆည်းယူငင်လျက် ကိုဘကိုးအား မျက်ရိပ်ပြ၍ အပြင်သို့ ခေါ်ထုတ်သွား၏။

ဧည့်ခန်းထဲသို့ရောက်လျှင် ကိုဘကိုးသည် ကုလားထိုင်တစ်လုံးကို ကိုင်၍ ဒေါက်တာအား ထိုင်စေလိုသော အရိပ်လက္ခဏာပြလိုက်သည်ကို ဒေါက်တာသည် ခေါင်းသွက်သွက်ခါပြရင်း . . .

"မထိုင်တော့ဘူး။ ကျုပ် ကမာရွတ်က လူနာအတွက် သွားရဦးမယ်"

ဒေါက်တာသည် ကိုဘကိုးအား စေ့စေ့ကြည့်ပြီးမှ . . .

"ဒီမှာ ဦးဘကိုး အင်အားသေးနွဲ့ပြီး ကြောက်တတ်တဲ့ သတ္တဝါမိန်းမတစ်ယောက်ကို သွေးထွက်အောင် ရိုက်ဝံ့ပုံထောက်တော့ ခင်ဗျားတော်တော် သတ္တိကောင်းပုံရတယ်"

ဒေါက်တာသည် မဲ့ပြုံးနှင့်မေးလိုက်၏။ အကယ်၍ ကိုဘကိုးကသာ အမှန်ဘက်ကရှိနေလျှင် အခြေအနေသည် အတော်ကလေးဆိုးဝါးသွားစရာရှိ၏။ သို့သော် မိမိလုပ်ပုံ မဟုတ်သည်နှင့်အမျှ ဝန်ချရမည်ကို နားလည်သော ကိုဘကိုးကား တစ်စုံတစ်ရာ အဖြေမပေးနိုင်။ ခေါင်းငိုက်စိုက်နှင့် ငိုင်ကျသွားရှာတော့၏။

"အဖြစ်အပျက်မှန်ကို ရိပ်မိကတည်းက ကျုပ် ခင်ဗျားကိုတော်တော်ဒေါသဖြစ်မိတယ်။ လင် ဘာပဲလုပ်လုပ် ခေါင်းငုံ့ရမဲ့ သားမယားကို ရိုက်မောင်း ပုတ်မောင်း လုပ်တတ်တဲ့ ယောကျ်ားလောက် ကျုပ်မုန်းတာလောကမှာ မရှိတော့ဘူး။ မိန်းမဟာလည်း လူပဲဗျ။ လူ၊ လူ နွားမဟုတ်ဘူး။ ရိုက်နှက်ပြီး ဆုံးမရတဲ့ သတ္တဝါမျိုး မဟုတ်ဘူး"

ဒေါက်တာမှာ ပြောရင်းက အသားများ တဆတ်ဆတ်တုန်နေလျက်ရှိ၏။ သို့သော် သူ့အပြောနှင့် သူ့ဒေါသမှာ ကရုဏာအနန္တ ရောနေသည်ဟု ကိုဘကိုးနားလည်၏။ သူ့အမှားအတွက်လည်း ရှက်သလိုဖြစ်သွား၏။

www.burmeseclassic.com



"ဟုတ်တယ် ဒေါက်တာ ကျွန်တော် မှားသွားတယ်"

ကိုဘကိုး ဤသို့ပြောလိုက်သည်နှင့် ဒေါက်တာလည်း ရုတ်တရက် တွေသွား၏။

"အင်း ဒီလိုဆိုတော့ ခင်ဗျား ကျုပ်ထင်သလောက် ယဉ်ကျေးမှု မခေါင်းပါးသေးဘူး။ ဒီမှာ ဦးဘကိုးရဲ့ ခင်ဗျားမိန်းမဟာ သည်းမခံနိုင်အောင် ဆိုးလာတဲ့ တစ်နေ့ ကျောင်းဆိုပြီး အိမ်ပေါ်က မောင်းချလိုက်။ အဲဒါကျုပ်ကြိုက်တယ်။ ရိုက်နှက်ပြီး ဆုံးမတာတော့ ဖက်ဆစ်ဆန်တယ် ထင် တာပဲ။ ကျုပ်လည်း ဒီအပြုအမူကို ရွံလွန်းလို့ ခင်ဗျားကို ကြိမ်းမိအောင်မိတာ စိတ်မဆိုးနဲ့ဗျာနော်။ ကျုပ် လူပျိုတုန်းက အိမ်နီးချင်း လင်မယား ရန်ဖြစ်ရာမှ လင်က မယားကို ဆံပင်ဆွဲပြီး ဖနောင့်နဲ့ပေါက် နေတာမြင်လို့ ကျုပ် စိတ်ဆိုးဆိုးနဲ့ ဝင်ရိုက်လိုက်တာ ရုံးတက်ရုံးဆင်း ထောင်ဒဏ်နဲ့ ငွေ (၅၀) ဒဏ်ဆောင်ခဲ့ရဖူးတယ်"

ကိုဘကိုး ဝန်ခံပြီးသည့်နောက်တွင် ထွက်လာသော ဒေါက်တာ့ လေသံကား ပျော့ပျောင်းနူးညံ့လာသည်။ တောင်းပန်သည့်သဘော သက်ဝင်လာသည်။ ကိုဘကိုးသည်လည်း သူ့အမှားကို ဆက်တိုက်ဝန်ခံရန် ဆန္ဒဖြစ်ပေါ်လာသည်။ ဤကား နှစ်ဦးနှစ်ဖက်စလုံး၏ ကောင်းကျိုးကို အရင်းခံသော မေတ္တာတရားမှ ပေါက်ဖွားလာသည့် ရောင်ပြန်ဟပ်မှုများ ပင်ဖြစ်၏။

"ဪ. . . ဒါနဲ့ ကျွန်တော့်ဆေးတိုက်ရဲ့ တယ်လီဖုန်းနံပါတ်ကို ဦးဘကိုး ဘယ်လိုသိသလဲ"

"ကျွန်တော် ဒီနေရာမှာနေတာ ဒီနေရာနဲ့ အနီးဆုံး ဆရာဝန် တစ်ယောက်ယောက်ရဲ့လိပ်စာကို သိထားရမယ်မဟုတ်လား။ စောစောက ရေနွေးတည်မထားတာကလည်း မှန်တာပြောရရင် ကျွန်တော်မွန်ထူနေ တယ်ဆိုပါတော့ဗျာ။ သားမယားကို ကျွန်တော် တစ်ခါမှ မရိုက်ဖူးပါဘူး။ မယားကိုချစ်တဲ့နေရာမှာ ဘယ်လို မြန်မာယောကျ်ားမျိုးမှ မချစ်ဖူးသေးတဲ့ ချစ်ခြင်းမျိုးနဲ့ ချစ်တတ်တဲ့လူဟာ မြန်မာပြည်မှာ ကျွန်တော်တစ်ယောက်ထဲ ရှိတယ်ဆိုရင် ရယ်ကြမလား မပြောတတ်ဘူး။ ဟော ခင်ဗျားက စရယ် နေပြီ. . .



"ဆောရီးဗျာ ခင်ဗျားစကားကိုက ရယ်စရာဖြစ်နေလို့ပါ။ ကဲ ဆိုပါဦး ဦးဘကိုးရဲ့ ဘယ်ချစ်ခြင်းမျိုးပါလိမ့်။ အတုယူတန်ယူရအောင်။ ဟာ မဖြစ်သေးဘူးဗျို့။ လူနာဆီသွားဖို့ အချိန်ကပ်နေပြီ။ ကဲ ခင်ဗျားနဲ့ ကျွန်တော် ဒီတစ်ခါပဲ ဆက်ဆံဖူးတယ်။ ဘောက်ကျပြီး ခုတော့ ညီအစ်ကို လောက်ချစ်သွားပြီနော်။ နောက်မှ လာခဲ့ဦးမယ်ဗျာ"

"ဒါနဲ့ ကျွန်တော့် မနုမေ"

"ခင်ဗျားမနုမေ စိုးရိမ်စရာ မရှိပါဘူးဗျ။ ဘယ်ဘက်ပါးအတွင်းမှာ နှစ်ချက်ပေါက်သွားရုံပါပဲ။ လက်ရှိန်ပြင်းလို့ သတိမေ့သွားတာပါ။ ခု အိပ်ပျော်သွားပြီ မနှိုးနဲ့နော်။ ပြီးတော့လည်း ခင်ဗျား"

ဒေါက်တာသည် နောက်ဆုံးစကားကို ကိုဘကိုးအား ခပ်တိုးတိုး ကပ်၍ ဘာပြောလိုက်သည်မသိ။

"စိတ်ချပါဗျာ ကျွန်တော် ကတိပေးပါတယ်"

ဒေါက်တာ ကားကလေး ခြံထဲမှပျောက်ကွယ်သွားသည်အထိ မျက်စေ့တစ်ဆုံး ကြည့်နေပြီးမှ ကိုဘကိုးလည်း သံတံခါးကို ကမန်းကတန်း ပိတ်၍ အိပ်ခန်းဆီသို့ အပြေးကလေး လှမ်းဝင်သွား၏။

ကုတင်ပေါ်တွင် ပက်လက်ကလေး အိပ်မောကျနေရှာသည့် မနုမေအနီးသို့ ခြေဖျားကလေးဖော့နင်း၍ တစ်လှမ်းခြင်း လျှောက်လာသော ကိုဘကိုး၏ အမူအရာမှာ ချစ်လှစွာသော ဇနီးကလေး လန့်နိုးသွားမည်ကို အလွန့်အလွန် စိုးရိမ်နေသည့်အသွင်ကို ဆောင်နေတော့၏။ ဒေါက်တာ ဆေးထိုးပြုစုစဉ်က မနုမေ၏ မျက်နှာနှင့်အနီးဆုံးနေရာတွင် ကပ်၍ချထား သော စာပွဲကလေးပေါ်တွင် အသိမ်မွေ့ဆုံး ထိုလိုက်ပြီး ခွေးကလေး မစို့မပို့နှင့် မခို့တရို့ယဉ်ပြီး မှင်သေသေ ကျက်သရေရှိလှသည့်

www.burmeseclassic.com

www.burmeseclassic.com



မနုမေ၏ မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်ရင်း ဝမ်းနည်းတသ အကြီးအကျယ် နောင်တရနေသကဲ့သို့ တွေတွေငေးငေးကြီး ဖြစ်နေတော့၏။

"မခင်သန့် ငါ့နှလုံးထဲက ချစ်တဲ့ မခင်သန့်ရဲ့ ငါ အမြတ်တနိုး သိမ်းဆည်းယုယခဲ့တဲ့ မခင်သန့်ရဲ့ ဓာတ်ပုံကို ဖျက်ဆီးပစ်တယ်။ ပန်ချီကား ကိုလည်း ဆုတ်ဖြဲပြစ်တယ်"

မနုမေအား သနားကြင်နာသလို ကြည့်နေရာမှ ကိုဘကိုးသည် ဤလိုစိတ်ထဲမှ ရေရွတ်နေရင်း အံကိုကြိတ်ပြီး မျက်စေ့ကို စုံမှိတ်လိုက်၏။

"မခင်သန့်ဟာ ပြည့်တန်ဆာထက် ကြောက်စရာကောင်းတဲ့ မိန်းမတဲ့။ မနုမေပြောတယ်။ ပြည့်တန်ဆာဆိုတာ များသောအားဖြင့် ဝမ်းရေးကြောင့် လုပ်စားရတယ်။ အင်း မခင်သန့်ကတော့ ဝမ်းရေးဖူလုံရဲ့ မက အင်မတန်ချစ်၊ အင်မတန် အလိုလိုက်တဲ့ ငါလိုလူလက်ထဲက ဘာမဟုတ်တဲ့ အကောင်နဲ့ လိုက်ပြေးတယ်။ ဒါ ပြည့်တန်ဆာထက် ကြောက်စရာကောင်းနေတာပေါ့ မှန်တယ် မနုမေ မှန်တယ်"

ကိုဘကိုးမျက်နှာ သာသာယာယာကလေး ကြည်လာပြန်၏။

"မခင်သန့် လက်ထက်က ငါ နာမကျန်းဖြစ်ခဲ့ဖူးတယ်။ သုံးလေးခါမက ဖျားခဲ့ဖူးတယ်။ မိခင်သန့် ငါ့ကို ဂရုစိုက်ဖော် မရဘူး။ ငါက အိမ်မှာဖျားနေတယ်။ သူက ရုပ်ရှင်သွားကြည့်တယ်၊ ဝါဆိုပန်းခူးထွက်တယ်။ မနုရင်လည်း အတူတူပဲ။ နေ့ရှိသလောက် တမှိုင်မှိုင် တဝေဝေနဲ့ ငါ့ကို မချစ်ဘူး။ ငါ့လက်ထဲမှာ (၅)လလောက်ကြာတယ်။ တခါမှ ချစ်တယ်လို့ မပြောဘူး။ သူလည်း သစ္စာဖောက်၊ ဖာထက် ကြောက်စရာကောင်းတဲ့ မိန်းမ"

ကိုဘကိုးမှာ တွေးရင်းတောရင်းက စိတ်မောလူမောနှင့် ဒေါ ကလေးပါ စွက်လာသောကြောင့် အသက်ရှူပုံမှာလည်း မြန်သည်ထက် မြန်လာတော့ကာ တစ်စုံတစ်ရာ တွေးမိသလို မနုမေအား ငေးကြည့်နေရာ မှ ချွေးစို့နေသော နဖူးကလေးကို အသာအယာနမ်းလိုက်၏။ သူနှင့်



မျက်နှာချင်းဆိုင်ဘက်တွင်ရှိသော ပါးကလေးကိုလည်း သိမ်သိမ်မွေ့မွေ့ ကလေး နမ်းလိုက်ပြန်၏။ ချက်ချင်းဆိုသလိုပင် ကိုဘကိုးလည်း ထိုင်ရာမှ ဇတ်ခနဲထ၍ မနုမေ၏ရင်အုံကလေးကို ဗဟိုပြုလျက် လက်နှစ်ဖက်ကို အိပ်ရာပေါ် ခွ၍ထောက်ပြီး ခပ်ကုန်းကုန်း ငုံ့ချလိုက်ကာ မနုမေ၏ လက်ဝဲဘက် ပါးကလေးကို ဖြည်းဖြည်းသာသာ မွှေးလိုက်တော့မည်ပြုပြီးမှ ပြင်းထန်လှသော မိမိလက်ဝဲဒဏ်ကို သုံးချက်တိတိ ခံလိုက်ရသည်နှင့် အမျှ မနုမေ၏ လက်ဝဲဘက်ပါးကလေးမှာလည်း ခုံးထယောင်ကိုင်းနေ သောကြောင့် အံကယ်တိ မိမိနမ်းလိုက်ချေက မနုမေ နာသွားလေ မည်လားဟူသော အတွေးမျိုးဖြင့် ငေးငေးကြီး တွေသွားရှာ၏။

ရုပ်ရည်ကိုကြည့်ကြည့်၊ စိတ်သဘောထားကိုကြည့်ကြည့် အနေ အထိုင် သိုသိပ်ပုံကို ကြည့်ကြည့်၊ ဘာဘယ်လိုကြည့်၍မှ ရိုက်ရက်ငေါက် ရက်စရာမရှိသော မနုမေအား ကိုဘကိုးသည် သူ့လက်ဝါးဖြင့် တအား လွှဲ၍ သဲသဲမဲမဲ ရိုက်ခဲ့မိသည်။

"မိခင်သန့် ပြည့်တန်ဆာထက် ကြောက်စရာကောင်စးတဲ့ မိန်းမ၊ မိရင်နု သူလည်း အတူတူပဲ။ တစ်ယောက်မှ အသုံးမကျဘူး။ သူတို့ကို ငါ အသဲထဲက ချစ်ခဲ့တယ်။ ငါ့ကို သူတို့ ခြေဖဝါးကတောင် ပြန်မချစ်ဘူး။ ငါဖျားနေ တဲ့အချိန်မှာ မိခင်သန့်က လျှောက်ပြီး နန့်ကြောဆွဲနေတယ်။ မိရင်နု သူလည်း တငိုင်ငိုင်နဲ့ ငါ့ကို ဂရုမစိုက်ဘူး"

ကိုဘကိုးသည် မနုမေ၏ မျက်နှာကလေးကို မိုး၍ကြည့်ရင်း ဤလိုတွေးနေရာမှ ဘိလပ်မှအပြန် မိမိဖျားစဉ်က မနုမေ ယုယပုံ၊ ဂရုစိုက်ပုံ (၁၄)ညလုံးလုံး အအိပ်ပျက်ခံ၍ ပြုစုခဲ့ပုံကလေးများကို အစီအရီ တွေးမိ၏။

"ဟို သစ္စာဖောက်မတွေကို ငါအသက်လောက်ချစ်ခဲ့တယ်။ သူတို့ ငါ့ကို မချစ်ဘူး။ ခု မနုမေကို ခွေးလိုအော်၊ နွားလိုငေါက်ပြီး ဖျာက်ရည် ပေါက် ကြီးငယ်ကျအောင် ညဥ်းဆဲခဲ့တယ်။ ဒါပေမဲ့ သူ ငါ့ကိုချစ်တယ်။ သူ့အသက်လောက်ပဲ ငါ့ကိုချစ်ရှာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုဘကိုးသည် စိတ်ထဲမှ ရေရွတ်ရင်း ကြက်သေကြီးသေနေ၏။ မျက်ရည်လည်းဝေနေ၏။

"သူစိမ်းယောကျ်ားတစ်ယောက်သာဖြင့် ဟောဒီလို ခါးနဲ့ရင်ဝတို စိုက်ပြီး ဆီးစပ်အထိ ဆွဲချလိုက်ချင်တယ် ဒါပေမဲ့ အစ်ကိုကြီးကို ကျွန်မ ချစ်တယ် မလုပ်ရက်ဘူး"

စာဖတ်ခန်းတွင် ပဋိပက္ခဖြစ်စဉ်က မနုမေ ပြောလိုက်သော စကားများကိုလည်း ကိုဘကိုး ကြားယောင်နေ၏။

"ရှင့်အမေကာ မိန်းမ မဟုတ်ဘူးလား"

ကိုဘကိုးအဖို့ ပါးစပ်အဟောင်းသား ငိုင်သွားအောင် အချက်ပိုင်ပိုင်မေးလိုက်သော မနုမေ၏ စောစောက စကားသည် ကိုဘကိုးစိတ်ထဲ၌ ရိုပ်ခနဲပေါ်လာ၏။ မအေကို ခိုက်ပြောရပါမို့လားဟု တအားလွှဲရိုက်ခဲ့သော ကိုဘကိုးသည် ယခု သွေးအေးအေးဖြင့် စဉ်းစားနေ၏။ အကြောင်းအချက်ကို အဘက်ဘက်မှ အကိုးအကားယူ၍ စဉ်းစားပါသော် . . .

"ဟုတ်တယ် ငါ့အမေလဲ မိန်းမဘဲ" ဟူသော အဖြေမှလွဲ၍ အခြား ဘာမျှ ထွက်မလာ။

ကိုဘကိုးကား မနုမေ၏ ရင်ညွန့်ကလေး ဘေးနှစ်ဘက် အိပ်ရာတွင် ထောက်ထားသောလက်များကို မရုပ်သိမ်းသေး။ ကွေးကွေးကိုင်းကိုင်း ငုံ့ကြည့်နေသော သူ့မျက်နှာမှာလည်း မနုမေ၏ မျက်နှာကလေးနှင့် တစ်ထွာလောက်ကွာ၏။ မျက်တောင်သော်မှ ခတ်ဖော်မရဘဲ စူးစူးစိုက်စိုက် ကြည့်နေသော ကိုဘကိုးမှာလည်း ကြက်သေ သေ၍ မျက်ရည်တွေပါ ဝေနေရာမှ အဘယ်လိုစိတ်မျိုး ဝင်လာသည်မသိ။ မျက်လွှာကိုပိတ်၍ အားပါးတရ မှိတ်ချလိုက်သည်နှင့်တစ်ပြိုင်နက် မျက်တောင်ဖျားတွင် ဆို့၍ ပြုံဆင်းလာသော မျက်ရည်များသည် မနုမေ၏မျက်နှာပေါ် တစ်ပေါက် ပေါက်ကျဆင်းလျက်ရှိ၏။

ကိုဘကိုး မျက်လွှာကား မသက်မသာ မှိတ်ထားတုန်းပင် ရှိသေး၏။ မျက်ရည်များမှာလည်း အရေအတွက်အားဖြင့် အစက်ပေါင်း ဆယ့်သုံးလေးစက်မျှ တစ်ပေါက်ပေါက်ကျနေသည် မှန်သော်လည်း မနုမေကား



တွန့်ရုံမျှပင် လွန့်မလာသေး။ စက္ကန့်(၄၀)မျှအကြာတွင် ကိုဘကိုးသည် မျက်လွှာကိုဖွင့်၍ ထောက်ထားသောလက်များကို ဖယ်ဖြုတ်ပြီး ရုတ်တရက် လှည့်ထွက်သွားကာ ခေါင်းရင်းဘက်တန်းပေါ်မှ မျက်နှာသုတ်ပုဝါကို ရုပ်၍ မျက်ရည်များကို သုတ်လိုက်၏။

ချက်ချင်းပင် မနုမေအနီးသို့ ပြန်လှည့်လာကာ မနုမေ၏မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်နေပြန်၏။ နဖူးနှင့်ပါး၊ ပါးနှင့်နဖူးကို လူးလာတုံ့ပြန် ကြိမ်ဖန်များစွာ နမ်းနေရာမှ ကိုဘကိုးသည် မနုမေ၏မေးကလေးကို မွှေးလိုက်ပြန်၏။ ထိုမှသည် အောက်ပိုင်းသို့ စုန်ဆင်း၍ ရင်ဘတ်၊ ရင်အုံ ရင်ညွန့် စသည်တို့ကို နူးနူးညံ့ညံ့ နမ်းလိုက်ပြီးမှ တဖန် မှန်မှန်ကလေး အသက်ရှူနေသောကြောင့် ဖောင်းချည် ချိုင့်ချည်ဖြင့် တအိအိလှုပ်နေသော မနုမေ၏ ဗိုက်ကလေးကိုပါ အင်္ကျီပေါ်မှ အသာအယာငုံ့၍ ရှူ၍ နမ်းနေပြန်၏။

မနုမေကား ဤသို့ထိအောင် လူးဖော် လွန့်ဖော် မရသေး။ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျနေ၏။ သို့သော် မနုမေ၏ ဝိညာဉ်သည်တား လုံးဝငြိမ်သက်နေခြင်းမရှိ။ မသေချာ မရေရာ ဘာဟူ၍ တပ်အပ်မသိရသေးသော ခံစားရမှုတစ်ခုကြောင့် လှုပ်ရှားနေသည်သာဖြစ်၏။

ပါးနှင့်ပါးစပ်မှ ဒဏ်ရာကြောင့် ထိတ်လန့်ခြောက်ချားနေ၍လော၊ သို့မဟုတ် အိပ်လေ့မရှိသော အချိန်တွင် အိပ်သဖြင့်လော မပြောတတ်၊ မနုမေမှာ အိပ်မက်မက်သလိုလို၊ တကယ်လိုလို တစ်မျိုးသောစိတ်၏ လှုပ်ရှားမှုကို ခံစားနေရတော့၏။

ပူလောင်အိုက်စပ် အနေရကြပ်လှသောကြောင့် မနုမေသည် မိုးရွာစေရန် ဆုတောင်းလိုက်၏။ ချက်ချင်းပင် သည်းထန်စွာ မိုးသည် သွန်းဖြိုးရွာချလိုက်သဖြင့် မိုးရေများသည် မနုမေမျက်နှာပေါ်သို့ တစ်ပေါက် ပေါက် စင်ဖိတ်ကျရောက်လာသည်ဟု အိပ်မက်လိုလို တကယ်ပင်လို ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်လည်း မနုမေသည် ကိုဘကိုးနှင့် ရွှေမရအောင်တူသော သားဦးကလေးကို မွေးဖွားခဲ့သဖြင့် ထိုရင်သွေး သားကလေးကို ရင်ဘတ်ပေါ်တင်၍ မြှောက်ချီမြှူချော့နှင့် ဆော့ကစားနေရသည်ဟူ၍လည်း အိပ်မက်လိုလို တကယ်လိုလို ကြည်နူးလိုက်ရ၏။

မှောင်နှင့်မဲမဲဖြစ်နေသော လိုဏ်ဂူကြီးထဲတွင် မျက်စေ့လည် လမ်းမှားနေသဖြင့် အူယားဖားယားလှမ်းရင်း စမ်းတဝါးဝါး ထွက်ပေါက်ရှာနေခိုက် မနုမေ၏ ခြေသလုံးသားကလေးများမှာ မြွေသတ္တဝါ၏ တွယ်ကပ်ခြင်းခံရသလို အေးကနဲ နွေးကနဲ အသဲထိဖွယ် ခံစားနေရရာမှ လက်ျာဘက်ခြေထောက်ကို တစ်ဦးတစ်ယောက်က ဆွဲကိုင်ညှစ်ဆုပ်လိုက်သလို ခြေလှမ်း၍မရ၊ ရုန်းကန်၍လည်း မရနိုင်အောင် ဖြစ်နေ၏။ ဧရာမမြွေကြီးပင် သူ့ကိုလိမ်၍ ပတ်ထားလေသလားဟု အသဲတယားယားနှင့် ငုံ့ကြည့်ရှာ၏။ ပိန်းပိတ်အောင် မှောင်နေသောကြောင့် သူ့ခြေကိုပင် သူမမြင်ရဖြစ်နေတော့ကာ ခြေမှာလည်း တင်းသည်ထက်တင်း၊ ကြပ်သည်ထက်ကြပ်လာသဖြင့် မနုမေလည်း အသံကုန်ညှစ်၍ ဟစ်အော်လိုက်တော့မည်ရှိစဉ် သူ့မျက်နှာချင်းဆိုင်ဆီမှ အလင်းရောင်တစ်ခုကို မြင်လိုက်ရသောကြောင့် မနုမေမှာ အော်ရန်ဟစ်ရန်ကိုပင် မေ့သွားလောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရာမှ မျက်လုံးကိုပွတ်၍ သေသေချာချာ ကြည့်လိုက်ပြန်၏။

စောစောက အဖြစ်အပျက်များမှာ အိပ်မက်မက်ခြင်းဟုသိရပြီး ပွင့်လာသောမျက်လုံးဖြင့် သေသေချာချာကြည့်လိုက်သည်၌ ကုတင်ဘေးခြေရင်းဘက်တွင် ကုန်းကုန်းကွကွရပ်နေသော ကိုဘကိုးသည် မိမိ၏ လက်ျာခြေထောက်တစ်ဘက်ကို လက်ဝဲလက်ဖြင့် ဖနောင့်မှကိုင်၍ မ,ထားပြီး လက်ျာလက်ဖြင့် ခြေဖျားကလေးများကိုမ၍ ခြေဖဝါးဘက်သို့ အသာအယာ ကော့ထားသဖြင့် မော့မော့ခုံးခုံးဖြစ်နေသော မနုမေ၏ ခြေဖမိုးကလေးကို ကိုဘကိုး အားပါးတရ နမ်းနေသည်ကို တွေ့ရသောကြောင့် မနုမေမှာ ကြက်သီးများပင် 'ဖျန်း' ကနဲထသွားလျက် ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင် ငိုင်တွေထိတ်လန့်နေပြီးမှ . . .



"အို့ . . . အစ်ကိုကြီး ဘယ်လိုလုပ်လိုက်တာလဲ အစ်ကိုကြီးရယ် သက်သက် လူကို ငရဲပေးတာပဲ"

မနုမေသည် ဤသို့ ကယောင်ကယမ်း အော်ပြောရင်းတ ထ,လိုက်တော့မလို သူ့ကိုယ်ကို ထူလိုက်ပါသော်လည်း ကိုဘကိုးသည် ခြေထောက်ကို အသာချ၍ ကြွလာသော မနုမေ၏ ရင်အုံကလေးတို လက်ဝါးနှစ်ဖက်ဖြင့် ဖိထားလိုက်သောကြောင့် မနုမေမှာ ပက်လက်အနေဖြင့်ပင် တွေကြည့် နေရှာတော့၏။ ကိုဘကိုးလည်း မနုမေအား လွှားကျော်၍ ကုတင်ပေါ်တက်လိုက်ကာ မနုမေ၏ ခါးပိုင်းလောက်နားတွင် ထိုင်ချလိုက်ပြီး . . .

"မထ,နဲ့ မနုမေ၊ မထ,နဲ့ မူးသွားမယ်"

ဤသို့ပြောလိုက်သည်နှင့် အပြည့်မျက်ရည်ဖြင့် တွေစိုက်ကြည့်နေသော မနုမေလည်း နှုတ်ခမ်းကလေး တုန်ရီလာကာ . . .

"ခုန ဘာလုပ်တာလဲ အစ်ကိုကြီးရယ် ဟင်၊ ကျွန်မငရဲအိုးဇောက်ထိုးကျအောင်"

"ဘာဆိုင်သလဲ မနုမေ ခုအစ်ကိုကြီး နုနုကို ချစ်နေပြီသလား ဟောဒီအစ်ကိုကြီး အသဲနှလုံးထဲက ချစ်နေပြီ။ ဒါကြောင့် အစ်ကိုကြီး နုနုရဲ့ နဖူးကို နမ်းတယ်၊ ဒီညာဘက်ပါးကို နမ်းတယ်၊ ဘယ်ဘက်ပါး ကတော့ အစ်ကိုကြီး ခွေးလိုမိုက်ပြီး ရိုက်မိတဲ့ဒဏ်ရာကြောင့် ရောင်နေတာနဲ့ နာသွား မှာစိုးလို့ အစ်ကိုကြီး မနမ်းရက်ဘူး။ ပြီးတော့ မေးစေ့လည်းပင်း ဟောဒီနေရာ ဗိုက် အကုန် အစ်ကိုကြီးနမ်းတယ် ချစ်လို့"

ပြောရင်းဆိုရင်းကပင် ကိုဘကိုးသည် ထိုထို့ဤဤ အလီလီသော မနုမေ၏ ခန္ဓာကိုယ်အထက်ပိုင်းကို ဖက်သိုင်းဖျစ်ညှစ်ရင်း၍ အားရပါးရ နမ်းနေပြန်၏။

"ဒီမှာ အစ်ကိုကြီး ခုန ကျွန်မ ခြေထောက်ကို"

"အစ်ကိုကြီး နမ်းတယ်လေ ခြေဖဝါးရော ခြေဖမိုးရော ပြီးတော့ နုနုရဲ့ ခြေသလုံးကလေးကိုလည်း အစ်ကိုကြီး နမ်းသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ဟာ သားမယားကို မချစ်တတ်ဘူးလို့ မြန်မာပြည်မှာ ဘယ်မြန်မာ ယောကျာ်းမှ မချစ်ဝံ့၊ မချစ်ဘူးသေးတဲ့ ချစ်နည်းမျိုးနဲ့ မယားကို ချစ်တဲ့လူဆိုရင် မြန်မာပြည်မှာ ဘကိုးတစ်ယောက်တည်း ရှိတယ်ဆိုတာ နုနုသိပလား။ အိုကွယ် ဘာဖြစ်လို့ ငိုရပြန်တာလဲ"

"အစ်ကိုကြီး ရူးနေသလားဟင်၊ ကျွန်မကို ချစ်တာကတော့ ချစ်ပေါ့ ကျွန်မကလည်း အချစ်ခံချင်လွန်းလို့မှ နို့ နမ်းစရာက ဒီလောက်ပဲ ရှားသမို့လား အစ်ကိုကြီးရယ် ခြေထောက်ကိုမှ နမ်းရတယ်လို့ အစ်ကိုကြီး မကောင်းဘူး။ နည်းနည်းမှ မကောင်းဘူး၊ လူကို သက်သက် ငရဲပေးတာပဲ"

"ဘာမှမဆိုင်ဘူး။ မိဘတိုင်း သားသမီးမွေးလာတဲ့အခါ ချစ်လွန်းလို့ ခြေထောက်ရော၊ ဖင်ရော အကုန်နမ်းတာပဲ။ ယောကျာ်းကလေးတွေ ဆိုရင် ရွှေပန်းတောင် ငုံထားတတ်ကြသေးတယ် မဟုတ်လား"

"ဒါက ကလေးကိုး အစ်ကိုကြီးရဲ့။ ကလေးဆိုတာ ကုသိုလ်၊ အကုသိုလ်ရယ်လို့ ဘာမှမရှိသေးတော့ မိဘက ဘယ်နေရာနမ်းနမ်း ကလေးမှာ အပြစ်မဖြစ်နိုင်ဘူး။ နို့ သားသမီးကြီးလာတော့ကော မိဘတွေ က ခြေထောက်ကို ဘာလို့ မနမ်းသလဲ ငရဲပေးရာ ရောက်မှာစိုးလို့ မဟုတ်လား"

"လုံးဝမဟုတ်ဘူး၊ အစဉ်အလာမရှိလို့၊ အနောက်နိုင်ငံမှာ ဒါတွေ ရိုးနေပြီ။ မိန်းမက ယောကျာ်းကို ခွစီးပြီး ရေထဲကို ဒိုင်ဗင်ထိုး ကစားကြ တယ်။ မိန်းမခြေသလုံးကို ယောကျာ်းက နှိပ်နယ်ပေးကြတယ်။ ကုန်ကုန် ပြောမယ် အစ်ကိုကြီးတို့ မြန်မာတွေသာ မိန်းမထဘီကို ရွံရှာသဘောထား နေကြတာ အနောက်နိုင်ငံမှာတော့ အိပ်ရာခေါင်းရင်းမှာလည်း မိန်းမ ဂါဝန်လှန်းတာပဲ၊ ထားချင်တဲ့နေရာ ထားတာပဲ၊ မြန်မာတွေလို အယူ မသည်းဘူး။ ထဘီဟာ ယောကျာ်းကို ဘုန်းနိမ့်စေတတ်တယ်ဆိုရင် ဂါဝန်လည်း ဒီအတိုင်း ဖြစ်ရမှာပေါ့။ နို့ အင်္ဂလိပ် အမေရိကန်တွေ ဘုန်းနိမ့်ကုန်ပလား၊ စီးပွားပျက်ပလား၊ နေဦး နုနု အစ်ကိုကြီးပြမယ်"

ကိုဘကိုးသည် ပြောပြောဆိုဆိုထ၍ ကုတင်ပေါ်မှ ဆင်းထွက် သွားကာ စာဖတ်ခန်းဝင် စာအုပ်စင်ကို အတန်ကြာ မွှေနှောက်ရှာဖွေပြီးမှ



စာအုပ်တစ်အုပ်ကို ဆွဲယူလာခဲ့၏။

"ဒီမှာ ကြည့်စမ်း နုနု၊ အဲဒါ အမေရိကန်ပြည်က နာမည်ကျော် က,ချေသည် မိန်းမချောကလေး ကေဗီလျံ တဲ့"

ကိုဘကိုးသည် ကုတင်ပေါ်ကျော်တက်၍ မနုမေဘေးတွင် ထိုင် လိုက်ရင်း ပါလာသော စာအုပ်ကိုလှန်ကာ ဓာတ်ပုံတစ်ခုကို ထောက်ပြ ပြောဆိုလိုက်ပြီးမှ . . .

"ကချေသည်ဆိုလို့ ပေါ့ပေါ့မထင်လိုက်နဲ့။ အဲဒါ ကုဋေကုဋာချီပြီး ချမ်းသာတဲ့ မီလျံနာ သူဌေးတစ်ယောက်ရဲ့ မယားပဲ။ ဒီလောက်ချမ်းသာ တဲ့ သူဌေးကို ရထားရက်သားနဲ့ အဲဒီ ကေဗီလျံက သူ့လင်နဲ့ ကွာရှင်းခွင့် ပေးပါလို့ အမေရိကန်ပြည် လော့စ်အိန်ဂျယ်လိမြို့ တရားရုံးတစ်ခုမှာ လျှောက်ထားသတဲ့။ အဲဒါ ဘာဖြစ်လို့တဲ့လဲ သိလား နုနု"

"ဟင့်အင်း အစ်ကိုကြီး"

"သူ့ယောကျာ်းသူဌေးဟာ ခြေသလုံးကို နမ်းရုံမနမ်းဘဲ တအား ကိုက်လို့ဆိုတဲ့ အကြောင်းကြောင့်ပဲ။ အဲဒါ သူ့ကို ရုံးက အနိုင်ပေးလိုက် တယ်"

မနုမေမှာလည်း အံ့ဩတွေဝေနှင့် စိတ်ကပါ ထွေနေတော့၏။

"ဒီတော့ အစ်ကိုကြီး နုနုရဲ့ ခြေသလုံးကိုနမ်းတာ ဆန်းသလား။ အေး မြန်မာ့အယူအဆ၊ မြန်မာ့အမြင်နဲ့တော့ ဆန်းချင်ဆန်းနေမှာပဲ။ ဒါပေမဲ့ မိန်းမနဲ့ယောကျာ်း ဘယ်သူ့ဘယ်သူမှ မမြတ်ဘူး၊ မယုတ်ဘူး၊ အတူတူပဲလို့ အထက်တန်းကျကျ ယုံကြည်ကျင့်သုံးနေတဲ့ အနောက်နိုင်ငံ မှာတော့ ဒါတွေ ရိုးနေပြီ"

"ဒီမှာ အကိုကြီး မခင်သန့်တို့ ခြေသလုံးကိုကော"

"တိတ် မပြောနဲ့။ ဒီသစ္စာဖောက်မတွေအကြောင်း မပြောနဲ့။ သူတို့ခြေသလုံးမပြောနဲ့ ဗိုက်ကိုတောင် အစ်ကိုကြီး မနမ်းခဲ့ဘူး"

"ဟိုတုန်းက ချစ်ပေမဲ့ အခု အသဲထဲက မုန်းတယ်"

"ဒါဖြင့် သူတို့ပုံတွေကို တရိုတသေသိမ်းပြီး ဘာလို့ ပုံထူထားသွဲ့

www.burmeseclassic.com



နေသေးလဲ”

“သူတို့ရဲ့ စိတ်သဘောထားကို အသဲထဲက မုန်းပေမဲ့ သူတို့ မျက်နှာကလေးကိုတော့ နှလုံးထဲက ချစ်နေသေးတယ်။ မမေ့နိုင်ဘူး ဒါကြောင့် ပုံတူ ကူး,ကူးဆွဲနေတာပေါ့”

“နို့ . . . အဲဒီပုံတွေဆွဲပြီးတိုင်း ဓားနဲ့ထိုးထိုးပြီး ဆုပ်ပစ်တာကော”

“သူတို့စောက်ကျင့်မကောင်းတာတွေကို တွေးမိပြီး ဒေါသဖြစ်လာလို့”

မနုမေသည် သူ့လက်နှစ်ဖက်ဖြင့် သိုင်း၍ ဖက်ထားသော ကိုဘကိုး၏ လည်ပင်းကို အသာအယာတုံ့ဆွဲလိုက်ပြီးမှ . . .

“အစ်ကိုကြီးဟာ အရူးလိုပဲ။ များသောအားဖြင့် လူတွေဟာ တစ်ယောက်ကိုမုန်းပြီး စိတ်နာပြီဆိုရင် မျက်နှာတောင် မကြည့်တော့ဘူး။ အစ်ကိုကြီးကတော့ . . .”

“ဘာလဲ လူတစ်ကိုယ်စိတ်တစ်မျိုးဆိုတာ နုနုမကြားဖူးဘူးလား။ မိခင်သန့်ဟာ သစ္စာမရှိဘူး ဖောက်ပြန်တယ်။ နို့ အဲဒီဖောက်ပြန်တာဟာ ရုပ်ကဖောက်ပြန်တာလား၊ စိတ်ကဖောက်ပြန်တာလား။ ဥပမာဆိုပါတော့ နွံ့ကိုလုပ်ထားတဲ့ ပန်းသီး၊ သြဇာသီး၊ ငှက်ပျောသီး အစရှိတဲ့ အသီးအနှံ တွေထဲက နွံ့တွေမို့ အလှအပမထားသင့်ဘူးလား။ အပြင်ကလှရင် ကြည့် ကောင်းရင် ပြီးတာပဲ။ အထဲကနွံ့ကို စဉ်းစားဖို့မလိုဘူး”

မနုမေလည်း အဖြေရကြပ်သွားသလို တွေသွားပြီးမှ . . .

“ဒါဖြင့် ပေါက်ကွဲစေတတ်တဲ့ လက်ပစ်ဗုံးကလေးတွေဟာ နာနတ်သီးနဲ့ သိပ်တူတာပဲ။ အဲဒါကို အလုံး (၂၅) လုံးလောက်ဝယ်၊ ဆေးခြယ်ပြီး အလှအပထားပါလား အစ်ကိုကြီး”

“ဘာလဲ နုနု မခင်သန့်တို့ ဓာတ်ပုံတွေဟာ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းလို့ ဆိုလိုသလား”

“ဟုတ်တယ် ဒီဓာတ်ပုံတွေကို ကြည့်ကြည့်ပြီး အစ်ကိုကြီးဟာ ကိုယ့်အနာဟောင်းကိုဆွတယ်။ ဓာတ်ပုံကြောင့် နောက်ကြောင်း တွေးတွေး



မိပြန်ရင်လည်း တစ်ခါတည်း ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ပန်းချီကားတွေ စုတ်သို စုတ်၊ စုတ်တံတွေ ချိုးလိုချိုး၊ ဒါနဲ့အားမရသေးဘူး။ ဓာတ်ပုံထဲကမိန်းမ မကောင်းတာနဲ့ မိန်းမမှန်ရင် တစ်ယောက်မှ ကောင်းတယ်မထင်အောင် အစ်ကိုကြီးစိတ်ထဲမှာ ဖြစ်ဖြစ်လာတယ်။ ဒါဟာ ပေါက်ကွဲတာတွေပေါ့။ ခုန ကျွန်မကိုရိုက်တာကော ဒီဓာတ်ပုံကြောင့်ပဲ မဟုတ်လား။ ကျွန်မ ဓားနဲ့ ထိုးစုတ်ပစ်လို့ ”

ကိုဘကိုး မဖြေနိုင် အငေးသားငိုင်ကျသွား၏။ အတန်ကလေး ကြာမှဖြင့် . . .

“ဟုတ်တယ် နုနုပြောတာ မှန်တယ်။ ဒီဓာတ်ပုံတွေကြောင့် အစ်ကိုကြီးစိတ်တွေ ခဏခဏ ပေါက်ကွဲနေတာပဲ။ ဒါတွေမရှိရင် ကောင်း မယ်။ မိခင်သန့်ပုံတော့ မရှိတော့ဘူး။ နုနု ဓားစာကျွေးလိုက်လို့ တစ်ခု ကျန်သေးတယ် မိရင်နုပုံ။ ဒါလည်း မထားဘူး ဖယ်စမ်း အစ်ကိုကြီး သွားယူမယ်”

ကိုဘကိုးလည်း ပြောပြောဆိုဆို ထသွားတော့မည်ကဲ့သို့ ဖက်ထားသော မနုမေလက်ထဲမှ ရုန်းနေသောကြောင့် မနုမေက ခပ်ကြပ်ကြပ်ပြန်ဖက်ထားရင်း . . .

“ဘာလုပ်မလို့လဲ အစ်ကိုကြီး”

“မီးရှို့ပစ်မယ်၊ ဒီဓာတ်ပုံလည်း မထားဘူး”

“မရှို့ရဘူး အစ်ကိုကြီး သူ့မှာ ဘာအပြစ်ရှိသလဲ။ ကျွန်မတစ်ခု မေးမယ်နော်။ အစ်ကိုကြီး မခင်မျိုးဦးကို သိတယ်မဟုတ်လား။ သိရုံမကဘူး အစ်ကိုကြီး သူ့ကိုတောင် ကြိုက်ခဲ့သေးတာပဲ မညာနဲ့”

“ဘာ. . . ဘာ. . . ဘာ အစ်ကိုကြီး စိတ်တောင်မကူးဘူး။ သူ့ကို ချစ်ဖို့ သူကသာ အစ်ကိုကြီးဆီကို တကောက်ကောက် လိုက်နေတာ သိရဲ့လား။ နို့ ဒါတွေ နုနု ဘယ်လိုသိနေလဲ”

“ဘယ်လိုသိသိပေါ့ အစ်ကိုကြီးရယ်။ ခင်မျိုးဦးက အစ်ကိုကြီးကို ချစ်နေတာတော့ အမှန်ပဲ”

www.burmeseclassic.com



"ဟုတ်တယ် သူဟာ အင်မတန်ခေတ်ဆန်ပြီး ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်။ အစ်ကိုကြီးကို ချစ်တဲ့အကြောင်းတောင် ဖြောင်ဖွင့်ပြော သေးသပေါ့"

"နို့ . . . အစ်ကိုကြီး သူ့ကို ဘာဖြစ်လို့ မယူသလဲ"

"အစ်ကိုကြီးမှ မချစ်ပဲ သူ့ကို"

"အစ်ကိုကြီး မချစ်ရုံနဲ့ မယူတော့ဘူးလား"

"နုနု ရှုနေပြီထင်တယ်။ ဘာတွေလျှောက်မေးနေတာလဲ။ မနုမေ သည် အမိပ္ပာယ်ပါပါ ပြုံးလိုက်ပြီးမှ . . . .

"မရင်နုကို အစ်ကိုကြီး ယူချင်တယ်လို့ သွားတောင်းတော့ မရင်နု က ဘာပြောသလဲ အစ်ကိုကြီးမှတ်မိလား"

"အင်း . . . သူ့မှာ ငယ်ရည်းစားရှိလို့ သူ အစ်ကိုကြီးကို မယူပါရ စေနဲ့တဲ့။ ဒါဘာဖြစ်သလဲ"

"ဒီစကားဟာ အစ်ကိုကြီးကို မချစ်ဖူးဆိုတဲ့ အဓိပ္ပာယ်လို့ကော အစ်ကိုကြီးမစဉ်းစားမိဘူးလား"

မနုမေဆိုလိုသည့် သဘောအနက်ကို ကွက်ကွက်ကွင်းကွင်း နားလည်သွားပြီဖြစ်သော ကိုဘကိုးသည် တစ်စုံတစ်ရာ ဘာမျှမဖြေဘဲ ပြုံးပြုံးကြီးလုပ်နေရာမှ မနုမေ၏ ပါးညက်ညက်ကို သွက်သွက်ကလေး ကုန်းနမ်းလိုက်၏။

"သွား . . . အားကြီး မုန်းစရာကောင်းတယ်။ အစ်ကိုကြီးဟာ စီးပွားရေးမှာ တော်သလောက် အချစ်ရေးမှာ သိပ်ရှော်တာပဲ။ ကျွန်မကို ယူတုန်းကလည်း (ကျုပ်ကိုချစ်လို့ယူယူ၊ မချစ်ဘဲနဲ့ယူယူ မင်းကိုကျုပ်ရရင် ကျေနပ်ပြီ) လို့ အစ်ကိုကြီးပြောတယ်။ ကဲ အစ်ကိုကြီး မခင်မျိုးဦးကို မချစ်လို့ မယူသလို အရင်နုကလည်း အစ်ကိုကြီးကိုမချစ်လို့ မယူချင်တာ ဘာလို့ ဇွတ်ယူရသတဲ့လဲ"

"တော်တော့နုနု ဒါတွေ အကိုကြီး နားလည်ပြီ။ ဟိုတုန်းက ရှုးခဲ့ မိုက်ခဲ့တာတွေ လက်ချိုးစစ်ပြီး နုနုကို ရက်တိုးနဲ့ ချစ်တော့မယ် မဟုတ်လား" အမှန်ကတော့ စယူကတည်းက နုနုကို အစ်ကိုကြီး ချစ်တယ်။ မချစ်ရင် အစ်ကိုကြီး ယူကိုမယူဘူး။ ဒါပေမဲ့ ဟိုသစ္စာ ဖောက်မကို တွေးမိတိုင်း နုနုအပေါ်မှာ ရောပြီး မုန်းနေမိတယ်။ ကဲ. . . နေဦးနော် နုနုရော အစ်ကိုကြီးရော ထမင်းတောင် မစားရသေးဘူး ကြော်. . . အခုမှ သတိရတယ်။ မောင်ထွန်းသိုက်ရော၊ ဒရိုင်ဘာရော ဟိုကလေးမလေးရော တစ်ယောက်မှ မရှိကြဘူး။ ဘယ်များ . . ."

"ကျွန်မပိုက်ဆံပေးပြီး ရုပ်ရှင်အကြည့်ခိုင်းလိုက်တယ်။ အစ်ကို ကြီးရဲ့ တစ်ယူသန်စိတ်ကို လွတ်လွတ်လပ်လပ် တိုက်ပွဲဆင်ချင်လို့"

ကိုဘကိုးသည် မနုမေ၏ နှာခေါင်းဖျားကလေးကိုဆွဲ၍ ခါယမ်း လိုက်ရင်း ပြုံးနေရာမှ . . .

"ကဲ နုနု ထမင်းစားတော့မလား။ အစ်ကိုကြီး သွားခူးခဲ့မယ်လေ"

"တိတ် ထမင်းစားတော့မလား၊ ဘယ်ကလာတာလဲ၊ ဘယ်သွား မလို့လဲဆိုတာတွေ ဘယ်တော့မှ မမေးနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

မနုမေလည်း ဤသို့လျှင် မျက်နှာထားတင်းတင်းနှင့် တစ်လုံးချင်း ပြောလိုက်သောကြောင့် ကိုဘကိုးမှာ ကျွန်ရှုံပင် မဆည်နိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်ချလိုက်ရင်းက မနုမေ၏ခါးကလေးကို ထွေးထွေး ပိုက်ပိုက်ဖက်ကာ မနုမေရင်ညွန့်တွင် ခေါင်းအုံး၍ ပြုံးပြုံးကြီး ကျေနပ် နေတော့၏။

"ဒီမှာ အစ်ကိုကြီး နုနု ဒီအခန်းထဲမှာနေတုန်း အစ်ကိုကြီး ဒီအခန်း ထဲမှာ မရှိရင် အစ်ကိုကြီးအဖို့ရော နုနုအဖို့ပါ ကောင်းလိမ့်မယ်။ ကဲ. . . သွားတော့"

မနုမေရင်အုံကို ခေါင်းအုံးထားသော ကိုဘကိုးသည် ရုတ်တရက် ခေါင်းထောင်ကြည့်ကာ ဘာဘယ်လိုပြုမူလိုက်သည်မသိ။ မနုမေမှာ "အား" ဟုအော်ရင်း ကျန်ရစ်ခဲ့ရာမှ ပြေးထွက်သွားသော ကိုဘကိုးအား ပြည့်နှူး နေသော အပြုံးဖြင့် ငေးကြည့်နေမိ၏။

ထမင်းမေ့ ဟင်းမေ့ ဆွေမျိုးမေ့သာမက ပါးဒဏ်ရာတိုင် မေ့နေသည်အထိ တအိအိ သာယာနေတော့သည့် အပြစ်တို ယဥ္စမနုမေ



www.burmeseclassic.com

www.burmeseclassic.com



သတိရတော့၏။ ကြည်လင်ရွှင်ပြုံး နှလုံးဆိတ်ထိသလို အိအိရွဲရွဲနှင့် မရောင့်ရဲ မတင်းတိမ်နိုင်အောင် ဖိမ်တွေ့သာယာနေသော မနုမေ၏ မျက်နှာထားမှာ သိန်းထီ (၁၀)ခါပေါက်သည်ကိုပင်လျှင် စံချိန်ကိုချိုးနိုင်ရန် ခဲယဉ်းသော ဝမ်းမြောက်မှု အရိပ်အယောင်များ သန်းနေတော့၏။

(၁၀)မိနစ် မရှိတရှိ ကြာသည်တွင် ကိုဘကိုးသည် ဗန်းတစ်ခု ကိုကိုင်၍ ဝင်လာပြီး မနုမေအနီးရှိ စားပွဲတွင်ချကာ ဗန်းထဲမှ ကော်ဖီ တစ်ခွက်ကို မနုမေအား လှမ်းပေးရင်းက . . .

"ရော့ နုနု သောက်လိုက် တော်ကြာ လေခံနေဦးမယ်။ သြော် နုနု မထနဲ့ မူးမယ်"

ပြောပြောဆိုဆို ကိုဘကိုးသည် မနုမေအား ကျောအောက်မှ ပွေ့၍ ခေါင်းအုံးတစ်လုံးကို ကုတင်ခေါင်းရင်းတွင် ခပ်လှဲလှဲမှီစေလိုက်ကာ ကော်ဖီကိုလည်း မနုမေလက်သို့မပေးတော့ဘဲ သူကိုယ်တိုင် ပန်းကန်ပြား ထဲငှဲ့ ပူနေသော ကော်ဖီကို သူကိုယ်တိုင်မှုတ်ပြီး သူကိုယ်တိုင်ပင် မနုမေ၏ ပါးစပ်ဖျားအထိ တေ့ပေးနေသောကြောင့် မနုမေတွင်လည်း ဝမ်းသာ ကြည်နူးမှု ပြင်းထန်သွားသည်နှင့်အမျှ မျက်ရည်ကလေးပင် ဝဲလာ တော့၏။

"ရော့ နုနု ရော့၊ ရော့ ဟောဒီ ပေါင်မုန့်ထောပတ်သုတ်ကလေး လည်း စားလိုက်ဦးနော်"

မနုမေမှာ ဤအခြေမျိုး သာယာနေမည်ဆိုက ယနေ့တစ်နေ့လုံး အဖို့ ဘာမှမစားဘဲလည်း နေနိုင်သည်သာဖြစ်၏။ အမှန်အားဖြင့်လည်း မနုမေ လုံးဝစားလိုစိတ်မရှိ။ သို့သော် ချစ်သောလင်က တယုတယကျွေး နေပြန်သည်၌ မစားလိုဟု ငြင်းလိုက်က လင်စိတ်မကောင်း ဖြစ်မည် ကိုလည်း စိုးရိမ်မိသေး၏။

"ဒီမှာ အစ်ကိုကြီး နုနုကို ခုလို ယုယုယယ ကျွေးမွေးပြုစုရတာ



အစ်ကိုကြီးအဖို့ ဘာအကျိုးရှိသလဲဟင်"

ကိုဘကိုးသည် ဖျတ်ခနဲ မော်ကြည့်ရာမှ . . .

"နုနု ဘယ်လိုမေးလိုက်တာလဲကွယ် ဟင်၊ ခုလို အစ်ကိုကြီး ကြင်ကြင်နာနာ ပြုစုရတဲ့အတွက် အစ်ကိုကြီး စိတ်ထဲမှာ ဘယ်လောက် သာယာကြည်နူးနေတယ်ဆိုတာ နုနုသိရင် ဒီလိုမေးရက်မှာ မဟုတ်ဘူး"

"နို့ အဲသလို သာယာကြည်နူးမှုကို ခံစားချင်လို့ အစ်ကိုကြီးတို့ ထမင်းစားတော့မလား'မေးတော့ ဘာဖြစ်လို့"

"မပြောနဲ့တော့ နုနုရယ်၊ ပြီးခဲ့တာတွေ မေ့ပစ်လိုက်ကြစို့ ဟုတ်လား။ ခု ဘဝသစ်ထဲ ရောက်လာကြမင့်ဟာ"

"အင်း . . . ခုတော့ သိပလားဟင်၊ အိမ်ထောင်ရေးဆိုတာ လိင် ကိစ္စတစ်ခုထဲနဲ့ မပြီးသေးဘူး အစ်ကိုကြီး။ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး ကျန်းမာရေး အို အများကြီးပါ အစ်ကိုကြီးရယ်"

"အေးပါ နုနုရယ် အစ်ကိုကြီး အမြင်မှန်ရပါပြီ။ အစ်ကိုကြီး အယူသည်းခဲ့တဲ့ ပြည့်တန်ဆာအိမ်ထောင်ရေးဝါဒကို ချွင်းချက်မရှိ ထုတ်ပယ်လိုက်ပြီဆိုတာ အစ်ကိုကြီး ကတိပေးပါတယ်ကွယ်။ စင်စစ်တော့ အိမ်ထောင်ရေးမှာ လင်နဲ့မယား တစ်ယောက်ကိုတစ်ယောက် ကြင်နာ ယုယ လုပ်ကျွေးပြုစု ချစ်ခင်မှုဟာလည်း အဓိကပဲဆိုတာ အစ်ကိုကြီး သဘောပေါက်ပြီ။ 'လိင်ကိစ္စ' ဆိုတာကတော့ အဲဒီယုယကြင်နာ လုပ်ကျွေး ပြုစု ချစ်ခင်မှုတွေ ဖရိုဖရဲ ပြိုကွဲမသွားအောင် ထိန်းချုပ်စုစည်းထားတဲ့ ကြိုးပဲ။ အင်း ဒီကြိုးမပါတဲ့ အိမ်ထောင်ရေးဟာလည်း ကြာရှည်မခိုင်မြဲဘူး ဟုတ်ကဲ့လား နုနု"

မနုမေသည် တစ်စုံတစ်ရာ အဖြေမပေးဘဲ ကိုဘကိုးအား ကုတင် ပေါ်တက်ရန် လက်ယပ်ခေါ်လိုက်ပြီး ကိုဘကိုး ကုတင်ပေါ်ရောက်၍ သူ့ဘေးတွင် ထိုင်လိုက်သည်နှင့် မနုမေသည် ကိုဘကိုး၏လည်ကို အားရ ပါးရဖက်၍ ရက်ရက်ရောရော နမ်းလိုက်တော့မည်ပြုပြီးမှ ကိုဘကိုးအား ဆောင့်ဆောင့်ကလေး တွန်းပစ်လိုက်သဖြင့် ကိုဘကိုး နောက်သို့လိုင်သွား

www.burmeseclassic.com



သည်ကို မဲ့ပြုံးကလေးပြုံး၍ ကြည့်နေ၏။

ကိုဘကိုးလည်း တစ်ကြိမ်သောအခါက မနုမေကို စော်ကားခဲ့သည့် မိမိအပြုအမူမျိုးဖြင့် ကလဲ့စားချေသလို လုပ်လိုက်သော မနုမေအား သဘောကျသလို ကြည့်နေရာမှ မနုမေ၏ ခြေသလုံးတစ်ဖက်ကို ဇတ်ခနဲ ဆွဲ၍ သဲသဲမဲမဲ နမ်းပစ်လိုက်၏။

ထိုသည်၏ ဤမှာဘက်၌ အိမ်ရှင်မချင်း စကားဆုံ၍ လင်ချစ်ခံရမှု ဂုဏ်ပြိုင်ရာတွင် သေချာပေါက်နိုင်မည်သာ ဖြစ်သည်။

"ကျွန်မယောက်ျားက ကျွန်မကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြရင် ရှင်တို့ ကြက်သီးထဲသွားမှာဘဲ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကျွန်မခြေသလုံးကိုတောင် နမ်းတယ်ရှင့်" ဟူသော စကားမျိုးကို မနုမေသည် ပြောဝံ့၊ ပြောရက်၊ ပြောထွက်နိုင်စရာ ရှိပါသေး၏လော။

BURMESE CLASSIC

သာဓု

ပြီးပါပြီ။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com